http://www.cherrythitsar.org

www.foreverspace.com.m

# ရေအောက်တာရှေ့

# SUBMARINES!

**CAREY MILLER**



http://www.cherrythitsar.org

www.foreverspace.com.mm

**ရတနာပုံစာအုပ်တိုက်**

အမှတ် ၁၀၀(D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၃၇၃၇၆၁

http://www.cherrythitsar.org

www.foreverspace.com.mm

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

www.foreverspace.com.mm

၁၉၈၈ ခုနှစ်တွင် ဘဝတက္ကသိုလ်စာပေဆု
(မိုးဇော်ဟိန်း)အစည်ပြင်
ရေးသားသည်။

# ရေအောက်တာဓွေ

# နတ်နွယ်

# SUBMARINES

CAREY MILLER

ရတနာပုံစာအုပ် - ၄၁

[ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ]

http://www.cherrythitsar.org

www.foreverspace.com.mm

စာမူခွင့်ပြုချက်အမှတ် - ၃၁၂/ ၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၆၅/ ၂၀၀၃ (၇)

ပုံနှိပ်မှတ်တမ်း ■ (ပထမအကြိမ်)
၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ၊
ဘဝတက္ကသိုလ်စာပေ၊
(ဒုတိယအကြိမ်)
ရတနာပုံစာအုပ်တိုက်၊

အုပ်ရေ ■ ၁၀၀၀

ထုတ်ဝေသူ ■ ဦးမင်းထွန့် [၀၃၇၇၅]
(ရတနာပုံစာအုပ်တိုက်)
၁၀၀/(D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်၊

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ဒေါ်ခင်အေးမြင့်
(ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။

မျက်နှာဖုံးပန်းချီ ■ ကိုဆန်း

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၅၅၀ ကျပ်

www.foreverspace.com.mm

## ရေအောက်တစ္ဆေ သင်္ဘောတည်ခ

ရေငုပ်သင်္ဘော ဖြစ်ရပ်မှန် စွန့်စားခန်း ဝတ္ထုများသည် စိတ်ဝင်စားဖွယ်ရာ ကောင်းသလို အသည်းတထိတ်ထိတ် ရင်တလှပ်လှပ်လည်း ရှိရသည်။ တကယ်တော့ ရေငုပ်သင်္ဘော စတင်ဖြစ်ပေါ်လာပုံနှင့် အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာပုံတို့သည် လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ မဟုတ်ဘဲ အခက်အခဲ အမျိုးမျိုးနှင့် အန္တရာယ်အသွယ်သွယ်တို့ကို ကြုံတွေ့ဖြတ်ကျော်ခဲ့ရသည်။ ထပ်ပြီးဆိုရလျှင် ရေငုပ်သင်္ဘော အဆင့်ဆင့် ဖြစ်ပေါ်လာပုံကပင် စွန့်စားခန်း ဝတ္ထုကလေးတွေ ဖြစ်တော့သည်။

ရန်သူတွေ မမြင်တွေ့နိုင်သော 'ကိုယ်ပျောက်' စစ်သင်္ဘောတစ်စီး၊ ရေအောက်တွင် တိတ်တဆိတ် ခုတ်မောင်းသွားပြီး ရန်သူကို အလစ်တွင် ဝင်ရောက်တိုက်ခိုက်နိုင်သည့် စစ်သင်္ဘောတစ်စီးကို တီထွင် တည်ဆောက်နိုင်ရန်အတွက် လူသားတို့သည် ရာစုနှစ်ပေါင်း မြောက်မြားစွာကပင်

http://www.cherrythitsar.org



www.foreverspace.com.mm

စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ကြသည်။ သို့သော် ထို စိတ်ကူးအိပ်မက်သည် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရန် ခက်ခဲလှသည်။ ရေငုပ်သင်္ဘော တည်ဆောက်နိုင်ရေးအတွက် အချိန်ကာလများစွာ ကြာမြင့်ခဲ့ရသည်။ အန္တရာယ် အသွယ်သွယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ဘေးဒုက္ခ အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် ရံဖန်ရံခါတွင်တော့လည်း ရယ်မောစရာ အဖြစ်ဆန်းကလေးများနှင့် ပက်ပင်းတိုးရသည်။

## ပထမဆုံး ရေငုပ်သင်္ဘောများ

ပင်လယ် သမုဒ္ဒရာကြီးအောက်သို့ ဆင်းသက်ခဲ့သော လှေသင်္ဘော ဇာတ်လမ်းများသည် ဘီစီ ၃၃၂ လောက်ကတည်းကပင် စတင်ခဲ့သည်။ သို့သော် အေဒီ ၁၆၇၈ နှစ်လောက်သို့ ရောက်ရှိသောအခါတွင်မှ ခိုင်မာတိကျသော အထောက်အထားမှတ်တမ်းများကို တွေ့ကြရသည်။ ၁၇၇၅ ခုနှစ် မတိုင်မီ နှစ်ပေါင်း ၂၀၀ လောက် အတွင်းတွင် ရေငုပ်သင်္ဘော တီထွင်မှု ၁၇ ခု ရှိခဲ့သည်။ သို့သော် တစ်ခုမျှ ကောင်းမွန်စွာ အောင်မြင်ခဲ့ ခြင်း မရှိခဲ့ပါ။ ၁၈ ရာစု ကုန်ခါနီးလောက်ကျမှပင် လက်တွေ့ လုပ်ဆောင်နိုင်သော ပုံစံများ ပေါ်ထွက်ခဲ့သည်။

ဒေးဗစ်ဘွတ်ရှ်နဲ အမည်ရှိသော အမေရိကန် ကျောင်းသား တစ်ယောက်သည် ရေအောက်တွင် ဖောက်ခွဲနိုင်သည့် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းကဲသို့ သူတွေ့ရှိသောအချိန်မှာ အမေရိကန်များက ဗြိတိသျှတို့ကို တိုက်ခိုက်နေသော အမေရိကန် လွတ်လပ်ရေး စစ်ပွဲကာလ (၁၇၇၅-၈၃)ဖြစ်သည်။ ဘွတ်ရှ်နဲ အဖို့ သူတီထွင်ထားသော ဗုံးများကို သယ်ဆောင်သွားနိုင်သည့် ရေအောက် သင်္ဘောတစ်စီး လိုအပ်လျက်ရှိနေသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



သို့ဖြင့် သူသည် အဆိုပါ သင်္ဘောမျိုးတစ်စီးကို တည်ဆောက်ရန် ဆုံးဖြတ်တော့သည်။ ဤ တီထွင်မှုကို ပင်လယ်လိပ်ဟု ခေါ်တွင်သည်။

ပင်လယ်လိပ်သည် စောက်အနက် ၇-ပေ ရှိပြီး အကျယ် ၅-ပေ ခွဲရှိသော သစ်သားဥကြီးတစ်လုံးပင် ဖြစ်တော့သည်။ ပင်လယ်လိပ်ဟု အမည်တွင်ရခြင်းမှာ လိပ်ကျောခုံး နှစ်ခုကို ဆက်စပ်ထားသည်နှင့် တူသောကြောင့်ပင် ဖြစ်သည်။ ၎င်းတွင် ရေလုံတံခါးတစ်ခုနှင့် မှန်ပြူတင်းပေါက်ကလေး သုံးခုပါရှိသည်။

အထဲတွင် လူတစ်ယောက်သာ လိုက်ပါနိုင်ပြီး ၎င်း၏ အလုပ်တာဝန်တွေက များပြားလှသည်။ ရေအောက်သို့ နစ်မြုပ်သွားစေရန်အတွက် ရေလှောင်ကန် အဆို့ကို ခြေထောက်ဖြင့် တွန်းဖွင့်ရသည်။ ရေပေါ်သို့ ပြန်ပေါ်စေရန်အတွက် ရေလှောင်ကန်ထဲမှ ရေများကို လက်ဆွဲ ရေစုပ်စက်ဖြင့် စုပ်ထုတ်ပစ်ရမည်။ ရှေ့သို့ သွားရန်အတွက် ပန်ကာကို လည်စေသည့် လက်ကိုင်ကို လှည့်ရသည်။ တစ်ချိန်တည်းမှာပင် ကိုယ်လိုရာကို ရောက်စေနိုင်ရန်အတွက် တက်မကို ထိန်းကိုင်ရသည်။ ထို့နောက် တစ်ချိန်လုံး ဆိုသလိုပင် မှန်ပြူတင်းပေါက်ကလေးများမှနေပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုရသည်။

ရေမြုပ်ပုံးကို ပင်လယ်ထိပ်၏ နောက်ပိုင်းတွင် ချည်ထားသည်။ ပုံးတွင် ပေါက်ကွဲစေသည့် ယမ်းများပါရှိပြီး မိနစ် သုံးဆယ်ကြာ စနက်တံတပ်ဆင်ထားသည်။ သံချွန်တစ်ခု ရှိသည်။ ရန်သူ သင်္ဘော၏ ကိုယ်ထည်တွင် ထိုးစိုက်ထားနိုင်ရန် ဖြစ်သည်။

ဘေးအန္တရာယ် များပြားလှသော ရေအောက် စွန့်စားခန်း တာဝန်ကို ပထမဆုံး ထမ်းဆောင်ရန်အတွက် တပ်ကြပ်ကြီး တစ်ယောက်ကို ရွေးချယ်သည်။ သူသည် နံနက် လင်းအားကြီး အချိန်မှာပင် ပင်လယ်လိပ်ဖြင့်

www.foreverspace.com.mm
http://www.cherrythitsar.org


စတင် ထွက်ခွာသည်။ ပထမပိုင်း လုပ်ငန်းများ အားလုံးပင် ချောမော အဆင်ပြေသည်။ တပ်ကြပ်ကြီးသည် သူ၏ ရေငုပ်သင်္ဘောကို လင်းယုန် အမည်ရှိ ဗြိတိသျှ စစ်သင်္ဘောကြီး၏ ကိုယ်ထည်ပိုင်းသို့ ရောက်ရှိအောင် မောင်းနှင်သွားနိုင်သည်။ သို့သော် ထိုတွင် အခက်အခဲကြီး တစ်ခုကို သူ တွေ့ရှိသည်။ သင်္ဘော ကိုယ်ထည် အောက်ပိုင်းကို မပျက်စီးစေရန်အတွက် ကြေးနီပြားများ အုပ်ထားသည်ကို တွေ့ရသည်။ သူသည် ရေမြှုပ်ဗုံး သံချွန် ကို ကြေးနီပြားတွင် မည်သို့မျှ မထိုးစိုက်နိုင်ဘဲ ရှိနေသည်။ သူသည် အတန် ကြာ ကြိုးစားအားထုတ်ပြီးနောက် နောက်ဆုံးတွင် လက်လျှော့ကာ ကမ်းခြေ သို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် ဘေးရန်ကင်းရှင်းရာ ကမ်းခြေသို့ သွားနိုင်ရန်အတွက် ပင်လယ်လိပ်ကို ရေပေါ်သို့ ဖော်ရသည်။ ထိုအချိန်သည် အလင်းရောင် အားကောင်းနေပြီ ဖြစ်သဖြင့် ရေပြင်ပေါ်မှ ထူးဆန်းသော ယာဉ်တစ်စီး ကို ဗြိတိသျှ စစ်သားအချို့က တွေ့မြင်သွားကြသည်။ ရန်သူ စစ်သားများ သည် လှေတစ်စီးဖြင့် သူ့နောက်သို့ လိုက်ကြသည်။

တပ်ကြပ်ကြီးသည် ထိုအချိန်အထိ လေးလံသော မိုင်းဗုံးကြီးကို သူ၏ ရေယာဉ်တွင် သယ်ဆောင်လျက်သား ရှိနေသည်။ သူသည် ပင်လယ် လိပ်ကို မြန်မြန် လှော်ခတ် သွားနိုင်ရန်အတွက် မိုင်းဗုံးကို ရေထဲသို့ ဖြုတ်ချ လိုက်သည်။ ရန်သူ စစ်သားများသည် မသင်္ကာဖွယ်ရာ အရာဝတ္ထုတစ်ခု သူတို့ထံသို့ မျောလာသည်ကို တွေ့ရသောအခါ တပ်ကြပ်ကြီးနောက်သို့ ဆက်မလိုက်တော့ဘဲ လက်လျှော့လိုက်ကြသည်။

မိနစ်သုံးဆယ်ကြာသောအခါ တပ်ကြပ်ကြီး စွန့်ပစ်ခဲ့သော ဗုံး ပေါက်ကွဲသည်။ ရန်သူ သင်္ဘောများကို ထိမှန်ခြင်းမရှိပါ။ သို့သော် ရေထဲ

http://www.cherrythitsar.org

www.foreverspace.com.mm



တွင် ပေါက်ကွဲမှုကြီး ပြင်းထန်သဖြင့် ဗြိတိသျှ သင်္ဘောများသည် ထိတ်လန့်ကြောက်ရွံ့ပြီး ဘေးကင်းရာ အရပ်သို့ ပြောင်းရွှေ့ကာ ကျောက်စွဲကြသည်။

နောက်တစ်ကြိမ် ထပ်မံကာ ဗြိတိသျှ စစ်သင်္ဘော ဆာဗီရပ်ကို တိုက်ခိုက်ရန် ကြိုးစားသည်။ သို့သော် ဤအကြိမ်တွင်လည်း အောင်မြင်ခြင်း မရှိပါ။ နောက်ဆုံးတွင် ဘွတ်ရှ်နဲသည် အစိုးရ အကူအညီနှင့် ငွေရေးကြေးရေး အခြေအနေ နည်းပါးသဖြင့် သူ၏ စမ်းသပ်မှုများကို လက်လျှော့လိုက်ရသည်။

## နော့တီးလပ်

နောက်အနှစ် နှစ်ဆယ်မျှကြာသောအခါ နောက်ထပ် အမေရိကန်လူမျိုးတစ်ဦး ဖြစ်သော ရောဘတ်ဖူလတန်ဆိုသူတစ်ဦးက ရေငုပ်သင်္ဘောပုံစံသစ် တစ်ခုကို တီထွင်ပြန်သည်။ အမေရိကန် လွတ်လပ်ရေး စစ်ပွဲကြီးပြီးဆုံးသွားပြီ ဖြစ်သဖြင့် အမေရိကန်လူမျိုးတို့သည် ‘ရေထဲသို့ငုပ်သွားသောလှေ’ ကို စိတ်မဝင်စားတော့ပါ။ သို့ဖြင့် ဖူလတန်သည် သူ၏ ပုံစံကို ဥရောပတိုက်တွင် ရောင်းချရန် ကြိုးစားသည်။ ၁၈၀၀ ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံကိုအုပ်စိုးလျက်ရှိသော နပိုလီယံ ဘိုနာပတ်က ဖူလတန်၏ စိတ်ကူးတွင် စိတ်ဝင်စားခြင်း ရှိသဖြင့် ရေငုပ်သင်္ဘော နော့တီးလပ် တည်ဆောက်ရန် ဖူလတန်အား ငွေကြေး လုံလောက်စွာ ထောက်ပံ့သည်။

နော့တီးလပ်၏ ကိုယ်ထည်သည် ဆေးပြင်းလိပ် ပုံသဏ္ဌာန်ဖြစ်ပြီး အလျား ၂၃-ပေ ၄-လက်မနှင့် အနံ ၅-ပေရှိသည်။ သင်္ဘောသား သုံးယောက် လိုက်ပါရမည် ဖြစ်သည်။ ကိုယ်ထည်ဘောင်မှာ သံဖြစ်ပြီး အပြင်မှကြေးနီပြား အုပ်ထားသည်။ ရေအောက်သို့ ပေ ၂၀ အထိ ငုပ်လျှိုးနိုင်သည်။

www.foreverspace.com.mm



ဦးပိုင်းတွင် ဝင်ပေါက် ပေါင်းမိုးကြီးရှိသည်။ ပေါင်းမိုးတွင် ပတ်ဝန်းကျင်ကို ကြည့်နိုင်သော မှန်ပြူတင်းပေါက် တစ်ခုရှိသည်။ မျက်မှောက်ခေတ် ရေငုပ် သင်္ဘောများမှ အုပ်ဆောင်းပုံ မျှော်စင်နှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ ထို့ အပြင် ဖူလတန်သည် နော့တီးလပ်ကို ရေပေါ်ယာဉ် တစ်စီးအသွင် ရုပ်ဖျက် သည့် အနေဖြင့် ရွက်တိုင်တစ်ခုနှင့် ရွက်ငယ်တစ်ခု တပ်ဆင်ထားသည်။ ၁၈၀၁ ခုနှစ်တွင် စိန်းမြစ်အတွင်း၌ ပထမအကြိမ် စမ်းသပ်ခုတ်မောင်းသည် ကို နပိုလီယံ စိတ်ဝင်စားစွာ ကြည့်ရှုခဲ့သည်။ ဖူလတန်နှင့် အဖော်နှစ်ယောက် သည် သိုလှောင်ကန်ကို အလေးချိန်ပြည့်အောင် ဖြည့်ပြီးနောက် ရေအောက် သို့ ၂၅-ပေအထိ ငုပ်ဆင်းသွားကြသည်။ ၎င်းတို့သည် ယင်း ရေအနက်တွင် မိနစ် နှစ်ဆယ်မျှ နေကြရာ အားကောင်းသော ရေစီးကြောင်းက ၎င်းတို့ကို ပင်လယ်ဘက်သို့ တဖြည်းဖြည်းချင်း ဆွဲယူသွားလျက်ရှိသည်။ ထို့နောက် ၎င်းတို့သည် ရေပေါ်သို့ ပြန်တက်ပြီး တစ်နာရီ ရေမိုင် နှစ်မိုင်နှုန်းဖြင့် ပြန်လာကြသည်။

သည်အခါတွင် နပိုလီယံသည် နော့တီးလပ် သင်္ဘော ပင်လယ် ရေအောက်တွင် ခုတ်မောင်းသည်ကို မြင်တွေ့လိုသဖြင့် ထောက်ပံ့ကြေးငွေ အနည်းငယ် ထပ်ပြီးပေးသည်။ ပြူတင်းပေါက် မှန်ထူထူများ တပ်ဆင်နိုင်ရန် ဖြစ်သည်။ သို့မှသာလျှင် အလင်းရောင်အတွက် ဖယောင်းတိုင်များ မထွန်းရ တော့ဘဲ တန်ဖိုးရှိသော အောက်စီဂျင်ဓာတ် ပိုမို လုံလောက်လာမည်ဖြစ် သည်။ တစ်ချိန်တည်းမှာပင် ဖိသိပ် လေသိုလှောင်ကန် တစ်ခုကိုလည်း တပ်ဆင်လိုက်သဖြင့် သင်္ဘောသည် ရေအောက်တွင် လေးနာရီလောက် ကြာသည်အထိ နေနိုင်မည် ဖြစ်သည်။ ဖူလတန်သည် ပင်လယ်ရေပြင် အောက် စမ်းသပ်မှု ပြုလုပ်နိုင်ရန်အတွက် နော့တီးလပ်ကို သူ့အိတ်ထဲမှ

http://www.cherrythitsar.org

www.foreverspace.com.mm



ငွေဖြင့်ပင် ဗရက်စ် ဆိပ်ကမ်းသို့ သယ်ဆောင်သည်။

ဖူလတန်သည် ဘွတ်ရှ်နဲ ပြုလုပ်ခဲ့သော ရေမြုပ်ဖုံးနှင့် ခပ်ဆင်ဆင် ဖုံးအသစ် တစ်ခုကိုလည်း တီထွင် ပြုလုပ်ခဲ့သည်။ ထိုဖုံးကို ၎င်းက တော်ပီဒို ဟု အမည်ပေးသည်။ အမြီး ခပ်သွယ်သွယ် ကိုယ်ထည်လုံးလုံးနှင့် ရန်သူကို လျှပ်စစ်ဓာတ်အားလိုက်စေနိုင်သော တော်ပီဒိုဟု ခေါ်သော ငါးလိပ်ကျောက် တစ်မျိုး၏ အမည်ကို ယူပြီး မှည့်ခေါ်ထားခြင်းပင် ဖြစ်သည်။ ဖူလတန်သည် ယင်းလက်နက်ကိုလည်း ဗရက်စ် ဆိပ်ကမ်းမှာပင် တပြိုင်တည်း စမ်းသပ်လို သည်။

ဖူလတန်၏ ပစ်မှတ်သည် ကမ်းခြေနှင့် ခပ်လှမ်းလှမ်းတွင် ကျောက်ချထားသော သင်္ဘောဟောင်းကြီး တစ်စီးပင်ဖြစ်သည်။ နော့တီးလပ်သည် ယင်းသင်္ဘောကြီးအနီးသို့ ချဉ်းကပ်သွားသည်။ ရေအောက် သို့ ငုပ်ဝင်သည်။ သင်္ဘောတွင် တော်ပီဒိုဖုံးကို တပ်ဆင်ထားလိုက်သည်။ ထို့နောက်တွင်ကား သင်္ဘောကြီးကို အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားအောင် အောင်မြင်စွာ ဖောက်ခွဲပစ်လိုက်တော့သည်။

ယင်းအဖြစ်ကို နပိုလီယံက အထူးပင် စိတ်ဝင်စားသည်။ ဤ လက်နက်သည် ဗြိတိသျှ ရေတပ်မတော်ကြီးကို တိုက်ခိုက်ရန် အကောင်းဆုံး လက်နက်ပင် ဖြစ်သည်။ ပြင်သစ် သိပ္ပံပညာရှင် အများအပြားကလည်း နပိုလီယံနှင့် သဘောတူညီကြပြီး တကယ် အသုံးပြုနိုင်သော ရေငုပ်သင်္ဘော ကြီး တည်ဆောက်နိုင်ရန် ဖူလတန်ကို ငွေအလုံအလောက် ထောက်ပံ့ဖို့ သဘောတူညီကြသည်။ သို့ရာတွင် နပိုလီယံ၏ ရေတပ် ဗိုလ်ချုပ်ကြီးများက မူ သိပ်ပြီး စိတ်ပါဝင်စားခြင်း မရှိကြပါ။ လက်နက် တပ်ဆင်ထားသော ငါးလိပ်ကျောက်လှေကို အသုံးပြုခြင်းသည် လူတစ်ယောက်၏ နောက်ကျော

www.foreverspace.com.mm

ကို သေနတ်နှင့် ပစ်သည့် သင်္ဘောပင် ဖြစ်သည်ဟု ၎င်းတို့က ယူဆကြသည်။

ဗိုလ်ချုပ်ကြီးတွေ့ အငြင်းအခုံ လုပ်နေကြစဉ်တွင် ဖူလတန်သည် နော့တီးလပ်၏ အရည်အချင်းကို စမ်းသပ်သည့် အနေဖြင့် ဗြိတိသျှ ရေတပ်မတော်မှ ပိတ်ဆို့ သင်္ဘောများကို တိုက်ခိုက်ရန် အားထုတ်ခဲ့သည်။ နော့တီးလပ်သည် ည အမှောင်ကို အကာအကွယ်ယူပြီး ရန်သူ သင်္ဘောများ အနီးသို့ နှစ်ကြိမ်တိုင်တိုင်ပင် ချဉ်းကပ်ခဲ့သည်။ သို့သော် နော့တီးလပ်၏ ရေအောက် အသွားနှုန်းသည် နှေးကွေးလှသဖြင့် တိုက်ခိုက်နိုင်သည့် အကွာအဝေးသို့ မရောက်ရှိခင်မှာပင် ရန်သူသင်္ဘောသည် အဝေးသို့ ထွက်ခွာသွားတော့သည်။ နောက်ဆုံးတွင် နပိုလီယံက ဖူလတန်၏ တီထွင်မှုကို ဆက်လက် ထောက်ပံ့ခြင်း မပြုလုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုအချိန်တွင် နော့တီးလပ်၏ သက်တမ်းသည် တစ်နှစ်ကျော် နေပြီဖြစ်၍ ဆားငန်ရည်များစားကာ ရေများ စိမ့်ဝင်လျှက် ရှိတော့သည်။ နောက်ဆုံးတွင် ဖူလတန်သည် သူ၏ ရေငုပ်သင်္ဘောကို ဖျက်ကာ သံတိုမယ်နများအဖြစ် ရောင်းစားလိုက်တော့သည်။

## အေးဗစ်

နောက်နှစ်ပေါင်း ခြောက်ဆယ်မျှကြာသောအခါ ရေအောက်သင်္ဘော စိတ်ကူးသည် ပြန်လည် ပေါ်ပေါက်လာပြန်တော့သည်။ အမေရိကန် ပြည်တွင်း စစ်ကာလတွင် ဖြစ်သည်။ မြောက်ပိုင်းမှ ပြည်ထောင်စု တပ်ဖွဲ့များသည် အစစ အရာရာ ပြည့်စုံလျှက်ရှိသည်။ အထူးသဖြင့် ပင်လယ်ပြင်တွင် ဖြစ်သည်။ သူတို့၏ ဆန့်ကျင်ဘက်ဖြစ်သော

www.foreverspace.com.mm
http://www.cherrythitsar.org


တောင်ပိုင်းမှ ကွန်ဖက်ဒရိတ်တပ်များမှာမူကား လက်နက်ဝယ်ရန် ငွေကြေး မလုံလောက်ဖြစ်နေကြသည်။ သူတို့သည် ငွေကြေး အလုံအလောက် ရရှိနိုင်ရန်အတွက် ဆိပ်ကမ်းတွင် စုပုံနေသော ဝါဂွမ်းများကို သင်္ဘောများဖြင့် အမြန်ဆုံး တင်ပို့နိုင်ဖို့ လိုအပ်နေသည်။

ပြည်ထောင်စု သင်္ဘောများက ဆိပ်ကမ်းတိုင်းတွင် စောင့်ကြပ်လျက်ရှိပြီး ထွက်ခွာသွားသော ဝါဂွမ်းသင်္ဘောများကိုလည်း တိုက်ခိုက်ကြသည်။ ဝင်ရောက်လာသော လက်နက် သင်္ဘောများကိုလည်း တိုက်ခိုက်ကြသည်။ ကွန်ဖက်ဒရိတ် တပ်ဖွဲ့သည် ၎င်းတို့၏ တည်တံ့ရေးအတွက် ပိတ်ဆို့ထားသော ရန်သူ သင်္ဘောများကို တိုက်ခိုက် ရှင်းလင်းပစ်ရမည်။ ယင်းသို့ ရှင်းလင်း တိုက်ခိုက်နိုင်ရေးအတွက် ဖြစ်နိုင်သော နည်းလမ်းအားလုံးကို ကြံဆ အားထုတ်ကြရမည် ဖြစ်သည်။

၁၈၆၄ ခုနှစ်တွင် သီအိုဒိုး စတုန်းနေး အမည်ရှိ တီထွင်သူ တစ်ဦးသည် စစ်သင်္ဘော အဟောင်းတစ်စီး၏ အပေါ်ပိုင်းကို ရေပြင်ညီလောက် အထိ ဖြတ်ပစ်လိုက်သည်။ ထို့နောက် သံပြားများဖြင့် ပြန်လည် ပိတ်မိုးသည်။ ဒလက်နှစ်ခု ပါရှိသော ပန်ကာကို လည်ပတ်နိုင်စေသည့် ရေနွေးငွေ့ အင်ဂျင်စက် အသေးကလေး တစ်လုံးကို တပ်ဆင်သည်။

ရေနွေးငွေ့များကို ပိုက်ပြွန်တစ်ခုဖြင့် ထုတ်ပစ်ရမည် ဖြစ်သဖြင့် ယင်းသင်္ဘောသည် ရေအောက်သို့ လုံးဝ မငုပ်လျှိုးနိုင်ဘဲ ရှိသည်။ သူ၏ သင်္ဘောကို ဒေးဗစ်ဟု အမည်ပေးသည်။ (လူ့ဘီလူးကြီး ဂေါလယက်ကို သတ်ဖြတ် နိုင်နင်းသော ဒေးဗစ်ကို အစွဲပြု၍ ဖြစ်သည်။) သစ်သားတိုင် ထိပ်တစ်ခုတွင် တပ်ဆင်ထားသော ပေါင် ၆၀ ဗုံးတစ်လုံး ပါရှိသည်။ ယင်းဗုံးကို မျှောတိုင် တော်ပီဒိုဟု ခေါ်ဆိုသည်။ သင်္ဘောတစ်စီးနှင့် နည်းနည်းကလေး

www.foreverspace.com.mm

http://www.cherrythitsar.org



မှူ မတူသော ဒေးဗစ်သည် ချာလတ်စတန်မြို့ အနီးတွင် ဆိုက်ကပ်ထားသော ပြည်ထောင်စု သင်္ဘောကြီး ယူအက်စ်အက်စ် နယူးအိုင်းယင်းဆိုက်ကို တိုက်ခိုက်ရန် ထွက်ခွာသွားသည်။ အိုင်းယင်းဆိုက် သင်္ဘောပေါ်မှ သင်္ဘောသားတစ်ဦးက ၎င်းကို တွေ့မြင်သွားပြီး ပစ်ခတ် တိုက်ခိုက်သည်။

သို့ရာတွင် ဒေးဗစ်ကို ကြီးကြပ် ကွပ်ကဲသော ဗိုလ်ကြီးသည် အိုင်းယင်းဆိုက်ကို ၎င်း၏ တော်ပီဒိုဖြင့် ထိုးစိုက် တိုက်ခိုက်ခွင့် ရရှိသည်။ အိုင်းယင်းဆိုက်ကို အတော်ကြီးပင် ထိခိုက် ပျက်စီးစေသည်။ ပေါက်ကွဲမှုကြောင့် ဒေးဗစ်မှာလည်း အလားတူပင် ပျက်စီး ထိခိုက်ရသည်။ သို့ဖြင့် ဗိုလ်ကြီးသည် လက်နက်ချရန် ဆုံးဖြတ်သည်။ သို့သော် လက်နက်ချရန် အခွင့်မသာပါ။ ရန်သူ သင်္ဘောပေါ်မှ သင်္ဘောသားများ အထူးပင် ထိတ်လန့် တုန်လှုပ်ပြီး သင်္ဘောပေါ်မှ ခုန်ချကုန်ကြသည်။ သို့ဖြင့် ဗိုလ်ကြီးသည် ရေထဲသို့ ရောက်ရှိနေသော ၎င်း၏ သင်္ဘောသားများကို ကယ်တင်ပြီး ဒေးဗစ်ကို တပ်စခန်းသို့ ပြန်လည် မောင်းနှင်နိုင်ခဲ့သည်။

ဤတိုက်ခိုက်မှုအတွက် ပြည်ထောင်စု တပ်ဖွဲ့များ အထူးပင် တုန်လှုပ် ချောက်ချားလျက် ရှိကြသည်။ အိုင်းယင်းဆိုက် သင်္ဘောကြီး နစ်မြုပ်မသွားသော်လည်း ရုတ်တရက် တိုက်ခိုက်လာသည့်အဖြစ်ကို အင်မတန် စိုးရိမ်ကြောင့်ကြနေကြသည်။ ထူးဆန်းသော တော်ပီဒို သင်္ဘောသည် မည်သည့် အချိန်တွင် တိုက်ခိုက်လာချေဦးမည်နည်း။ မည်သည့်နေရာကို တိုက်ခိုက်ချေမည်နည်း။ ၎င်းတို့၏ စစ်သင်္ဘောများကို အချိန်မရွေး ထွက်ခွာနိုင်ရန် အသင့်ပြင်ဆင်ထားကြသည်။ အစောင့်ကင်းများကို နှစ်ဆတိုးပြီး ချထားသည်။

အမှန်တကယ်တွင်လည်း ကွန်ဖက်ဒရိတ်တပ်ဖွဲ့များသည် ဒေးဗစ်

http://www.cherrythitsar.org
www.foreverspace.com.mm



ပုံစံ သင်္ဘောများကို ထပ်မံ တည်ဆောက်ပြီး အလစ်တွင် ဝင်ရောက်တိုက်ခိုက်နိုင်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် သတိဝီရိယကြီးစွာဖြင့် စောင့်ကြည့်နေကြသော ပြည်ထောင်စု တပ်သားများက ရေပေါ်တွင် ထိုးထွက်နေသော ရေငွေ့ခေါင်းတိုင်များကို တွေ့ရှိသွားကြသဖြင့် မတိုက်ခိုက်နိုင်ဘဲ ရှိကြသည်။

သည့်ထက် ကောင်းမွန်သော ရေငုပ်သင်္ဘောမျိုးကို လိုအပ်သည်။

ဟန်းလေး အမည်ရှိ ရေငုပ်သင်္ဘော ပုံစံသစ် တစ်မျိုးကို တည်ဆောက်ပြီးစီးသောအခါ သူတို့ မျှော်မှန်းသည့်အတိုင်း ဖြစ်ပြီဟု ကွန်ဖက်ဒရိတ်တို့က ယူဆခဲ့ကြသည်။

## ဟန်းလေး

ဟန်းလေး သင်္ဘောကို ကက်ပတိန် အိပ်ချ်အယ်လ် ဟန်းလေးက တည်ဆောက်ခဲ့သည်။ သူက ၂၅-ပေ ရှည်လျားသော ဗွိုင်လာအိုးကြီးကို အခြေခံပြီး ထိပ်နှစ်ဖက်တွင် ကတော့ပုံ ပြုလုပ်ခဲ့သည်။ ယင်း ကတော့ပုံထိပ်ဖျားများတွင် လက်ဖြင့် ဖြည့်ရထုတ်ရသော သိုလှောင်ကန်များ တည်ဆောက်သည်။ ရှေးဦးပေါ်ကာစ ရေငုပ်သင်္ဘောများ ထုံးစံအတိုင်း ပန်ကာလက်တံကို လက်ဖြင့် လှည့်ပြီး ခုတ်မောင်းစေရသည်။ သို့သော် ယခုတစ်ကြိမ်တွင် လူ ရှစ်ယောက်က ဘေးချင်းကပ် ထိုင်ပြီး ဝင်ရိုးရှည်ကြီးကို လှည့်ကြရမည် ဖြစ်သည်။

သင်္ဘောကို ပဲ့ကိုင်ရန်အတွက် တက်မနှင့် ဆက်ထားသော လက်ကိုင်ဘီးတစ်ခု တပ်ဆင်ထားသည်။ ကက်ပတိန်က သင်္ဘောကို ပဲ့ထိန်း သည်။ ရေအောက်သို့ ငုပ်စေသည်။ တပြိုင်တည်းမှာပင် တော်ပီဒိုဗုံးကိုလည်း

http://www.cherrythitsar.org
www.foreverspace.com.mm


ငင်းကပင် တာဝန်ယူမည် ဖြစ်သည်။ သင်္ဘောသားများ အဖို့လည်း မသက်သာပါ။ သင်္ဘောခန်းမှာ သေးငယ်လွန်းသဖြင့် တစ်ယောက်ကို တစ်ယောက် ရှောင်ကျော်သွား၍ မရပါ။ လူချင်း နေရာချင်းလည်း လဲ၍ မရနိုင်ပါ။

ဟန်းလေး၏ စမ်းသပ်မှုများ အားလုံးပင် ဘေးဒုက္ခများနှင့် ကြုံတွေ့ရသည်။ ပထမအကြိမ် စမ်းသပ်မှုတွင် သင်္ဘောဦးသည် ရွှံ့ထဲသို့ စိုက်ဝင်သွားပြီး ရေပေါ်သို့ မပေါ်တော့ဘဲ သင်္ဘောသားများ အားလုံး အသက်ဆုံးရှုံးကြရသည်။

သင်္ဘောကို ပြည်လည် ဆယ်ယူပြီး အထဲမှ ရေများကို စုပ်ထုတ်ပစ်ကြသည်။ သို့သော် အနီးမှ ဖြတ်သန်း ခုတ်မောင်းသွားသော သင်္ဘောတစ်စီးကြောင့် ဟန်းလေးသည် ရေများ ဖုံးလွှမ်းကာ နစ်မြုပ်သွားရပြန်သည်။ ယခု တစ်ကြိမ်တွင်ကား သင်္ဘောသားများအားလုံး မသေဆုံးသော်လည်း သုံးယောက်သာ အသက်ရှင် ကျန်ရစ်သည်။

သည်အခါတွင် ဟန်းလေးတွင် လိုက်ပါရန် လူခေါ်၍ မလွယ်ကူတော့ဘဲ ရှိတော့သည်။ သို့သော် ကက်ပတိန် ဟန်းလေးသည် အလျှော့မပေးဘဲ တတိယ အကြိမ်မြောက် သင်္ဘောသားများကို ရအောင် စုဆောင်းခဲ့သည်။

သင်္ဘောကို သေသေချာချာ စစ်ဆေး ပြင်ဆင်ခြင်း၊ သင်္ဘောသားများကို အထူး လေ့ကျင့်ပေးခြင်းများ ပြုလုပ်ပြီးနောက် ကက်ပတိန် ဟန်းလေးသည် ဟန်းလေးကို ခုတ်မောင်း ထွက်ခွာပြန်တော့သည်။ ယခု တစ်ကြိမ်တွင်လည်း ကံမကောင်းပါ။ ရေငုပ် သင်္ဘောမှ ကျောက်ဆူးကြိုးသည် အခြား သင်္ဘောတစ်စီးမှ ကျောက်ဆူးကြိုးနှင့် ငြိပြီး ရေအောက်သို့ နစ်မြုပ်သွားရတော့သည်။ သည်တစ်ကြိမ်တွင်ကား ကက်ပတိန် ဟန်းလေး

http://www.cherrythitsar.org

www.foreverspace.com.mm



အပါအဝင် သင်္ဘောသားများ အားလုံး အသက်ဆုံးရှုံးရတော့သည်။

ယခုအခါတွင် ဟန်းလေးကို ကျိန်စာသင့်နေသည်ဟု ယူဆကြပြီး ဖျက်ဆီးပစ်ရန် အထက်မှ အမိန့်ပေးသည်။ ယင်းကိစ္စကို ဆောင်ရွက်ရန် ဗိုလ်ကြီး ဂျော့ဒစ်ဆင်ကို တာဝန်ပေးအပ်သည်။ သို့သော် ဒစ်ဆင်က နောက်တစ်ကြိမ် ကြိုးစားကြည့်ချင်သေးသည်။ ကွန်ဖက်ဒရိတ် တပ်ဖွဲ့များ အနေဖြင့် ပိတ်ဆို့ထားသော သင်္ဘောများကို ဖောက်ခွဲပစ်နိုင်ရန် အရေး တကြီး လိုအပ်နေပေသည်။ နောက်ဆုံးတွင် ၎င်း၏ အထက်အရာရှိက ဒစ်ဆင်ကို စမ်းသပ်ခွင့် ပြုလိုက်သည်။ သို့ဖြင့် ဒစ်ဆင်သည် အသေခံတပ်သား များကို ရွေးချယ်ကာ ဟန်းလေးဖြင့် တစ်ကြိမ် ထွက်ခွာပြန်တော့သည်။

ထိုနေ့မှာ ၁၈၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ဖြစ်သည်။ ည အချိန် ဖြစ်သည်။ ရည်မှန်းချက်မှာ ဟောက်စတန်နစ် သင်္ဘောကြီးကို တိုက် ခိုက်ရန် ဖြစ်သည်။ ၎င်းမှာ သင်္ဘော အသစ် စက်စက်ကြီး တစ်စီးဖြစ်ပြီး နှစ်မိုင်ခွဲခန့်အကွာတွင် ကျောက်စွဲလျက်ရှိသည်။

၎င်းတို့အတွက် အထူးကောင်းမွန်သော ညတစ်ည ဖြစ်သည်။ ရာသီဥတု အေးမြပြီး တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ ရေပြင်ပေါ်တွင် မြူနှင်း မှုန်မှုန်များ ဆိုင်းနေသဖြင့် ဟန်းလေးကို ရန်သူများ မတွေ့မြင်နိုင် အောင် အကာအကွယ်ပေးလျက် ရှိတော့သည်။ သို့သော် ထိုအချိန်တွင် ဟန်းလေးသည် သင်္ဘောကြီးနှင့် အထူးပင် နီးကပ်လျက်ရှိသဖြင့် သင်္ဘော ကြီးပေါ်မှ အမြောက်များက မပစ်ခတ်နိုင်ဘဲ ရှိသည်။ ထို့အပြင် တော်ပီဒို ဗုံးကလည်း ဟောက်စတန်နစ်၏ ကိုယ်ထည်ကို ဝင်ဆောင့်နေပြီ ဖြစ်၍ ရန်သူများအနေဖြင့် မည်သို့မျှ မပြုလုပ်နိုင်ကြတော့ပါ။

ပြင်းထန်သော ပေါက်ကွဲမှုကြီးကြောင့် သင်္ဘောကြီးသည် အပိုင်း

http://www.cherrythitsar.org
www.foreverspace.com.mm


ပိုင်း ကျိုးပြတ်ပြီး လေးမိနစ်အတွင်းမှာပင် နစ်မြုပ်သွားလေတော့သည်။

ရေအောက် လက်နက်ဖြစ်သော ရေငုပ်သင်္ဘောသည် နောက်ဆုံးတွင် ရန်သူကို ချေမှုန်း တိုက်ခိုက်နိုင်တော့သည်။ ရေငုပ်သင်္ဘော၏ ပထမဆုံး အောင်ပွဲပင်ဖြစ်သည်။

သို့သော် ဟန်းလေး ရေငုပ်သင်္ဘောပေါ်မှ ရဲစွမ်းသတ္တိဖြင့် ပြည့်စုံသော သူရဲကောင်းများသည် အောင်ပွဲ မခံနိုင်ကြပါချေ။ စကတည်းက ဘေးဒုက္ခ ရောက်ခဲ့ရသော ရေငုပ်သင်္ဘောကလေးသည် ယခုလည်း ၎င်း ဖောက်ခွဲလိုက်သော သင်္ဘောကြီးနှင့် အတူ နစ်မြုပ်သွားရတော့သည်။ ၎င်းသည် ပေါက်ကွဲမှုနှင့် လွတ်ကင်းရာသို့ အချိန်မီ ရှောင်တိမ်းခြင်း မပြုလုပ်နိုင်ခဲ့ပါ။

အစကနဦး ရေငုပ်သင်္ဘောများအတွက် အရေးအကြီးဆုံးသော ပြဿနာမှာ ဘာဆိုသည်ကို အားလုံး သိရှိကြပြီ ဖြစ်သည်။ ယင်းမှာ သင်္ဘောကို လက်ဖြင့် လှည့်ပြီး သွားနေရသမျှ ဘေးကင်းရာသို့ လွတ်အောင် ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။ ထို့ပြင် ရန်သူများ မမြင်တွေ့နိုင်အောင် ရေအနက်ကြီးသို့ ရောက်အောင် ငုပ်နိုင်မည်လည်း မဟုတ်ပါ။ ၎င်းတို့အဖို့ ရေအောက်တွင် ကောင်းစွာ အလုပ်လုပ်နိုင်မည့် စက်ပစ္စည်း တစ်ခု လိုအပ်လျက် ရှိတော့သည်။

## ပလန်ဂါ

ယင်းလိုအပ်ချက်ကို ၁၈၆၃ ခုနှစ်တွင် စက်ဖြင့် ခုတ်မောင်းသော ရေငုပ်သင်္ဘော တစ်စီးကို ပထမဆုံးအကြိမ် ခုတ်မောင်းခြင်းဖြင့် ပြင်သစ်တို့က ဖြည့်တင်းနိုင်ခဲ့သည်။ ပြင်သစ်အစိုးရသည် ရေငုပ်သင်္ဘောအသစ်ကို

www.foreverspace.com.mm



အထူးပင် စိတ်ဝင်စားချေသည်။ ပလန်ဂါ (ငုပ်လျှိုးသူ)၏ အရွယ်အစားက လည်း ယခင် ရေငုပ်သင်္ဘောများနှင့် အများကြီးပင် ခြားနားလှပေသည်။

ဖူလတန်၏ နော့တီးလပ်သည် အလေးချိန် ကိုးတန်မျှသာ ရှိပြီး ယခု ပြင်သစ်တို့ တီထွင်သော ရေငုပ်သင်္ဘောသစ် ပလန်ဂါသည် တန်ချိန် ၄၁၀ ရှိပေသည်။ ထို့အပြင် ၎င်းသည် ၁၄၀-ပေ ရှည်လျားပြီး ၂၀-ပေ ကျယ်ဝန်းသည်။ သို့သော် သင်္ဘော၏ အကျယ်အဝန်း အားလုံးလောက်ကို ပင် အလျားပေ ၂၀၊ အနံ ၄ ပေ ရှိသော လေလှောင်ကန်ကြီး ၂၃ ခုက သိမ်းပိုက်ထားလေသည်။

သင်္ဘောသားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လည်း အထူးပင် ထည့်သွင်း တွက်ချက်ပြီး ရေလုံ အသက်ကယ် လှေတစ်စီးကို တပ်ဆင်ထားသည်။ အသက်ကယ် လှေအတွင်းသို့ ရေငုပ်သင်္ဘောအတွင်း မှပင် ဝင်ရောက်နိုင်အောင် စီစဉ်ထားသည်။

ရေအောက်ပိုးကိုလည်း သင်္ဘောဦးရှိ တုတ်တံရှည်ကြီးတွင် တပ် ဆင်ထားသည်။ သို့ဖြင့် သင်္ဘော၏ ပုံသဏ္ဍာန်မှာ ငါးမန်းကြီးတစ်ကောင် နှင့်တူပြီး မြင်ရသည်မှာ ကြောက်စရာကြီးပင် ဖြစ်တော့သည်။

၁၈၆၅ ခုနှစ်တွင် ပလန်ဂါကို ရေသို့ချသည်။

ထိုအခါ ပလန်ဂါသည် အမည်နှင့် လိုက်လျောလှတော့သည်။ သူက နာမည်အတိုင်း ရေအောက်ကြမ်းပြင်ဆီသို့ ထိုးငုပ်ပြီး မနေခဲ့လျှင် ရေပေါ်သို့ ပြန်ထိုးပြီး တက်ချေတော့သည်။ သင်္ဘော ကက်ပတိန်မှာလည်း နေရာ ကျဉ်းကျဉ်းကလေးတွင် ရေနံဆီ မီးအိမ်၏ အလင်းရောင်ဖြင့် သင်္ဘောကို ထိန်းသိမ်းနေရသည်။ သင်္ဘောအရွယ်က ကြီးမားလှသဖြင့် မထိန်းနိုင် မသိမ်းနိုင် ရှိနေသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



၎င်းကို အကြိမ်ကြိမ် စမ်းသပ်ပြီး ထွက်လာသည့် အဖြေမှာ သင်္ဘောကို ခုတ်မောင်းနိုင်ရန်အတွက် သင်္ဘောသားများသည် ပင်ပင်ပန်းပန်းနှင့် အချိန်ကြာကြာ လုပ်ဆောင်ရသည်ဟူသည့် အချက်ပင် ဖြစ်သည်။ ယင်းအတွက် သင်္ဘောသားများအဖို့ ရန်သူကို တိုက်ခိုက်နိုင်ရန် အချိန်မရှိဘဲ ဖြစ်နေတော့သည်။

ပလန်ဂျ၏ အခြား ချွတ်ယွင်းချက် တစ်ခုမှာ ယခင် ရေငုပ်သင်္ဘောများ နည်းတူပင် သင်္ဘောဦးတွင် ရေအောက်ဗုံးကို တုတ်တံရှည်ကြီးဖြင့် တပ်ဆင်ထားရခြင်းပင် ဖြစ်သည်။ ယင်းအတွက် ရေအောက်ဗုံးသည် ရန်သူ သင်္ဘောအတွက် ဘေးအန္တရာယ် ဖြစ်သလို ရေငုပ်သင်္ဘောသားများအတွက်လည်း အန္တရာယ် ဖြစ်နေတော့သည်။

သို့ဖြင့် ပြင်သစ်တို့သည် ရေငုပ် သင်္ဘောလုပ်ငန်းကို ဒုတိယ အကြိမ် စွန့်လွှတ်လိုက်ကြပြန်တော့သည်။

## ရေငုပ် သင်္ဘော ပြိုင်ပွဲ

ပလန်ဂျ အနေဖြင့် အောင်မြင်မှု မရှိလှသော်လည်း ယင်း၏ သတင်းသည် ကမ္ဘာ အရပ်ရပ်ရှိ တီထွင်သူများကို အထူးပင် လှုံ့ဆော်ပေးနိုင်ခဲ့သည်။ ၁၈၈၀ ပြည့်နှစ်များ အတွင်းတွင် ရေအောက်သင်္ဘော တည်ဆောက်ရေး တီထွင် စမ်းသပ်မှု ၄၂ ခု ရှိကြောင်း မှတ်တမ်းရှိခဲ့သည်။

ရေအောက်သို့ ငုပ်လျှိုးခြင်းနှင့် ရေပေါ်သို့ ပြန်တက်ခြင်းတို့တွင် ဘာမျှ ပြဿနာ မရှိပါ။ ၁၈၈၀ ပြည့်နှစ်ကတည်းက ဖူလတန်က သိုလှောင်ကန်များကို အသုံးပြုခဲ့သည်။ ရေအောက်သို့ ငုပ်လျှိုးရန် သိုလှောင်ကန်ကို ဖြည့်ရမည်။ ရေပေါ်သို့ ပြန်ပေါ်ရန်အတွက် သိုလှောင်ကန်ကို ပလာကျင်း

www.foreverspace.com.mm


စေရမည်။ ပြဿနာက ရေငုပ်သင်္ဘောကို ရေပေါ်တွင်ရော ရေအောက်တွင်ရော မောင်းနှင်သွားလာနိုင်ရေးပင် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်သော အိုင်းရစ်လူမျိုး ဂျွန်ဟော်လန် ဆိုသူသည် ရေငုပ်သင်္ဘော တည်ဆောက်ရေးနှင့် ပတ်သက်ပြီး နှစ်ဆယ့်ငါးနှစ်လုံးလုံး တီထွင် စမ်းသပ်ခဲ့သည်။ ဤကာလအတွင်းတွင် သူသည် ရေငုပ်သင်္ဘော ငါးစီးကို တီထွင် စမ်းသပ်ခဲ့သည်။ တစ်ကြိမ်ထက် တစ်ကြိမ် ပိုမို ကောင်းမွန်လာသည်။ သူ၏ စိတ်ကူးသစ်က မော်တာ နှစ်ခု ထားရန်ပင်ဖြစ်သည်။ တစ်ခုက ရေပေါ်တွင် သွားရန် ဓာတ်ဆီသုံး အင်ဂျင် ဖြစ်သည်။ နောက်တစ်ခုက ရေအောက်တွင် မောင်းနှင်ရန် ဘက်ထရီ အင်ဂျင် ဖြစ်သည်။

ဟော်လန်သည် သူ၏ ရေငုပ်သင်္ဘောများကို အမေရိကန်ပြည်ထောင်စု ရေတပ်မတော်က စိတ်ဝင်စားစေရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့သည်။ သို့သော် အမေရိကန် ရေတပ်မတော်က ရေပေါ် သင်္ဘောများ အင်အားတောင့်တင်းရေးသည်သာ အဓိက ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

သို့သော် ဟော်လန်က အလျှော့ပေးတော့မည်ရှိစဉ် ၁၈၈၈ ခုနှစ်၌ အမေရိကန် ရေတပ်မတော်က ရေငုပ်သင်္ဘော ပုံစံပြိုင်ပွဲကို ကြေညာခဲ့သည်။ အကောင်းဆုံး ပုံစံကို ဒေါ်လာ ၁၅၀,၀၀၀ ပေးမည်ဟုဆိုသည်။

ပြိုင်ပွဲတွင် ဟော်လန် အနိုင်ရရှိပြီး ဆုငွေကို ရရှိခဲ့သည်။ သို့သော် အစိုးရအဖွဲ့ အပြောင်းအလဲ ဖြစ်သဖြင့် ရေငုပ်သင်္ဘော စီမံကိန်းကို ပယ်ဖျက်ခဲ့သည်။

၁၈၉၅ ခုနှစ်တွင် နောက်တစ်ကြိမ်ပြိုင်ပွဲ လုပ်ပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ဟော်လန်ပင် အနိုင်ရရှိသည်။ သို့သော် ယခင်က

www.foreverspace.com.mm
http://www.cherrythitsar.org


အတိုင်းပင် အနှောင့်အနှေးများ ရှိနေသဖြင့် ဟော်လန်သည် အမေရိကန် ရေတပ်မတော်၏ ပထမဆုံး တရားဝင် ရေငုပ်သင်္ဘော တည်ဆောက်ခွင့် ရအောင် ငါးနှစ်မျှ စောင့်ဆိုင်းခဲ့ရသည်။

ဟော်လန်၏ ရေငုပ်သင်္ဘော ဟော်လန်သည် ရေပေါ်တွင် မောင်းနှင်ရန် မြင်းကောင်ရေ ၁၂၀အား ဓာတ်ဆီအင်ဂျင် တပ်ဆင်ထား ရှိပြီး ရေအောက်တွင် မောင်းနှင်ရန် မြင်းကောင်ရေ ၁၅၀အား ဘက်ထရီသုံး လျှပ်စစ် မော်တာကို တပ်ဆင်ထားသည်။ ဟော်လန်၏ အလျားသည် ၅၈ ပေ ရှိပြီး အနံမှာ ၁၀-ပေ ဖြစ်သည်။ သို့သော် ရေအောက်သို့ ပေ ၆၀ အထိသာ ငုပ်ဆင်းနိုင်သည်။

ပြိုင်ပွဲတွင် ရှုံးနိမ့်သူ တစ်ဦးဖြစ်သည့် ဆိုင်မွန်လိပ်သည် ရေငုပ် သင်္ဘောတွင် အခြေခံ တစ်ခုဖြစ်သည့် ပီရီစကုပ်မှန်ပြောင်းကို တီထွင်ခဲ့ သည်။ ရေအောက်မှနေပြီး ရေပေါ်သို့ မြင်တွေ့နိုင်သည့် မှန်ပြောင်း ဖြစ် သည်။ ယင်း မှန်ပြောင်းသည် အရပ် ရှစ်မျက်နှာသို့ လှည့်ပြီး ကြည့်နိုင်သလို အပေါ်နှင့် အောက်ကိုလည်း လိုသလို တင်နိုင် ချနိုင်ပေသည်။

၁၉၀၃ ခုနှစ်တွင် အမေရိကန် ရေတပ်မတော်သည် နောက်ထပ် ရေငုပ်သင်္ဘော ခြောက်စီး ထပ်မံ တည်ဆောက်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ပထမဆုံး ရေငုပ်သင်္ဘော တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သော နိုင်ငံဖြစ်သည်။

တခြား နိုင်ငံများကလည်း ရေငုပ်သင်္ဘော တည်ဆောက်ရေး လုပ်ငန်းကို စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့ကြသည်။ ရေငုပ်သင်္ဘော ကိစ္စတွင် ယခင်က သိပ်ပြီး စိတ်ပါဝင်စားခြင်း မရှိခဲ့သော ဗြိတိန်နိုင်ငံကပင် ၁၉၀၁ ခုနှစ်တွင် ရေငုပ်သင်္ဘော ငါးစီး မှာယူခဲ့သည်။

ဤ အတောအတွင်းမှာပင် ပြင်သစ်နိုင်ငံသည် ရေငုပ်သင်္ဘော

http://www.cherrythitsar.org

www.foreverspace.com.mm



တည်ဆောက်ရေးနှင့် ပတ်သက်ပြီး အခွင့်အရေး တစ်ခု လက်လွတ် ဆုံးရှုံးခဲ့ရသည်။ ၎င်း၏ နိုင်ငံသားတစ်ဦးဖြစ်သော ဒီအီကွေဗယ်လီ ဆိုသူက တင်ပြခဲ့သော ရေငုပ်သင်္ဘော ပုံစံတစ်ခုကို ပယ်ချခဲ့ခြင်းပင် ဖြစ်သည်။

ထိုအခါ ဒီအီကွေဗယ်လီက သူ၏ ပုံစံကို ဂျာမနီ အစိုးရထံ တင်ပြသည်။ ဂျာမနီ အစိုးရက ချက်ချင်းပင် လက်ခံခဲ့သည်။ ယင်း ပုံစံမှ နေ၍ နာမည်ကျော် ယူဝမ်း ရေငုပ်သင်္ဘော ဖြစ်ခဲ့သည်။ (ယူမှာ ရေအောက်သင်္ဘောဟု အဓိပ္ပာယ်ရှိသည်။) ယူဝမ်းသည် ကမ္ဘာစစ်ကြီး နှစ်ခုအတွင်းတွင် မဟာမိတ် စစ်သင်္ဘောပေါင်း မြောက်မြားစွာကို တိုက်ခိုက် နစ်မြုပ်ခဲ့သည့် ယူဘုတ်များ၏ ဖခင်ပင် ဖြစ်တော့သည်။

## ဝိုက်ဟက်တော်ပီဒို

တစ်ချိန်တည်းမှာပင် အခြားသော တီထွင်သူများသည် ရေအောက်တွင် သူ့ဘာသူ အလိုအလျောက် သွားနိုင်သော တော်ပီဒိုဗုံးကို စမ်းသပ်တီထွင်ခဲ့ကြသည်။ ယင်းတို့အနက် အအောင်မြင်ဆုံးမှာ ဗြိတိသျှ အင်ဂျင်နီယာ ရောဘတ်ဝိုက်ဟက် တီထွင်ခဲ့သော တော်ပီဒို ဗုံးပင် ဖြစ်တော့သည်။ ၁၈၇၀ ပြည့်နှစ်က ယင်း တော်ပီဒို ဗုံးပုံစံကို ဗြိတိသျှ အစိုးရက ပေါင်စတာလင်ငွေ ၁၅၀,၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ ယင်း တော်ပီဒို၏ ပုံစံမှာ ၁၄-ပေ ရှည်လျားသော ကျည်ဆန်ကြီး တစ်တောင့်နှင့် တူပြီး ပေါက်ကွဲစေသည့် အရာဝတ္ထုများ ၆၇ ပေါင် ပါရှိသည်။ ၎င်းကို ရေငုပ်သင်္ဘောဦးတွင် တပ်ဆင်ထားပြီး သေနတ် တစ်လက်မှ ပစ်လွှတ်သလို ပစ်လွှတ်နိုင်လေသည်။

*　　*　　*

http://www.cherrythitsar.org

www.foreverspace.com.mm



## ဒီဇယ်အင်ဂျင်

၁၉၀၉ ခုနှစ် နောက်ပိုင်းတွင် ကမ္ဘာ အရပ်ရပ်ရှိ ရေတပ်များသည် ၎င်းတို့၏ ရေငုပ်သင်္ဘောများတွင် အင်ဂျင် အသစ်များ ပြောင်းလဲ တပ်ဆင်ကြသည်။ ယခင် ဓာတ်ဆီသုံး အင်ဂျင်အစား ရေနံချေးသုံး အင်ဂျင် ဖြစ်သည်။ ယင်းသို့ဖြင့် အကုန်အကျလည်း သက်သာပြီး ဘေးအန္တရာယ်လည်း ကင်းရှင်းစေသည်။ ဤ အင်ဂျင်ကို ရူးဒေါ့ဖ်ဒီဇယ် ဟူသော ဂျာမန် အမျိုးသားတစ်ဦးက တီထွင်သဖြင့် ဒီဇယ်အင်ဂျင်ဟု ခေါ်ဆိုသည်။ ၎င်းသည် ဓာတ်ဆီသုံး အင်ဂျင်ထက် ဆီစား ထက်ဝက်ခန့် သက်သာသည်။ ယင်းကြောင့် ရေငုပ်သင်္ဘောများသည် ဆီထပ်ဖြည့်ခြင်း မပြုရဘဲ ကမ္ဘာ့ ပင်လယ်များတွင် အချိန်ကြာကြာ လှည့်လည်နိုင်တော့သည်။

## ရေငုပ်သင်္ဘော နှင့် ကမ္ဘာစစ်ကြီးများ

၁၉၁၄ ခုနှစ် ဩဂုတ်လတွင် ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ဗြိတိန်နိုင်ငံသည် ပင်လယ်ပြင်ကို စိုးမိုးအုပ်ချုပ်လျက် ရှိတော့သည်။ ယင်းအတွက် ဂျာမနီနိုင်ငံသည် ရေငုပ်သင်္ဘောများကို တိုက်ပွဲလက်နက်အဖြစ် အသုံးပြုရန် ဆုံးဖြတ်ပြီး စစ်ကြီး ဖြစ်ပွားသောအခါ ရေငုပ်သင်္ဘော အစီး ၂၀ ကို တည်ဆောက်လေတော့သည်။ ထိုအချိန်တွင် ဗြိတိန်နိုင်ငံ၌ ရေငုပ်သင်္ဘော ၇၄ စီး ရှိနေသော်လည်း ၎င်းတို့သည် ခေတ်မမီတော့ဘဲ လေ့ကျင့်ရေးအတွက်သာ အသုံးပြုနေကြရသည်။

စစ်ကြီး ဖြစ်ပွားပြီး ပထမ နှစ်ရက်တွင် ဂျာမန်တို့သည် ၎င်းတို့နိုင်ငံကို ကာကွယ်ရန်အတွက် ရေငုပ်သင်္ဘောများကို ဖြန့်ချထားသည်။ သို့သော် ၎င်းတို့ မျှော်လင့်ထားသော ဗြိတိသျှ ရေတပ်သင်္ဘောများ ရောက်ရှိ

http://www.cherrythitsar.org
www.foreverspace.com.mm


မလာသောအခါ ရေငုပ်သင်္ဘောအစီး နှစ်ဆယ်အနက် ဆယ်စီးကို ပင်လယ်ပြင်သို့ ထွက်ပြီး ရန်သူသင်္ဘောများကို ရှာဖွေ တိုက်ခိုက်ခိုင်းတော့သည်။ ၎င်းတို့သည် ရန်သူသင်္ဘောများကို တိုက်ခိုက်နိုင်ခြင်း မရှိသော်လည်း ဗြိတိသျှ သင်္ဘောများက ၎င်းတို့၏ ပီရီစကုပ် မှန်ပြောင်းတိုင်များကို တွေ့မြင်ပြီး စစ်သင်္ဘောကြီး ဘာမင်ဂမ်က ယူ ၁၅ ကို ထက်ပိုင်း တိုက်ဖြတ်ပစ်လိုက်သည်။

သို့သော် ဗြိတိသျှ ရေတပ်သင်္ဘောများသည် ဂျာမန် ယူဘုတ်များကို တွေ့မြင်ရသဖြင့် ထိတ်လန့် တုန်လှုပ်နေကြသည်။ အကြောင်းမှာ ၎င်းတို့၏ မှန်ပြောင်းတိုင်ကို တွေ့မြင်ရသည်မှ တစ်ပါး ၎င်းတို့ကို မည်သို့မျှ ထောက်လှမ်း သိရှိနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။

ဂျာမန်အစိုးရသည် ၎င်း၏ ယူဘုတ်များကို ဆက်လက်ပြီး ကင်းလှည့်မြဲ ကင်းလှည့်စေလျက် ရှိသည်။ နောက်ဆုံးတွင် ယူ ၁၂ သည် စကော့တလန် ပင်လယ်ကမ်းခြေတွင် ကင်းလှည့်နေသော ဗြိတိသျှ စစ်သင်္ဘောကြီး ပတ်သ်ဖိုင်ဒါကို တွေ့ရှိသည်။ ရာသီဥတု အခြေအနေ ဆိုးရွားပြီး လှိုင်းကြီး လေကြီး အခြေအနေမှာပင် ယူ ၂၁ သည် ရန်သူ သင်္ဘောကို လေးမိနစ်အတွင်း ပစ်ခတ်ပြီး လှိုင်းလုံးကြီးများ အောက်တွင် ပျောက်ဝင်သွားခဲ့သည်။ ပင်လယ် ဝံပုလွေ အနေနှင့် ပထမဆုံး အကြိမ် သွေးသောက်ရခြင်းပင် ဖြစ်သည်။

ဤကား သတိပေးလိုက်ခြင်းပင် ဖြစ်သည်။

စက်တင်ဘာလ ၂၀ ရက်နေ့တွင် ခေတ်နောက်ကျနေပြီဖြစ်သော ယူ ၁၉ ဂျာမန် ရေငုပ်သင်္ဘောသည် တိုင်းထွာမှုများ မှားယွင်းကာ ရန်သူစစ်သင်္ဘောကြီး သုံးစီးအနီးသို့ အမှတ်မထင် ရောက်ရှိသွားတော့သည်။

www.foreverspace.com.mm

http://www.cherrythitsar.org



သို့သော် ၎င်းက တော်ပီဒိုပုံးများကို ပစ်လွှတ်ကာ သင်္ဘော သုံးစီးစလုံးကို နစ်မြုပ်နိုင်ခဲ့သည်။ တန်ချိန် ၄၅၀ မျှသာရှိသော ရေငုပ်သင်္ဘောကလေး တစ်စီး အတွင်းမှ လူ ၂၆ ယောက်က တန်ချိန် ၁၆,၀၀၀ ရှိသော ရန်သူ စစ်သင်္ဘောများမှ လူပေါင်း ၁၄၀၀ ကို သုတ်သင် ချေမှုန်းနိုင်ခြင်းပင် ဖြစ်တော့သည်။

နောက်ဆုံးတွင် ရေငုပ်သင်္ဘောသည် အထက်မြက်ဆုံးနှင့် အထိ ရောက်ဆုံး လက်နက်ကြီးတစ်ခု ဖြစ်လာတော့သည်။

စစ်ပွဲကြီးအတွင်း ရေငုပ်သင်္ဘောတို့၏ လှုပ်ရှား တိုက်ခိုက်မှုများ သည် အသည်းတယားယား ရင်တထိတ်ထိတ်နှင့် အံ့မခန်းရသော ဇာတ်လမ်း များအဖြစ် သမိုင်း တွင်ကြရတော့သည်။

## မာမာရာမှ ရေအောက်တစ္ဆေ

ကမ္ဘာ့ သမိုင်းတွင် ပထမ ကမ္ဘာစစ်ကြီးသည် ရေငုပ်သင်္ဘောများ ပထမဆုံးအကြိမ် ထိရောက်စွာ ဝင်ရောက် တိုက်ခိုက်နိုင်သည့် စစ်ပွဲ တစ်ခု ပင်ဖြစ်တော့သည်။ သို့တစေလည်း ၁၉၁၄ ခုနှစ်မှ ရေငုပ်သင်္ဘောများသည် အထုအထည် ကြီးမားလှပြီး တန်ချိန် ၈၀၀ မျှ ရှိလာကြသည့်တိုင်အောင် လည်း သွားလာ လှုပ်ရှားမှု နှေးကွေးပြီး အသုံးပြုသော လက်နက်များမှာ လည်း သိပ်ပြီး စိတ်မချရသေးချေ။ ၎င်းတို့၏ ထိရောက် အောင်မြင်မှုသည် ရဲစွမ်းသတ္တိရှိသော ရေတပ်သားများအပေါ်တွင် အများကြီး တည်ရှိနေပေ သည်။

ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ရေငုပ်သင်္ဘောများသည် များသောအားဖြင့် ရေပေါ်မှာသာ နေကြရသည်။ သို့မှသာလျှင် လျင်မြန်စွာ

http://www.cherrythitsar.org
www.foreverspace.com.mm


လှုပ်ရှား သွားလာနိုင်မည် ဖြစ်သည်။ သို့သော် ရေပြင်ပေါ်တွင် နေရခြင်းသည် အန္တရာယ် ကြီးမားလှသည်။ လက်နက်တွေ အပြည့် တပ်ဆင်ထားသော ရန်သူ စစ်သင်္ဘောကြီးများ၏ ဘေးအန္တရာယ်ကို အချိန်မရွေး ကြောက်လန့်နေကြရသည်။

ထိုမျှမက ၎င်းတို့သည် ရေထဲသို့ ငုပ်ဝင်သော အခါတွင်လည်း ပေ ၁၀၀ လောက်သာ ငုပ်နိုင်ပြီး ရေအောက် အသွားနှုန်းမှာလည်း အလွန်ဆုံး ရေမိုင် ရှစ်မိုင်မျှသာ ဖြစ်ပေသည်။ ထို့အပြင် ရေငုပ်သင်္ဘောအတွင်းရှိ အဖွဲ့သားများမှာလည်း အောက်စီဂျင် နည်းပါးမှုနှင့် ဒီဇယ်ဆီ အနံ့တို့ကြောင့် အနေရ အထိုင်ရ မွန်းကျပ်လှသည်။

သို့ဖြင့် ရေငုပ်သင်္ဘောများသည် အခွင့်သင့်သည်နှင့် တစ်ပြိုင်နက် ရေပေါ်သို့ တက်နေကြရသည်။ ရေငုပ်သင်္ဘောထဲတွင် ရက် သတ္တပတ်ပေါင်းများစွာ နေရခြင်းသည် အနေရ အထိုင်ရ အဆင်မပြေသည်ထက် တိုင်းပြည်ကာကွယ်ရေး လုပ်ငန်း တစ်ခုအနေနှင့်လည်း အတော်ကြီး အချိုးအစား မကျသော လုပ်ငန်း တစ်ခုပင် ဖြစ်နေသေးတော့သည်။

သို့တစေလည်း ရေငုပ် သင်္ဘောများသည် လိုအပ်သည့်အချိန် တွင် ရန်သူများ မမြင်နိုင်အောင် ရေအောက်တွင် ကိုယ်ရောင် ဖျောက်နေနိုင်သည့် အခွင့်အလမ်း ရှိနေပေသည်။ ရေငုပ်သင်္ဘော တစ်စီးသည် ရေအောက်သို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ၎င်းကို ရန်သူများက မည်ကဲ့သို့မျှ တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါ။

သို့သော် ဤလက်နက်သစ်ကို ကွပ်ကဲထိန်းချုပ်နိုင်ရန်အတွက် ကား အင်မတန် ခေါင်းအေးသော အင်မတန် ရဲရင့်သော ကက်ပတိန်များ လိုအပ်လျက် ရှိတော့သည်။ ရေငုပ်သင်္ဘော ကက်ပတိန် တစ်ဦးသည်

http://www.cherrythitsar.org

www.foreverspace.com.mm



မမျှော်လင့်သော အန္တရာယ်များနှင့် အဆင်မပြေမှုများကို အမြဲတမ်း မျှော်လင့်ထားကြရမည် ဖြစ်သည်။

နာမည်ကျော် ရေငုပ်သင်္ဘော E 11 ၏ ကက်ပတိန် ဗိုလ်မှူး မာတင်နေစမစ်သည် အထက်ပါ အရည်အချင်းနှင့် ပြည့်စုံသော ကက်ပတိန်တစ်ဦးပင် ဖြစ်တော့သည်။ မာမာရာ ပင်လယ် အတွင်းတွင် ၎င်းဆင်နွှဲတိုက်ခိုက်ခဲ့သော တိုက်ပွဲများသည် ဗြိတိသျှ ရေတပ်မတော် ရာဇဝင်တွင် နှစ်ပေါင်းများစွာပင် ထင်ရှားလျက် ရှိနေပေလိမ့်မည်။

မာမာရာ ပင်လယ်သည် ပထမ ကမ္ဘာစစ်ကြီး အတွင်းတွင် အရေးပါသော ပင်လယ်များအနက် တစ်ခုပင် ဖြစ်တော့သည်။ ယင်း ပင်လယ်သည် ဗြိတိန်၊ ရုရှားနှင့် ပြင်သစ်တို့ကို တိုက်ခိုက်လျက်ရှိသော ဂျာမနီနိုင်ငံ၏ မဟာမိတ်ကြီးဖြစ်သော တူရကီနိုင်ငံ၏ ပင်လယ်ရေပြင်ပင် ဖြစ်သည်။ ယင်း ပင်လယ်ပြင်သည် တူရကီနိုင်ငံ၏ အလယ်ပိုင်းသို့ နက်ရှိုင်းစွာ ထိုးဝင်လျက်ရှိသည်။ သို့ဖြင့် ဤပင်လယ်ပြင်အတွင်းသို့ ဝင်ရောက်နိုင်သော သင်္ဘောတစ်စီးသည် တူရကီနိုင်ငံကို ကောင်းမွန်စွာ တိုက်ခိုက်နိုင်သော အနေအထားတွင် ရှိနေပေသည်။

အီဂျီယင် ပင်လယ်နှင့် မာမာရာ ပင်လယ်ကို ဒါဒင်နယ် ဟူသော ရေလက်ကြားကလေး တစ်ခုက ဆက်သွယ်ထားသည်။ ဗြိတိသျှနှင့် မဟာမိတ် တပ်များအဖို့ မာမာရာ ပင်လယ်နှင့် တူရကီနိုင်ငံ မြို့တော် ကွန်စတင်တီနိုပယ်သို့ ရောက်ရှိနိုင်ရန် လမ်းမှာ ဤ ရေလက်ကြားကလေးပင် ဖြစ်တော့သည်။ သို့သော် ဤ ရေလက်ကြားသည် ကမ္ဘာပေါ်ရှိ ရေပြင်များအနက် အစောင့်အကြပ် အထူထပ်ဆုံး ရေပြင်တစ်ခု ဖြစ်နေသည်။ ဒါဒင်နယ် ရေလက်ကြား ကမ်းခြေတစ်လျှောက်၌ တော်ပီဒိုများ၊ အမြောက်

http://www.cherrythitsar.org

www.foreverspace.com.mm



များ၊ ပုံသဏ္ဍာန် အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးဖြင့် ပြည့်နှက်လျက် ရှိသည်။ ရေမြှုပ်ဗုံးများကိုလည်း ၁၃ တန်၊ ၁၃ ထပ် တိတိ ချထားသည်။ ဤ ရေပြင်အတွင်းသို့ ဝင်ရောက်လာသော သင်္ဘောများအတွက် ချောက်ချားဖွယ်ရာ နံပါတ်ဖြစ်သည်။ ထိန်ထိန်လင်းနေသော မီးမောင်းကြီးများကလည်း နှစ်ဆယ့် လေးနာရီလုံးပင် နေ့ခင်းအချိန် ဖြစ်နေစေတော့သည်။ တူရကီများက အားလုံး အသင့်ပြင်ထားသည်။

၁၉၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ဗြိတိသျှ စစ်သင်္ဘောကြီး ၁၈ စီးသည် အမြောက်ကြီးများကို ကြောက်မက်ဖွယ်ရာ ပစ်ခတ်ကာ ရေလက်ကြား အတွင်းသို့ ဝင်ရောက်သွားသည်။ သို့သော် မိုင်အနည်းငယ်မျှ ဝင်မိသည်ဆိုလျှင်ပင် သင်္ဘော သုံးစီး နစ်မြုပ်သွားပြီး သင်္ဘော သုံးစီးမှာ အကြီးအကျယ် ပျက်စီးသွားသည်။ လူပေါင်း ၇၀၀ ကျဆုံးသည်။ ချက်ချင်းဆိုသလိုပင် မဟာမိတ် ရေတပ်ကြီး ပြန်ဆုတ်ရသည်။ သည့်နောက်တွင်ကား ၎င်းတို့သည် နောက်တစ်ကြိမ် ပြန်သွားခြင်း မပြုတော့ပါ။

မဟာမိတ်တို့အနေဖြင့် နောက်တစ်ကြိမ် ထပ်မံ တိုက်ခိုက်သည်ကတော့ ရေကြောင်းက မဟုတ်တော့။ ကြည်းကြောင်းမှ ဖြစ်သည်။ ဗြိတိသျှနှင့် ပြင်သစ် တပ်များသည် ဂယ်လီပိုလီ ကျွန်းဆွယ်ပေါ်သို့ တက်ရောက်ကြပြီး တူရကီ ခံစစ်ကြောင်းကို နောက်ဘက်မှ ဝင်ရောက် တိုက်ခိုက်ကြခြင်းဖြစ်သည်။ ၁၈ လ လုံးလုံး တိုက်ခိုက်သည်။ သို့သော် ဗြိတိသျှတို့အနေနှင့် တူရကီတပ်များကို ကုန်းပေါ်တွင် ချေမှုန်းနိုင်ရန်မှာလည်း ကွန်စတင်တီနိုပယ်နှင့် ပန်ဒါမာတို့မှ နေ၍ ဂယ်လီပိုလီသို့ စစ်ကူနှင့် ရိက္ခာများ ပေးပို့နေသော သင်္ဘောများကို ဖြတ်တောက် ဟန့်တားနိုင်မှသာ ဖြစ်ပေမည်။ ထိုစဉ်က ဗုံးကြဲလေယာဉ်ပျံ များမှာလည်း အားကိုးရသည့် အခြေအနေတွင်

www.foreverspace.com.mm



မရှိသေးပါ။ ယင်းကြောင့် ရန်သူ့ ဆက်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်နိုင်ရန် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိနေသည်။ နောက်ဆုံးပေါ် လက်နက်သစ်ဖြစ်သော ရေငုပ်သင်္ဘောဖြင့် တိုက်ခိုက်ရန်ပင် ဖြစ်သည်။

ရေငုပ်သင်္ဘော E 11 ၏ အလျင်တွင် ဗြိတိသျှ ရေငုပ်သင်္ဘော ငါးစီးသည် မာမာရာ ပင်လယ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ လေးစီးသည် ကံကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ကြရသည်။ သို့သော် ပဉ္စမအစီးဖြစ်သော E 14 မှာမူကား တူရကီ ရေပိုင်နက် အတွင်းတွင် သုံးပတ်မျှ လှည့်လည်ကာ ရန်သူ သင်္ဘောများကို တိုက်ခိုက်နိုင်ခဲ့သည်။ ၎င်း၏ အအောင်မြင်ဆုံး တိုက်ပွဲမှာ ရန်သူတပ်ဖွဲ့ သယ်ယူပို့ဆောင်ရေး သင်္ဘောကြီး ဂီဂျီမယ်ကို နှစ်မြှုပ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ဤအဖြစ်အပျက်အတွက် တူရကီတို့သည် အထူးပင် တုန်လှုပ်ချောက်ချားသွားကြသည်။ အထူးသဖြင့် သူတို့၏ ပင်လယ်ပြင်အောက်တွင် ဝင်ရောက် နှောင့်ယှက်နေသော ရေငုပ်သင်္ဘော ဘယ်နှစ်စီး ရှိနေသည်ကို မသိနိုင်သည့်အတွက် ပိုမို ချောက်ချားနေကြရသည်။ သူတို့ကို ရန်သူ ရေငုပ်သင်္ဘော တစ်စီးတည်းကသာ ဒုက္ခပေးနေကြောင်းကို သူတို့ မသိရှိပါ။

မာတင်နေစမစ်သည် ရေငုပ်သင်္ဘော E 14 ၏ စွန့်စားမှုများနှင့် ရန်သူကို ချောက်ချားစေနိုင်မှုများကို အထူးအားကျပြီး ၎င်း၏ ရေငုပ်သင်္ဘော E 11 ကိုလည်း အလားတူပင် ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ထားသည်။ သူ၏ အမြင့်မားဆုံးသော ရည်ရွယ်ချက်ကတော့ သူ၏ ရေငုပ်သင်္ဘောသည် ကွန်စတင် တီနိုပယ် ဆိပ်ကမ်းအတွင်းသို့ ပထမဆုံး ဝင်ရောက်သော တူရကီတို့၏ ရန်သူ သင်္ဘောတစ်စီး ဖြစ်စေရမည်ဟူသော ရည်ရွယ်ချက်ပင် ဖြစ်သည်။ နှစ်ပေါင်း ၅၀၀ အတွင်းတွင် ကွန်စတင် တီနိုပယ်

www.foreverspace.com.mm

http://www.cherrythitsar.org



ဆိပ်ကမ်းအတွင်းသို့ မည်သည့် ရန်သူ သင်္ဘောတစ်စီးမျှ ဝင်ရောက်နိုင်ခဲ့ခြင်း မရှိပါ။

ကံမကောင်းချင်တော့ E 11 သည် အင်ဂျင်စက် အကြီးအကျယ် ချွတ်ယွင်းသွားသဖြင့် သေသေချာချာ ပြန်လည် ပြင်ဆင်နေကြရတော့သည်။ သို့သော် နေစမစ်သည် စိတ်မပျက်ဘဲ စောင့်ဆိုင်းနေရစဉ် အတွင်းတွင် ဒါဒင်နယ် ရေလက်ကြား အကြောင်းကို လေ့လာလျက်ရှိသည်။ ၎င်း၏ ရေစီးကြောင်းများ၊ ကမ်းခြေတစ်လျှောက်ရှိ ရန်သူ အမြောက်ရှိသည့် နေရာများ၊ အမြောက် အမျိုးအစားများ၊ ၎င်းတို့ကို မည်သို့ ရင်ဆိုင်ကျော်လွှားရမည်ဟူသည့် အချက်များကို အသေးစိတ် လေ့လာ တွက်ချက်ထားသည်။

နောက်ဆုံးတွင် အင်ဂျင်စက်ကို ပြင်ဆင်၍ ပြီးဆုံးသွားသဖြင့် ရေငုပ်သင်္ဘော E 11 သည် ၁၉၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် မာမာရာ ပင်လယ်သို့ ပထမဆုံး ခရီးအဖြစ် ထွက်ခွာသွားတော့သည်။

E 11 သည် အခိုင်အခန့် တည်ဆောက်ထားသော ရေငုပ်သင်္ဘောကြီး တစ်စီးဖြစ်ပြီး တော်ပီဒို ပြွန်ပေါက် ငါးခုမှနေ၍ ပစ်လွှတ်ရန် တော်ပီဒို ၁၀ လုံးပါရှိသည်။ ၎င်းသည် ခရီးရှည်ကြီးတစ်ခုကို သွားရမည် ဖြစ်သဖြင့် အပို ပစ္စည်းများ အမြောက်အမြား တင်ဆောင်သွားရသည်။ သို့ဖြင့် သင်္ဘောထဲတွင် ပစ္စည်းတွေ ပြည့်ကျပ်ပြီး ပြွတ်သိပ်လျက် ရှိတော့သည်။ ၎င်း၏ အရာရှိ သုံးဦးနှင့် သင်္ဘောသား ၂၈ ဦးတို့သည် ကြိုးပုခက်များနှင့် အကျအန အိပ်ရခြင်း မရှိဘဲ တွေ့ရာ ချောင်ကြား တစ်ခုခုတွင် ဖြစ်သလို အိပ်ကြရသည်။

မိုင်းခင်းများကို ဖြတ်သန်းကြရာတွင် E 11 ၏ ကိုယ်ထည်ကြီးက မိုင်းကြိုးများကို တကျိကျိ ပွတ်တိုက်သွားသံများ ကြားရသဖြင့် အသည်း

http://www.cherrythitsar.org

www.foreverspace.com.mm



တထိတ်ထိတ် ရင်တလှပ်လှပ် ဖြစ်ကြရသည်။ တစ်ကြိမ်တွင်လည်း နေစမစ်သည် ပတ်ဝန်းကျင်ကို ကြည့်ရှုရန် ရေပေါ်ကြည့် မှန်ပြောင်းကို အတင်လိုက်တွင် ရန်သူ မီးမောင်းကြီး တစ်ခုနှင့် မိပြီး ရန်သူဖျက် သင်္ဘောတစ်စီး၏ တိုက်ခိုက် နှစ်မြှုပ်မှုရန်မှ သီသီကလေး လွတ်မြောက်ရသည်။

သို့သော် E 11 သည် ရန်သူများ မမြင်တွေ့အောင် ရေအောက်တွင် ကိုယ်ယောင်ဖျောက်ကာ မေလ ၂၀ ရက်နေ့ နေ့ခင်း တစ်နာရီ ၃၀ မိနစ် အချိန်တွင် မာမာရာ ပင်လယ်အတွင်းသို့ ဝင်ရောက်သွားနိုင်ခဲ့သည်။

ထိုအချိန်တွင် ရေငုပ်သင်္ဘောအတွင်း အောက်စီဂျင်ဓာတ် အင်မတန် နည်းပါးပြီး ယမ်းမီးခြစ်များပင် ခြစ်၍ မီးမတောက်ဘဲ ရှိနေသည်။ ရေငုပ်သင်္ဘော အတွင်းမှ သင်္ဘောသားများသည် အနေအထိုင်ကျဉ်းကျပ်ပြီး အသက်ရှူ မွန်းကျပ်လျက် ရှိကြသဖြင့် ညအချိန်သို့ ရောက်ရှိသောအခါ စွန့်စားပြီး ရေပြင်ပေါ်သို့ တက်ရောက်ကြရသည်။ ထိုအခါတွင် လေကောင်း လေသန့်ကို ရှူရသည့် အရသာသည် ကောင်းမွန်လှပြီး ပတ်ပတ်လည် ဝိုင်းနေသော ရန်သူများ၏ အန္တရာယ်ကိုပင် သတိမပြုမိနိုင်အောင် ရှိတော့သည်။

နောက်တစ်နေ့တွင် E 11 သည် မာမာရာ ပင်လယ်အတွင်း လှည့်လည်ကာ ဂယ်လီပိုလီ ရှေ့တန်းသို့ စစ်ကူနှင့် ရိက္ခာများ ပို့ရန် သွားသော ရန်သူသင်္ဘောများကို ရှာဖွေကြသည်။ သို့ရာတွင် အံ့သြစရာကောင်းသည်ကတော့ ရန်သူသင်္ဘောတစ်စီးမျှ မတွေ့ရပါ။ ပင်လယ်ပြင်ကြီး တစ်ခုလုံး ရှင်းနေသည်။

မာမာရာ ပင်လယ်အတွင်းတွင် နောက်ထပ် ရန်သူ ရေငုပ်သင်္ဘောတစ်စီး ရောက်ရှိနေကြောင်း ရန်သူများ သိရှိသွားကြဟန်တူသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



တူရကီများသည် အထူးပင် ထိတ်လန့် တုန်လှုပ်ပြီး အသွားအလာ ဆင်ခြင် နေကြဟန်ရှိသည်။

သို့သော် ၂၂ ရက်နေ့ နံနက်ခင်းတွင်ကား E 11 သည် ကံကောင်း ထောက်မပြီး ရန်သူစစ်ကူ သင်္ဘောတစ်စီးကို ၎င်းတို့ရှေ့တွင် တွေ့မြင်ကြရ သည်။ သို့သော် သူတို့သည် ရန်သူစစ်ကူ သင်္ဘောနောက်သို့ လိုက်စဉ်မှာ ပင် ရန်သူတိုက် သင်္ဘောတစ်စီးနှင့် တွေ့ရှိသည်။ ထိုတိုက်သင်္ဘောကို ၎င်း တို့၏ ပထမဆုံး တော်ပီဒိုပုံးဖြင့် ပစ်ခတ် နှစ်မြှုပ်လိုက်သည်။ သို့သော် ရန်သူတိုက်သင်္ဘောသည် နစ်မြုပ်နေစဉ် အတွင်းမှာပင် ၎င်းတို့ကို ခြောက် ပေါင်ဒါ အမြောက်ဖြင့် တစ်ချက် ပြန်လည် ပစ်ခတ်ရာ ရေပေါ်ကြည့် မှန်ပြောင်း အထက်ပိုင်းကို တည့်တည့်ကြီး ထိမှန်သွားသည်။ အံ့သြစရာ ကောင်းသော ပစ်ခတ်မှုပင် ဖြစ်သည်။

ရေပေါ်ကြည့် မှန်ပြောင်း အထက်ပိုင်းကို ဖြတ်ပစ်ကာ အပေါက် ကို ပိတ်ဆို့ပြီးနောက် ၎င်းတို့၏ ခရီးကို ဆက်ကြပြန်သည်။ သူတို့၏ ဒုတိယ အောင်ပွဲမှာ ကုန်တင် သင်္ဘောကြီး နာဂါရာကို နှစ်မြှုပ်နိုင်ခြင်းပင် ဖြစ်သည်။ သူတို့သည် နာဂါရာကို မနှစ်မြှုပ်မီတွင် အသက်ကယ်လှေများဖြင့် နာဂါရာ ရှိရာသို့ ကူးသွားကြပြီး ရန်သူ သင်္ဘောသားများကို စီးနင်းကာ ရိက္ခာပစ္စည်း များ ရယူကြသည်။ သူတို့သည် ရိက္ခာပြတ်လပ်ပြီး အမဲခြောက်နှင့် ဘီစကစ် မုန့်များကိုသာ စားနေကြရာမှ ထောပတ်နှင့် ကြက်ဥများကို ရရှိကြသော အခါ မဟာ အပြောင်းအလဲကြီးပင် ဖြစ်တော့သည်။ ထိုမျှ မကသေးပါ။ ညစာ စားပြီးသောအခါ နေစမစ်သည် သင်္ဘောသားများကို အလှည့်နှင့် ပူနွေးသော ပင်လယ်ရေကို ချိုးစေသည်။ ကျဉ်းကျပ်နေသော ရေငုပ် သင်္ဘောအတွင်း ရက်ပေါင်းများစွာ နေခဲ့ပြီးနောက် ယခုကဲ့သို့ ရေချိုးရခြင်း

ရတနာပုံစာအုပ်တိုက်

www.foreverspace.com.mm
http://www.cherrythitsar.org


မှာလည်း ကြီးမားသော အရသာတစ်ခုပင် ဖြစ်ချေသည်။

မာမာရာ ပင်လယ်အတွင်းတွင် ရန်သူသင်္ဘောများကို ရှာဖွေ၍ မတွေ့ရှိသောအခါ နေစမစ်သည် ကွန်စတင်တီနိုပယ် ဆိပ်ကမ်းကို ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်တော့သည်။ မာမာရာ ပင်လယ်ထဲတွင် ရန်သူ ရေငုပ်သင်္ဘောများ မွှေနှောက်နေသဖြင့် မထွက်ရဲဘဲ ကွန်စတင်တီနိုပယ် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောတွေ အမြောက်အမြား ရှိနေသည်ကို နေစမစ် ကောင်းစွာ သိရှိနေသည်။ ကွန်စတင်တီနိုပယ် ဆိပ်ကမ်းတစ်ဝိုက်တွင် အားကောင်းသော ရေစီးကြောင်းများရှိနေသဖြင့် အန္တရာယ်ကြီးမားလှသော်လည်း နေစမစ်သည် စွန့်စားတိုက်ခိုက်လိုစိတ်ကို မချိုးနှိမ်နိုင်ဘဲ ရှိနေသည်။

ရေစီးကြောင်းများ ရှိနေသည့်တိုင်အောင်ပင် ရေငုပ်သင်္ဘော E 11 သည် မေလ ၂၅ ရက်နေ့တွင် ကွန်စတင်တီနိုပယ် ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်သွားနိုင်သည်။ ၎င်း၏ နောက်ဘက်မှ ပင်လယ်ပြင်ကြီးသည် သင်္ဘောများ တစ်စီးမျှမရှိဘဲ ရှိနေသော်လည်း ရှေ့ဘက်ရှိ ကွန်စတင်တီနိုပယ် ဆိပ်ကမ်းတစ်လျှောက်တွင်ကား သင်္ဘောမျိုးစုံ ပြည့်ကျပ်စွာ ဆိုက်ကပ်ထားသည်ကို နေစမစ်သည် ရေပေါ်ကြည့်မှန်ပြောင်းမှ နေ၍ မြင်တွေ့ရသည်။ ပြဿနာကတော့ မည်သည့် သင်္ဘောကို အလျင် ပစ်ခတ်ရမည်နည်းဟု ရွေးချယ်ရန်ပင် ဖြစ်သည်။ နောက်ဆုံးတွင် သူသည် အခြား သင်္ဘောကြီးတစ်စီး အနီးတွင် ကပ်ပြီး ဆိုက်ထားသော စစ်ကူတပ်များကို သယ်ဆောင်သည့် သင်္ဘောကြီးကို နှစ်မြုပ်ရန် ဆုံးဖြတ်လိုက်သည်။ ကံကောင်းခဲ့လျှင် တော်ပီဒိုပုံး တစ်လုံးတည်းနှင့် နှစ်စီးစလုံး နစ်မြုပ်နိုင်သည်။

နေစမစ်သည် သေသေချာချာ ချိန်ရွယ်ပြီးနောက် ပထမ တော်ပီဒို

www.foreverspace.com.mm

ဖုံးကို လွှတ်လိုက်သည်။ ဖုံးသည် သင်္ဘောမှ ထွက်သွားကတည်းကပင် လမ်းကြောင်း လွဲသွားသည်။ ဖုံးသည် လေထဲသို့ ခုန်ထွက်ပြီးနောက် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ နေစမစ်သည် အချိန်ကို တစ်မိနစ်မျှ မဖြုန်းရဲသဖြင့် နောက်ထပ် တော်ပီဒို တစ်လုံးကို ပစ်လွှတ်လိုက်သည်။ ဤတစ်ကြိမ်တွင်မူ ဖုံးသည် ပစ်မှတ်ဆီသို့ တည့်တည့်ကြီး ပြေးသွားနေသည်။ သို့သော် နေစမစ်သည် သူ၏ လက်ချက်ဖြင့် ရန်သူ သင်္ဘောကြီး ပေါက်ကွဲသွားသည်ကို မကြည့်ရှုနိုင်ပါ။ အကြောင်းမှာ ပထမ ပစ်လွှတ်လိုက်သော တော်ပီဒိုဖုံးသည် ဆိပ်ကမ်းအတွင်း တစ်ပတ်ပတ်ပြီးနောက် E 11 ထံသို့ တန်းတန်းမတ်မတ်ကြီး ပြန်လာနေသောကြောင့် ဖြစ်သည်။

သို့ဖြင့် ၎င်းတို့၏ ရေငုပ်သင်္ဘောကို ကမန်းကတန်းပင် ရေအောက်သို့ ငုပ်စေရသည်။ လွတ်ရုံကလေးပင် ဖြစ်သည်။ သဝေထိုးနေသော တော်ပီဒိုဖုံးသည် E 11 ပေါ်မှ ရှပ်ပြီး ဖြတ်ကျော်သွားကာ ဆိပ်ခံတံတား တစ်ခုကို ထိမှန် ပေါက်ကွဲသွားသည်။

ယင်းသို့ဖြင့် E 11 သည် ရန်သူသင်္ဘောတစ်စီးကိုသာ နှစ်မြှုပ်နိုင်ပြီးနောက် ကမန်းကတန်း ထွက်ပြေးရတော့သည်။ သို့သော် အားကောင်းသော ရေစီးကြောင်းများက သင်္ဘောကို ဆွဲထားကြသည်။ E 11 သည် ဝဲကတော့ တစ်ခုထဲတွင် ရောက်နေသကဲ့သို့ ရှိတော့သည်။ ဂျင်တစ်လုံးလို ချာချာလည်နေသည်။ နောက်ဆုံးတွင်မူ E 11 သည် ရေစီးကြောင်းများအတွင်းမှ ရုန်းထွက်ပြီး မာမာရာ ပင်လယ်အတွင်းသို့ ပြန်လည် ရောက်ရှိသွားသည်။ သည်တော့မှ သင်္ဘောသားများအားလုံး သက်ပြင်း ပြိုင်တူချနိုင်ကြတော့သည်။

သူတို့၏ နောက်ဘက်ရှိ ကွန်စတင်တီနိုပယ်မြို့တွင်ကား ဝရုန်း

http://www.cherrythitsar.org

www.foreverspace.com.mm



သုန်းကား ဖြစ်လျက်ရှိတော့သည်။ မဟာမိတ်တပ်များ ဝင်ရောက်လာပြီဟု ယူဆပြီး တူရကီ အများအပြား မြို့မှ ထွက်ပြေးကြသည်။ ဆိုင်တွေ အားလုံး ပိတ်ကုန်ကြသည်။ စစ်ကူသွားရန် သင်္ဘော စောင့်နေသော တပ်များကို လည်း သက်ဆိုင်ရာ တပ်စခန်းများသို့ ပြန်ပို့လိုက်ကြသည်။ ထိုနေ့က ကွန်စတင်တီနိုပယ်မြို့မှ သင်္ဘောတစ်စီးမျှ မထွက်ခွာတော့ပါ။

နေစမစ်သည် ၎င်း၏ သင်္ဘောသားများအား တာဝန်ကျေပွန်မှု ကို ဂုဏ်ပြုသည့်အနေဖြင့် နောက်တစ်နေ့ကို အားလပ်ရက်အဖြစ် သတ်မှတ် လိုက်သည်။ ၎င်းတို့ကို အိပ်ချိန် များများပေးပြီး မာမာရာ ပင်လယ်ထဲတွင် ပျော်ရွှင်စွာ ရေချိုးကြစေသည်။ တချိန်တည်းမှာပင် သူသည် တော်ပီဒိုဖုံး များကို စနစ်တကျ စစ်ဆေးပြီး လိုအပ်သော ပြုပြင်မှု ပြုလိုက်သည်။ တော်ပီဒို ဖုံး တစ်လုံး နောက်တစ်ကြိမ် သဝေထိုးလာမည်ကို သူ ခွင့်မပြုနိုင်ပါ။

သင်္ဘောသားများ အားလုံး တစ်နေ့တာ အနားယူကြပြီးနောက် E 11 သည် နောက်တစ်နေ့တွင် မာမာရာ ပင်လယ်အတွင်း၌ လှည့်လည် ကျက်စားမှုကို ပြန်လည် ပြုလုပ်သည်။ ၂ ရက်နေ့တွင် E 11 သည် ရန်သူ၏ တိုက်ခိုက်ခြင်းကို နှစ်ကြိမ်မျှ ခံရသည်။ တစ်ကြိမ်တွင် ဖျက်သင်္ဘော တစ်စီးက ၎င်းအား ဖြတ်ကြိတ်ရန် ကြိုးပမ်းခဲ့သည်။ နောက်တစ်ကြိမ်တွင်ကား ရွက် သင်္ဘောကလေး တစ်စီးက လျှပ်တစ်ပြက်ဆိုသလို ဖုံးအုပ်ထားသော ကုန်း ပတ်ပေါ်မှ အမြောက်ကို ဖွင့်ပြီး ပစ်ခတ်ခြင်း ဖြစ်သည်။

နောက်တစ်နေ့တွင်ကား သူတို့အဖွဲ့ မဆိုးဟု ဆိုရမည်။ ရိက္ခာ တင် သင်္ဘောတစ်စီးကို ရှာဖွေတွေ့ရှိပြီး ဖောက်ခွဲ နှစ်မြှုပ်နိုင်ခဲ့သည်။ ထို့နောက် တဖန် သယ်ယူပို့ဆောင်ရေး သင်္ဘောတစ်စီးကို တွေ့ရှိပြန်ပြီး နေစမစ်သည် လက်ယာဘက် အလယ်ပိုင်းမှ တော်ပီဒိုကို ပစ်လွှတ်လိုက်

http://www.cherrythitsar.org

www.foreverspace.com.mm



သည်။ သို့သော် ဤတော်ပီဒိုမှာလည်း ပြဿနာ ဖြစ်တော့သည်။ ၎င်းက ရန်သူ သင်္ဘောကို တည့်တည့်ကြီး ထိမှန်သည်။ သို့သော် ပေါက်ကွဲခြင်း မရှိပါ။

ယင်း တော်ပီဒိုကို နှစ်မိုင်ကွာလောက်ရှိ ပင်လယ်ပြင်ပေါ်တွင် အေးအေးလူလူ မျောလျက်ရှိသည်ကို နောက်ပိုင်းတွင် သူတို့ တွေ့ရှိကြရသည်။ နေစမစ်သည် ဘေးအန္တရာယ်ကို တွေးမနေတော့ဘဲ အဝတ်အစားများကို ချွတ်ပြီး စပန်နာ ခွကလေးတစ်ခုကို ကိုင်ကာ ပင်လယ်ထဲသို့ ခုန်ချလိုက်သည်။ ထို့နောက် သူသည် အထူးပင် သတိထားပြီး တော်ပီဒိုထိပ်မှ စနက်တံကို ဖြုတ်ယူကာ သင်္ဘောပေါ်သို့ ပြန်တက်ခဲ့သည်။ သင်္ဘောသားများသည် ၁၇-ပေ ရှည်လျားသော ကျည်ဆန်ကြီးကို ကြိုးတွေနှင့်သိုင်းကာ သင်္ဘောပေါ်သို့ ဆွဲတင်ပြီး ရှေ့ဘက် ကုန်းပတ်ပေါက်မှနေ၍ သင်္ဘောတွင်းသို့ ပြန်သွင်းလိုက်ကြသည်။ တော်ပီဒိုများသည် ရှားပါးကုန်ဖြစ်ပြီး အစားထိုးရန် မလွယ်ကူသဖြင့် နေစမစ်သည် ယင်း တော်ပီဒိုကို နောက်တစ်ကြိမ် ပြန်လည် အသုံးပြုရန် ဖြစ်သည်။

E 11 သည် နောက်တစ်ပတ် လုံးလုံး မာမာရာ ပင်လယ်အတွင်း လှည့်လည်ရှာဖွေသော်လည်း ရန်သူသင်္ဘော ထိုက်ထိုက်တန်တန် တစ်စီးတလေမျှ မတွေ့ရပါ။ တူရကီများသည် ၎င်းတို့၏ အရေးပါသော သင်္ဘောများကို မစွန့်စားရဲကြပါ။ နေစမစ်သည် ကျန်ရှိနေသော တော်ပီဒိုများကို အသုံးပြုရန် အကြောင်းမရှိသောအခါ တပ်စခန်းသို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ စခန်းသို့ရောက်လျှင် လျော့နေသော တော်ပီဒိုများကို ဖြည့်တင်းရုံသာမက ကုန်းပတ်ပေါ်တွင် အမြောက်တစ်လက် တင်ထားနိုင်ခဲ့လျှင် ပိုပြီး ထိရောက်မည်ဟု နေစမစ် ယူဆထားသည်။ အကယ်၍ သူတို့တစ်တွေ

http://www.cherrythitsar.org

www.foreverspace.com.mm



စခန်းသို့ ပြန်ရောက်ခဲ့လျှင် ဖြစ်သည်။ အကြောင်းမှာ ဒါဒင်နယ်ရေလက်ကြားကို ဖြတ်သန်းပြီး ပြန်ရမည့် ခရီးမှာ မရဏနိုင်ငံကို ဖြတ်ရမည့်အလားပင် ဖြစ်သည်။

ဖွန်လ ၇ ရက်နေ့ နံနက် နေထွက် တပြူအချိန်တွင် E 11 သည် ဒါဒင်နယ် ရေလက်ကြားကို ဖြတ်သန်းရန် ရေအောက်သို့ ငုပ်ဝင်သည်။ အပြန်ခရီးတွင် ရန်သူ စစ်သင်္ဘောကြီး တစ်စီးကို တွေ့ရှိခဲ့လျှင် တိုက်ခိုက်ရန် အတွက် တော်ပီဒို ဗုံးတစ်လုံးကို နေစမစ် ချန်ထားခဲ့သည်။ သူတို့သည် တိုက်ကင်း လှည့်လည်စဉ်တွင် တူရကီ စစ်သင်္ဘောကြီး ဗာဗာရိုဆာကို အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ကြရသည်။ ယင်း ဗာဗာရိုဆာသည် ဒါဒင်နယ် ရေလက်ကြားအတွင်း ကင်းလှည့်နေခဲ့လျှင် သူတို့အတွက် ပစ်မှတ်ကောင်း တစ်ခုပင်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် ဗာဗာရိုဆာကို မတွေ့ရှိခဲ့သဖြင့် နေစမစ်သည် သယ်ယူပို့ဆောင်ရေး သင်္ဘောအလွတ် တစ်စီးကို နောက်ဆုံး အဖြစ် နှစ်မြှုပ်လိုက်ရသည်။ ယင်းအတွက် ၎င်းတို့၏ အောင်ပွဲစုစုပေါင်း သည် သင်္ဘော ခုနှစ်စီးနှင့် တိုက်သင်္ဘော တစ်စီးဖြစ်တော့သည်။

ဒုတိယ မိုင်းနယ်မြေကို ဖြတ်သန်းစဉ်အတွင်း E 11 သည် ရုတ် ခြည်းဆိုသလို ရေအောက်တွင် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင် ရှိနေသည်။ မမြင်ရသော လက်ကြီးတစ်ခုက ဆုပ်ကိုင်ထားသည့်အလားပင် ဖြစ်သည်။

နေစမစ် မတွေးတတ်အောင် ဖြစ်သွားသည်။ ရေစီးကြောင်းကပင် ၎င်းတို့အား လှည့်စားထားချေသလော၊ သို့မဟုတ် E 11 သည် အန္တရာယ်ဆိုး ကြီး တစ်ခုနှင့် ကြုံတွေ့နေရပြီလော။ ရေငုပ်သင်္ဘောကို ရေမျက်နှာပြင် အောက် ပေ ၂၀လောက် ရောက်သည်အထိ မြင့်တက်စေရန် ချက်ချင်းပင် သူ အမိန့်ပေးလိုက်ရသည်။ ထို့နောက် သူသည် ရေပေါ်ကြည့် မှန်ပြောင်းကို မြှင့်တင်ပြီး E 11 ၏ ထူးဆန်းသော အခြေအနေကို သိရှိနိုင်ရန် စူးစမ်း

www.foreverspace.com.mm

http://www.cherrythitsar.org



သောအခါ E 11 ၏ ကုန်းပတ်ပေါ်တွင် ရောမ အလုံးကြီးတစ်လုံး အခန့်သား ရှိနေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရတော့သည်။

ဘုရားသခင်။ ။ ရေမြုပ်ဗုံး တစ်လုံးပါလား။

ရေမြုပ်ဗုံး၏ ကြိုးသည် ရေငုပ်သင်္ဘောနှင့် ရေမြုပ်ဗုံးကို ထူးဆန်းစွာ ငြိတွယ်စေလျက်ရှိသည်။

ရေမျက်နှာပြင်ပေါ်တွင် ရန်သူအမြောက်ကြီးတွေ အများအပြား ရှိနေသည့်အတွက် နေစမစ်သည် ရေမြုပ်ဗုံးကို ရေငုပ်သင်္ဘောမှ လွတ်သွားအောင် ဖြုတ်ပစ်ရန် မရဲဘဲ ရှိနေသည်။ ယင်းအတွက် သူသည် ယင်း ရေမြုပ်ဗုံးကို ယခုအတိုင်း ငြိတွယ်လျက်နှင့်ပင် သယ်ဆောင်သွားရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ ဤအကြောင်းကို သင်္ဘောသားများကို မပြောရန် နေစမစ် ဆုံးဖြတ်လိုက်သည်။ ကြောက်မက်ဖွယ်ရာ ခရီးသည်တစ်ဦးကို တင်ဆောင်သွားသည့်အတွက် E 11 သည် လမ်းခရီး တစ်လျှောက်တွင် အန္တရာယ်များလှသည် မှန်သော်လည်း ဤအကြောင်းကို သင်္ဘောသားများကို ပြောပြသည့်အတွက် ဘာအကျိုးထူးမျှ မရရှိနိုင်ပါ။

နေစမစ်သည် ကိုယ်ပေါ်တွင် လက်ချောင်းများဖြင့် လက်ဝါးကပ်တိုင် သင်္ကေတာန်ပြုလိုက်ပြီးနောက် ရေငုပ်သင်္ဘောကို ရေအောက်သို့ ပြန်ငုပ်ရန် အမိန့်ပေးလိုက်ရသည်။ ထို့နောက် သူသည် ရေငုပ်သင်္ဘောကိုယ်ထည် အပေါ်ဘက်ရှိ မျှော်စင်အတွင်းသို့ သွားရောက်ကာ မှန်ပြူတင်းပေါက်တစ်ခုမှနေ၍ ရေအောက်သို့ မြုပ်ပါလာသော ရေမြုပ်ဗုံးကို ကြည့်ရှုနေမိသည်။ ရေငုပ်သင်္ဘောကို တည့်တည့်နှင့် မှန်မှန်သွားစေရန်မှတစ်ပါး အခြား သူဘာမှ မတတ်နိုင်ပါ။

အဆိုးရွားဆုံးအချိန်ကား တတိယမိုင်းနယ်မြေသို့ ရောက်ရှိပြီး ပို၍

www.foreverspace.com.mm

နက်ရှိုင်းစွာ ငုပ်ရသောအခါတွင်ဖြစ်သည်။ သို့သော် မိုင်းများအောက်သို့ ငုပ်ဝင်ခြင်းသည် ချောချောမောမောပင် ဖြစ်သည်။ မိုင်းကြိုးများက E 11 ကိုယ်ထည်ကို အနည်းငယ် ပွတ်တိုက်ကြသည်မှတစ်ပါး အခြားဘာမှ မဖြစ်ပါချေ။ သို့သော် နေစမစ်မှာကား ရင်တထိတ်ထိတ်ရှိနေသည်။ E 11 ပေါ်တွင် ပါရှိသော ရေမြှုပ်ဗုံးသည် အခြား ရေမြှုပ်ဗုံးတစ်လုံးနှင့် တိုက်မိပြီး နှစ်ထပ်ကွမ်း ပေါက်ကွဲမည့် အရေးကိုပင်ဖြစ်တော့သည်။

နေစမစ်၏ စိတ်ထဲတွင် တစ်ကမ္ဘာလောက်ဟု ထင်ရသော အချိန်တွင်မှ ၎င်း၏ အရာရှိတစ်ဦး ရောက်လာပြီး ၎င်းတို့ သင်္ဘောသည် မိုင်းနယ်မြေကို ဖြတ်သန်း လွန်မြောက်လာပြီဖြစ်ကြောင်း သတင်းပေးပို့လေသည်။ ဤကား ၎င်းတို့အဖို့ ဝမ်းမြောက်ဖွယ်ရာ သတင်းပင်ဖြစ်သည်။ သင်္ဘောသားများအနေဖြင့် ၎င်းတို့သည် ဘေးအန္တရာယ်အတွင်းမှ လွန်မြောက်လာပြီး စခန်းသို့ ပြန်ရောက်တော့မည်ဟုသည့် သဘောပင်ဖြစ်သည်။ သို့သော် နေစမစ်အနေနှင့်မူ သင်္ဘောကို ရေပေါ်သို့တက်ရန် အမိန့်ပေးရမှာ ထိတ်လန့်လျက် ရှိနေသည်။ ရေမျက်နှာပြင်ပေါ်သို့ အတက်တွင် ရေမြှုပ်ဗုံးသည် မျှော်စင်အနီးသို့ ရွှေ့လျားလာနိုင်သောကြောင့် ဖြစ်သည်။

ရေငုပ်သင်္ဘောဦးသည် အပေါ်သို့ထောင်ပြီး တဖြည်းဖြည်းချင်း တက်သွားလျက် ရှိနေသည်။ ရေမြှုပ်ဗုံးကြီးမှာလည်း အံ့သြဖွယ်ရာပင် သူတို့၏ ရှေ့မှောက်တွင် ခုန်ဆွခုန်ဆွနှင့် ရှိနေသည်။ ယခုအခါတွင် အဆိုပါ ဗုံးကြီးကို သင်္ဘောသားတစ်ချို့က တွေ့မြင်သွားကြပြီဖြစ်သည်။

သူတို့သည် ယခုအခါ ဘေးအန္တရာယ် ကင်းရှင်းသော မိမိတို့ ပိုင်နက်မြေ၏ ရေပြင်အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ၎င်းတို့ထံသို့လာနေသော ဖျက်သင်္ဘောတစ်စီး၏ ပန်ကာသံကိုပင် ကြားနေကြရသည်။ ယင်း

http://www.cherrythitsar.org

www.foreverspace.com.mm



ဖျက်သင်္ဘောက ၎င်းတို့ကို နင်းဖြတ်သွားမည်ဆိုလျှင် ၎င်းတို့၏ အလံကို လွှင့်တင်နိုင်စေရန် အသင့်ရှိစေသည်။

ယခုအခါ E 11 သည် မလိုအပ်သော ချေ့သည်ကို ဖယ်ထုတ်ရမည့်အချိန်ပင် ဖြစ်တော့သည်။ နေစမစ်က ရေငုပ်သင်္ဘောကို နောက်ပြန် မြန်မြန်ကြီး ခုတ်မောင်းရန် အမိန့်ပေးလိုက်သည်။ ထိုအခါတွင် ရေထုကြီးက ဆန့်ကျင်ဘက်သို့ တွန်းကန်ခြင်းပြုသဖြင့် ရေမြှုပ်ပုံးကြီးသည် ရေငုပ်သင်္ဘောနှင့် လွတ်ထွက်သွားပြီး ရေမြှုပ်ပုံးသည် ၎င်း၏အလေးချိန်ဖြင့်ပင် ရေအောက်ကြမ်းပြင်သို့ ဘေးအန္တရာယ် ကင်းရှင်းစွာ ကျရောက်သွားလေတော့သည်။

သေမင်းတမန် ကုန်ပစ္စည်းကို နောက်ဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ကြပြီးသောအခါတွင်ကား E 11 ကို ရေမျက်နှာပြင်သို့ ဖော်ပြီး ၎င်း၏ အလံကို လွှင့်တင်လိုက်တော့သည်။ ထိုအခါ ဖျက်သင်္ဘောပေါ်မှ သင်္ဘောသားများက ၎င်းတို့ကို တစ်ခဲနက် ဂုဏ်ပြု ကြိုဆိုကြသည်။ ဖျက်သင်္ဘောသည် ၎င်းတို့ကို ရှာဖွေရန် စေလွှတ်လိုက်ခြင်းပင်ဖြစ်သည်။ E 11 ၏ ရက် ၂၀ တိုက်ပွဲ ခရီးအကြောင်းကို ကြားသိရသောအခါ နေစမစ်နှင့် သင်္ဘောသားများကို သူရဲကောင်းများအဖြစ် မှတ်ယူကြတော့သည်။ များမကြာမီမှာပင် နေစမစ်သည် ၎င်း၏ သူရသတ္တိအတွက် ဝိတိုရိယဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည်။

မော်လတာ ရေတပ်စခန်းတွင် ရေငုပ်သင်္ဘော E 11 အထွေထွေ မွမ်းမံပြင်ဆင်ခြင်း ပြုလုပ်ပြီး ၁၂ ပေါင်ဒါ အမြောက်တစ်လက်ကို တပ်ဆင်နေစဉ်တွင် ပူပန်သောကဖြစ်နေသော တူရကီများသည်လည်း အလားတူပင် အလုပ်ရှုပ်လျက် ရှိကြသည်။ ရေငုပ်သင်္ဘောများ၏ ခြိမ်းခြောက်မှု အန္တရာယ်ကင်းဝေးစေရန် ဒါဒင်နယ် ရေလက်ကြားရှိ အကျဉ်းမြောင်းဆုံးနေရာများ

http://www.cherrythitsar.org



တွင် ပင့်ကူအိမ်ကြီးများသဖွယ် ရောမ သံမဏိပိုက်ကြီးများ တပ်ဆင်ထားကြသည်။ သူတို့၏ ပြင်ဆင်မှုကို အထူးပင် ကျေနပ်အားရလျက်ရှိကြပြီး ယင်ကောင်များ တိုးဝင်လာမည်ကို စောင့်ဆိုင်းနေကြသည်။

ယင်း သံမဏိပိုက်ကြီးများနှင့် ပထမဆုံး ရင်ဆိုင်ကြရသည့် ရေငုပ်သင်္ဘောများမှာ E 12 နှင့် E 7 တို့ ဖြစ်သည်။ ရေငုပ်သင်္ဘော နှစ်စီးစလုံးကို သံမဏိ ပင့်ကူအိမ်ကြီးများက များစွာမှပင် ဒုက္ခပေးခဲ့ကြသော်လည်း ၎င်းတို့အနေနှင့် မကျော်လွှားနိုင်သော အခက်အခဲ တစ်ခုကား မဟုတ်ပါချေ။ မဟာမိတ် ရေငုပ်သင်္ဘောများသည် သံမဏိပိုက်ကြီးများကို အရှိန်အဟုန်ပြင်းစွာဖြင့် အကြိမ်ကြိမ် ဝင်ရောက်ပြီး တိုးဆောင့်ကြသည်။ ယင်းကဲ့သို့ တိုက်ဆောင့်ခြင်းအားဖြင့် နှစ်လက်မခွဲလုံးပတ်ရှိသော သံမဏိကြိုးကြီးများ ပြတ်တောက်ကုန်ကြပြီး နောက်ဆုံးတွင် ရေငုပ်သင်္ဘောတစ်စီး ဝင်သာသော အပေါက်ကြီးတစ်ခု ဖြစ်သွားသည်။

E 7 သည် မာမာရာ ပင်လယ်အတွင်း ၂၄ ရက်တိုင်တိုင် လှည့်လည် တိုက်ခိုက်ပြီးနောက် စခန်းသို့ ပြန်လည် ရောက်ရှိသောအခါ နေစမစ်ကို မာမာရာ ပင်လယ်သို့ ဒုတိယအကြိမ် စေလွှတ်ခြင်း ခံရသည်။

တူရကီများသည် လက်နက် ရိက္ခာများကို သင်္ဘောကလေးများ ဖြင့် အဆက်မပြတ် ဆတက်ထမ်းပိုး ပို့လျက်ရှိသဖြင့် မာမာရာ ပင်လယ်အတွင်းတွင် တစ်ချိန်လျှင် အနည်းဆုံး ရေငုပ်သင်္ဘော နှစ်စီးမျှ လှည့်လည် တိုက်ခိုက်နေဖို့ လိုအပ်ပေသည်။

E 11 ၏ ဒါဒင်နယ် ရေလက်ကြားအတွင်း ဒုတိယအကြိမ် ဖြတ်သန်းခြင်းသည် ပထမအကြိမ် ဖြတ်သန်းစဉ်ကထက် အများကြီး ပိုပြီး ဘေးအန္တရာယ် ထူပြောလှတော့သည်။ ရေမြှုပ်ပုံးများကို ပို၍နက်သောနေရာများ



www.foreverspace.com.mm

http://www.cherrythitsar.org

www.foreverspace.com.mm



တွင် ထောင်ထားကြသည်။ ရေငုပ်သင်္ဘော ကိုယ်ထည်ကို မိုင်းများက ဝင်တိုက်သည့် အသံကို သင်္ဘောသားများ နှစ်ကြိမ်၊ သုံးကြိမ်မျှ ကြားကြရသည်။ သို့သော် အံ့ဩစရာ ကောင်းသည်ကတော့ ပေါက်ကွဲသံများကို မကြားကြရပါ။

နေစမစ်သည် သံမဏိ ပိုက်ကွန်ကြီးအောက်မှ ငုပ်သွားရန် ကြိုးစားကြည့်သည်။ သို့သော် ရေအောက်သို့ ပေ ၁၁၀ လောက်ငုပ်သည့်တိုင်အောင်ပင် ရေငုပ်သင်္ဘောသည် သံမဏိပိုက်ကွန်နှင့် မလွတ်သေးချေ။ သံမဏိကြိုးကြီးများကို တိုက်မိပြီး ရုတ်ခြည်းဆိုသလို တန့်ရပ်သွားသည်။ ထိုအခါ ယခင်သင်္ဘောနှစ်စီး အသုံးပြုခဲ့သည့် နည်းအတိုင်းပင် ပိုက်ကွန်ကို အတင်းဆောင့်ပြီး ဝင်ကြရသည်။

ပိုက်ကွန်၏ အတွင်းဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် နေစမစ်သည် ရေပေါ်ကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုရှာဖွေပြီးနောက် ကျောက်ချထားသော သယ်ယူပို့ဆောင်ရေး သင်္ဘော အလွတ်တစ်စီးကို တော်ပီဒိုဖြင့် ပစ်ခတ် နှစ်မြှုပ်လိုက်သည်။

နောက်တစ်နေ့ ညနေဘက်တွင် E 11 သည် E 14 နှင့် မာမာရာပင်လယ်ပြင်ကြီး၏ အလယ်ပိုင်းလောက်တွင် တွေ့ရှိသည်။ ရန်သူနယ်မြေ၏ အတွင်းပိုင်းတွင်ဖြစ်သည်။ ထူးဆန်းသော လက်နက်ဆန်း နှစ်ခု၏ မျှော်စင် အတွင်း ကက်ပတိန် နှစ်ယောက် မတ်တပ်ရပ်ကာ လှိုင်းလုံးကြီးများကို ဖြတ်ပြီး တစ်ယောက်ကို တစ်ယောက် အော်ဟစ်ကာ စကားပြောနေကြပုံမှာ ထူးခြားသော မြင်ကွင်းတစ်ခုပင် ဖြစ်တော့သည်။

နောက် နှစ်ရက်မျှ အကြာတွင်ကား E 11 သည် မာမာရာပင်လယ်အတွင်းသို့ ပထမဆုံးရောက်သည့်နေ့ကတည်းက လိုက်လံရှာဖွေလျက်ရှိသော အရာဝတ္ထုကို တွေ့ရှိရလေတော့သည်။

www.foreverspace.com.mm
http://www.cherrythitsar.org



နေစမစ်၏ မှန်ပြောင်းတွင် ပေါ်လာသော မိုးကုတ်စက်ဝိုင်းဆီမှ မီးခိုးတန်းကလေးသည် တူရကီများလက်တွင် တစ်စီးတည်း ကျန်ရှိနေသော စစ်သင်္ဘောကြီး ဗာဗာရိုဆာပင် ဖြစ်တော့သည်။

ဗာဗာရိုဆာသည် ၎င်းတို့ရှိရာဆီသို့ တည့်တည့်ကြီး လာရောက်လျက်ရှိသဖြင့် သင်္ဘောကြီးသည် နေစမစ်၏ မှန်ပြောင်းထဲတွင် ကြီးသည်ထက်ကြီးလာလျက်ရှိတော့သည်။ သင်္ဘောကြီးကို ကြည့်ရသည်မှာ ကြောက်စရာကြီး ဖြစ်နေပြီး ၎င်းကို ရင်ဆိုင်နေရသော ရေငုပ်သင်္ဘော ကက်ပတိန်တစ်ယောက်အဖို့ သတ္တိကို မနည်းပင် ထိန်းထားရလေသည်။

နေစမစ်တွင် နောက်ထပ် ထမ်းဆောင်ရန် တာဝန်တွေ အများကြီး ကျန်သေးသဖြင့် ဗာဗာရိုဆာ သင်္ဘောကြီးအတွက် တော်ပီဒို ဗုံးတစ်လုံးထက် ပိုပြီး မသုံးနိုင်ပါ။ သူ့စိတ်ထဲတွင် ဆုတောင်းနေရသည်ကတော့ ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်သည့် လမ်းကြောင်း မှန်ကန်ပြီး ယင်း တော်ပီဒိုသည် မဖောက်မပြန်ဖို့ပင် ဖြစ်သည်။

E 11 မှ ပစ်လွှတ်လိုက်သော တော်ပီဒိုသည် ရန်သူစစ်သင်္ဘောကြီး၏ လက်နက်သိုလှောင်ခန်းကို တည့်တည့်ကြီး ထိမှန်ပြီး ပြင်းထန်စွာ ပေါက်ကွဲလေတော့သည်။ သင်္ဘောကြီးသည် ချက်ချင်းဆိုသလို လက်ယာဘက်သို့ တိမ်းစောင်းသွားလေတော့၏။ သင်္ဘောကြီးသည် ချက်ချင်းပင် လမ်းကြောင်း ပြောင်းလဲသွားပြီး ကမ်းခြေဘက်သို့ ခုတ်မောင်းသွားတော့သည်။ ရေတိမ်တွင် နှစ်မြှုပ်ရန် ရည်ရွယ်ချက်နှင့် ဖြစ်သည်။ သို့သော် ထိုအကြံအစည်မှာ နောက်ကျချေပြီ ဖြစ်သည်။ နောက်တစ်ကြိမ် ပေါက်ကွဲသံကြီး ပြင်းထန်စွာ ပေါ်ထွက်လာပြီးနောက် သင်္ဘောကြီး ဘေးသို့ လိမ့်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ရတနာပုံ စာအုပ်တိုက်

http://www.cherrythitsar.org

www.foreverspace.com.mm



ထိုနေ့ညနေဘက်မှာပင် E 14 ထံမှ အကူအညီ တောင်းခံသော အချက်ပေး သတင်းကို နေစမစ် ရရှိသည်။ E 14 သည် ရန်သူ စစ်ကူ သင်္ဘောကြီး တစ်စီးကို တိုက်ခိုက်လျက်ရှိသည်။ နေစမစ်သည် အကူအညီ ပေးရန်အတွက် ချက်ချင်းပင် သွားရောက်သည်။ သို့သော် E 11 သည် ဤမှာ ကံကြမ္မာဆိုးတစ်ခုနှင့် ကြုံတွေ့ရသည်။ နေစမစ် အနေဖြင့် အင်မတန် ဂုဏ်ယူ အားထားခဲ့သော ကုန်းပတ်ပေါ်မှ အမြောက်သည် ပစ်ခတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပေါက်ကွဲသွားပြီး အမြောက်သမားသည် လေထဲသို့ လွင့်တက်သွားပြီး ရေထဲသို့ရောက်ရှိသွားလေတော့သည်။ သို့သော် အမြောက်သမားသည် အသက်မသေဘဲ ဒဏ်ရာရရှိရုံမျှသာ ဖြစ်သည်။ ၎င်းကို သင်္ဘောပေါ်သို့ ပြန်လည်ဆယ်ယူနိုင်ခဲ့ကြသည်။ သို့သော် အမြောက်ကြီးမှာမူ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားသည်။ ပထမတွင် ယင်း အမြောက်ကြီးကို မည်သို့မျှ ပြုပြင်၍ မရနိုင်တော့ဟု ထင်ကြသည်။ သို့သော် သင်္ဘောသားများက ဇွဲ ကောင်းကောင်းဖြင့် အပင်ပန်းခံပြီး ပြင်ဆင်ကြသောအခါ အသုံးပြု၍ ရသည့် အခြေအနေသို့ ပြန်လည် ရောက်ရှိသည်။

နေစမစ်သည် ကျောက်မီးသွေး ပို့ဆောင်သော သင်္ဘောကြီး တစ်စီးနှင့် သင်္ဘောကလေး အချို့တို့ကို နှစ်မြုပ်ပြီးနောက် သူ၏ ပစ်မှတ်သည် ဘာလင်ဘက်ဂဒက် မီးရထားပင် ဖြစ်တော့သည်။ ယင်း မီးရထားလမ်းသည် နေရာ တော်တော်များများတွင် ပင်လယ်အနီးမှ ဖြတ်သန်းသွားလေသည်။

ရေငုပ်သင်္ဘော နှစ်စီးဖြင့် ရန်သူ့ ရေကြောင်းကို ဖြတ်တောက် တိုက်ခိုက်လျက်ရှိသော်လည်း ရန်သူများသည် ဂယ်လီပိုလီ စစ်မြေပြင်သို့ ရိက္ခာပစ္စည်းများကို ရထားလမ်းမှ ဆက်လက် ပေးပို့လျက် ရှိကြသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



ယင်း မီးရထားလမ်းကို တိုက်ခိုက်ရန် အကောင်းဆုံး နေရာမှာ ကွန်စတင်တီနိုပယ်မြို့ အောက်ဘက် မိုင် ၃၀ ခန့် အကွာရှိ ပင်လယ်ကမ်းခြေ တစ်နေရာတွင် ဖြစ်သည်။ ထိုနေရာတွင် တောင်နှစ်တောင်ကို ကူးဆက်ထားသော မီးရထားလမ်း သံတံတားကြီး တစ်ခုရှိသည်။ ယင်း တံတားသည် ပင်လယ်နှင့် အတော်ကြီး နီးကပ်ပြီး E 11 မှ အမြောက်နှင့် ကောင်းကောင်း မီချေသည်။

သို့သော် E 11 မှ အမြောက်နှင့် ပစ်ခတ်သည်နှင့် တစ်ပြိုင်နက် ၎င်းထက် အင်အားကြီးမားသော အမြောက်ကြီးများက ရန်သူကင်းလှည့်သင်္ဘောသားများပေါ်မှနေ၍ တစ်ခဲနက်ပြန်ပြီး ပစ်ကြသည်။ E 11 သည် အလျင်အမြန်ပင် ဆုတ်ခွာခဲ့ရသည်။

သူတို့သည် သည့်ထက် ကောင်းသောနည်းကို ရှာကြရမည် ဖြစ်သည်။ E 11 ၏ ဒုတိယ မာလိန်မှူး ဖြစ်သော ဒီအိုလေးဟာယု ကအကြံကောင်း တစ်ခုကို ရရှိသည်။ ၎င်း၏ အကြံအစည်မှာ ကမ်းပေါ်သို့ တက်ပြီး တံတားကို မိုင်းဖြင့် ခွဲဖောက်ရန်ပင် ဖြစ်သည်။

သို့ဖြင့် ဩဂုတ်လ ၂၁ ရက်နေ့ နံနက် နှစ်နာရီ အချိန်တွင် အိုင်ယာလန် လူမျိုးဖြစ်သော ဒီအိုလေးဟာယုသည် ရေငုပ်သင်္ဘောမှ ထွက်ပြီး ကမ်းခြေသို့ ကူးသွားသည်။ ဖောက်ခွဲရန် ယမ်းဘီလူးများကို ဖောင်ကလေး တစ်ခုပေါ်တွင် တင်ပြီး တွန်းယူသွားသည်။

ဟာယု၏ ဖောင်ကလေးသည် ကမ်းခြေသို့ ကောင်းမွန်စွာ ရောက်ရှိသွားပြီး ဟာယုသည် ခြောက်သွေ့သော စစ်ဝတ်စုံ တစ်ခုကို ဝတ်ဆင်သည်။ (သူ့ကို စစ်ဝတ်စုံ မပါရှိဘဲ ရန်သူများက ဖမ်းမိသွားခဲ့လျှင် သူလျှိုဆိုပြီး ပစ်သတ်ကြမည် ဖြစ်သည်။) ထို့နောက် သူသည် ပစ္စတို သေနတ် တစ်လက်၊

http://www.cherrythitsar.org

www.foreverspace.com.mm



လှုံ့စွပ် တစ်လက်၊ ခရာတစ်ခုနှင့် မိုင်းဖုံးများကို သယ်ဆောင်ပြီး တံတားဆီသို့ သွားလေသည်။ အမှောင်ထဲတွင် နာရီဝက်ခန့် သွားရသည်။ သို့သော် တံတားတွင် အစောင့်အကြပ်များ ထူထပ်စွာ ချထားသည်ကို စိတ်ပျက်ဖွယ်ရာ သူ တွေ့ရှိရသည်။

ဟယုသည် ရန်သူ အစောင့်တပ်များကို ကွေ့ပတ်၍ သွားရင်း အုတ်တံတိုင်း နိမ့်နိမ့်ကလေး တစ်ခုပေါ်မှ ခုန်ချလိုက်ရာ ကြက်ခြံ တစ်ခု အတွင်းသို့ ရောက်ရှိသွားလေတော့သည်။ ကြက်တွေ ထိတ်လန့်ပြီး အော်ကြသည့် အသံမှာ သေပြီးသား လူတစ်ယောက်ကိုပင် လန့်နိုးစေနိုင်ပါသည်။ သို့သော် သူသည် မည်သူ တစ်စုံတစ်ယောက်မျှ ဖြစ်ပျက်ပုံကို မသိရှိနိုင်ခင် မှာပင် တစ်ဖက် အုတ်တံတိုင်းကို ကျော်ပြီး ထွက်ခဲ့နိုင်သည်။

နောက်ဆုံးတွင် သူသည် တံတားကို ဖောက်ခွဲရန် အကြံအစည်ကို လက်လျှော့ပြီး သံလမ်း တစ်နေရာကို ဖောက်ခွဲရန် ပြောင်းလဲ ဆုံးဖြတ်ရသည်။ သို့သော် ကံမကောင်းချင်တော့ စနက်တံကို ပစ္စတို သေနတ်ဖြင့် ပစ်ခတ် ဖောက်ခွဲရသည်ဖြစ်ရာ သေနတ်သံကို ရန်သူများ ကြားသွားပြီး သူသည် ကမ်းခြေသို့ သေပြေးရှင်ပြေး ပြေးခဲ့ရသည်။ ဟယုသည် သေနတ်သံတွေကြားမှ တောင်ကုန်းပေါ်မှ ပြေးဆင်းပြီး ရေစပ်ဆီသို့ ရောက်ခဲ့သည်။ ရေစပ်သို့ ရောက်ရှိချိန်မှာပင် ကြောက်မက်ဖွယ်ရာ ကောင်းသော ပေါက်ကွဲသံကြီးကို သူ ကြားရသည်။

မီးရထားလမ်းကို အချိန်ကာလ အတန်ကြာသည်အထိ အသုံးပြုနိုင်တော့မည် မဟုတ်ကြောင်းကို သိရှိပြီးနောက် သူသည် E 11 ရှိသည့် ပင်လယ်ပြင်ထဲသို့ ကူးသွားသည်။ တချိန်တည်းမှာပင် ခရာကို မှုတ်ပြီး အချက်ပေးသည်။ သို့သော် E 11 ၏ အရိပ်အယောင်ကိုမျှ မတွေ့ရပါ။

http://www.cherrythitsar.org
www.foreverspace.com.mm



သူသည် ပြေးရင်း လွှားရင်းနှင့် သတ်မှတ်ထားသော နေရာ၏ အောက်ဘက်သို့ ရောက်ရှိသွား၍ ဖြစ်သည်။

သူသည် ပင်ပန်း နွမ်းနယ်စွာဖြင့် ကမ်းခြေသို့ ပြန်လည်ကူးခတ်သွားရသည်။ ဟယုသည် နေ့ဘက်သို့ ရောက်ရှိသောအချိန်တွင်မှ E 11 ကို တွေ့ရှိရသည်။ ထိုအချိန်တွင် E 11 သည် တူရကီတို့၏ ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံနေရသည်။ သူသည် ရန်သူများ ပစ်ခတ်နေသည့်ကြားမှာပင် E 11 ရှိရာသို့ ကူးသွားသည်။ ဤတစ်ကြိမ်တွင် သူ၏ ရဲဘော်များက သူ့ကို သင်္ဘောပေါ်သို့ ဆွဲတင်နိုင်ကြသည်။

သည့်နောက်တွင်ကား E 11 သည် မာမာရာ ပင်လယ်အတွင်းသို့ နောက်ထပ် ၁၃ ရက်မျှ လှည့်လည် ကျက်စားပြီး နောက် တပ်စခန်းသို့ ပြန်လေသည်။ သူရဲကောင်းတို့၏ ကြိုဆိုခြင်းဖြင့် ကြိုဆိုခြင်းကို ခံရသည်။

ဒီဇင်ဘာလထဲတွင် E 11 သည် မာမာရာ ပယ်လယ်အတွင်း တတိယအခေါက်အဖြစ် သွားရောက်ရပြန်သည်။ ဤအကြိမ်တွင် စံချိန်တင်သည့်အနေဖြင့် ၄၇ ရက်တိတိ နေခဲ့သည်။

သို့သော် ဂယ်လီပိုလီ ကျွန်းဆွယ် တိုက်ပွဲသည် ပြီးသွားပြီ ဖြစ်သည်။ ရှစ်လလုံးလုံး အပြင်းအထန် တိုက်ခိုက်ခဲ့ကြရာ နှစ်ဖက်စလုံး အကျအဆုံး များပြားလှသည်။ နောက်ဆုံးတွင် မဟာမိတ်တပ်များ ဂယ်လီပိုလီကျွန်းဆွယ်မှ ဆုတ်ခွာခဲ့ရပြီး တူရကီများသည် သူတို့၏ ပိုင်နက်မြေကို ပြန်လည် ရယူနိုင်ခဲ့ကြသည်။

ဤတိုက်ပွဲသည် အသက်ပေါင်းများစွာကို စတေးခဲ့ရသော အကျိုးမရှိသည့် တိုက်ပွဲ တစ်ခုပင် ဖြစ်တော့သည်။ သို့သော် စစ်ပွဲဆိုသည်မှာ ရံဖန်ရံခါတွင် ဤအတိုင်းပင် ဖြစ်ချေသည် မဟုတ်ပါလား။

www.foreverspace.com.mm

http://www.cherrythitsar.org



သို့သော် ဒါဒင်နယ် တိုက်ပွဲတွင် အဘက်ဘက်မှ ဆုံးရှုံးခဲ့ရသော်လည်း ရေငုပ်သင်္ဘော၏ ဂုဏ်ရောင်ကား အထူးပင် ပြောင်မြောက်ခဲ့ပါသည်။

*　　*　　*

www.foreverspace.com.mm

# ရေငုပ်ခေါင်းလောင်းဖြင့် ကယ်တင်ခြင်း

၁၉၃၉ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ရေငုပ်သင်္ဘောသစ် တစ်စီး ရေချသည်။ ဗြိတိသျှနှင့် အမေရိကန် ပုံစံ ရေးဆွဲသူများသည် ငြိမ်းချမ်းရေး ကာလနှင့် စစ်တွင်းကာလ အတွေ့အကြုံ ၂၅ နှစ်မျှ ရရှိထားကြပြီ ဖြစ်သဖြင့် အကောင်းမွန်ဆုံးနှင့် စိတ်အချရဆုံး ပုံစံတစ်ခုကို ရေးဆွဲနိုင်ကြပြီဟု ဆိုနိုင်သည်။ ငါးမန်းဟု အဓိပ္ပာယ်ရှိသော ရေငုပ်သင်္ဘော စကွားလပ်သည် အမေရိကန် ရေတပ်မတော်တွင်နောက်ဆုံး ပုံစံဖြစ်ပြီး ပေ ၃၁၀ ရှည်လျားကာ တန်ချိန် ၁၄၅၆ တန်ရှိသည်။ သင်္ဘောပေါ်တွင် လိုက်ပါကြသည့် သင်္ဘောသား ၅၆ ယောက်သည် အထူးပင် ကျွမ်းကျင်သော လက်ရွေးစင်များ ဖြစ်ကြသည်။ ၎င်းတို့အနက်မှ အတော်များများသည် အခြား ရေငုပ်သင်္ဘောများပေါ်တွင် ကာလ ကြာရှည်စွာ တာဝန် ထမ်းဆောင်ခဲ့ဖူးသူများ ဖြစ်ပြီး ဤ သင်္ဘောပေါ်တွင် လိုက်ပါခွင့်ရရှိသည့်အတွက် အထူးပင် ကျေနပ်အားရလျက်ရှိကြသည်။

ရေငုပ်သင်္ဘောများ အားလုံးပင် ရေသို့ချပြီးသည့် နောက်ပိုင်းတွင် ပင်လယ်ရေပြင်အောက်သို့ ငုပ်ဆင်းရသည့် လေ့ကျင့်ခန်း အမျိုးမျိုးကို ပြုလုပ်ကြရသည်။ ငြိမ်သက်သော ပင်လယ်ပြင်တွင် အေးအေးဆေးဆေး ငုပ်ခြင်းမျိုးမှသည် တော်ပီဒိုများ ပစ်လွှတ်နေစဉ် အရေးပေါ် ငုပ်ဆင်းရခြင်းမျိုးအထိ ဖြစ်သည်။ စကွားလပ်သည် ယင်းကဲ့သို့ ငုပ်ဆင်းခြင်းမျိုး ၁၇ ခုကို ကျေနပ်အားရဖွယ်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပြုပြင်မွမ်းမံရသည့် အပြစ်အနာအဆာ အသေးအဖွဲကလေးများလောက်သာ တွေ့ရှိကြရသည်။

ဤ သင်္ဘောသည် ယခင် သူတို့ စီးနင်းခဲ့ရသော သင်္ဘောများ

http://www.cherrythitsar.org

www.foreverspace.com.mm



ထက် အကိုင်ရ အတွယ်ရလည်း လွယ်ကူပြီး အသွားနှုန်းလည်း မြန်ဆန်သည့်အတွက် သင်္ဘောသားများသည် အထူးပင် ကျေနပ်လျက်ရှိကြသည်။ ထို့ပြင် ဤသင်္ဘောက ကျယ်ကျယ်ဝန်းဝန်းလည်း ရှိသည်။ သူတစ်ပါး၏ မျက်နှာကို တံတောင်နှင့် မတွက်ရဘဲ ကော်ဖီ တစ်ခွက်ကို နှုတ်ခမ်းဝသို့ ရောက်အောင် မယူနိုင်သည်။

စက္ကားလပ်သည် မေလ ၂၃ ရက်နေ့တွင် ၁၈ ကြိမ်မြောက် ရေအောက် ခရီးအဖြစ် နယူးဟမ်းရှိုင်းယား ပြည်နယ် ပို့စမောက် ဆိပ်ကမ်းမှ ထွက်ခွာခဲ့သည်။ သင်္ဘော ကက်ပတိန် ဗိုလ်ကြီး အိုလီဗာနာကွင်းသည် သူ၏ သင်္ဘောသားများ အားလုံးကို နေသားတကျ နေရာချထားပြီးပြီ ဖြစ်သဖြင့် သင်္ဘောသည် ငုပ်ဆင်းရန် အဆင့်သင့် ရှိနေတော့သည်။

စက္ကားလပ်ကို အပိုင်း ခြောက်ပိုင်းခွဲထားသည်။ ထိပ်နှစ်ဖက်တွင် တော်ပီဒိုခန်း တစ်ခုစီ၊ ပဲ့ပိုင်းတွင် စက်ခန်းနှစ်ခု၊ အလယ်တွင် ကွပ်ကဲခန်း၊ ယင်း၏ တစ်ဖက် တစ်ချက်တွင် စက်ခန်းများသို့ လျှပ်စစ်ဓာတ်အား ပေးသော ဘက်ထရီခန်းများ ရှိသည်။

နံနက် ရှစ်နာရီအချိန်တွင် ဗိုလ်ကြီး နာကွင်းက စက်ခန်း နှစ်ခု စလုံးကို စက်ကုန်ဖွင့်ရန် အမိန့်ပေးသည်။ များမကြာမီမှာပင် စက်ရှိန်မြင့်လာပြီး လိုအပ်သော ရေမိုင် ၁၆ မိုင်နှုန်းသို့ ရောက်ရှိသည်။ ဤ ငုပ်ဆင်းခြင်းသည် ရန်သူ၏ တိုက်ခိုက်ခြင်းကို ခံနေရစဉ်တွင် 'တရကြမ်း' ငုပ်ဆင်းခြင်းမျိုး ဖြစ်သည်။

ထိုအချိန်တွင် သင်္ဘောဦးစီးမှူးသည် ကွပ်ကဲမှု စက်ခုံကို ကြည့်ရှုလျက်ရှိသည်။ စက်ခုံတွင် နာတာလူး သစ်ပင်ပုံသဏ္ဌာန် မီးလုံးများရှိသည်။ မီးလုံးတစ်လုံးသည် သင်္ဘောထွက်ပေါက် တစ်ခု၏ အမှတ်အသားပင် ဖြစ်

http://www.cherrythitsar.org

www.foreverspace.com.mm



သည်။ ဥပမာ မျှော်စင် တံခါးပေါက်ကိုပြသော မီးလုံး၊ တော်ပီဒို ကုန်းပတ် တံခါးပေါက်ကို ပြသော မီးလုံး စသည်ဖြင့် ဤ တံခါးပေါက်များ အားလုံးကို ရေအောက်သို့ ငုပ်ဆင်းခြင်း မပြုမီတွင် သေသေချာချာ ပိတ်ကြရမည် ဖြစ်သည်။ တံခါးပေါက်များသည် သူ့အလှည့်နှင့်သူ ပိတ်သွားကြရသည် ဖြစ်သဖြင့် ကွပ်ကဲ စက်ခုံပေါ်ရှိ မီးလုံးသည်လည်း အနီမှ အစိမ်းသို့ ကူး ပြောင်းလျက် ရှိနေကြသည်။ နောက်ဆုံးတွင် စက်ခုံပေါ်မှ မီးလုံးများအားလုံး စိမ်းသွားကြသည်အထိ ဖြစ်သည်။ သင်္ဘော တစ်စီးလုံး ရေမဝင်နိုင်အောင် လုံသွားပြီကို ကက်ပတိန်နှင့် အရာရှိများက ဤနည်းဖြင့် သိရှိနိုင်ကြသည်။ ကွပ်ကဲမှုစက်ခုံကို တစ်ချက်ကြည့်ရုံမျှဖြင့် သိနိုင်ကြသည်။

'ငုပ်ဖို့ အသင့်ပြင်'

ကက်ပတိန်၏ အမိန့်ပေးသံ ထွက်ပေါ်လာပြီးနောက် အသည်း ယားဖွယ်ရာ ကောင်းသော အချက်ပေးသံများကို ကြားကြရတော့သည်။ စကွားလပ်သည် အားကောင်းသော စက်ရှိန်ဖြင့် ရေပြင်အောက်သို့ လျင်မြန်စွာ ငုပ်ဆင်းကာ သွားနေတော့သည်။

သင်္ဘောသားများအားလုံး စိတ်အေးချမ်းသာ ဖြစ်သွားကြသည်။ အခြေအနေအားလုံးပင် သူ့အစီအစဉ်အတိုင်း ဖြစ်ကြသည်။ ဤ စမ်းသပ်ချက်သည် သူတို့အဖို့ အောင်မြင်မှု အသစ်တစ်ခုပင် ဖြစ်ပေတော့သည်။ သို့သော် ထိုစဉ်မှာပင် ကွပ်ကဲမှု အခန်းထဲရှိ ဖုန်းတစ်ခု မြည်လာပြီး ထိတ်လန့်တုန်လှုပ်သော အသံတစ်ခု ထွက်ပေါ်လာသည်။

'ဗိုလ်ကြီး စက်ခန်းထဲမှာ ရေတွေဝင်နေတယ်'

မျက်လုံးအစုံများ အားလုံးပင် မီးပဒေသာဆီသို့ ရောက်ရှိသွားကြသည်။ မီးများအားလုံး စိမ်းနေသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


မဖြစ်နိုင်သော အရာတစ်ခု ဖြစ်ပျက်ချေပြီတည်း။ စက်ခန်းရှိ လေဝင်ပေါက်သည် အသေအချာ ပိတ်ပြီးသည့် နောက်ပိုင်းတွင်မှ တစ်စုံတစ်ခုသော အကြောင်းကြောင့် ပြန်ပွင့် သွားဟန်ရှိသည်။ စက်ခန်းများအတွင်းသို့ ပင်လယ်ကြီး တစ်ခုလုံးပင် စိမ့်ဝင်လာနေဟန်ရှိသည်။

နာကွင်းသည် ချက်ချင်းပင် သတိပြန်ဝင်လာပြီး ဟစ်အော်လိုက်သည်။

'ရေကန်တွေကို ဖောက်ပစ်'

သင်္ဘော အလေးချိန်ရရန် သိုလှောင်ထားသော ရေကန်များကို ဖောက်ခွဲပစ်ရန် အမိန့်ပေးလိုက်သည်။ ထို့နောက် သူ၏ အမိန့်ကို တစ်ဆင့်ပြီး တစ်ဆင့် ဟစ်အော်ကြသည်။

'အပေါ်ကို ပြန်တက်၊ အပေါ်ကို ပြန်တက်'

သင်္ဘောသားများသည် အရေးပေါ် ကိစ္စဖြစ်ကြောင်း သိရှိသဖြင့် ပင်မ ရေလှောင်ကန်များကို ဖောက်ခွဲပစ်လိုက်ကြသည်။ စကွားလပ်သည် ဦးစိုက်ပြီး ဆင်းနေရာမှ ရေမျက်နှာပြင်နှင့် ရေအောက်ကြမ်းပြင် ပင်လယ်ပြင် အလယ်ကြားလောက်တွင် ခေတ္တရပ်တန့်သွားသည်။ သို့ရာတွင် ပင်လယ်ရေများသည် စက်ခန်းများ အတွင်းသို့ တရကြမ်း ဝင်ရောက်လျက်ရှိရာ သင်္ဘောစက်များ ရေမြုပ်ရုံမျှမက သင်္ဘော၏ အလေးချိန်ကိုလည်း စက္ကန့်တိုင်းမှာ တန်ပေါင်းများစွာ တိုးတက်စေလျက် ရှိတော့သည်။ ကြောက်မက်ဖွယ်ရာ အခြေအနေဆိုးကြီး တစ်ခုပင် ဖြစ်တော့သည်။

ဤလို အရေးပေါ် အခြေအနေမျိုးတွင် အထက်မှ ထပ်မံ အမိန့်ပေးခြင်း မရှိသော်လည်း အရေးတကြီး လိုက်နာ လုပ်ဆောင်ရမည့် အချက်တစ်ချက်ကို လေ့ကျင့်ညွှန်ကြားထားပြီး ဖြစ်သည်။ ယင်းမှာ သင်္ဘောအတွင်း

http://www.cherrythitsar.org

www.foreverspace.com.mm



သို့ ဝင်ရောက်လာသော ရေများ အခန်းတစ်ခုမှ တစ်ခုသို့ မကူးနိုင်စေရန် ရေလုံတံခါးများကို ပိတ်ပစ်ရန်ပင် ဖြစ်သည်။

ကွပ်ကဲမှု အခန်းနှင့် ပဲ့ပိုင်း ဘက်ထရီအခန်းကြားရှိ ရေလုံတံခါးသည် ယခု အချိန်တွင် အရေးအကြီးဆုံး ဖြစ်သည်ကို လျှပ်စစ် အင်ဂျင်နီယာ လွှိုက်မင်းနက်က သတိပြုလိုက်မိသည်။ စက်ခန်းများအတွင်းမှ လျှံတက်လာသော ရေထုကြီးသည် ဘက်ထရီခန်းကို ဖြတ်ပြီး သင်္ဘော အမြင့်ပိုင်း ကွပ်ကဲခန်းဆီသို့ တက်လာနေကြပြီ ဖြစ်သည်။ ပုံမှန်အားဖြင့်ဆိုလျှင် ရေလုံတံခါးကြီးကို ပိတ်ပစ်ရသည်မှာ လွယ်ကူပါသည်။ သို့ရာတွင် သင်္ဘောသည် ယခုအခါ ပဲ့စိုက်ပြီး ဦးထောင်နေသဖြင့် မင်းနက်အဖို့ ယင်းတံခါးကြီးကို သူ့ဘက်သို့ အတင်း ဆွဲမနေရသည်။ သူသည် တံခါးကြီးကို ဆွဲမနေရင်း နှစ်ကြိမ်မျှ ရပ်နားပေးရသည်။ တစ်ဟုန်တိုး မြင့်တက်လာနေသော ရေများထဲမှ ရုန်းကန်ပြီး ထွက်လာသော သင်္ဘောသားများကို သူ့ဘက်သို့ ဝင်လာနိုင်စေရန် ဖြစ်သည်။

သို့သော် သူ့ခြေထောက်ပေါ်သို့ ရေတွေ ရောက်လာသောအခါတွင်ကား သူသည် နောက်ထပ် စောင့်ဆိုင်းခြင်း မပြုနိုင်တော့ပါချေ။ တံခါးကြီးကို တအားဆွဲပြီး အပြီးအပိုင် ပိတ်လိုက်ရတော့သည်။ ယင်းသို့ ပိတ်လိုက်သည့် အတွက်လည်း လူ ၃၃ ယောက်၏ အသက်ကို လောလောဆယ် ကယ်တင်လိုက်နိုင်ခြင်း ဖြစ်သည်။

တံခါးကို ပိတ်လိုက်သည့်အချိန်မှာ ရှစ်နာရီ ၄၅ မိနစ် ဖြစ်သည်။ စကွားလပ် ရေငုပ်သင်္ဘောကြီး ရေအောက်သို့ ငုပ်ဆင်းပြီး ငါးမိနစ်အကြာတွင် သင်္ဘောသား ၂၂ ယောက် သေဆုံးသွားရပြီး သင်္ဘောမှာလည်း ရေမျက်နှာပြင်အောက် ပေ ၂၄၀ အနက်တွင် မရွှေ့နိုင် မကယ်နိုင် ဖြစ်နေကြရ

http://www.cherrythitsar.org

www.foreverspace.com.mm



တော့သည်။ သင်္ဘောတွင် အပူပေးစက်လည်း အလုပ် မလုပ်တော့။ လျှပ်စစ်မီးများလည်း မရှိတော့။ သင်္ဘောအပြင်ဘက် အပူချိန်သည် ရေခဲအမှတ်အထက် တစ်ဒီဂရီသာ ဖြစ်တော့သည်။

အံ့သြစရာ ကောင်းသည်ကတော့ ထိတ်လန့် ချောက်ချားခြင်း လုံးဝမရှိပါ။ သင်္ဘောသားများသည် ယခုလို အရေးပေါ် အခြေအနေမျိုး တွင် အသုံးပြုရန် အဆင်သင့်ထားသော လက်နှိပ်ဓာတ်မီးနှင့် မှန်အိမ်များကို ထုတ်ယူကြသည်။ ယင်းသို့ဖြင့် ကွပ်ကဲခန်း အတွင်းရှိ သင်္ဘောသားများ၏ မျက်နှာဖြူဖြူများကို မှုန်မှုန်ဝါးဝါးထဲတွင် တွေ့မြင်ကြရတော့သည်။

ထို့နောက် နာကွင်းသည် သင်္ဘောပဲ့ပိုင်းရှိ တော်ပီဒိုအခန်းနှင့် တယ်လီဖုန်း အဆက်အသွယ် ပြုလုပ်သည်။ ထို အခန်းသည်လည်း စက်ခန်းမှ ရေများဝင်မလာအောင် ရေလုံတံခါး ပိတ်ထားနိုင်သည့် အခန်းတစ်ခုပင် ဖြစ်သည်။ သို့သော် ထိုအခန်းမှ မည်သည့် ပြန်ကြားချက်မှ မရရှိသဖြင့် သူတို့အပြင် အခြား အသက်ရှင်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့ဟု ယူဆလိုက်ရတော့သည်။

ရေငုပ်သင်္ဘောများ ဘေးဒုက္ခ တွေ့သည့်အခါ အချက်ပြအဖြစ် ပစ်လွှတ်ရသော 'မီးခိုးဗုံးအနီ'ကို ပစ်လွှတ်ရန် နာကွင်း အမိန့်ပေးလိုက်သည်။ ထို့နောက် တစ်ဖန် နေရာပြဗောကို ပစ်တင်ရန် ဖြစ်သည်။ နေရာပြဗောမှာ ရေစည် ပုံသဏ္ဍာန်ရှိပြီး လိမ္မော်ရောင် တောက်နေသည်။ ဗောထဲတွင် တယ်လီဖုန်း တစ်လုံးပါရှိပြီး ကြေးနန်းကြိုး တစ်ချောင်းဖြင့် ရေငုပ်သင်္ဘောသို့ ဆက်သွယ်ထားသည်။ ထို့အပြင် ဗောတွင် သတိပေး စာတန်းကြီး တစ်ခုလည်း ပါရှိသည်။ 'ရေငုပ်သင်္ဘော ဤနေရာတွင် နစ်မြုပ်နေသည်၊ ဗောထဲတွင် တယ်လီဖုန်း ရှိသည်။'

http://www.cherrythitsar.org

www.foreverspace.com.mm



နာကွင်း အနေဖြင့် နောက်ထပ် ဆက်လက်ပြီး လုပ်ဆောင်ရ သော အလုပ်ကား မင်္ဂလာရှိသော အလုပ်တစ်ခု မဟုတ်ပါ။ အသက်ရှင် ကျန်ရစ်သူများ၏ စာရင်းကို ကောက်ယူရခြင်း ဖြစ်သည်။ သင်္ဘောသား ၅၆ ယောက်နှင့် အရပ်သား သုံးယောက်အနက် ၃၃ ယောက်သာ အသက်ရှင် ကျန်ရစ်သည်။ အသက်ရှင်ပြီး ကျန်ရစ်သူများမှာလည်း အထူးပင် စိတ်ထိခိုက် လှုပ်ရှားလျက်ရှိသည်။ လွန်ခဲ့သော မိနစ်အနည်းငယ်လောက်က သူတို့နှင့် အတူ လက်တွဲပြီး အလုပ်လုပ်ခဲ့သူများသည် ယခုအခါ ကွပ်ကဲခန်း တံခါး၏ တစ်ဖက်တွင် ထာဝစဉ် ပိတ်ထားခြင်းခံနေကြရတော့သည်။ အသက်ရှင် ကျန်ရစ်သူများအတွက် လုပ်ဆောင်ပေးစရာ ရှိနေသဖြင့် ကက်ပတိန်သည် သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းရသည်။

ရေဝင်ရောက်ခြင်း မရှိအောင် သင်္ဘောဦးပိုင်းကို သူ လှည့်လည် စစ်ဆေးသည်။ ကျန်ရှိနေသူများကို နှစ်စု ခွဲလိုက်ပြီး တစ်စုကို ဦးပိုင်း တော်ပီဒို အခန်းတွင် နေစေပြီး ကျန်တစ်စုကို ကွပ်ကဲခန်းမှာ နေစေသည်။ ဦးပိုင်း ဘက်ထရီခန်းထဲရှိ ဘက်ထရီများကို ရေများ စွတ်စိုကုန်ပြီဖြစ်ရာ အဆိပ်သင့် စေနိုင်သော ကလိုရင်းဓာတ်ငွေ့များ ထွက်ပေါ်နိုင်သဖြင့် လူမနေစေဘဲ အလွတ်ထားလိုက်သည်။ နောက်ပြီးတော့ ယခုအခါတွင် အအေးဓာတ် လွန်ကဲလာပြီ ဖြစ်သဖြင့် လူတွေ အားလုံးသည် ရတတ်သမျှ စောင်များ မျက်နှာသုတ်ပုဝါများကို ခြုံပြီး ပူးကပ်နေကြဖို့လိုသည်။ ထို့အပြင်လူတွေ အားလုံးကို ငြိမ်ငြိမ်ကလေး လှဲနေကြရန်နှင့် မလွှဲမရှောင်သာသည့်အခါတွင် မှသာ လှုပ်ရှားကြဖို့ သူ အမိန့်ပေးထားသည်။ ၎င်းတို့၏ အသက်ရှင်နေမှု အတွက် လေထဲတွင် ရှိနေသမျှ အောက်စီဂျင်ဓာတ်သည် အရေးကြီးနေသော ကြောင့်ဖြစ်သည်။ ငြိမ်သက်စွာနေပြီး ခပ်မျှဉ်းမျှဉ်းကလေး အသက်ရှူ နေကြ

www.foreverspace.com.mm



ခြင်းဖြင့် အောက်စီဂျင်ဓာတ်ကို ပို၍ကြာကြာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

စကွားလပ်သည် နံနက် ၉း၄၀ နာရီတွင် ရေပေါ်သို့ ပြန်ရောက်လာရမည် ဖြစ်သဖြင့် ထိုအချိန်မတိုင်မီ အထိတော့ ၎င်းတို့ကို ပို့စမောက်ရေတပ်စခန်းရှိ မည်သူကမျှ သတိထားမိမည် မဟုတ်ချေ။ သို့ဖြင့် ၎င်းတို့သည် မီးခိုးပုံး ကျည်များကို အချိန်မှန်မှန် ပစ်လွှတ်နေသည်မှတစ်ပါး ဤအတိုင်း ဆက်ပြီး ထိုင်နေကြရန်ပင် ဖြစ်တော့သည်။

၉း၄၀ အချိန်ရောက်၍ စကွားလပ်မှ ဘာသတင်းမျှ မကြားရသော်လည်း မည်သူကမျှ အလွန်အမင်း စိုးရိမ်ခြင်း မဖြစ်ပါချေ။ ရေငုပ်သင်္ဘောများအနေနှင့် အနည်းငယ် နောက်ကျတတ်သည်မှာ အဆန်း မဟုတ်ပါချေ။ သို့သော် နောက်တစ်နာရီမျှ ကြာသောအခါတွင်ကား ပို့စမောက် ရေဒီယိုခန်းမှ တာဝန်ကျ အရာရှိသည် စကွားလပ် ရေငုပ်သင်္ဘော တစ်နာရီမျှ နောက်ကျနေသည့် အကြောင်းကို အထက်အရာရှိများထံသို့ သတင်းပို့လိုက်သည်။

ထိုအခါ စကွားလပ် ပြဿနာသည် ရေတပ် ဗိုလ်ချုပ် ဆိုက်ပရပ်ကိုးလ် လက်သို့ ရောက်ရှိသွားသည်။ ဗိုလ်ချုပ် ကိုးလ်သည် ထိုအချိန်က ပို့စမောက်အနီးရှိ ရှိုးလ်ကျွန်းပေါ်ရှိ ကမ်းခြေစောင့် ရေတပ်စခန်းသို့ ရောက်ရှိနေခိုက်ဖြစ်သည်။ စကွားလပ်ထံမှ မည်သည့် အဆက်အသွယ်မျှ မရရှိကြောင်း သတင်းပေးပို့ချက် ရရှိသောအခါ တစ်စုံတစ်ရာ ဆိုးဆိုးရွားရွားဖြစ်နိုင်သည်ဟု ကိုးလ် ယူဆလိုက်သည်။ သို့ဖြင့် သူသည် စကွားလပ် သင်္ဘောရေထဲ ငုပ်ဝင်သွားသည့် နောက်ဆုံး ရေမျက်နှာပြင်နေရာကိုပြသည့် ကွန်ပါတိုင်း တွက်ချက်များကိုယူပြီး စကာပင် ရေငုပ်သင်္ဘောသို့ အလျင်အမြန်သွားရောက်သည်။ စကာပင် ရေငုပ်သင်္ဘော ကက်ပတိန် ဗိုလ်မှူး ဝါရင်စီကင်

http://www.cherrythitsar.org



www.foreverspace.com.mm

ကို အမြန်ဆုံး လိုက်လံရှာဖွေရန် အမိန့်ပေးသည်။

ထို့နောက်တစ်ဖန် ကိုးလ်သည် အနီးဆုံးနေရာတွင်ရှိသော 'ရေငုပ်သင်္ဘော ကယ်ဆယ်ရေးသင်္ဘော' ဖောလကင် ရှိရာသို့ သွားရောက်သည်။ ဖောလကင်သည် ပထမ ကမ္ဘာစစ်အတွင်းက မိုင်းရှင်း သင်္ဘောကို ရေငုပ်သင်္ဘော ကယ်ဆယ်ရေးသင်္ဘောအဖြစ် ပြောင်းလဲထားခြင်းဖြစ်သည်။ ထိုသင်္ဘောတွင် ရေငုပ်သင်္ဘော ကယ်ဆယ်ရေးအတွက် နောက်ဆုံး တီထွင်ထားသော မမ်ဆမ်-မက်ကမ် ရေငုပ်ခေါင်းလောင်း ငါးလုံးအနက် တစ်လုံး ရှိနေသည်။ သို့သော် ကံမကောင်းချင်တော့ ဖောလကင် သင်္ဘောမှ သင်္ဘောသား အများအပြားသည် သင်္ဘောကို တစ်နှစ်ကြာမျှ လွန်းတင်ထားခဲ့သည် ဖြစ်၍ ခွင့်နှင့် ရှိနေကြသည်။ မက်ကမ် ရေငုပ်ခေါင်းလောင်းသည်ပင်လျှင် သင်္ဘောပေါ်တွင် အဆင်သင့် ရှိမနေပါချေ။ သို့ရာတွင် သင်္ဘော ကက်ပတိန်က သင်္ဘောကို အမြန်ဆုံး ထွက်ခွာနိုင်အောင် ကြိုးစားပါမည်ဟု ကတိပေးလိုက်သည်။

စကွားလပ် သင်္ဘောတွင်ကား မီးကျည်များကို မကြာခဏ ပစ်လွှတ်လျက်ရှိပြီး နေမွန်းတည့်ပြီးသည်အထိ မည်သည့် အကူအညီကိုမျှ အရိပ်အယောင် မတွေ့ရှိရသောအခါ သင်္ဘောသားများသည် ငါးသေတ္တာဘူး၊ ပဲဘူး၊ နို့စိမ်းဘူးများဖြင့် နေ့ခင်းစာ စားကြတော့သည်။

နေ့လယ် ၁၂း၄၀ နာရီအချိန်တွင် မီးကျည်တစ်ခု ကောင်းကင်သို့ တက်သွားပြန်သည်။ ဤတစ်ခါတွင်ကား မီးခိုးတန်းကို စကာပင် သင်္ဘောမှ ကင်းစောင့်တစ်ဦးက တွေ့ရှိသွားလေသည်။ နောက် ဆယ်မိနစ်ခန့် ကြာသော အခါ စကွားလပ် သင်္ဘောမှ သင်္ဘောသားများသည် ၎င်းတို့ထံလာနေသော သင်္ဘောတစ်စီး၏ ပန်ကာသံကို ကြားကြရသဖြင့် နောက်ထပ် မီးကျည်တစ်ခု

www.foreverspace.com.mm


ကို စိတ်အားထက်သန်စွာဖြင့် ပစ်လွှတ်လိုက်ကြပြန်သည်။ ယင်း မီးကျည်သည် စကာပင် သင်္ဘော၏ရှေ့ဘက် ကိုက် ၃၀၀ တွင် ပေါက်ကွဲပြီး လှိုင်းလုံးကြီးများပေါ်တွင် ခုန်ပေါက်လျက်ရှိသော လိမ္မော်ရောင် နေရာပြဗောကို ကင်းစောင့်သူများက တွေ့မြင်ကြရသည်။

နေရာပြဗောကို သင်္ဘောပေါ်သို့ ဆယ်ယူပြီး ကက်ပတိန် ဝီကင်က တယ်လီဖုန်း စကားပြောခွက်ကို ကောက်ယူလိုက်သည်။ သို့သော် တစ်ဖက်မှ ကက်ပတိန်က စကွားလပ်၏ အခြေအနေကို အကျဉ်းချုပ်မျှ ပြောပြီးရုံ ရှိသေးသည်။ ဧရာမလှိုင်းလုံးကြီး တစ်လုံးက စကာပင် သင်္ဘောကို လေထဲသို့ မြှောက်ပစ်လိုက်သဖြင့် တယ်လီဖုန်းကြိုး ပြတ်ထွက်သွားရတော့သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်ကိုးလ်သည် သူကိုယ်တိုင် ရေငုပ်သင်္ဘောသားတစ်ဦး ဖြစ်ခဲ့ပြီး စကွားလပ်အတွက် အထူးပူပန်သည့်အလျောက် ဆိပ်ကမ်းတွင် ကျန်ရှိနေသော တစ်စီးတည်းသော သင်္ဘောဖြင့် ထွက်ခွာလာတော့သည်။ ပီနာကွတ် အမည်ရှိ ဆွဲသင်္ဘော အဟောင်းကြီးတစ်စီးဖြစ်သည်။ သင်္ဘောအိုကြီးသည် အသွားနှေးပြီး စက်က ဖွတ်ချက် ဖွတ်ချက်နှင့် ပျက်တော့မလိုရှိသော်လည်း ကိုးလ်ကို အချင်းဖြစ်ပွားရာနေရာသို့ စီမံကွပ်ကဲနိုင်ရန် အချိန်မီ ပို့ဆောင်ပေးနိုင်လေသည်။ ဖောလကင် သင်္ဘောဆိုက်ကပ်ထားရာ နယူးလန်ဒန်တွင်လည်း ပုလိပ်တပ်ဖွဲ့ဝင်များနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက ခွင့်ယူထားသော သင်္ဘောသားများအား လိုက်လံခေါ်ဆောင်လျက်ရှိကြပြီး သင်္ဘောပေါ်တွင်ရှိနေသော တာဝန်ကျ သင်္ဘောသားအနည်းငယ်ကလည်း သင်္ဘောအိုကြီး ထွက်ခွာနိုင်ရန်အတွက် ဘွိုင်လာအိုးကို မီးထိုးလျက်ရှိကြသည်။ ရေနွေးငွေ့များကို သင်္ဘောခုတ်မောင်းရန်အတွက်သာမဟုတ်၊ ရေငုပ်ခေါင်းလောင်းကို သင်္ဘောပေါ်သို့ ပြန်လည်

http://www.cherrythitsar.org
www.foreverspace.com.mm


မတင်နိုင်ရန်အတွက်လည်း လိုအပ်လျက်ရှိပေသည်။

ပီနာကွတ် ဆိပ်ကမ်းမှ ထွက်ခွာ၍ ဆယ်မိနစ်အကြာမှာပင် တယ်လီဖုန်းကြိုး ပြတ်သွားသည့် သတင်း ဗိုလ်ချုပ်ထံသို့ ရောက်ရှိလာသည်။ သတင်းဆိုးပင်ဖြစ်သည်။ ထိုတယ်လီဖုန်းသည် ရေအောက်တွင် ပိတ်မိနေသူများနှင့် ဆက်သွယ်ရန် သေရေးရှင်ရေးတမျှ အရေးကြီးသလို ထိုတယ်လီဖုန်းတွင် ရေငုပ်သမားများ ရေငုပ်သင်္ဘောရှိရာသို့ တန်းတန်းမတ်မတ် ရောက်ရှိနိုင်ရန်အတွက် ကြေးနန်းကြိုး တစ်ချောင်းလည်း သွယ်တန်းထားပေသည်။ ဤကြေးနန်းကြိုး မရှိခဲ့လျှင် ရေအောက်ကြမ်းပြင်တွင် ရှိနေသော စကွားလပ်၏ နေရာအတိအကျကို သိရှိနိုင်ရန် နာရီပေါင်းများစွာ ကြန့်ကြာနိုင်သည်။ နေ့ပေါင်းများစွာလည်း ကြန့်ကြာနိုင်ပါသည်။

၁း၁၅ နာရီတွင် ဗိုလ်ချုပ် ကိုးလ်သည် ကျောက်ချထားသော စကာပင် အနီးသို့ ရောက်ရှိသွားကာ ထိုသင်္ဘောပေါ်သို့ ကူးပြောင်းလိုက်သည်။ သူ့စိတ်ထဲတွင် ပူပန် ကြောင့်ကြနေသည်။ တစ်နည်းနည်းဖြင့် စကွားလပ်နှင့် ပြန်ပြီး အဆက်အသွယ်ရရှိရေးပင်ဖြစ်သည်။ စကာပင်မှ သင်္ဘောသားများသည် နောက်ထပ် နေရာပြဗောတစ်ခုကို ပထမ တွေ့ရှိရသော နေရာတွင် မှန်းဆပြီး ချထားလိုက်ကြသည်။ သို့သော် ရေစီးကြောင်းများ ပြောင်းလဲလျက်ရှိသဖြင့် ထိုနေရာပြဗောကို အားထားသင့်သော လမ်းပြတစ်ခုအနေဖြင့် မယူနိုင်ပါချေ။ စကွားလပ် ရှိနိုင်သောနေရာ၏ တောင်ဘက်နှင့် မြောက်ဘက် မိုင် တစ်ရာစီလောက် အကွာတွင် ဗောများကို ချထားရန် ကိုးလ်က အမိန့်ပေးသည်။ ဤနေရာနှစ်ခုအကြားရှိ ရေအောက်ကြမ်းပြင်ကို ထွန်တုံးတိုက်ပြီး ရှာဖွေရန်ဖြစ်သည်။

စကွားလပ်သည် သင်္ဘောအတွင်းတွင်ကား ရုတ်ခြည်းဆိုသလို

www.foreverspace.com.mm
http://www.cherrythitsar.org


အဆက်အသွယ် ပြန်လည် ပြတ်တောက်သွားသဖြင့် စောင့်ဆိုင်းနေကြခြင်းမှာ သည်းမခံနိုင်ဖွယ်ရာပင် ဖြစ်တော့သည်။ အချိန်တွေကလည်း ကုန်ခဲလှသည်။ သင်္ဘောအတွင်း၌ အအေးဓာတ် လွန်ကဲလာမှုကလည်း မခံမရပ်နိုင်အောင်ပင် ဖြစ်တော့သည်။ သင်္ဘောသားများ အားလုံးလောက်၏ အဝတ်အစားများနှင့် စောင်များအားလုံးပင် ကြမ်းပြင်ပေါ်သို့ စိမ့်လာသော ရေများဖြင့် စိုထိုင်းလျက်ရှိတော့သည်။ အသက်ရှူရသည်မှာလည်း မွန်းကျပ်လျက်ရှိသည်။ မည်သူမျှ စကားမပြောပါ။ စကားပြောရန် အားစိုက်ရသည်မှာ မလွယ်သောကြောင့် ဖြစ်သည်။ အခြေအနေကို အနည်းငယ် ထိန်းနိုင်ရန်အတွက် ၎င်းတို့သည် ကြမ်းပြင်ပေါ်သို့ အထူးစီမံထားသော ပေါင်ဒါမှုန့်များကို ဖြူးကြရသည်။ ယင်း ပေါင်ဒါမှုန့်များက ၎င်းတို့ အသက်ရှူသဖြင့် ဖြစ်ပေါ်လာသည့် အဆိပ်အတောက်ဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပစ်ကြသည်။

အသက်ရှူ၍ မရနိုင်သည့်အခါတွင် အသုံးပြုနိုင်ရန်အတွက် လူတိုင်းလိုပင် မမ်ဆမ်လန်း ခေါ် အသက်ရှူ ကိရိယာ တစ်ခုစီ ပေးထားသည်။ ယင်း ကိရိယာသည် ယနေ့ ရေငုပ်သမားများ အသုံးပြုသော အကွာလန်းဟူသော အသက်ရှူ ကိရိယာနှင့် အတူတူပင် ဖြစ်သည်။ ယင်း၏ ပုံသဏ္ဌာန်သည် ရာဘာလက်ဆွဲအိတ် တစ်လုံးနှင့်တူပြီး လည်ပင်းတွင် ဆွဲကာ ခါးတွင်လည်း ကြိုးများနှင့် ပတ်ချည်ထားရသည်။

ဆွီဒီမမ်ဆမ် ဆိုသူသည် အတွေ့အကြုံများပြားသော ရေငုပ်သင်္ဘောသားတစ်ဦး ဖြစ်ပြီး ဤအသက်ကယ် ကိရိယာကို ကြိုးကြိုးပမ်းပမ်းတီထွင်ထားရသည်။ ဤကိရိယာကို သူကိုယ်တိုင် အကြိမ်ပေါင်းများစွာ စမ်းသပ်ခဲ့သည်။ စကွားလပ် အတွင်းရှိ သင်္ဘောသားများသည် မမ်ဆမ်ကို

http://www.cherrythitsar.org

www.foreverspace.com.mm



သူရဲကောင်း တစ်ယောက်အဖြစ် ယူဆထားကြပြီး ၎င်းတို့ ဤ ရေငုပ် သင်္ဘောအတွင်းမှ ထွက်ရမည်ဆိုလျှင် ဤအသက်ရှူကိရိယာနှင့် ရေငုပ် ခေါင်းဆောင်းတို့သည် အရေးကြီးသော ကဏ္ဍမှ ပါဝင်ကြလိမ့်မည်ဟု ၎င်း တို့အားလုံးကပင် သဘောတူညီထားကြသည်။

ပီနာကွတ်သင်္ဘော၏ ပန်ကာသံကို ကြားရသောအခါ သူတို့၏ စိတ်ဓာတ်များသည် မြင့်တက်လာကြရပြန်သည်။ မိတ်ဆွေများသည် လက် တစ်ကမ်းတွင် ရှိနေကြပြီ ဖြစ်သည်။ နောက်ဆုံးတွင် ၎င်းတို့သည် တစ်ခုခု ကိုတော့ လုပ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဆွဲသင်္ဘောသည် သူတို့၏ အထက်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် ဖြစ်နေသည်ကို ကြားသိရ သောအခါ သူတို့ကို ကယ်ဆယ်မည့်လူများသည် သူတို့ရှိနေသည့် နေရာ အတိအကျကို မသိရှိကြသေးကြောင်း ထင်ရှားလာတော့သည်။

သို့ရာတွင် နောက်ထပ် အကူအညီများ လာရောက်လျက်ရှိကြောင်း ကိုကား သူတို့ မသိရှိကြပါချေ။ ဆေးဝါးပစ္စည်းများ တင်ဆောင်ထားသော ဗရွတ်ကလင် အမည်ရှိ သင်္ဘောကြီးသည် နယူးယောက်မြို့မှ ထွက်ခွာလာ နေသည်။ အဆိုပါ သင်္ဘောပေါ်တွင် ရေပိုက်အမြောက်အမြားလည်း ပါရှိ သည်။ ယင်း ရေပိုက်များသည် စက္ကားလပ် သင်္ဘောထဲမှ ရေများကို စုပ် ထုတ်ပစ်ရာတွင် လိုအပ်သည့် ပစ္စည်းများပင် ဖြစ်သည်။ ထိုသင်္ဘော၏ နောက်ဘက်တွင် ဆာဂါမိုးဟူသည့် ဆွဲသင်္ဘော လိုက်ပါလာသည်။ ထို သင်္ဘောပေါ်တွင်ကား စက္ကားလပ်ကို ရေအောက်ကြမ်းပြင်မှ မတင်ရန် လို အပ်သည့် ကယ်ဆယ်ရေး ပစ္စည်းကိရိယာများ ပါရှိသည်။

ထို့အပြင် အရပ်အသီးသီးမှ သင်္ဘောအမျိုးမျိုးတို့သည်လည်း ဘေးဒုက္ခ ရောက်နေသော သင်္ဘောဆီသို့ လာရောက်လျက်ရှိကြသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



ထိုအထဲတွင် အားကိုးစရာ အကောင်းဆုံးကတော့ ဖောလကင် ပင် ဖြစ်သည်။ ၎င်း သင်္ဘောသည် စကွားလပ် အမှန်တကယ် နစ်မြုပ်ပြီး တစ်နာရီအကြာတွင် ၎င်းဆိုက်ကပ်ထားသော နယူးလန်ဒန် သင်္ဘောဆိပ်မှနေ၍ ရေငုပ်ခေါင်းလောင်းနှင့် ရေငုပ်သမားများကို တင်ဆောင်ကာ ထွက်ခွာလျက်ရှိနေသည်။ အားလုံးပင် ခေါင်းအေးအေးနှင့် ကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်လျက်ရှိသည်။

ညနေ ၅း၂၅ နာရီ အချိန်တွင် ရေအောက်ကြမ်းပြင်ကို ထွန်တုံးတိုက်ရှာဖွေလျက်ရှိသော ပီနာကွတ်ကို ကူညီရန် ဆွဲသင်္ဘော ဝင်ဒန် ရောက်ရှိလာသည်။ ၎င်းတို့သည် ထီးပုံသဏ္ဌာန် ချိတ်များဖြင့် စကွားလပ် ကုန်းပတ်လက်ရန်းကို ချိတ်မိနိုင်ရန် ကြိုးစားလျက် ရှိကြသည်။ ရေအောက် ကြမ်းပြင်ပေါ်တွင် ရှိနေသော သင်္ဘောပျက်များကြောင့် သူတို့၏ လုပ်ငန်းသည် နှစ်ဆတိုးကာ ခက်ခဲလျက်ရှိတော့သည်။ ည ၇း၃၀ နာရီတွင်ကား သူတို့သည် သင်္ဘောပျက် အမှန်ဖြစ်သော စကွားလပ်ကို ဆွဲချိတ်မိကြတော့သည်။

ဝင်ဒန်သည် အဆိုပါ နေရာသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ၎င်း၏ အားကောင်းလှသော ရေဒီယိုစက်ဖြင့် စကွားလပ်ကို အဆက်အသွယ် ပြုလုပ်သည်။ စကွားလပ်သည် တစ်ဖက်မှ အဆက်အသွယ် ပြုသည်ကို ကောင်းမွန်ပီပြင်စွာ ကြားကြရသည်။ ကယ်ဆယ်သူများသည် စကွားလပ်၏ လက်ရှိ အခြေအနေကို သတင်းအပြည့်အစုံ သိလိုကြသည်။ မည်သည့်နည်းနှင့် အကြောင်းပြန်ကြားရမည်နည်းဟု နာကွင်း အကြံထုတ်သည်။ နောက်ဆုံးတွင် သူသည် သင်္ဘောသားများကို မျှော်စင်သံထည်အား တူများ သံတုတ်များဖြင့် ထုရိုက်စေသည်။

ဤ လုပ်ငန်းသည် လူတွေကို အတော်ကြီးပင် ပင်ပန်းစေသည်။

www.foreverspace.com.mm
http://www.cherrythitsar.org


သို့သော် ဝင်ဒန် သင်္ဘောမှ သူ သိလိုသော မေးခွန်းများကို အဆက်အပြတ် မေးလျက်ပင် ရှိသဖြင့် သူတို့၏ အချက်ပေးမှု အသံသည် ရေမျက်နှာပြင် အထက်သို့ ရောက်ရှိဟန် မတူပေ။ သို့ရာတွင် နာကွင်းက သူ့လူတွေကို ဆက်ပြီး လုပ်ရန် အားပေးသည်။ သူတို့၏ စိတ်ဓာတ်များကို မြှင့်တင်ပေးသည့်အနေဖြင့် ဖြစ်သည်။ တစ်ခုခုလုပ်နေခြင်းသည် ထိုင်ပြီး စောင့်ဆိုင်းနေရသည်ထက်တော့ အများကြီး ကောင်းပေသည်။ ည ၉း၃၀ နာရီတွင် စကွားလပ်သို့ သတင်းကောင်း ရောက်ရှိလာသည်။

'ခင်ဗျားတို့ သင်္ဘောကို ကျုပ်တို့ ချိတ်နဲ့ ချိတ်မိပြီ'

ဤတွင် စကွားလပ်အတွက် သူတို့ လုပ်ဆောင်နိုင်သည့် လုပ်ငန်းများ ပြီးဆုံးသွားသည်။ ဖောလကင် သင်္ဘောနှင့် ယင်း သင်္ဘောပေါ်တွင် ပါရှိသော ရေငုပ်ခေါင်းလောင်းတို့ ရောက်ရှိလာမှပင် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နိုင်ကြမည် ဖြစ်သည်။

စကွားလပ် အထက်တွင်ရှိနေသော သင်္ဘောများမှ သင်္ဘောသားများသည် ဘာအလုပ်မျှ လုပ်ကိုင်နိုင်ခြင်း မရှိသဖြင့် ထိုင်နေကြရသည်။ စောင့်နေကြရသည်။ မေးခွန်းတွေ ထုတ်နေကြရသည်။ 'ဒီသင်္ဘော ဘယ်အချိန်မှ ရောက်လာမလဲ'၊ 'ဒီသင်္ဘော ရောက်လာတော့ကော ဒီကိရိယာ အသစ်က အလုပ်ဖြစ်ပါ့မလား'။ ဤမေးခွန်းများ၏ အဖြေကို ရေးတေးတေး သိသလို ရှိသူမှာ တစ်ယောက်ပဲရှိသည်။ ဖောလတင် သင်္ဘော ကက်ပတိန် ဗိုလ်ကြီး ဂျော့ရှပ်ပီ ဖြစ်သည်။ သို့သော် သူကလည်း မိုင် ၁၅၀ အကွာမှာ ရှိနေသည်။ နောက်ပြီးတော့ ဖောလကင်သည် ထိုအချိန်တွင် ပိန်းပိန်း ပိတ်နေသော နှင်းတောကြီးထဲတွင် ရောက်ရှိနေသည်။

ဗိုလ်ကြီး ရှပ်ပီက နှင်းတောကြီးကို ကွေ့ဝိုက်ပြီး မောင်းနှင်ကာ

http://www.cherrythitsar.org

www.foreverspace.com.mm



ပီနာကွတ်သင်္ဘောက စကွားလပ်ကို သံချိတ်နှင့် ချိတ်မိနေစဉ်တွင် ကယ်ဆယ်ရေး ခေါင်းလောင်းကို တီထွင်ခဲ့သူ တစ်ဦးဖြစ်သည့် ဆွီဒီမမ်ဆမ်သည် ဆရာဝန် နှစ်ယောက်၊ ရေငုပ် ကျွမ်းကျင်သူ တစ်ယောက်နှင့်အတူ ရေယာဉ်ပျံဖြင့် ပို့စမောက်သို့ ရောက်ရှိလာကြသည်။ ၎င်းတို့သည် ချက်ချင်းဆိုသလို စကာပင် ရှိရာသို့လိုက်ရန် ကမ်းခြေစောင့် သင်္ဘောကလေး တစ်စီးပေါ်သို့ တက်ရောက်ကြသည်။

နောက်တစ်နေ့ နံနက် ၄း၁၅ နာရီတွင် ပူးတွဲ တီထွင်သူ တစ်ဦးဖြစ်သော မက်ကမ်သည်လည်း ရေငုပ်သမား ၁၂ ယောက်နှင့်အတူ ရောက်ရှိလာသည်။ သူတို့လည်း ဆိုးရွားသော ရာသီဥတုနှင့် ကြုံတွေ့ကြရသည်။ ဖောလကင်၏ အရိပ်အယောင်ကိုကား မမြင်ကြရသေး။

ဤအချိန်တွင် ဗိုလ်ချုပ်ကိုးလ်သည် ရေငုပ်ရေးလုပ်ငန်းများအားလုံးကို ဆွီဒီမမ်ဆမ် လက်သို့ လုံးဝ လွှဲအပ်လိုက်သည်။ ဤအကြောင်းကိုလည်း စကွားလပ်သို့ သတင်း ပေးပို့လိုက်သည်။ ဤ သတင်းကို သိရသောအခါ သင်္ဘောသားများသည် အားအင်နွမ်းပါးလျက် ရှိကြသည့်တိုင် အောင်ပင် အားရပါးရ ဩဘာပေးကြသည်။ မမ်ဆမ်သည် သူ၏ ကိရိယာကို ကောင်းမွန်အောင် စမ်းသပ်ရာတွင် သူတို့လို အခြေအနေမျိုး အကြိမ်များစွာပင် ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံ ခံစားခဲ့ရသူ ဖြစ်သည်။ သို့ဖြင့် သူတို့သည် ယခုအခါတွင် သူ့အပေါ်၌ ယုံကြည်မှု အပြည့်အဝ ထားလျက် ရှိကြသည်။

၅း၂၅ နာရီတွင် မိုင်းရှင်း သင်္ဘောပေါင်း ဖောလကင်သည် ဆိုးဝါးသော ရာသီဥတုကို သူနှင့်အတူ ခေါ်ဆောင်ကာ ရောက်ရှိလာတော့သည်။ စကွားလပ် ရေငုပ်သင်္ဘော၏ အထက် တည့်တည့်လောက်တွင်

http://www.cherrythitsar.org

www.foreverspace.com.mm



ကျောက်ချသည့် အလုပ်ကို ခဲရာခဲဆစ် လုပ်ဆောင်တော့သည်။ လေပြင်းတိုက်ခတ်ကာ လှိုင်းလုံးကြီးများ ပြင်းထန်ကြမ်းတမ်းလျက် ရှိသဖြင့် သင်္ဘောသည် မဟုတ်သည့် နေရာများသို့ ရောက်ရှိသွားရသည်။ ရေငုပ်သမားများ၏ အသက်နှင့် ရေငုပ်သင်္ဘောထဲမှ အသက်များသည် သင်္ဘော ကျောက်ချသည့်အပေါ်တွင် အများကြီး တည်ရှိနေပေသည်။ ဖောလကင် သင်္ဘောသည် လေးနာရီကြာမျှ လူးလိုက် လိမ့်လိုက် ဆောင့်လိုက် ခိုက်လိုက်ရှိနေပြီးမှ ကျောက်ကြိုး လေးခုကို စွဲချနိုင်တော့သည်။

နောက်ဆုံးတွင် ရေငုပ်သမား မာတင်ဆီဗစ်စကီသည် လေးလံသော သံဖိနပ်ကြီးများ၊ ကလန်ကလားနိုင်သော ဝတ်စုံနှင့် ဧရာမ သံခမောက် အလုံးကြီးကို ဆောင်းကာ ပီနာကွတ်သင်္ဘော၏ ဘေးတစ်ဖက်မှနေ၍ လျှောချ ဆင်းသက်သွားတော့သည်။ အချိန်မှာ နံနက် ၁၀း၁၄ နာရီဖြစ်သည်။ ဆီဗစ်စကီသည် သင်္ဘောပေါ်မှနေ၍ ပိုက်နှင့် ပို့ပေးနေသော အောက်စီဂျင်နှင့်ဟီလီယမ်ဓာတ်ရောတို့ကို ရှူရှိုက်နေရသည်။ သူ့အဖို့ ရှည်လျားလှသော ဤ အသက်ရှူပြွန်လိုင်းကြီး မပေါက်မကွဲ မပြတ်မတောက်ဖို့အရေးကြီးလှပေသည်။ ဤပြွန်သည် သူ၏ အသက်ရှူ လမ်းကြောင်းပင်ဖြစ်သဖြင့် သူသည် တဖြည်းဖြည်းချင်း သတိထားပြီး ဆင်းနေရသည်။

ရေအောက်သို့ ရောက်သွားသည်နှင့်အမျှ ရေသားကလည်း ပို၍ နက်မှောင်လာတော့သည်။ သို့သော် ရုတ်ခြည်းဆိုသလိုပင် စကွားလပ်၏ ကြီးမားလှသော ပုံသဏ္ဍာန်ကို တွေ့မြင်လိုက်ရသည်။ သူ၏ လေးလံသော ဖိနပ်များသည် မကြာမတင်မီမှာပင် စကွားလပ်၏ ကိုယ်ထည်ပေါ်သို့ နင်းမိတော့သည်။ ထို့အပြင် ကံကောင်းသည့် အချက်တစ်ခုကတော့ ပီနာကွတ်သင်္ဘောက ချိတ်ဆွဲထားသော ကြိုးတန်းသည် သူ သွားရောက်ရမည့်

www.foreverspace.com.mm


အရေးပေါ် ထွက်ပေါက်အနီးရှိ လက်ရန်းတွင် ချိတ်မိလျက် ရှိပေသည်။

မမ်ဆမ်ထံသို့ သူ သတင်းပို့လိုက်သောအခါ အသက်ကယ်ခန်း အချအတင် သံမဏိကြိုးတန်းကို ချပေးလိုက်သည်။ ဆီဗစ်စကီသည် ကြိုးစကို လက်ဖြင့် လှမ်းဖမ်းရာ နှစ်ကြိမ်မျှ လွတ်သွားပြီး တတိယအကြိမ်တွင်မှ မိကာ ကြိုးစကို အသက်ကယ်ပေါက် အထက်ရှိ သံကွင်းတွင် ချိတ်ဆက်လိုက်သည်။ ထို့နောက်တွင် တဖြည်းဖြည်းချင်းနှင့် သတိကြီးစွာထားပြီး အပေါ်သို့ ပြန်တက်ရသည်။

စကွားလပ် အတွင်းရှိ လူများသည် သူတို့ အထက်ဘက် သင်္ဘောကိုယ်ထည်ပေါ်တွင် လျှောက်နင်းလျက်ရှိသော ရေငုပ်သမား၏ ဖိနပ်သံလေးလေးကြီးကို ကြားရသောအခါ အသက်မရှူနိုင်လောက်အောင်ပင် ရင်တထိတ်ထိတ် ရှိနေကြရသည်။ ယခုအခါတွင် လူအားလုံး၏ ကျန်းမာရေး အခြေအနေမှာ ဆိုးဝါးလျက် ရှိချေပြီ။ အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး ထုံထိုင်းလျက် ရှိကြပြီး လေထဲတွင် အောက်စီဂျင်ဓာတ် အနိမ့်ဆုံး အဆင့်သို့ ရောက်ရှိနေလေပြီ။ ယင်း အတွက် သူတို့သည် မအီမသာ ဖြစ်နေကြသည်။ ခေါင်းတွေ ကိုက်ပြီး ခြေတွေလက်တွေ နာကျင် ကိုက်ခဲကြရသည်။ ကာဗွန်ဒိုင်အောက်ဆိုက် အဆိပ်သင့်ခြင်း၏ ရှေ့ဦး လက္ခဏာများပင် ဖြစ်တော့သည်။ မကြာမီမှာပင် သူတို့သည် သတိလစ်ကာ မေ့မျောကုန်ကြတော့မည်ဖြစ်သည်။ သို့သော် အသက်ကယ်ခေါင်းလောင်းကြီးသည် ယခုအခါ သူတို့ထံသို့ လာရောက်နေပြီ ဖြစ်ကြောင်းကိုလည်း အသေအချာ အခိုင်အမာ သိနေကြပြီ ဖြစ်သဖြင့် ယင်း အချက်က သူတို့၏ အသက်များကို အောင့်ထားရန် အားပေးလျက် ရှိနေပါသည်။

၎င်းတို့အနက် အားလုံးလောက်သည်ပင် ဤအသက်ကယ် အိမ်

http://www.cherrythitsar.org

www.foreverspace.com.mm



ကလေးကို တွေ့မြင်ဖူးကြပါသည်။ ရေငုပ်ခေါင်းလောင်းဖြင့် ကယ်ဆယ်ရေး လုပ်ငန်းသည် သူတို့ လေ့ကျင့် သင်ကြားခဲ့ရသော သင်တန်းများတွင် တစ်ခု အပါအဝင် ဖြစ်ခဲ့ရသည်။ ယခုအခါတွင် သူတို့သည် ဤ သင်တန်း အကြောင်းကို ပြန်မစဉ်းစားဘဲ မနေနိုင်ကြတော့ပါ။ ဤ ကယ်ဆယ်ရေး ကိရိယာကြီးသည် ဧရာမ သံမဏိ ခေါင်းလောင်းကြီးတစ်လုံးကို မှောက်ထား သည့်အလားပင် ဖြစ်သည်။ ၎င်းသည် အမြင့် ၁၀ ပေ၊ အချင်း ၇ ပေ ရှိပြီး အထဲတွင် မောင်းနှင်သူနှင့် ခရီးသည်များ စီးနင်းရန် ဗဟို အခန်းကြီးတစ်ခု ပါရှိသည်။ ခေါင်းလောင်း၏ အောက်ဘက်တွင် ရေငုပ်သင်္ဘော အသက်ကယ် ပေါက်ကို ငုံအုပ်နိုင်သော အပေါက်တစ်ခု ပါရှိသည်။ ယင်း 'ငုံပေါက်'သည် ရေငုပ်သင်္ဘော၏ အသက်ကယ်ပေါက်ကို ငုံအုပ်မိသောအခါ ငုံပေါက် အတွင်းရှိ ရေများကို စုပ်ထုတ်ပစ်နိုင်လေသည်။ ငုံပေါက် အတွင်း၌ ရေများ မရှိသောအခါ ရေငုပ်သင်္ဘော အတွင်းမှ သင်္ဘောသားများသည် အသက် ကယ်ပေါက်ကို ဖွင့်ပြီး ကယ်ဆယ်ရေး ခေါင်းလောင်းအတွင်းသို့ ဝင်ရောက် နိုင်ကြမည် ဖြစ်သည်။ ရေငုပ်ခေါင်းလောင်းကို ရေငုပ်သင်္ဘောသို့ ရောက်ရှိ အောင် ဝန်ချီစက်ဖြင့် သံမဏိကြိုးတန်း အတိုင်း ချရမည်ဖြစ်သည်။ ဤသို့ ပြုလုပ်ရသည်မှာ လွယ်ကူသည့် သဘောဖြစ်သော်လည်း လူအားလုံးပင် ဘုရားတကာ အထစ်အငေါ့ မရှိပါစေနှင့်ဟု ဆုတောင်းနေကြရသည်။

ရေငုပ်ခေါင်းလောင်းကို နံနက် ၁၁း၃၀ နာရီတွင် အောက်သို့ ချသောအခါ ကံကောင်းထောက်မသဖြင့် ရာသီဥတု ကောင်းမွန်လာပြီး ပင်လယ်ပြင်မှာလည်း အလွန်ပင် သာယာငြိမ်သက်လျက် ရှိတော့သည်။ ပထမဆုံး အကြိမ်အဖြစ်နှင့် အမှန်တကယ် ကယ်ဆယ်ရေးလုပ်ငန်းတွင် ခေါင်းလောင်းကို မောင်းနှင်ရသူ နှစ်ဦးမှာ ဂျွန်မီဟာလိုစကီနှင့်

www.foreverspace.com.mm



ဝေါ်လာတာဟာမွန်တို့ ဖြစ်သည်။ ခေါင်းလောင်းကြီး မည်သို့ အလုပ်လုပ်သည်ကို သိရှိနိုင်ရန်အတွက် ပထမအခေါက်တွင် လူ ခုနှစ်ယောက်ကိုသာ သယ်ဆောင်ခဲ့ရန် ၎င်းတို့ကို မမ်ဆမ်က ညွှန်ကြားချက် ပေးလိုက်သည်။

ရေမျက်နှာပြင်ပေါ်သို့ တက်ရောက်သည့် ပထမအခေါက်တွင် လိုက်ပါရန် လူခုနှစ်ယောက်ကို ရွေးချယ်ထားရန် နာကွင်းထံသို့ အကြောင်းကြားလိုက်သည်။ သို့ဖြင့် နာကွင်းသည် နီကိုးလ်အမည်ရှိသော အရာရှိတစ်ဦးမှတစ်ပါး ခွန်အားအနည်းပါးဆုံး ဖြစ်နေသော သင်္ဘောသား ခြောက်ယောက်ကို ရွေးချယ်လိုက်သည်။ နီကိုးလ်က အထက်အရာရှိများထံ သတင်းပို့ရမည် ဖြစ်သည်။ ၁၂ နာရီ ကျော်ကျော်တွင် ကယ်ဆယ်ရေး အိမ်ကလေးသည် အသက်ကယ်ပေါက်ပေါ်တွင် နေသားတကျ ငုံအုပ်မိသွားသည်။ ခေါင်းလောင်း၏ အောက်ဆုံးခန်း အတွင်းမှ ပင်လယ်ရေများကိုလည်း စုပ်ထုတ်ပစ်လိုက်ကြသည်။ ထို့နောက် ရေငုပ်သင်္ဘော အတွင်းသို့ ဝင်ရောက်နိုင်ရန် အပေါက် နှစ်ပေါက်ကို ဖွင့်လိုက်ကြသည်။

ရေငုပ်သင်္ဘော အတွင်းရှိ လူများ ပထမဦးဆုံး ခံစားလိုက်ရသည်ကတော့ ကယ်ဆယ်ရေးအိမ်အတွင်းမှ တစ်ဆင့် ဝင်ရောက်လာသော လေကောင်း လေသန့်ကို ရှူရှိုက်ကြရခြင်းပင် ဖြစ်သည်။ သူတို့၏ အင်အားနွမ်းပါးနေသော အဆုတ်များအတွင်းသို့ လေကောင်းလေသန့်များ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူတို့သည် ရေထဲသို့ ပြန်ရောက်သွားသောငါးများကဲ့သို့ ပြန်လည် လန်းဆန်းသွားကြတော့သည်။ အသက်ကယ်ပေါက်မှ နေ၍ စိုးရိမ်ပူပန်သော အပြုံးဖြင့် ငုံ့ကြည့်နေသော မီဟာလိုစကီကို တွေ့မြင်ကြရသောအခါ ကာလ ကြာညောင်းစွာဖြင့် စောင့်မျှော်နေခဲ့ရသော ကယ်ဆယ်သူများ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် သူတို့သည် ဟစ်အော်

http://www.cherrythitsar.org

www.foreverspace.com.mm



ကြွေးကြော်ခြင်းများ မပြုလိုက်ကြပါ။ ဤသို့ပြုလုပ်ရန်မှာ သည်အချိန် သည်အခါတွင် သူတို့ မစွမ်းဆောင်နိုင်သော အလုပ်တစ်ခုပင် ဖြစ်တော့သည်။

ရွေးချယ်ထားသော လူ ခုနှစ်ယောက်ကို အသက်ကယ် အိမ်ပေါ်သို့ တင်ဆောင်ပြီးနောက် ကျန်ရစ်ခဲ့သူများအတွက် ကော်ဖီပူပူ အသားညှပ်ပေါင်မုန့်များနှင့် ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူသော ပေါင်ဒါမှုန့်များကို ချပေးသည်။ ဦးပိုင်း တော်ပီဒိုခန်းထဲသို့ လေကောင်း လေသန့်များ ပို့သွင်းအပြီးတွင် ၁၅ မိနစ်ခန့်မျှ ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ခေါင်းလောင်းကြီးသည် ရေငုပ်သင်္ဘောနှင့် ဆက်သွယ်ထားမှုကို ဖြုတ်ကာ ရေမျက်နှာပြင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်သွားလေတော့သည်။ ရေငုပ်ခေါင်းလောင်းအတွင်းမှ ပထမဆုံး ထွက်ရသူမှာ နီကိုးလ်ဖြစ်သည်။ ဖောလကင်သင်္ဘောကုန်းပတ်ပေါ်သို့ သူ၏ ဒယီးဒယိုင် ခြေလှမ်းများ ချမိသည်နှင့် တစ်ပြိုင်နက် ဤ အချိန်ကာလကို နာရီပေါင်းများစွာ စောင့်ဆိုင်းနေကြရသော သင်္ဘောအသီးသီးရှိ သင်္ဘောသားများထံမှ သြဘာသံကြီး တစ်ခဲနက် ထွက်ပေါ်လာတော့သည်။ ဤ လူစုကလေးကို ပင်လယ်ကြီးအတွင်းမှ ဆယ်ယူလိုက်ခြင်းသည် သူတို့ ကြိုးပမ်းမှုများ အောင်မြင်ခြင်းပင် ဖြစ်တော့သည်။

ညနေ သုံးနာရီတွင် ခေါင်းလောင်းကြီး တစ်ခေါက် ပြန်ဆင်းလာပြီး လူ ကိုးယောက်တို့ကို သယ်ဆောင်သွားသည်။ နောက် သုံးနာရီ အကြာတွင် နောက်ထပ် ကိုးယောက်ကို သယ်ယူသွားပြန်သည်။ သုံးဆယ့်သုံးယောက် အနက် နာကွင်းနှင့် ခုနှစ်ယောက်သာ ရေငုပ်သင်္ဘောပေါ်တွင် ကျန်ရှိနေတော့သည်။ ဤ တစ်ခေါက်တွင် မမ်ဆမ်သည် ဟာမွန်အစား မက်ဒေါနယ်ဟုခေါ်သော ရေငုပ်သမား တစ်ယောက်ကို ပြောင်းလဲလိုက်သည်။ ယခုအချိန်အထိ အားလုံးပင် လွယ်လွယ်ကူကူ ချောချောမောမော ရှိနေသဖြင့်

http://www.cherrythitsar.org

www.foreverspace.com.mm



ကျေနပ်အားရနေသော မမ်ဆမ်သည် ရေမျက်နှာပြင်အောက်သို့ ခေါင်းလောင်းကြီး နောက်ဆုံးအကြိမ် ငုပ်ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ကယ်ဆယ်ရေးလုပ်ငန်းများ အားလုံးသည် ည ကိုးနာရီအချိန်တွင် ပြီးစီးမည်ဟု တွက်ချက်လိုက်သည်။ ရာသီဥတုကလည်း ပြန်လည်ဆိုးဝါးလာပြီး ညမှောင်ကလည်း နက်ရှိုင်းလာနေပြီ ဖြစ်သဖြင့် ပြီးစီးသည့် အချိန်သည် အနေတော်ကလေးပင် ဖြစ်ပေသည်။ ယခုအချိန်အထိတော့ နောက်ဆုံး အခေါက်သည်လည်း ချောမော ပြေပြစ်လျက်ရှိပါသည်။ ရေတပ်မတော်၏ ထုံးတမ်းစဉ်လာအတိုင်း နာကွင်းသည် ကက်ပတိန်ဖြစ်သည့်အလျောက် ခေါင်းလောင်းပေါ်သို့ နောက်ဆုံးမှ တက်ရောက်ရပြီး ကံမကောင်း အကြောင်းမလှသော စကွားလပ် အသက်ကယ်ပေါက်ကို နောက်ဆုံး အဖြစ်နှင့် စိတ်မကောင်းစွာ ပိတ်လိုက်ရသည်။

ကယ်ဆယ်ရေး ခေါင်းလောင်းကြီးသည် စကွားလပ်ပေါ်မှ ဆွဲတင်ကာ ရေမျက်နှာပြင်ဆီသို့ တဖြည်းဖြည်းချင်း တက်သွားလျက်ရှိသည်။ ရေမျက်နှာပြင်သို့ ရောက်ရန် ပေ ၁၆၀ ခန့်အလိုတွင် ခေါင်းလောင်းကြီးသည် ရုတ်တရက်ဆိုသလို ခလောက်ဆန်ပြီး ရပ်တန့်သွားသည်။ ဆက်သွယ်ရေးကြိုးကြီးသည် တစ်နည်းနည်းဖြင့် ငြိနေတော့သည်။ ခေါင်းလောင်းကြီးအတွင်းမှ လူများသည် ရေမျက်နှာပြင်နှင့် ရေအောက်ကြမ်းပြင်အကြားတွင် တွဲလောင်းကြီး ရှိနေကြတော့သည်။ အသေနှင့် အရှင်ကြားတွင် ရောက်ရှိနေခြင်းဖြစ်သည်။ အင်မတန် ဆိုးဝါးသော ကာလတစ်ခုပင် ဖြစ်တော့သည်။

သူတို့အနေနှင့် လုပ်စရာ အလုပ်တစ်ခုပဲရှိသည်။ ခေါင်းလောင်းကြီးကို ရေအောက်ကြမ်းပြင်သို့ ပြန်ချပြီး ရှုပ်ထွေး ငြိတွယ်နေသော ကြိုးများကို ရေငုပ်သမားများက ဆင်းပြီး ရှင်းလင်းကြရန်ပင် ဖြစ်သည်။ ရေငုပ်သမား

http://www.cherrythitsar.org

www.foreverspace.com.mm



သည် ရှုပ်ထွေးနေသော ကြိုးကို ကြိုးစားပြီး ရှင်းလင်းသော်လည်း ဘယ်လိုမှ ရှင်း၍မရသည့်အဆုံးတွင် ဖြတ်ပစ်လိုက်ရသည်။ ယင်းသို့ ကြိုးတန်းကို ဖြတ်ပစ်လိုက်သည့်အတွက် ခေါင်းလောင်းကြီးသည် အထိန်းအသိုင်း မရှိတော့ဘဲ ရေထဲတွင် ဒန်းလွဲလျက် ရှိတော့သည်။ ၎င်းကို သည်အတိုင်းပင် ဝန်ချီစက်ဖြင့် ဆွဲတင်ကြရတော့မည်။ ယင်းသို့ဖြင့် ခေါင်းလောင်းကြီးကို တစ်ကြိမ်ဆွဲတင်ကြရပြန်သည်။ ဤအခါတွင်လည်း ခေါင်းလောင်ကြီးကို ဆွဲတင်သော သံမဏိကြိုးသည် ရုတ်တရက် ပြတ်ထွက်သွားတော့မည့် အခြေအနေရှိသည်ကို ထိတ်လန့်စွာ တွေ့မြင်ကြရပြန်သည်။

သံမဏိကြိုးကို မည်သည့်နည်းနှင့်မျှ အပြတ်မခံနိုင်ပါ။ ကြိုးပြတ်သွားသည်နှင့် တစ်ပြိုင်နက် ခေါင်းလောင်းကြီးနှင့်တကွ ခေါင်းလောင်းကြီးအတွင်းရှိ လူများ လမ်းဆုံးပြီ ဖြစ်သည်။

ယင်းသို့ဖြင့် နာကွင်းနှင့် ကံမကောင်းသော သူ၏သင်္ဘောသားများသည် ရေအောက်ကြမ်းပြင်သို့ တစ်ကြိမ်ပြန်ပြီး ဆင်းကြရပြန်သည်။ ရေငုပ်သမားများ အောက်သို့လွှတ်ပြီး ကယ်ဆယ်ရေး ခေါင်းလောင်းကြီးကို သံမဏိကြိုး အသစ်များဖြင့် ချည်နှောင်စေရသည်။ သို့သော် ရေငုပ်သမားများအပေါ်တွင် ရေထုက ပေ ၂၀၀ လောက် ဖိထားပြီး အအေးဒဏ်နှင့် အမှောင်ထုကလည်း လွန်ကဲလှသဖြင့် မည်သို့မျှ အလုပ်မဖြစ်နိုင်ဘဲ ရှိနေသည်။ ညသန်းခေါင် အချိန်သို့ရောက်သောအခါတွင်ကား မမ်ဆမ်သည် ရေငုပ်သမားများကို ပြန်ခေါ်ပြီး ထိုအကြံအစည်ကို လက်လျှော့လိုက်ကြရသည်။ သူတို့အနေနှင့် လုပ်လို့ဖြစ်နိုင်စရာရှိသည့် နည်းလမ်းတစ်ခုပဲ ရှိတော့သည်။ သူတို့သည် နာနေပြီဖြစ်သော ကြိုးနှင့်ပင် ခေါင်းလောင်းကြီးကို လက်ဖြင့် ဆွဲတင်ကြရန် ဖြစ်သည်။ ခေါင်းလောင်းကြီး ရေမျက်နှာပြင်ပေါ်သို့

http://www.cherrythitsar.org



www.foreverspace.com.mm

မရောက်ခင် ပြတ်မကျပါစေနှင့်ဟုသာ ဆုတောင်းကြရုံသာ ရှိတော့သည်။

ခေါင်းလောင်းကြီးကို ဝန်ချီစက်ဖြင့် မဟုတ်ဘဲ လက်ဖြင့် ဆွဲတင်ကြရသည့် အလုပ်မှာ နှေးကွေးလှပြီး အင်မတန် ပင်ပန်းသည့် အလုပ်ပင် ဖြစ်တော့သည်။ သို့သော် အလုပ်ဖြစ်ပါသည်။ ည ဆယ့်နှစ်နာရီခွဲ အချိန်တွင် ပင်ပန်းနွမ်းနယ်နေသော စကွားလပ် သင်္ဘောသားများသည် ဖောကလင် သင်္ဘောကုန်းပတ်ပေါ် သို့ ဒယီးဒယိုင်ဖြင့် ရောက်ရှိလာကြတော့သည်။ သေရာမှ ရှင်ရာသို့ ပြန်လည် ရောက်ရှိလာကြခြင်းပင် ဖြစ်သည်။

စကွားလပ် ရေငုပ်သင်္ဘော နစ်မြုပ်ခြင်းနှင့် အသက်မသေ ကျန်ရှိနေသော သင်္ဘောသားများကို ကယ်တင်နိုင်ခြင်းသည် အမေရိကန် ရေတပ်မတော်အတွက် ဂုဏ်ယူစရာပင် ဖြစ်တော့သည်။ အစမှ အဆုံးအထိ အစီအစဉ် ကျနစွာ ဆောင်ရွက်နိုင်ခဲ့သည့် အရာရှိများ၏ ခေါင်းအေးအေးနှင့် ဦးဆောင်နိုင်မှုနှင့် ရေငုပ်သမားများ၏ သတ္တိနှင့် ဇွဲလုံ့လတို့ကြောင့်ပင် ဖြစ်သည်။ သို့သော် အထူး ကံကောင်းသည့် အချက်ကတော့ စကွားလပ်သင်္ဘော မြေပြင်ညီ အနေအထားတွင် ရှိနေခြင်းနှင့် ရေအောက် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် ရာသီဥတု ကောင်းမွန် သာယာနေခြင်းပင် ဖြစ်သည်။ အကယ်၍သာ စကွားလပ်သည် ဤကဲ့သို့ အနေအထား ကောင်းကောင်းတွင် ရှိမနေဘဲ ရာသီဥတုကလည်း ကြမ်းတမ်းဆိုးရွားနေခဲ့မည်ဆိုလျှင် စကွားလပ် ဇာတ်လမ်းသည် မတူခြားနားသော ဇာတ်လမ်းတစ်ခု ဖြစ်နိုင်ပါတော့သည်။

* * *

http://www.cherrythitsar.org

www.foreverspace.com.mm



# အမှားတစ်ချက် အသက်များစွာ

၁၉၃၉ ခုနှစ်သို့ ရောက်ရှိသောအခါတွင်ကား ရေငုပ်သင်္ဘောများကို အထူးပင် တန်ဖိုးထား လေးစားနေကြပြီ ဖြစ်သည်။ ၎င်းတို့ မည်မျှ တန်ဖိုးရှိသည်ကို ပထမကမ္ဘာစစ်ကြီးတွင် ပြသခဲ့ကြပြီ ဖြစ်သည်။ သို့ဖြင့် ၎င်းတို့သည် ကမ္ဘာ့ ရေတပ်မတော် အသီးသီးတွင် သတ်မှတ်ထားသော တရားဝင် အစိတ်အပိုင်းများ ဖြစ်နေကြတော့သည်။ စကွားလပ် ရေငုပ်သင်္ဘော၏ သည်းထိတ်ရင်ဖို ဇာတ်လမ်းသည် တစ်ကမ္ဘာလုံးကို စိတ်ဝင်စားစေခဲ့သည်။ ရေငုပ်သင်္ဘော အသစ်တစ်စီးသည် စမ်းသပ် ခုတ်မောင်းစဉ် အတွင်း မရှင်းပြနိုင်သော ချွတ်ယွင်းချက်ကလေးတစ်ခုကြောင့် ပင်လယ်ရေပြင်အောက်တွင် နစ်မြုပ်နေခဲ့ရသည်။ သို့သော် လူသားတို့၏ ဇွဲသတ္တိနှင့် ရဲရင့်မှုကြောင့် ၎င်းတို့ကို သေတွင်းဝမှ ပြန်လည် ကယ်တင်နိုင်ခဲ့ကြသည်။

သို့သော် ဤလို အဖြစ်မျိုးကို နောက်တစ်ကြိမ် ဖြစ်ပွားလိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထားပါ။ သည်လို အဖြစ်မျိုးက ဆယ်ရေးတစ်ရေး ကိုးရေး တစ်ရာ သာ ဖြစ်သည်။ ယင်းကြောင့်လည်း ဗြိတိသျှ ရေတပ်မတော်က ၎င်း၏ တီအမျိုးအစား ရေငုပ်သင်္ဘော အသစ်တစ်စီး တက်သစ်ကို စကွားလပ် နစ်မြုပ်ပြီး ရှစ်ရက်မျှအကြာ ၁၉၃၉ ခု၊ ဇွန်လ တစ်ရက်နေ့တွင် စမ်းသပ် မောင်းနှင်သောအခါ ကယ်ဆယ်ရေးလုပ်ငန်းများကို တစ်စုံတစ်ရာ ပြင်ဆင်ထားခြင်း မရှိခဲ့ပါ။

တက်တစ်သည် နောက်ဆုံးပေါ် ဗြိတိသျှ ရေငုပ်သင်္ဘောတစ်စီး ဖြစ်သည်။ ဗီကင်ဟက်ရှိ ကင်းမဲလိတ် သင်္ဘောကျင်းမှ မကြာခင်ကမှ ထုတ်လုပ်လိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ပေရှည် ၂၇၅ ပေသာ ရှိသဖြင့်

http://www.cherrythitsar.org

www.foreverspace.com.mm



စကွားလပ်နှင့် ယှဉ်လျှင် ပေ ၄၀ လောက် တိုပြီး အလေးချိန်လည်း တန် လေးငါးရာခန့် ပေါ့ပေသည်။

နေရောင်ခြည် ဝင်းပနေသော နံနက် ကိုးနာရီ မိနစ် ၄၀ အချိန် တွင် တက်သစ်သည် မာဆေးမြစ်အတိုင်း စုန်ဆင်းကာ လီဗာပူ ပင်လယ် အော်ဆီသို့ ခုတ်မောင်းသွားသည်။ တစ်သစ်သင်္ဘော စတင် ခုတ်မောင်းခြင်း အခမ်းအနားသည် လုပ်ရိုးလုပ်စဉ် အခြား ရေငုပ်သင်္ဘောများ စတင် ခုတ် မောင်းခြင်း အခမ်းအနားထက် များစွာမှပင် ပိုမို ခမ်းနားလှပေသည်။ အကြောင်းမှာ အရေးပါသော ဤလို ရေငုပ်သင်္ဘောမျိုးကို ကင်းမဲလိတ် သင်္ဘောကျင်းအနေနှင့် ပထမဆုံးအကြိမ် ထုတ်လုပ်နိုင်ခြင်း ဖြစ်သော ကြောင့်ပင်တည်း။ ယင်းအတွက် သူတို့က ဤအထိမ်းအမှတ်ကို တခမ်းတနား ပင် ဆင်ယင် ကျင်းပလိုကြသည်။ ရေငုပ်သင်္ဘောပေါ်တွင် ပုံမှန်သင်္ဘောသား ၅၃ ယောက်နှင့်အတူ ဧည့်သည်တော် ၅၀ကို ခေါ်ဆောင်သွားသည်။ ထိုအခါ သင်္ဘောပေါ်တွင် လူပေါင်း ၁၀၃ ယောက်ဖြစ်သွားပြီး သတ်မှတ် ထားသော အရေအတွက်ထက် နှစ်ဆ ဖြစ်သွားသည်။

ရေငုပ်သင်္ဘောပေါ်တွင် လိုက်ပါလာသော အပို ခရီးသည်များကား ကင်းမဲလိတ် သင်္ဘောကျင်းမှ လေ့လာသူများနှင့် ရေငုပ်သင်္ဘောလောကမှ အရေးပါသော ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။ အခြား ရေငုပ်သင်္ဘောများမှ အရာရှိများ၊ ဤစမ်းသပ် မောင်းနှင်မှုပြီးလျှင် တက်တစ်တွင် တာဝန် ထမ်း ဆောင်ရမည့် ရေယာဉ်စုမှ အထက်တန်း အရာရှိကြီးများနှင့် လန်ဒန်မြို့ ရေတပ်မတော် ဌာနချုပ်မှ အရာရှိကြီးများ ဖြစ်ကြသည်။ စာရင်းချုပ် လိုက် သောအခါ ပြည့်ကျပ် ပွတ်သိပ်နေသော ရေငုပ်သင်္ဘောတစ်စီး ဖြစ်တော့ သည်။ အခန်းတိုင်းမှာပင် လူတွေ ပြည့်ကျပ်လျက်ရှိသည်။

**ရတနာပုံစာအုပ်တိုက်**

http://www.cherrythitsar.org

www.foreverspace.com.mm



ပြည့်ကျပ် ပြွတ်သိပ်လျက်ရှိသော်လည်း ကင်းမဲ့လိတ် သင်္ဘောကျင်းက စီမံ တည်ခင်းသော နေ့လယ်စာကို အားလုံးပင် ခံတွင်းတွေ့ကာ ပျော်ရွှင် ချမ်းမြေ့လျက် ရှိကြသည်။ ရာသီဥတုကလည်း ကောင်းမွန်လှသဖြင့် သင်္ဘောကက်ပတိန်မှအစ သင်္ဘောသားများနှင့် ခရီးသည်များ အားလုံးပင် ပျော်ရွှင်ဖွယ်ရာ ခရီးတစ်ခုအဖြစ် မျှော်လင့်ထားကြသည်။

တက်တစ်၏ နောက်မှ ဆွဲသင်္ဘော ဂရီကော့ လိုက်ပါသွားသည်။ ၎င်း၏ တာဝန်မှာ ရေငုပ်သင်္ဘော ရေအောက်သို့ ငုပ်ဆင်းသောအချိန်တွင် ဆက်လက် လိုက်ပါလိုခြင်း မရှိသော ခရီးသည်များကို ပြန်လည် သယ်ဆောင်ရန် ဖြစ်သည်။ သို့ရာတွင် နေ့ခင်း တစ်နာရီခွဲခန့် အချိန်တွင် ဤအကြောင်းကို စကားပြော အော်လံဖြင့် ကြေညာသောအခါ ထင်သည့်အတိုင်းပင် ဧည့်သည်များ အားလုံး ရေငုပ်သင်္ဘောနှင့်အတူ လိုက်ပါရန် ဆုံးဖြတ်ကြသည်။ သို့ဖြင့် ဂရီကော့သည် လေ့လာသူတစ်ဦး၏ တာဝန်သာ ရှိတော့သဖြင့် ရေငုပ်သင်္ဘော ငုပ်ဆင်းမည့် နေရာ၏ လက်ဝဲဘက် တစ်မိုင်ကွာလောက်တွင် ကျောက်ချပြီး နေတော့သည်။

ပုံမှန် ပြုလုပ်ရမြဲ ပြင်ဆင်မှုများကို ပြုလုပ်ပြီးပြီဖြစ်သည်။ ရေမဝင်စေရန် ကုန်းပတ်ပေါက်များ အားလုံးကိုလည်း ပိတ်ပြီးပြီဖြစ်သည်။ အောက်သို့ ငုပ်ဆင်းရန်အတွက် ရေယက်များ အားလုံးကို အသင့်ပြုလုပ်ပြီး ဖြစ်သည်။ အလေးချိန် ရရှိစေရန် အငြိမ်ထိန်း ဝန်ပိုးကန်များအားလုံးကိုလည်း ရေဖြည့် ပြီးကြပြီ ဖြစ်သည်။ လူအပို ငါးဆယ်၏ အလေးချိန်ကလည်း ရှိနေသဖြင့် ရေအောက်သို့ ငုပ်ဆင်းနိုင်ရန်အရေးမှာ ဘာမျှ ခက်ခဲစရာ မရှိပါချေ။ သို့ရာတွင် အံ့သြစရာကောင်းသည်ကတော့ တက်သစ်သည် ဘာမျှ မဖြစ်သလိုပင် ရေပြင်ပေါ်မှာပဲ ဆက်ပြီး သွားနေသည်။ ရေအောက်သို့ ငုပ်ဆင်းသွားခြင်း မရှိပါ။

http://www.cherrythitsar.org

www.foreverspace.com.mm



ထိုအခါ ရေငုပ်သင်္ဘော ကက်ပတိန်ဖြစ်သော ဗိုလ်မှူး ဂိုင်းဘိုလပ်သည် အပိုဆောင်းထားသော အငြိမ်ထိန်းကန် အားလုံးကို ရေဖြည့်စေသည်။ ထို့နောက် ထုံပေပေ လုပ်နေသော ရေငုပ်သင်္ဘောကြီးကို ရေအောက်သို့ ငုပ်ဆင်းစေရန် သူ တတ်သမျှ မှတ်သမျှ နည်းမျိုးစုံဖြင့် ဆောင်ရွက်နေတော့သည်။ တစ်နာရီလောက်ကြာသောအခါ ရေငုပ်သင်္ဘောကြီးက အနိုင်ရရှိသွားတော့မည့်ပမာ ဖြစ်သည်။ ၎င်းသည် ရေအောက်သို့ ပေအနည်းငယ်မျှလောက်သာ ငုပ်ဆင်းသည်။ အတော်ပင် ကသိကအောက်နိုင်သော အခြေအနေ ဖြစ်သည်။

ထိုအခါ တော်ပီဒို အရာရှိဖြစ်သော ဗိုလ်ကြီး ဝုဒ်သည် သူ့ဌာနမှ အမှားအယွင်း ဖြစ်ချေမည်လောဟု စိုးရိမ်သွားမိသည်။ သို့ဖြင့် သူသည် တော်ပီဒို ပြွန်လုံးများကို စစ်ဆေးရန် အလျင်အမြန် သွားရောက်သည်။ တက်တစ်၏ ဦးပိုင်းတွင် တော်ပီဒိုပြွန်လုံး ခြောက်ခုရှိသည်။ ပုံမှန်အားဖြင့် ဆိုလျှင် ဤပြွန်လုံးကြီးများထဲတွင် လေးလံသော တော်ပီဒိုဗုံးကြီးများ ထည့်ထားသည်။ ပြွန်လုံး၏ အပြင်ဘက် အပေါက်ကို ဖွင့်လိုက်လျှင် ၎င်းတို့ကို ရေထုထဲသို့ ကျည်ထောင့်တစ်ခုပမာ ပစ်လွှတ်နိုင်ပေသည်။ သို့သော် ယခုလို စမ်းသပ်ခုတ်မောင်းသည့် အခါမျိုးတွင်ကား တော်ပီဒို ဗုံးများကို ထားခဲ့ကြလေ့ရှိသည်။ ပြွန်လုံးကြီးများတွင် တော်ပီဒိုများ မရှိကြသဖြင့် အလေးချိန်ပေါ့မနေစေရန် ၎င်းတို့ကို ရံဖန်ရံခါပင် ဝန်ပိုးကန်များထဲတွင် ရေပေါင်ချိန် ၈၀၀ မျှစီ ဖြည့်ထားလျှင် ရေငုပ်သင်္ဘောသည် ရေအောက်သို့ ငုပ်ဆင်းသည်ဖြစ်စေ ရေပေါ်မှာပဲ နေသည်ဖြစ်စေ မည်သို့မျှ အနှောင့်အယှက် မဖြစ်ပါချေ။

တော်ပီဒို ပြွန်လုံးကြီးများ၏ အတွင်းဘက် တံခါးများသည် အမှိုက်ပုံး အဖုံးကြီးများနှင့် ဆင်တူကြပေသည်။ ပြွန်ထဲတွင် ရေ ရှိမရှိကို စစ်ဆေး

http://www.cherrythitsar.org

www.foreverspace.com.mm



ကြည့်ရှုနိုင်ရန် ယင်း အဖုံးကြီးများတွင် အဖွင့်အပိတ် လုပ်၍ရသော ပြွန်ဆို့ကလေးများ ရှိသည်။ ယင်း ပြွန်ဆို့ကလေးများကို ဖွင့်လိုက်လျှင် အထဲမှာ ရေရှိသည်ဆိုလျှင် ရေများ ပန်းထွက်လာကြမည် ဖြစ်သည်။

တော်ပီဒိုပြွန် ခြောက်ခု အနက် ၁ မှ ၄ အထိသည် အလွတ်ဖြစ်ပြီး ၅ နှင့် ၆ ကိုမူ ဝန်ပိုးကန်များအဖြစ် ရေဖြည့်ထားကြောင်း ကင်းမဲလိတ် သင်္ဘောကျင်းက ဖော်ပြထားသည်။ တက်တစ် မထွက်ခွာမီကတည်းကပင် သင်္ဘောကျင်းမှ ပြုလုပ်ပေးလိုက်ခြင်းဖြစ်သည်။

၎င်းတို့၏ သင်္ဘောရေအောက်သို့ ငုပ်ဆင်းရန် ငြင်းဆန်နေသည်ကို တွေ့ရသောအခါ ဝုဒ်နှင့် အခြား သင်္ဘောသားများသည် ဤ တော်ပီဒိုပြွန်များကို စစ်ဆေးကြည့်ရန် စိတ်ကူးမိကြသည်။ နံပါတ် ၁ မှ ပြွန်ဆို့ကလေးကို သူတို့ ဖွင့်ကြည့်သည်။ ရေပန်းထွက်ခြင်း မရှိပါ။ ထိုအခါ သူတို့က တံခါးကို ဖွင့်ကြည့်သည်။ မျှော်လင့်သည့်အတိုင်းပင် အထဲမှာ ရေမရှိပါ။ ပြွန်လုံးကြီး တစ်ခုလုံး ခြောက်သွေ့လျက် ရှိသည်။ သူတို့သည် ဤနည်းအတိုင်း ဆက်လက် စစ်ဆေးသွားကြရာ ပြွန် ၂၊ ၃၊ ၄ တို့လည်း အလွတ်များ ဖြစ်ကြောင်း တွေ့ရှိကြရသည်။ ထိုအခါ ပြွန် ၅ နှင့် ၆ တို့သည် ရေရှိလိမ့်မည်ဟု ယူဆကြရသည်။ နံပါတ် ၆ ပြွန်ဆို့ကို ဖွင့်ကြည့်သောအခါ ရေများ ပန်းထွက်လာခြင်း မရှိသော်လည်း ရေစက် တစ်စက်ကျလာသည်ကိုကား တွေ့ရှိကြရသည်။ သို့ဖြင့် အထဲမှာ ရေအပြည့်မဟုတ်တောင် အနည်းငယ် ရှိလိမ့်မည်ဟု ယူဆကြရသည်။ သို့ရာတွင် နံပါတ် ၅ ပြွန်ပေါက်ကလေးကို ဖွင့်ကြည့်သောအခါတွင်ကား ရေပန်းထွက် မရှိပါ။ ရေ တစက်စက်ကျလာသည်ကိုလည်း မတွေ့ရပါ။ ဤ ချွတ်ယွင်းချက် ကလေးကြောင့်ပင် သူတို့ သင်္ဘောကြီး ရေအောက်သို့ မငုပ်ဘဲ နေချေသလော။ ဝုဒ်ကမူ ဤအတိုင်းပဲ ယူဆမိသည်။

**ရဲဘော်နှာ၀ံ့ စာစုပ်တိုက်**

http://www.cherrythitsar.org
www.foreverspace.com.mm



ပြွန်တံခါးပေါ်တွင် ဝုဒ်အနေနှင့် စစ်ဆေးကြည့်ရှုနိုင်သည့် အခြားရေပေါက်တစ်ခု ရှိသေးသည်။ သို့သော် သူက ပြွန်ဆို့ကလေးပေါ်တွင် တစ်စုံတစ်ရာ သံသယ မရှိသည်က တစ်ကြောင်း တက်သစ် သင်္ဘောကြီး ရေအောက်သို့ ငုပ်ဆင်းစေရန် စိတ်အားသန်လျက်ရှိသည်က တစ်ကြောင်းကြောင့် သူက ရေတပ်သားကို ပြွန်နံပါတ် ၅ ၏ အတွင်းတံခါးကို ဖွင့်ရန် အမိန့်ပေးလိုက်သည်။ သို့သော် ရေတပ်သားသည် သူ့အမိန့်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိပါ။ အကြောင်းမှာ ရေတပ်သားသည် တံခါးကိုဖွင့်ရန် မောင်းတံကြီးကို လှည့်လိုက်စဉ်မှာပင် တံခါးသည် ဝုန်းခနဲ ပွင့်ကာ သူ့လက်မှ လွတ်ထွက်သွားလေတော့သည်။ ရေငုပ်သင်္ဘော အတွင်းသို့ ပင်လယ်ရေတွေ ထုနှင့်ထည်နှင့် ပြေးဝင်လာကြတော့သည်။ ပြွန်ဆို့ကလေးတွင်သာ အမှားအယွင်းရှိနေသည်မဟုတ်။ ပြွန်လုံးကြီး၏ အပြင်ပေါက်မှာလည်း ပွင့်လျက်သား ရှိနေတော့သည်။ (ပြွန်ဆို့ကလေး၏ အမှားအယွင်းမှာ ဆေးသုတ်ထားသဖြင့် ဖြစ်ရကြောင်းကို နောက်ပိုင်းတွင် စစ်ဆေး သိရှိရသည်။)

တော်ပီဒို ပြွန်နံပါတ် ၅ ၏ အတွင်းတံခါး ပွင့်ထွက်သွားချိန်တွင် ကက်ပတိန် ဘိုးလပ်သည် တက်တစ်ကို ရေအောက်သို့ ငုပ်ဆင်းစေရန် ကွပ်ကဲခန်းတွင် ကြိုးပမ်းနေဆဲပင် ဖြစ်သည်။ နံပါတ် ၅ အတွင်းတံခါး ပွင့်သွားသောအခါ သူ့အနေနှင့် ဘာမျှ အထူးလုပ်နေစရာမလိုတော့ပါ။ တက်တစ် သင်္ဘောဦးသည် ရုတ်ခြည်းဆိုသလိုပင် အောက်ဘက်သို့ စိုက်ဆင်းသွားပြီး သင်္ဘောပေါ်ရှိ လူအားလုံးပင် ဒယိမ်းဒယိုင် ဖြစ်သွားကြသည်။ သူ့နားထဲတွင် အော်ဟစ်သံများ မကြားဘဲနှင့်ပင် တစ်စုံတစ်ခုတော့ အကြီးအကျယ် မှားယွင်းချေပြီကို သိရှိလိုက်သည်။ 'ဝန်ပိုးကန်တွေကို ဖွင့်ပစ်၊

http://www.cherrythitsar.org

www.foreverspace.com.mm



သင်္ဘောပြန်မတက်နိုင်တော့ဘူး’ အော်ဟစ်သံတွေ သင်္ဘောတစ်စီးလုံး ဆူညံလျက်ရှိသည်။

အိပ်မက်ဆိုးကြီး တစ်ခုပမာ အားလုံးပင် ကပြောင်းကပြန် ဖြစ်ကုန်တော့သည်။ စောစောက အောက်ဘက်သို့ ငုပ်ဆင်းရန် ခေါင်းမာနေခဲ့သော တက်တစ်သည် ယခုအခါ တားမရ ဆီးမရဖြစ်နေတော့သည်။ လေးလံသော သင်္ဘောဦးသည် အောက်သို့ တည့်တည့်ကြီး ထိုးဆင်းသွားပြီး ရေအောက်ကြမ်းပြင် ရွံ့နွံထဲတွင် စိုက်နေတော့သည်။ အပေါ်ပိုင်းက ရေထဲတွင် ယမ်းခါလျက်ရှိသည်။

ရေတွေ တရပေါ ဝင်လာသည်နှင့် တစ်ပြိုင်နက် ဝုဒ်ကလည်း လျင်မြန်စွာပင် တုံ့ပြန် ဆောင်ရွက်သည်။ သူက ရေတပ်သားကို တော်ပီဒိုအခန်း၏ အပြင်ဘက်သို့ တွန်းထုတ်လိုက်ပြီး သူတို့နှစ်ယောက်စလုံးပင် ရေလုံတံခါးကို အပေါ်ဘက်သို့ တွန်းပြီး ပိတ်ကြသည်။ လွန်ခဲ့သည့် တစ်ပတ်က စကွားလပ် သင်္ဘောတွင် မင်းနက်လုပ်သည့် အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ကံမကောင်း အကြောင်းမသင့်ချင်တော့ တံခါးပေါ်တွင် ပိတ်ရမည့် ချိတ်ကြီးတွေက အများကြီး ရှိနေသည်။ အပေါ်မှ ရေထုကြီးက တအားဖိလာသဖြင့် သူတို့သည် ချိတ်တစ်ခုကိုသာ ဝက်အူလှည့်ပြီး ပိတ်နိုင်ခဲ့ကြသည်။ ဝုဒ်သည် ရေတပ်သားကို နောက်တစ်ခန်းသို့ သွားပြီး ထိုအခန်းတံခါးကို ပိတ်ရန် အမိန့်ပေးရသည်။ သူက ဘက်ထရီများ ထားရှိရာ တတိယအခန်းသို့ ရေများ ရောက်ရှိလာမည်ကို အထူး စိုးရိမ်လျက် ရှိသည်။

တံခါးချိတ်သည် သူ ထင်ထားသလောက် ကြာကြာမခံဘဲ ပွင့်ထွက်သွားသဖြင့် အချိန် အနည်းငယ် အတွင်းမှာပင် အခန်းနှစ်ခုစလုံး ရေများ ပြည့်လျှံသွားတော့သည်။ ဤ အခန်းနှစ်ခု ရေပြည့်လျှံသွားသည့်

http://www.cherrythitsar.org

www.foreverspace.com.mm



အတွက် အခြေအနေမှာ လုံးဝပင် ပြောင်းလဲသွားတော့သည်။ အခန်း တစ်ခု တည်းသာ ရေပြည့်နေခဲ့လျှင် ရေငုပ်သင်္ဘောသည် အပေါ်သို့ ပြန်တက်နိုင်သည့် အခြေအနေ ရှိနေပေသေးသည်။ သို့သော် အခန်းနှစ်ခု ရေပြည့်နေသောအခါတွင်ကား အပေါ်သို့ ပြန်တက်ရေးသည် စဉ်းစား၍ပင် မရနိုင်တော့ပါချေ။

ဦးစီးမှူး ဘိုးလပ်သည် သင်္ဘောကို စစ်ဆေးကြည့်ရှုပြီးနောက် အခြေအနေကို တွက်ချက် သုံးသပ်သည်။ သူ လုပ်နိုင်သည့် နည်းလမ်း နှစ်ခုရှိသည်။ တစ်နည်းက D.S.E.A ခေါ် အသက်ရှူ ကိရိယာများ အသုံးပြုပြီး သင်္ဘောပေါ်မှ လူများအားလုံးကို အစုလိုက် ကယ်ဆယ်ရန် ဖြစ်သည်။ နောက်တစ်နည်းက အရေးပေါ် ထွက်ပေါက်ကနေပြီး လူတစ်ယောက်ကို လွှတ်ကာ နံပါတ်၅ ပွန်ပေါက် အပြင်တံခါးကို ပိတ်ပြီး ရေထုတ် အခင်ဆို့များကို ဖွင့်ပေးရန် ဖြစ်သည်။ ပွန်ပေါက်အပြင်တံခါးကို ပိတ်နိုင်ခဲ့လျှင် ပွန်ခန်းထဲရှိ ရေများကို ဇဟိုကွပ်ကဲခန်းမှနေပြီး စုပ်ထုတ်ပစ်နိုင်သည်။

ပထမနည်းကို ဘိုးလပ် အသုံးမပြုချင်ပါ။ အကြောင်းမှာ သင်္ဘောပေါ်တွင် ပါရှိလာသော ခရီးသည်အချို့သည် D.S.E.A ကိရိယာဖြင့် လေ့ကျင့်ထားဖူးခြင်း မရှိကြပါ။ ဒုတိယနည်းက အကောင်းဆုံး ဖြစ်မည်ဟု ယူဆရသည်။ ထိုအလုပ်ကို လုပ်ဆောင်ရန် မိမိသဘောအရ ဆန္ဒပြုမည့်သူ တွေကလည်း နည်းမည်မဟုတ်ပါ။ သို့ရာတွင် ဤစီမံချက်၌ အကြီးမားဆုံး အနှောင့်အယှက်ကြီး တစ်ခုရှိနေသည်။ ယင်းမှာ ဤလုပ်ငန်းကို လုပ်ဆောင်သူသည် အရိုးကွဲမတတ် အေးစက်သော ရေထဲတွင် အနည်းဆုံး ၁၅ မိနစ် နေရမည်ဖြစ်ပြီး ၎င်း၏အပေါ်တွင် ပေ ၁၆၀ ရှိသော ရေထုကြီး၏ အလေးချိန်ကလည်း ဖိထားလျက် ရှိပေသည်။

www.foreverspace.com.mm

http://www.cherrythitsar.org



ပေါင် ၇၀ ခန့် လေးမည်ဟု ခန့်မှန်းရသော ရေထုအလေးချိန်ကြီးက ကိုယ်ပေါ်တွင် ဖိစီးလျက်နေသည်မှာ အလွန်အခံရဆိုးပြီး အလွန်ပင်ပန်းမည့် အခြေအနေဆိုးကြီးပင် ဖြစ်သည်။ အင်မတန် ကျန်းမာရေးကောင်းပြီး အင်မတန် ဇွဲသတ္တိရှိသူ တစ်ဦးသာလျှင် ခံနိုင်ပေလိမ့်မည်။

ပထမဆုံး ကြိုးစားသူသည် အရေးပေါ် ထွက်ပေါက်ခန်းထဲတွင် ရေများ မပြည့်မီမှာပင် သတိမေ့မတတ် ဖြစ်သွားသဖြင့် အလျင်အမြန် ကယ်ဆယ်ရသည်။ နောက် တစ်ကြိမ်တွင်ကား အရေးပေါ် အသက်ကယ်ခန်းထဲသို့ လူနှစ်ယောက် တစ်ပြိုင်တည်း ဝင်ရောက်သည်။ တစ်ယောက်က တော်ပီဒိုအရာရှိ ဝုဒ်ပင်ဖြစ်သည်။ ၎င်းက ရေထု၏ဖိအားကို ခံနိုင်သော်လည်း ၎င်း၏ အဖော်မှာ ခံနိုင်ရည်မရှိဘဲ နစ်မွန်းသွားသဖြင့် အသက်ကယ်ခန်းထဲမှ ရေများကို တစ်ကြိမ် ထုတ်ပစ်ကြရပြန်သည်။ ဝုဒ်၏ အခြေအနေမှာ ကောင်းမွန်လျက်ပင် ရှိသဖြင့် အခြားအဖော်တစ်ဦးနှင့် နောက်တစ်ကြိမ် ကြိုးစားကြပြန်သည်။ သို့သော် ယခင်အကြိမ်အတိုင်း ဖြစ်ပျက်ပြန်သည်။ ဝုဒ်က ရေထုဒဏ်ကို ခံနိုင်သော်လည်း အဖော်ဖြစ်သူက မခံနိုင်ပါချေ။

ရေပြည့်လျှံနေသော အခန်းများအတွင်းသို့ ယခုကဲ့သို့ ကြိုးပမ်းရင်း ၎င်းတို့၏ လွတ်မြောက်ရေးအတွက် တန်ဖိုးရှိလှသော အချိန် သုံးနာရီမျှ ကုန်ဆုံးသွားလေသည်။ ယခုအခါတွင် ဤအားထုတ်မှုသည် အကျိုးဖြစ်မည့်ပုံ မပေါ်သဖြင့် ဘိုးလပ်သည် ဤစီမံချက်ကို စွန့်လွှတ်ကာ ပိုမို ကောင်းမွန်သော အခြားနည်းလမ်းတစ်ခုကို ရှာကြပြန်တော့သည်။

ယခုအခါ ည ခုနစ်နာရီ အချိန်ရှိနေပြီ ဖြစ်သဖြင့် ရေမျက်နှာပြင်ပေါ်တွင် နောက်ထပ်အချိန် တစ်နာရီ၊ နှစ်နာရီလောက်သာ အလင်းရောင်ရှိပေတော့မည်။ ၎င်းတို့ နစ်မြုပ်သည့် နေရာကို သူတို့ရှာဖွေ တွေ့ရှိကြပြီ

www.foreverspace.com.mm

http://www.cherrythitsar.org



လော။ ၎င်းတို့ကို ကယ်ဆယ်ရေးအတွက် တစ်စုံတစ်ရာ ဆောင်ရွက်နေကြပြီလော။ ဤသင်္ဘောအတွင်းမှ လွတ်မြောက်ရေးကို ၎င်းတို့ ယခု လုပ်ဆောင်ကြရမည်လော။ ဦးစီးမှူး ဘိုးလပ်သည် အရာရှိများ၏ ရိပ်သာခန်းထဲတွင် အစည်းအဝေးတစ်ခု ခေါ်ဆိုလေသည်။

ဂရီကော့ သင်္ဘောပေါ်မှ လူများသည် တက်တစ် ငုပ်ဆင်းသွားပုံကို သိပ်ပြီး ဘဝင်မကျကြပါ။ အကြောင်းမှာ တစ်နာရီလုံးလုံး မငုပ်နိုင်ဘဲ ရှိနေရာမှ ရုတ်တရက် ငုပ်ဆင်းသွားခြင်းကြောင့်ပင် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏အလုပ်မှာ အခြေအနေကို လေ့လာသုံးသပ်ရန် မဟုတ်ဘဲ တက်သစ်သွားရာ နောက်သို့ လိုက်ပါသွားပြီး ဖြတ်သန်းသွားလာသော သင်္ဘောတစ်စီးစီးက တက်သစ်ကို ဖြတ်ကျော် တိုက်ခိုက်သွားခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်ဖို့သာ ဖြစ်သည်။

'ရေငုပ်သင်္ဘောတွေဟာ ပထမဆုံးစပြီး ငုပ်တဲ့အခေါက်မှာ ချွတ်ယွင်းချက် ကလေးတွေ အနည်းအပါးတော့ ရှိကြတာပဲ'

'ရေအောက်ကို ရောက်သွားရင် အားလုံး ပြန်ကောင်းသွားမှာပါ'

သူတို့၏ ထင်မြင်ချက်များကို ပြောဆိုနေကြသည်။

ဦးစီးမှူး ဘိုးလပ်သည် မှန်ပြောင်းတိုင်းထိပ်တွင် အလံနီ တစ်ခု တပ်ဆင်ထားသည်။ မိမိတို့ ရောက်ရှိနေသည့်အရပ်ကို ဂရီကော့မှ အချိန်မရွေး တွေ့မြင်နေနိုင်ရန် ဖြစ်သည်။ ဂရီကော့ပေါ်မှ လူများသည် အလံနီကလေးကို တွေ့မြင်နိုင်ရန် အထူးပင် အာရုံပြုပြီး ကြည့်နေသည်။ သို့ရာတွင် ထူးဆန်းစွာ ငြိမ်သက်နေသော ပင်လယ်ပြင်ကြီးကိုသာ တွေ့ရှိကြရသည်။ အချိန်ကြာမြင့်လာသောအခါ ဂရီကော့မှ လူများ စိုးရိမ်စပြုလာသည်။

ဂရီကော့ပေါ်တွင် လေ့လာသူအဖြစ်နှင့် ရှိနေသော ရေငုပ်သင်္ဘော

http://www.cherrythitsar.org



www.foreverspace.com.mm

ဗိုလ်ကြီးသည် ညနေ လေးနာရီ အချိန်သို့ရောက်ရှိလာသောအခါ အထူးပင် စိုးရိမ်မကင်း ဖြစ်လာပြီး ဂေါ့စပေါ့ရှိ ဌာနချုပ်သို့ သာမန် သတိပေးသည့် အနေဖြင့် သတင်းပေးပို့လိုက်သည်။ ဌာနချုပ်မှ လူများကို သူက မလိုလားဘဲ နှင့် အထိတ်တလန့် မဖြစ်စေလိုပါ။ ထို့ကြောင့် သတင်းပေးသည့် အနေဖြင့် သာ စူးစမ်းလိုက်သည်။ 'တက်တစ်၏ ရေအောက်မှာ နေထိုင်ချိန် ဘယ် လောက်လဲ'

ကံမကောင်း အကြောင်းမသင့်ချင်တော့ ဂရီကော့သည် ဂေါ့စပေါ့ ဌာနချုပ်နှင့် တိုက်ရိုက် ဆက်သွယ်နိုင်ခြင်း မရှိပါ။ သို့ဖြင့် ၎င်းတို့ ပေးပို့လိုက် သော အကြောင်းကြားချက်သည် ဗဟို စာတိုက်ကြီး ကြေးနန်းစာများ သွားရိုး သွားစဉ်အတိုင်း သွားရောက်ရသည်။ ဤမှာ အဟန့်အတား အနှောင့်အယှက် ဖြစ်စရာတွေ အားလုံးဖြစ်သည်။ ကြေးနန်းစာပို့သော စာပို့လုလင်ကလေး၏ စက်ဘီး တာယာပေါက်သည်အထိ ဖြစ်သည်။ သို့ဖြင့် ကြေးနန်းသည် ဂေါ့စပေါ့ ဌာနချုပ်သို့ ည ၆ နာရီ ၁၅ မိနစ်တွင်မှ ရောက်ရှိသွားသည်။ ဤအချိန်တွင် ဂေါ့စပေါ့ ဌာနချုပ်ကလည်း တက်သစ်အတွက် စိုးရိမ်နေပြီ ဖြစ်သည်။ တက်သစ်သည် ယခုလောက်ဆိုလျှင် ၎င်း၏ ငုပ်ဆင်း စမ်းသပ်မှု အစီအစဉ် ပြီးစီးပြီး ဌာနချုပ်သို့ သတင်း ပေးပို့သင့်နေပြီ။ ကြေးနန်းစာ ရောက်ရှိလာ သောအခါ သူတို့၏ စိုးရိမ်မှုကို အတည်ပြုလိုက်ပြီး ည ၆ နာရီ ၂၀ မိနစ် တွင် ရှာဖွေသူများ စတင်သည်။

ဤ ဒေသအတွင်းသို့ ပထမဆုံး ရောက်ရှိလာသော သင်္ဘောမှာ ဖျက်သင်္ဘော ဗရေးဇင်း ဖြစ်သည်။ အခြား ဖျက်သင်္ဘော ရှစ်စီး၊ ရေငုပ် သင်္ဘော နှစ်စီး၊ ကယ်ဆယ်ရေး သင်္ဘော ဗီဂျီလင်၊ ရေတပ်မတော်မှ ကယ်ဆယ်ရေး သင်္ဘော တက်ဒဝပ်တို့လည်း ထိုဒေသသို့ သွားရောက်လျက်

http://www.cherrythitsar.org

www.foreverspace.com.mm



ရှိကြသည်။ တက်ဒဝပ်ပေါ်တွင် ရေတပ်မတော်မှ အကောင်းဆုံး ရေငုပ်သမား များ ပါရှိသည်။ တစ်ခုပဲ ပြဿနာ ရှိသည်။ ထိုသင်္ဘောများသည် မိုင် သုံး လေးရာ အကွာတွင် ရှိနေကြခြင်းပင် ဖြစ်သည်။

ဘုရင့် လေတပ်မတော်မှ လေယာဉ်ပျံများကိုလည်း ခေါ်ယူပြီး ညမမှောင်ခင်တွင် ထိုဒေသ တစ်ဝိုက်ကို ပိုက်စိပ်တိုက်ပြီး ရှာစေသည်။ ည ၉ နာရီ ၂၅ မိနစ်တွင် လေယာဉ်တစ်စီးက တက်တစ်၏ အချက်ပြ ဗောကို တွေ့မြင်သည်။ သို့သော် ကံဆိုးချင်တော့ စိတ်လှုပ်ရှားနေသော လေကြောင်းပြ အရာရှိက နေရာမှားကို မှတ်သားကာ ဗရေးဇင်း သင်္ဘောကို သတင်းပေးပို့လိုက်သည်။ သို့ဖြင့် ဗရေးဇင်း သင်္ဘောသည် နေရာမှန်နှင့် မိုင်ပေါင်း အတန် ဝေးကွာသော နေရာတွင် တစ်ညလုံးလုံး အချည်းနှီး ရှာဖွေနေရတော့သည်။

တက်သစ် သင်္ဘောပေါ်တွင်ကား အသက်ရှူသည့် လူတွေ များပြား လွန်းသဖြင့် လေကောင်းလေသန့် နည်းပါးလျက် ရှိနေတော့သည်။ အသက် ရှူ မွန်းကျပ်လျက် ရှိကြသည်။ စောစောက မြိန်ရေရှက်ရေ စားခဲ့ရသော နေ့လယ်စာသည် ယခုအခါ အိပ်မက်ပမာ ဖြစ်နေတော့သည်။ သည်နောက် တွင် သူတို့သည် ဘာတစ်ခုမျှ စားရသောက်ရခြင်း မရှိတော့ပါ။ အကြောင်းမှာ အရေးပေါ် စားနပ်ရိက္ခာများသည် ရေမြုပ်နေသော အခန်းများတွင် ရောက် ရှိနေကြသောကြောင့် ဖြစ်သည်။

ဦးစီးမှူး ဘိုးလပ်နှင့် အခြား ရေငုပ်သင်္ဘော အရာရှိများ၏ ဆွေး နွေးပွဲမှ ရရှိသည့် အဖြေမှာ ကယ်ဆယ်ရေး အဖွဲ့များ ရောက်ရှိလာသည်ကို စောင့်ဆိုင်းကြရန်ပင် ဖြစ်သည်။ သို့သော် ထိုအချိန်အထိ ကယ်ဆယ်ရေးနှင့် ပတ်သက်ပြီး အရိပ်အယောင်မျှပင် မတွေ့ရှိကြရသေးပေ။

ရတနာပုံ စာအုပ်တိုက်

http://www.cherrythitsar.org



www.foreverspace.com.mm

အရေးပေါ် ထွက်ပေါက်ခန်းမှ ထွက်ခွာပြီး ရေငုပ်သင်္ဘောကို စွန့်လွှတ်ကာ ပင်လယ်ရေ အမှောင်ထဲတွင် သေဆုံးရမည့် အဖြစ်ကို သူတို့ ထည့်၍ပင် မစဉ်းစားနိုင်ကြပါ။ ရေမျက်နှာပြင်ပေါ်တွင် ကယ်ဆယ်ရေး သင်္ဘောများ စောင့်ဆိုင်းနေသည့်တိုင်အောင်ပင် ရေငုပ်သင်္ဘောပေါ်မှ ခရီးသည် အများစုသည် ရေထု၏ ဖိအားနှင့် အအေးဒဏ်ကို ခံနိုင်ကြသူများ မဟုတ်ကြပေ။

သူတို့အနေနှင့် လက်တွေ့ လုပ်ဆောင်နိုင်သည့် အလုပ်တစ်ခုမှာ ပဲ့ပိုင်းရှိ အငြိမ်ထိန်းကန်မှ ရေများကို ထုတ်ပြီး ပဲ့ပိုင်းကို ပေါ့သွားအောင် လုပ်ခြင်းပင် ဖြစ်သည်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ပဲ့ပိုင်းသည် ရေမျက်နှာပြင် အထက်သို့ မရောက်သည့်တိုင် ရေမျက်နှာပြင်အနီးသို့ ရောက်ရှိသွားနိုင်ပေသည်။ ဤကဲ့သို့ ပြုလုပ်လိုက်သဖြင့် သင်္ဘောပေါ်တွင် အနေရ အထိုင်ရတော့ ပိုပြီး ခက်သွားသည်။ သင်္ဘောက စောက်ထိုးကြီး စိုက်နေသောကြောင့် ဖြစ်သည်။ အနေရ အထိုင်ရခက်သော်လည်း သူတို့ကို ရှာဖွေသူများက တွေ့ရှိနိုင်သည့် အခွင့်အရေးကား အများကြီး ပိုမိုသွားတော့သည်။

တက်တစ်၏ အမြီးပိုင်းသည် လှိုင်းလုံးကြီးများ၏ အထက်တွင် ၁၈ ပေခန့် မြင့်တက်လျက်ရှိပြီး အနီးတွင် အမှတ်အသားပြု ဗောအနီကလေး ကလည်း ရှိနေခြင်းဖြင့် ဗရေးဇင်း သင်္ဘောကြီးက ၎င်းတို့ကို နောက်တစ်နေ့ နံနက် ၇ နာရီ ၃၀ မိနစ်တွင် ရှာဖွေတွေ့ရှိသွားလေသည်။

တက်သစ် သင်္ဘောပေါ်တွင်ကား ကုန်လွန်ခဲ့သော ညသည် ရှည်လျားသော ညတစ်ညပင် ဖြစ်တော့သည်။ လေထု နည်းပါးလျက် ရှိသဖြင့် သင်္ဘောပေါ်ရှိ လူများအားလုံးပင် မူးမော် နွမ်းနယ်ကာ ငြိမ်သက်စွာ လဲလျောင်း နေကြရသည်။ လူပေါင်းများစွာက ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်

www.foreverspace.com.mm
http://www.cherrythitsar.org



အောက်ဆိုက် ဓာတ်ငွေ့များကြောင့် လူ အတော်များများပင် ပြင်းထန်စွာ ခေါင်းကိုက်လျက် ရှိကြသည်။ အခြေအနေကလည်း တဖြည်းဖြည်း ပိုမို ဆိုးဝါးလာပြီး ကယ်ဆယ်ရေး အရိပ်အယောင်ကိုကား မတွေ့မြင်ကြရသေးချေ။ ဤအချိန်တွင် ဘိုးလပ်က တစ်ခု ဆုံးဖြတ်လိုက်သည်။ သင်္ဘောပေါ်ရှိ လူအများစုသည် ပင်လယ်ကြီးကို ယှဉ်ပြိုင် တိုက်ခိုက်ရန် မစွမ်းသော်လည်း ငယ်ရွယ်သူများကို လွတ်မြောက်ခွင့် ရရှိစေရမည်ဟု ဖြစ်သည်။

သို့ဖြင့် သူသည် ပထမဆုံး စမ်းသပ်မှုအတွက် လူ နှစ်ယောက်ကို ရွေးချယ်လိုက်သည်။ တက်တစ် ပါဝင်သော ရေယာဉ်စု တပ်ဖွဲ့၏ အကြီးအကဲ ဗိုလ်မှူးကြီး အိုရန်နှင့် တော်ပီဒို အရာရှိ ဗိုလ်ကြီးဝုဒ်တို့ ဖြစ်သည်။ ၎င်းတို့ နှစ်ယောက်ကို ရွေးချယ်ရသည့် အကြောင်းမှာ ၎င်းတို့သည် တက်တစ်၏ အခြေအနေနှင့် အနေအထားကို ကောင်းမွန်စွာ သိရှိကြသောကြောင့်ပင်ဖြစ်သည်။ ၎င်းတို့ကို ရေမျက်နှာပြင်ပေါ်မှ သင်္ဘောတစ်စီးစီးက ကယ်တင်နိုင်ခဲ့လျှင် ၎င်းတို့သည် တက်တစ်သင်္ဘော ကယ်ဆယ်ရေး လုပ်ငန်းတွင် များစွာမှပင် အကူအညီ ပေးနိုင်ကြမည် ဖြစ်သည်။ ဦးပိုင်းမှ ရေများကို မည်သို့ စုပ်ထုတ်ပစ်ရမည်ကို ရေငုပ်သင်္ဘောပေါ်ရှိ အထက်တန်း အရာရှိကြီးများက စီမံချက်တစ်ခု ရေးဆွဲထားကြသည်။ ယင်း စီမံချက် မိတ္တူတစ်ခုကို ရေလုံဘူး တစ်ခုစီတွင် ထည့်ထားပြီး ၎င်းတို့ နှစ်ယောက်၏ ခါးများတွင် ပတ်ထားကြသည်။ ၎င်းတို့ကို ကယ်တင်ခြင်း ခံရသောအခါ သက်ဆိုင်ရာသို့ ပေးအပ်ကြရမည် ဖြစ်သည်။

တက်တစ် သင်္ဘော စထွက်ကတည်းက မှားယွင်းမှုများနှင့်သာ ကြုံကြိုက်ခဲ့ရာ ၎င်းတို့ နှစ်ယောက်၏ လွတ်မြောက်မှုသည် ပထမဆုံးသော မှန်ကန်မှု တစ်ရပ်ပင် ဖြစ်တော့သည်။ တက်တစ် သင်္ဘော နစ်မြုပ်ရာနှင့်

http://www.cherrythitsar.org

www.foreverspace.com.mm



မလှမ်းမကမ်းတွင် ဗရေးဇင်း ဖျက်သင်္ဘော ကျောက်ချစဉ်မှာပင် ၎င်းတို့ နှစ်ယောက်သည် ရေမျက်နှာပြင်ပေါ်သို့ တစ်ပြိုင်တည်းလိုပင် ရောက်ရှိသွား ကြသည်။ ၎င်းတို့ကို ချက်ချင်းပင် ဆယ်ယူလိုက်ကြသည်။ သူတို့သည် အအေးဒဏ်ကို အပြင်းအထန် ခံစားလျက် ရှိကြသော်လည်း တက်တစ်၏ ဆိုးရွားသော အခြေအနေကို ရှင်းပြနိုင်ကြသည်။ ကယ်ဆယ်ရေး လုပ်ငန်းများ ကို အလျင်အမြန် လုပ်ဆောင်ရမည် ဖြစ်ကြောင်းကို တင်ပြနိုင်ကြသည်။ ထို့ အပြင် ဘိုးလပ်သည် အရေးပေါ် ထွက်ပေါက်မှနေပြီး တစ်ကြိမ်လျှင် လူ နှစ်ယောက်ကို ရေမျက်နှာပြင်ပေါ်သို့ လွှတ်တင်ရန် အစီအစဉ် ရှိကြောင်း ကိုလည်း ပြောကြားနိုင်ကြသည်။

သို့ဖြင့် ဗရေးဇင်း သင်္ဘောပေါ်မှ လူအများသည် စိတ်အား ထက်သန် စွာနှင့် စိုးရိမ်တကြီး စောင့်မျှော်နေကြသော်လည်း နောက် နှစ်နာရီခွဲမျှ ကြာသောအခါတွင်မှ ရေမျက်နှာပြင်ပေါ်သို့ လူနှစ်ယောက်မျှ ရောက်ရှိလာ သည်ကို တွေ့ကြရသည်။ ၎င်းတို့ကို ချက်ချင်းပင် ဆယ်ယူလိုက်ကြသည်။ အိုရန်နှင့် ဝုဒ်တို့ တက်သွားပြီးသည့်နောက်တွင် ကယ်ဆယ်ရေး လုပ်ငန်း လျင်မြန်စေရန် အတွက် အရေးပေါ် ထွက်ပေါက် ခန်းထဲသို့ လူလေးယောက် ဝင်ရောက်ခဲ့သည်။ သို့သော် သူတို့အထဲမှ လူတစ်ယောက် ထိတ်လန့် ချောက်ချားမှုကြောင့် ၎င်းတို့အားလုံးပင် အသက်ရှူ ကိရိယာများ ဆုံးရှုံးပြီး ရေနစ်သေဆုံးကြရတော့သည်။ ဤအဖြစ်ကို ကြုံတွေ့ရသောအခါ နောက်ထပ် စွန့်စားရဲသူများ မရှိဘဲ ဖြစ်သွားရတော့သည်။ သင်္ဘောထဲတွင် ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့များ လွန်ကဲနေပြီ ဖြစ်သဖြင့် အားလုံးပင် မူးဝေလျက် ရှိတော့သည်။ အသက်အရွယ်ကြီးသူ အတော်များများသည် သတိမေ့မျော မတတ် ရှိနေကြပြီး မရဏ ကြိုးတန်း

www.foreverspace.com.mm



ပေါ်တွင် လမ်းလျှောက်လျက် ရှိကြ တော့သည်။

ဒုတိယ အသုတ် အသက်ရှင်သူ နှစ်ဦးမှာ ကျန်းမာသန်စွမ်းသော မီးထိုးသမား လူငယ်တစ်ဦးနှင့် ကင်းမဲလိတ် သင်္ဘောကျောင်းမှ ဖစ်တာ တစ်ဦးတို့ဖြစ်သည်။

အသက်ရှင် လွတ်မြောက်လာသူများသည် ကျန်ရစ်သူများအတွက် အထူးပင် ပူပန်လျက်ရှိကြသည်။

'သူတို့ကို ကယ်ဖို့ ဘာတွေ လုပ်ထားကြသလဲ၊ သူတို့ဟာ သူတို့ လွတ်မြောက်အောင်တော့ ဘာမှလုပ်နိုင်ကြတော့မှာ မဟုတ်ဘူး၊ အဲဒီတော့ သူတို့အတွက် ခင်ဗျားတို့ ဘယ်လိုစီစဉ်ကြသလဲ'

သို့သော် အချင်းဖြစ်ပွားရာဒေသတွင် တာဝန်ခံ ရေငုပ်သင်္ဘော အရာရှိကြီး တစ်ဦး မရှိခြင်း၊ ဖျက်သင်္ဘောများ မရရှိခြင်း၊ ရေငုပ်သမားများ မရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ မရှိခြင်းတို့ကြောင့် ၎င်းတို့၏ မေးခွန်းကို ကျေနပ်အောင် ဖြေဆိုနိုင်ခြင်းများ မရှိကြပါ။ ဤလူတွေနှင့် ကုန်ပစ္စည်းတွေ ဘယ်မှာ ရောက်ရှိနေကြသနည်း။

မိနစ်လေးဆယ်ခန့် အကြာတွင် ရေငုပ်သင်္ဘော အသစ်စက်စက် ရှစ်စီး ရောက်ရှိလာသည်။ ၎င်းတို့သည် လှပပြီး ခမ်းနားကြသော်လည်း ယခုလို ကယ်ဆယ်ရေး လုပ်ငန်းတွင်မူ မည်သို့မျှ အသုံးမဝင်ဘဲ ရှိနေကြသည်။ ကျွမ်းကျင်သော ရေငုပ်သမားများ ပါရှိသည့် အထူးကယ်ဆယ်ရေး သင်္ဘော တက်ဒဝပ်သည် မိုင် ၁၉၀ ဝေးကွာရာ ကျောက်မီးသွေးတင် သင်္ဘောကျင်း တစ်ခုတွင် လောင်စာဖြည့်တင်းရန် စောင့်ဆိုင်းလျက် ရှိသဖြင့် ၎င်းမှာလည်း မည်သို့မျှ အသုံးမဝင်ဘဲ ရှိနေသည်။ ရေငုပ်သမားများနှင့် ကယ်ဆယ်ရေး ကိရိယာများကို လေယာဉ်ပျံများနှင့် သယ်ယူလာရန် ကိစ္စကို မည်သူမျှ

http://www.cherrythitsar.org

www.foreverspace.com.mm



မစဉ်းစားမိကြချေ။

ဤပြဿနာ တစ်ခုလုံးတွင် အဆိုးရွားဆုံးအမှားကြီးမှာ ရေငုပ်သင်္ဘော အသစ်များ စတင်ခုတ်မောင်းရာတွင် ချောချောမွေ့မွေ့ မရှိတတ်ကြောင်းကို စကွားလပ် အဖြစ်အပျက်က သတိပေးထားသော်လည်း မည်သူကမျှ ကယ်ဆယ်ရေး ကိစ္စအတွက် ဘာတစ်ခုမျှ ကြိုတင်ပြင်ဆင်မထားခြင်းပင်ဖြစ်သည်။

တစ်နေ့တာ အချိန် ကုန်ဆုံးလာသောအခါ ရေပေါ်တွင် ထောင်ပြီး ပေါ်နေသော ရေငုပ်သင်္ဘောပဲ့ပိုင်းကို ဖွင့်ဖောက်ရန် အမျိုးမျိုး အကြံဉာဏ် ပေးကြသည်။ သို့သော် မည်သည့် အကြံဉာဏ်မျှ အောင်မြင် ထိရောက်ခြင်း မရှိပါ။ နောက်ဆုံးတွင် ဇွန်လ ၂ ရက်နေ့ ည သုံးနာရီ အချိန်တွင် တက်တစ်၏ ပဲ့ပိုင်းကို ဖွင့်ရန် ကြိုးပမ်းနေသော ဗီဂျီလင် သင်္ဘောသည် လက်လျှော့ကာ ထိုနေရာမှ ခွာရလေတော့သည်။

တက်တစ် ရေငုပ်သင်္ဘော နစ်မြုပ်ပြီး ၄၈ နာရီအကြာ ဇွန်လ ၃ ရက် ညနေ လေးနာရီ အချိန်တွင်ကား ကယ်ဆယ်ရေးလုပ်ငန်းများကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းကို ရေတပ်မတော် ဌာနချုပ်က တုန်လှုပ်ချောက်ချားနေသော ကမ္ဘာကြီးကို ကြေညာလိုက်တော့သည်။

ဇာတ်လမ်းက သည်တွင်မပြီးသေးပါ။ ဤအဖြစ်ဆိုးကြီးမှာ နောက်ဆက်တွဲ ရှိနေပါသေးသည်။ သင်္ဘောနစ်မြုပ်ပြီး လပေါင်းများစွာအကြာဖြစ်သော အောက်တိုဘာ ၂၃ ရက်နေ့တွင် ရေထဲတွင် ခေါင်းစိုက်နေသော သင်္ဘောကြီးကို ပြန်လည်ဖော်ယူနိုင်ကြသည်။ ရေငုပ်သင်္ဘောအတွင်း သေဆုံးနေသူများကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကြသည်။

ထို့နောက် ဤသင်္ဘောကြီးကို ဆေးအသစ်သုတ်ကာ သင်္ဘော

http://www.cherrythitsar.org



သား အသစ်များ ခန့်ထားလျက် နာမည်အသစ်လည်း ပေးလိုက်သည်။ အိပ်ချ် အမ် အက်စ် သန်းဒါးဘိုး ဟူ၍ ဖြစ်သည်။

ဤအချိန်တွင် ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားနေပြီဖြစ်သဖြင့် သန်းဒါးဘိုးသည် စစ်ကြီးအတွင်းတွင် တာဝန်ပေါင်းများစွာကို ပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့သည်။ သို့သော် ၎င်းသည် ၁၉၄၄ ခုနှစ် မတ်လတွင် နောက်တစ်ကြိမ် နစ်မြုပ်ရပြန်သည်။ ဧရာမ ရန်သူသင်္ဘောအုပ်ကြီးအတွင်းမှ သင်္ဘောတစ်စီးကို နှစ်မြုပ်လိုက်ပြီးနောက် ရန်သူအစောင့် သင်္ဘောတစ်စီး၏ ပြန်လှန်တိုက်ခိုက် နှစ်မြုပ်ခြင်းကိုခံရသည်။ ဤတစ်ကြိမ်တွင် ၎င်းနှင့်အတူ သင်္ဘောသား ခြောက်ဆယ် ရေအောက်သို့ ပါရှိသွားသည်။ ဤတစ်ကြိမ်တွင် ၎င်းသည် ပင်လယ်ရေ အနက်ပေ ၃၀၀၀ တွင် နစ်မြုပ်သွားရသဖြင့် ရေမျက်နှာပြင်ပေါ်သို့ နောက်တစ်ကြိမ် ပြန်တက်မလာနိုင်တော့ပါ။

*          *          *

www.foreverspace.com.mm

www.foreverspace.com.mm

# ယူဘုတ် ၄၇ တမလွန်ခရီး

ဗြိတိသျှနိုင်ငံ စကော့တလန်ပြည် မြောက်ဘက်ထိပ်ဖျား ဂွန်အို ဂရုတ်မြို့နှင့် မိုင်အနည်းငယ်ဝေးကွာရာ ပင်လယ်ပြင်တွင် အမြဲတမ်းဆိုသလို ပင် လေပြင်း တိုက်ခတ်လျက်ရှိသော အုန်ကနေး အမည်ရှိ ကျွန်းစုကလေး တစ်စုရှိသည်။ ဗြိတိန်နိုင်ငံမှ လူများပင်လျှင် ယင်းဒေသအတွင်း ခုတ်မောင်း သွားလာနေသော သင်္ဘောများအတွက် ရေဒီယိုမှ မိုးလေဝသ သတင်း သတိပေး ကြေညာသောအခါမှပင် ထို ကျွန်းငယ်များ၏ အမည်တို့ကို ကြား သိကြရသည်။ ယင်းကျွန်းငယ်များသည် လှိုင်းလေ ပြင်းထန်သော ပင်လယ် ပြင်ကြီးအတွင်းဝယ်ရှိပြီး အမြဲတမ်းပင် လေပြင်းများ တိုက်ခိုက်နေသဖြင့် လူသူ များ သွားရောက်ရန် ခဲယဉ်းသော ကျွန်းငယ်ကလေးများ ဖြစ်ကြသည်။ မည် သည့်အပင် မည်သည့် ချုံနွယ်များမှ မရှိသော ဟင်းလင်းပြင် ကျွန်းငယ်များ ဖြစ်ကြသည်။ သို့သော် ကမ္ဘာစစ်ကြီး နှစ်ခုအတွင်းတွင် ဤကျွန်းငယ်များသည်

http://www.cherrythitsar.org
www.foreverspace.com.mm



ဗြိတိသျှ ရေတပ်မတော်အတွက် အထူးပင် အရေးပါအရာ ရောက်ခဲ့သည်။

ထိုကျွန်းငယ်ကလေးများသည် စကာပါဖလိုးဟု ခေါ်သော ပင်လယ်အော်ကြီးပတ်ပတ်လည်တွင် ဧရာမ လည်ဆွဲကြိုး တစ်ခုပမာ တည်ရှိနေကြသည်။ သို့ဖြင့် ဗြိတိသျှတို့သည် ဤကျွန်းငယ်များ ခြံရံ ကာကွယ်လျက် ရှိသော စကာပါဖလိုး ပင်လယ်အော်ကို ၎င်းတို့ ရေတပ်စခန်း ချရပ်ရန် ဘေးမဲ့ လုံခြုံရာဒေသအဖြစ် အသုံးပြုခဲ့ကြသည်။

ပထမ ကမ္ဘာစစ်ကြီးအတွင်းက ယူဘုတ်ခေါ် ဂျာမန် ရေငုပ် သင်္ဘောနှစ်စီးသည် ဤဆိပ်ကမ်းကို တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ၎င်းတို့သည် စကာပါဖလိုး ပင်လယ်အော်အနီးသို့ ချဉ်းကပ်သွားချိန်မှာပင် နှစ်မြှုပ်ခြင်းခံရပြီး ရေငုပ်သင်္ဘောပေါ်တွင် ပါရှိသူများအားလုံး အသက်ဆုံးရှုံးကြရသည်။

၁၉၃၉ ခုနှစ် ဂျာမနီနိုင်ငံက ဥရောပနိုင်ငံ အချို့ကို ကျူးကျော်တိုက်ခိုက်သောအခါ ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည်လည်း စစ်မက်ဖြစ်ပွားကြရတော့သည်။ ထိုအခါတွင် ဂျာမနီနိုင်ငံ ခေါင်းဆောင် ဟစ်တလာက ပထမ ကမ္ဘာစစ်အတွင်း ရေငုပ်သင်္ဘော သူရဲကောင်းဖြစ်ခဲ့သော ကားလ်ဒိုးနစ်ကို ဂျာမန်ရေတပ်မတော် ရေငုပ်သင်္ဘော တပ်ဖွဲ့၏ ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

ရှေ့တွင် တိုက်ခိုက်ကြရမည့် တိုက်ပွဲများတွင် ရေငုပ်သင်္ဘောများ၏ အခန်းကဏ္ဍသည် အထူးပင် အရေးပါအရာရောက်ကြောင်းကို သိရှိသော ဒိုးနစ်က ယူဘုတ် အစီး ၃၀၀ တည်ဆောက်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် စစ်ကြီး ဖြစ်ပွားသောအချိန်တွင် ရေငုပ်သင်္ဘော ၅၆ စီးသာ တည်ဆောက် ပြီးစီးသေးသည်။ သို့ရာတွင် ဒိုးနစ်သည် ရှိသမျှ ယူဘုတ်များကို အကျိုးရှိရှိ အသုံးချရန် သန္နိဋ္ဌာန်ချလိုက်ပြီးနောက် ဗြိတိသျှကမ်းခြေရှိ အခြေ

www.foreverspace.com.mm
http://www.cherrythitsar.org


စိုက် ရေတပ်မတော်ကို အလစ်ဝင် တိုက်ခိုက်ရန် ဆုံးဖြတ်သည်။ ဗြိတိသျှတို့သည် ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းသို့ မမျှော်လင့်ဘဲ ဝင်ရောက်လာရသည် ဖြစ်သဖြင့် လွန်ခဲ့သည့် အနှစ် ၂၀ ကျော်က ရှိခဲ့သော ၎င်းတို့၏ ကာကွယ်ရေး အခြေအနေများကို တိုးတက်ကောင်းမွန်အောင် မည်သို့မျှ ပြုပြင်နိုင်ခြင်း မရှိဘဲ ယခင်အတိုင်းပင် ရှိနေသည်ဟု ဒိုးနစ် ယူဆသည်။ သူ၏ အယူအဆကို လေယာဉ်ပျံပေါ်မှ ရိုက်ယူရရှိသော ဓာတ်ပုံများကလည်း ထောက်ခံလျက်ရှိသည်။ ရေငုပ်သင်္ဘောဖြင့် တိတ်တဆိတ် ဝင်ရောက် တိုက်ခိုက်လျက် အလုပ်ဖြစ်နိုင်သည်။ စမ်းကြည့်သင့်သော ကိစ္စတစ်ခုပင် ဖြစ်သည်။

ပင်လယ်အော် အတွင်းသို့ ရောက်ရှိနိုင်သော ဝင်ပေါက် ခုနှစ် ပေါက်ရှိသည်။ ဝင်ပေါက်များအားလုံးကိုပင် ပြင်ပမှ ကျူးကျော် ဝင်ရောက်လာနိုင်ခြင်း မရှိအောင် ရေကတုတ်များနှင့် အခြား အပိတ်အဆို့ အတားအဆီးများ ပြုလုပ်ထားသည်။ ကျွန်းများ အကြားရှိ ရေစီးကြောင်းများကလည်း ရေစီးသန်လှသည်။ အင်မတန် တည်ငြိမ်အေးဆေးသော ရေငုပ်သင်္ဘော ဦးစီးမှူး တစ်ဦးသာလျှင် အရှေ့ဘက်လမ်းကြောင်းဖြစ်သော ဟုမ်းရေလက်ကြားမှ သွားရောက်ပြီး အင်မတန် ကျဉ်းမြောင်းသော ကစ် ရေလက်ကြားကို ဖြတ်ကာ ရန်သူ ပင်လယ်အော် အတွင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဤ လုပ်ငန်းသည် လွယ်ကူသောလုပ်ငန်း မဟုတ်သော်လည်း ဤလုပ်ငန်း အောင်မြင်ခဲ့လျှင် အကြီးအကျယ် ချေမှုန်းနိုင်ခြင်းပင် ဖြစ်သည်။

ဤလုပ်ငန်းနှင့် သင့်လျော်သော လူကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် ဒိုးနစ် အထူးပင် စဉ်းစားရသည်။ နောက်ဆုံးတွင် သူသည် အထပ်ထပ် အဖန်ဖန် စဉ်းစားပြီးနောက် ရေငုပ်သင်္ဘော ယူ ၄၇ ၏ ဦးစီးမှူး ကက်ပတိန် ဂန်သာပရိုင်ယန်ကို ရွေးချယ်လိုက်သည်။ ပရိုင်ယန်ကို သူနှင့်

www.foreverspace.com.mm

http://www.cherrythitsar.org



လာတွေ့ရန် ဆင့်ခေါ်လိုက်သည်။ ဤလို လုပ်ငန်းမျိုးအတွက် ရွေးချယ်ခံရခြင်းသည် ပရိုင်ယန်အဖို့ အမြင့်ဆုံးရရှိသော အခွင့်အရေးပင် ဖြစ်သည်။ ပရိုင်ယန်၏ ဘဝသည် စွန့်စားမှုဖြင့် ပြည့်လျှမ်းခဲ့သော်လည်း ယခု ဆောင်ရွက်ရမည့် စွန့်စားမှုသည် အထွတ်အထိပ်ပင် ဖြစ်တော့သည်။

ပရိုင်ယန်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် အခြားဘာကိုမျှ မစဉ်းစားခဲ့ပါ။ ပင်လယ်ကြီးနှင့် ပင်လယ်ပြင်သွား လူစွန့်စားတို့၏ အကြောင်းကိုသာ တွေးတော စဉ်းစားခဲ့သည်။ တောင်အာဖရိကတိုက်၏ တောင်ဘက် ထိပ်ဖျား ဂွတ်ဟုတ် အငူကို ကွေ့ပတ်ကာ အိန္ဒိယနိုင်ငံသို့ သင်္ဘောဖြင့် ရောက်ခဲ့သော ပေါ်တူကီ အဏ္ဏဝါ ခရီးသည်ကြီး ဗာစကို ဒါဂါးမားသည် သူ၏ သူရဲကောင်းကြီးပင် ဖြစ်တော့သည်။ သူသည် ဗာစကိုဒါဂါးမား၏ အတ္ထုပ္ပတ္တိကို ထပ်တလဲလဲ ဖတ်ခဲ့သည်။

ပရိုင်ယန်၏ မိခင်မုဆိုးမကြီးမှာ ဆင်းရဲလှသည်။ ၁၉၂၃ ခုနှစ်တွင် အသက် ၁၅ နှစ် အရွယ် ပရိုင်ယန်ကို ဖိုင်တန်ဝါဒါရှိ ရေကြောင်းသိပ္ပံက လက်ခံသောအခါ သူမသည် သားဖြစ်သူနှင့် ခွဲခွာရမည့်အတွက် ဝမ်းနည်းသလို သားအတွက် ဂုဏ်ယူမဆုံးလည်း ရှိတော့သည်။

သုံးလမျှ ကြာသောအခါ ပရိုင်ယန်သည် စာမေးပွဲ အောင်မြင်ပြီး သင်္ဘောတစ်စီးနှင့် လိုက်ပါနိုင်ရန် ကြိုးစားတော့သည်။ ထိုအချိန်က ဂျာမန်ကုန်သင်္ဘောများ၏ အခြေအနေသည် အထူးပင် ဆိုးရွားလျက် ရှိသဖြင့် သူ့အား သင်္ဘောသားအဖြစ် လက်ခံမည့် သင်္ဘောတစ်စီးတလေမျှ မရှိဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင် သူသည် ဟမ်းဘတ် သင်္ဘောတွင် လက်တိုလက်တောင်း လူငယ်အဖြစ် အလုပ်ရရှိသည်။ သို့သော် လစာကား တစ်ပြားမှ မရရှိပါချေ။

ရတနာပုံစာအုပ်တိုက်

www.foreverspace.com.mm


လက်တိုလက်တောင်း လူငယ်တို့၏ အလုပ်သည် ပင်ပန်းလှသည်။ အထူးသဖြင့် ရွက် နှစ်ဆယ့်ရှစ်ရွက် ရှိသော ဟမ်းဘတ်လို သင်္ဘောကြီးတွင် အလုပ်တွေက များပြား ပင်ပန်းလှသည်။ ပင်မ ရွက်တိုင်ကြီးသည် ပေ ၁၆၀ မြင့်မားပြီး သင်္ဘော အစေခံ လူငယ်လေးများသည် လေထဲ မိုးထဲတွင် အအေးဒဏ်ကို ဂရုမပြုနိုင်ဘဲ တက်ချည် ဆင်းချည် ပြုနေကြရသည်။ ၎င်း တို့ စားရသော အစားအစာမှာလည်း ညံ့ဖျင်းလှသည်။ ၎င်းတို့အပေါ် ဆက် ဆံရေးမှာလည်း ဆိုးရွားလှသည်။ သို့သော် ဤဆင်းရဲဒုက္ခများက ပင်လယ် ပြင်ကြီးကို ချစ်ခင်သော ပရိုင်ယန်၏ စိတ်ဓာတ်ကို မချိုးနှိမ် မဖျက်ဆီးနိုင် ပါချေ။

နှစ်လမျှအကြာတွင် ဟမ်းဘတ် သင်္ဘောသည် အိုင်ယာလန် ကမ်းခြေ ပင်လယ်ပြင်တွင် မုန်တိုင်းမိပြီး ကျောက်ဆောင်များပေါ်တွင် သောင်တင် ပျက်စီးသွားရတော့သည်။ သူတို့အားလုံးပင် ရေနစ်သေဆုံးကြ ရပြီဟု ထင်မှတ်ခဲ့သော်လည်း ကင်းစတောင်းမြို့မှ အသက်ကယ် သင်္ဘောက ၎င်းတို့ကို ကယ်တင်ခဲ့သည်။

နောက် သုံးလေးပတ် အကြာတွင် သူသည် တောင်အမေရိက တိုက်သို့သွားသော ကုန်သင်္ဘော ဖားစတတ်နှင့် လိုက်ပါသွားပြန်သည်။ သူ၏အလုပ်တာဝန်က သံထည်များရှိ သံချေးများကို တိုက်ချွတ်ရပြီး လိုအပ် လျှင် ဆေးပြန်သုတ်ပေးရသည်။ သင်္ဘောသား အလုပ်ဆိုသည်မှာ ဤလို အလုပ်မျိုး ဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

သို့သော် သင်္ဘောပေါ်တွင် ယခုကဲ့သို့ သူအလုပ်လုပ်နေသည်မှာ အခြားသူများလို မဟုတ်ပါ။ သူက တစ်နေ့တွင် အရာရှိ တစ်ယောက် ဖြစ်လာရန် သင်တန်း တက်နေခြင်းပင် ဖြစ်သည်။ သူသည် ဘယ်တော့မှ

www.foreverspace.com.mm
http://www.cherrythitsar.org


လည်း အမှားအယွင်းတွေကို မလုပ်ပါ။ ဘယ်တော့မှလည်း ဘာ မလုပ်ချင်ဘူးဟု မပြောပါ။ သည်အတွက် အခြား သင်္ဘောသားတွေက သူ့ကို သဘောမကျပါ။ ဤအတွက် သူသည် ရံဖန်ရံခါ ဆိုသလိုပင် ၎င်းတို့နှင့် ခိုက်ရန်ဖြစ်ပွားရသည်။

ဤကာလများသည် ပရိုင်ယန်အတွက် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာကာလများ မဟုတ်ပါ။ သို့သော် သန္နိဋ္ဌာန် ခိုင်မြဲသော ပရိုင်ယန်သည် ပထမအဆင့်အဖြစ် သင်္ဘောအရာရှိ အဖြစ်သို့ တက်နိုင်ခဲ့သည်။ ထို့နောက်ဝိုင်ယာလက် အော်ပရေတာ လက်မှတ်ကို ရရှိသည်။ ၁၉၃၂ ခုနှစ်တွင်သင်္ဘော မာလိန်မှူး စာမေးပွဲကို ဖြေဆို အောင်မြင်သည်။

သို့သော် ကံမကောင်း အကြောင်းမလှချင်တော့ ၁၉၃၂ ခုနှစ်တွင်လည်း ဂျာမနီနိုင်ငံ၌ အလုပ်နှင့်ပိုက်ဆံ ရှားပါးလျက် ရှိချေသည်။ ပရိုင်ယန်သည် ဟမ်းဘတ်မြို့တွင် တစ်လတိတိ နေထိုင်ပြီး သင်္ဘောတစ်စီးစီးတွင်အလုပ်ရရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဖြစ်မြောက် အောင်မြင်ခြင်း မရှိပါ။ နောက်ဆုံးတွင် သူ့လက်ထဲတွင် ပိုက်ဆံ တစ်ပြား တစ်ချပ်မှ မရှိတော့သဖြင့်အရေးနိမ့်သည့်အနေဖြင့် လွန်ခဲ့သော ကိုးနှစ်ခန့်က ခွဲခွာခဲ့သော မိခင်ထံသို့ပြန်သည်။ သူသည် သူ့မြို့မှာပင် အလုပ်တစ်ခုခုရရန် ရှာဖွေသည်။ သို့သော်ဘာအလုပ် တစ်ခုမျှ မရရှိပါ။ လူအားလုံးပင် အလုပ်လက်မဲ့ ဖြစ်နေကြသည်။

ရက် သတ္တပတ် အတန်ကြာသောအခါ သူသည် ဗောက်စဘတ်မြို့နာဇီ အလုပ်စခန်းသို့ ဝင်ရောက်သည်။ သူ၏ အလုပ်ချိန်မှာ နံနက် ၅ နာရီ ၃၀ မှ ညနေ ၅ နာရီ ၃၀ အထိဖြစ်သည်။ အိမ်တွင်းလုပ်ငန်း မဟုတ်ပါ။ အိမ်ပြင်လုပ်ငန်း ဖြစ်သည်။ နေပူမိုးရွာ မရှောင် လုပ်ရသည်။ သို့သော်ပရိုင်ယန်သည် သူ၏ ထုံးစံအတိုင်း တည်ငြိမ် အေးဆေးစွာဖြင့် အကောင်း

http://www.cherrythitsar.org

www.foreverspace.com.mm



ဆုံး ကြိုးစားလုပ်ဆောင်သည်။ သို့ဖြင့် နှစ်မကုန်မီမှာပင် စခန်းတွင်း အမြင့်ဆုံး ရာထူးဖြစ်သော စခန်းမှူး ရာထူးကို ရရှိလေသည်။

၁၉၃၃ ခုနှစ် ဇန်နဝါရီလထဲတွင်ကား ဂျာမန် ရေတပ်မတော်သည် လူသစ်များ တိုးချဲ့ စုဆောင်းလျက်ရှိပြီး ကုန်သွယ်ရေကြောင်းမှ လူများကို အလုပ်ပေးနေကြောင်း ကောလာဟလ သတင်းစကားကို ပရိုင်ယန် ကြားရသည်။ သို့ဖြင့် သူသည် ပင်လယ်ပြင်သို့ တစ်ကျော့ပြန်လေတော့သည်။ သို့သော် မာလိန်မှူး ကက်ပတိန် အဖြစ်ဖြင့်ကား မဟုတ်။ သူ အောင်မြင်ခဲ့သော စာမေးပွဲသည် ရေတပ်မတော်ဘက်တွင် အသုံးမဝင်ပါ။ သူက သာမန် တပ်သားလေး တစ်ဦးအဖြစ်နှင့် အောက်ခြေမှ စပြီး ဝင်ရောက်ရသည်။

သူသည် ရေငုပ်သင်တန်းကျောင်းတွင် ပုံမှန် တက်ရောက်ပြီးနောက် ကီးမြို့ရှိ ရေငုပ်သင်္ဘော သင်တန်းသို့ ဆက်လက် တက်ရောက်ရသည်။ စာတွေ့ သင်တန်းများကို ရက်သတ္တပတ် အနည်းငယ် သင်ကြားပြီးနောက် သူသည် ရေငုပ်သင်္ဘောတစ်စီးတွင် ပထမဆုံးအကြိမ် လက်တွေ့လိုက်ပါရသည်။ သူသည် အံ့သြဖွယ်ကောင်းသော ရေငုပ်သင်္ဘောကို အထူးပင် နှစ်သက် စိတ်ဝင်စားသည်။ သင်တန်းပြီးဆုံးသောအခါ သူသည် ရေငုပ်သင်္ဘော ယူ ၂၆ တွင် သူ၏ တာဝန်များကို စိတ်ပါဝင်စားစွာ ထမ်းဆောင်သဖြင့် ၁၉၃၈ ခုနှစ် ဆောင်းဦးပေါက်တွင် ရေငုပ်သင်္ဘော ဦးစီးမှူး ကက်ပတိန်အဖြစ် တိုးမြှင့် ခန့်အပ်ထားခြင်းခံရသည်။

သူ ကွပ်ကဲရမည်ဖြစ်သော ရေငုပ်သင်္ဘော အသစ်စက်စက်ပေါ်သို့ တက်ရောက်ရသော နေ့သည် ပရိုင်ယန်အတွက် ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့ပင် ဖြစ်တော့သည်။ ဤကား သူ အမြဲတမ်း မျှော်လင့်တောင့်တခဲ့သော ပန်းတိုင်ပင်တည်း။ ယခုအခါ သူ၏ လက်အောက်တွင် အမှုထမ်း

http://www.cherrythitsar.org

www.foreverspace.com.mm



အရာထမ်း သုံးဆယ့်ရှစ်ယောက် ရှိနေသည်။ အားလုံးလောက်မှာပင် အနာဂတ်ကို မျှော်လင့်နေသော လူငယ်များ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ် နွေရာသီသည် ပရိုင်ယန်နှင့် သူ၏ သင်္ဘောသားများအဖို့ ပျော်ရွှင်ဖွယ်ရာ နေ့ရက်များပင် ဖြစ်တော့သည်။ သူတို့က အတ္တလန္တိတ် သမုဒ္ဒရာထဲတွင် တိုက်ပွဲလေ့ကျင့်ခန်းများ ဆင်းနေကြရသည်။

သြဂုတ်လတွင် စစ်ကြီး ကြေညာလိုက်သောအခါ အခြေအနေ များ အားလုံး ပြောင်းလဲသွားတော့သည်။ ယူ ၄၇ မှ သင်္ဘောသားများ တိုက်ပွဲဝင်ကြရပြီ။ သားကောင်ကို ရှာဖွေတိုက်ခိုက်ကြရပေပြီ။

ဗြိတိသျှတို့သည် သူတို့၏ ကုန်သင်္ဘောများကို စုပြီး တိုက်သင်္ဘော အခြံအရံများဖြင့် စေလွှတ်ကြသည်။ သည်လို သင်္ဘောစုကို တွေ့ရှိလျှင် တစ်စုံတစ်ရာ သတိပေးခြင်း ပြုစရာမလိုဘဲ တော်ပီဒိုဖြင့် ပစ်ခတ် နှစ်မြှုပ်ရန် ယူဘုတ် ကက်ပတိန်များအားလုံး ညွှန်ကြားချက် ရရှိထားကြသည်။

စစ်ကြီးက လူတွေကို ရက်စက် ကြမ်းကြုတ်စေတော့သည်။ ဘယ် သူက သင်္ဘော ဘယ်လောက်များများ မြှုပ်နိုင်သည်ကို ယူဘုတ် အချင်းချင်း ပြိုင်ကြတော့သည်။ ထုံးစံအတိုင်းပင် ဤပြိုင်ပွဲတွင် ပရိုင်ယန်၏ နာမည်က ရှေ့ဆုံးမှ ထွက်လာသည်။ သူ၏ စွမ်းဆောင်မှုများကြောင့် သူ့ကို အထက် အရာရှိများက သတိပြုမိလာကြသည်။

၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ တနင်္ဂနွေနေ့တွင် သူ သည် ရေတပ်မတော်ဌာနချုပ်၌ ဗိုလ်ချုပ်ကြီး ဒိုးနစ်နှင့် တွေ့ဆုံရန် ဆင့်ခေါ် ခြင်း ခံရသည်။ ထိုအခါ ပရိုင်ယန် စိုးရိမ်စိတ်များ ဖြစ်ပွားရသည်။ အကြောင်း မှာ တနင်္ဂနွေနေ့ ညနေတွင် ရေတပ်ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် တွေ့ဆုံရန် ဆင့်ခေါ်ခြင်းသည် ထုံးတမ်းစဉ်လာ မဟုတ်သောကြောင့်ပင်တည်း။

http://www.cherrythitsar.org
www.foreverspace.com.mm


ဗိုလ်ချုပ်ကြီးနှင့် တွေ့ဆုံပွဲတွင် အခြားပါဝင်သူတစ်ဦးမှာ ယူ ၁၆ ကက်ပတိန် ဗိုလ်ကြီး ဝဲလမား ဖြစ်သည်။ ဝဲလမားသည် ဗြိတိသျှ ရေတပ်မတော်၏ ခံစစ်ကြောင်းကို မကြာမီကမှ စုံစမ်းထောက်လှမ်းခဲ့ရသူ ဖြစ်သည်။

စကာပါဖလိုး ရေကြောင်း ခံတပ်အနေအထားများကို ပရိုင်ယန်အား ပြောပြရန် ဒိုးနစ်က ဝဲလမားကို အမိန့်ပေးသည်။ စကာပါဖလိုး ပင်လယ်အော် အတွင်းသို့ ဝင်ရောက်နိုင်သော ဝင်ပေါက်များကို အဘယ်ပုံ ပိတ်ဆို့ထားကြောင်း ယူ ၁၆ ကက်ပတိန်က အသေးစိတ် ပြောပြသည်။

ဝဲလမား၏ စကားဆုံးသောအခါ ဗိုလ်ချုပ်ကြီးက ပရိုင်ယန်၏ မျက်နှာကို အကဲခတ်သည့်အနေဖြင့် ကြည့်ရှုပြီးနောက် ပြောလိုက်သည်။

'အခုလို ပိတ်ထားပေမယ့် ကျွမ်းကျင်တဲ့ ရေငုပ်သင်္ဘော ကက်ပတိန်တစ်ယောက်ဟာ အဲဒီ အထဲကို ဖောက်ထွင်းပြီး ဝင်ရောက်သွားနိုင်လိမ့်မယ်လို့ ကျုပ်တို့ ယူဆနေကြတုန်းပဲ'

ထို့နောက် ဗိုလ်ချုပ်ကြီးသည် မြေပုံပေါ်တွင် ကစ်ရေလက်ကြားကို သူ၏ ကွန်ပါချွန်ဖြင့် ထောက်လိုက်ပြီးနောက်

'မင်း ဘယ်လို သဘောရသလဲ ပရိုင်ယန်'

ပရိုင်ယန်၏ ခေါင်းချာချာလည်သွားသည်။ သူက အထူးပင် အံ့အားသင့်စွာဖြင့် ဗိုလ်ချုပ်ကြီးကို ပြန်လည် ငေးစိုက်ကာ ကြည့်နေမိသည်။ ကံကောင်းချင်တော့ သူ့အနေနှင့် အဖြေပေးစရာမလိုပါ။

'မင်းကို ငါ ဘာလုပ်စေချင်တယ်ဆိုတာ မင်း သဘောပေါက်လိမ့်မယ်လို့ ငါထင်တယ်၊ မလုပ်ဘူး လုပ်မယ်ဆိုတာကို မင်း ရွေးချယ် ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မင်း စဉ်းစားပြီး အဂ္ဂါနေ့ကျရင် ငါ့ကို ပြန်ပြောပါ'

ပရိုင်ယန်သည် မြေပုံများကို ကောက်ယူကာ ခြေထောက်ကို စုံ

http://www.cherrythitsar.org

www.foreverspace.com.mm



ရိုက်ပြီး 'ဟေး ဟစ်တလာ'ဟု ကြွေးကြော်ကာ အလေးပြုလိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခွာခဲ့သည်။ သူသည် ထိတ်လန့် ချောက်ချားမှုနှင့် စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်နေသော်လည်း ပေးရမည့် အဖြေတစ်ခုတည်း ရှိကြောင်းကိုလည်း ကောင်းစွာ သိရှိပါသည်။

ထိုနေ့ညက သူသည် မြေပုံများကို နာရီပေါင်းများစွာပင် အထပ်ထပ် အဖန်ဖန် လေ့လာကြည့်ရှုနေသည်။ ကစ်ရေလက်ကြားမှ ဝင်ရောက်နိုင်စရာရှိသည်မှာ အမှန်ပင် ဖြစ်သည်။ ၎င်း ရေလက်ကြားသည် ဗြိတိသျှတို့ နှစ်မြှုပ်ထားသော သင်္ဘောပျက်များနှင့် ကမ်းခြေကြားရှိ ရေကြောင်း ကျဉ်းကျဉ်း ငယ်ငယ်ကလေး တစ်ခုပင်ဖြစ်သည်။ အကျယ်ပေ ၅၀ ရှိပြီး အနက်ပေ ၂၀ သာရှိသည်။ ဤ လမ်းကြောင်းအတွင်းမှ ဖြတ်သန်းသွားလာနိုင်ရန်မှာ ရေကြောင်းသွားလာမှု အထူးကျွမ်းကျင်ပြီး အင်မတန် ကံကောင်းဖို့လည်း လိုပေသည်။ အောင်မြင်စွာ ဖြတ်သန်းနိုင်ရန် အခွင့်အလမ်း နည်းပါးလှသော်လည်း ပရိုင်ယန်သည် မငြင်းဆန်နိုင်ဘဲ ရှိနေသည်။ သို့ဖြင့် သူသည် လုပ်ငန်းတာဝန်ကို လက်ခံကြောင်း နောက်တစ်နေ့တွင် ဒိုးနစ်ထံ သတင်းပို့လိုက်သည်။

ရေငုပ်သင်္ဘော ယူ ၄၇ ကို အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ပြုပြင် မွမ်းမံသည်။ ထို့နောက် ထွက်ခွာရမည့် နေ့ရက်ကိုလည်း လပြည့် လကွယ် အခြေအနေ၊ ရေတက်ကျကျ အခြေအနေတို့နှင့် တွက်ချက် ကိုက်ညှိပြီး သေသေချာချာ ရွေးချယ်ကြသည်။ ညသည် မှောင်နိုင်သမျှ မှောင်ပြီး ရေလက်ကြားထဲတွင် ဒီရေမြင့်နိုင်သမျှ မြင့်လေလေ ပရိုင်ယန်အတွက် အခွင့်အရေး ပိုများလေလေပင် ဖြစ်သည်။ နောက်ဆုံးတွင် အောက်တိုဘာလ ၈ ရက်နေ့ကို စတင်ထွက်ခွာရမည့် နေ့ရက်အဖြစ် ရွေးချယ်

http://www.cherrythitsar.org



www.foreverspace.com.mm

လိုက်သည်။

ဤနေ့သည် အောက်တိုဘာလအဖို့ ထူးထူးခြားခြားပင် ရာသီဥတု ကြည်လင် ကောင်းမွန်သော နေ့တစ်နေ့ ဖြစ်သည်။ နေရောင်ခြည်သည် ယူ ၄၇ ၏ ကိုယ်ထည်ပေါ်တွင် ဝင်းပစွာ တောက်လက်လျက်ရှိသည်။ လေ ထုထဲတွင် ဆောင်းဦးပေါက် အငွေ့အသက်ကလေး ရှိနေသည်။ ပရိုင်ယန် သည် ရေငုပ်သင်္ဘောကလေး၏ အထက်တွင်ရှိသော ဆိပ်ခံတံတားပေါ်တွင် မတ်တပ်ရပ်လျက် ရေငုပ်သင်္ဘောကလေးကို လေးနက်သော အသွင်ဖြင့် ငုံ့ကြည့်နေသည်။ သင်္ဘောသားများအားလုံးပင် သင်္ဘောပေါ်တွင် ရောက်ရှိ နေကြပြီ ဖြစ်သဖြင့် သင်္ဘောတစ်စီးလုံးသည် ပျားပန်းခတ် လှုပ်ရှားလျက် ရှိတော့သည်။ အင်ဂျင်စက်ခန်းမှသည် စားဖိုခန်းမှ လူများအထိ ခရီးလမ်း ဆုံး မသိရသော ခရီးရှည်ကြီးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ ပရိုင်ယန်သည် သင်္ဘောပေါ်သို့ တက်ရမည်ကို တုံ့ဆိုင်းလျက်ရှိသည်။ သင်္ဘောပေါ်သို့ တက်ရောက်ခြင်းသည် အောင်ပွဲ၏ ပထမအဆင့်လော သို့မဟုတ် မရဏ၏ ပထမအဆင့်လော။

နံနက် ၁၀ နာရီတွင် သင်္ဘောပေါ်သို့ သူ တက်ရောက်သည်။ စက္ကန့်ပိုင်း အတွင်းမှာပင် ငြိမ်သက်နေသော ဆိပ်ကမ်းကလေးတွင် ဒီဇယ် စက်သံ ဆူညံသွားတော့သည်။ ရေငုပ်သင်္ဘောသည် ကီး တူးမြောင်းအတိုင်း တဖြည်းဖြည်းချင်း ခုတ်မောင်းသွားကာ မြောက်ပင်လယ် အတွင်းသို့ ဝင် ရောက်သွားလေတော့သည်။

ယူ ၄၇ သည် ငါးရက်လုံးလုံးပင် ရေမျက်နှာပြင်ပေါ်တွင် ခုတ် မောင်းလျက် ရှိသည်။ အခြား သင်္ဘောများကို တွေ့မြင်ရသောအခါတွင် ရေအောက်သို့ ခေတ္တ ငုပ်လျှိုးသည်။

www.foreverspace.com.mm
http://www.cherrythitsar.org


မိုးကောင်းကင်တွင် တိမ်တွေ အုံ့ဆိုင်းပြီး မိုးဖွဲကလေးများ ရွာသွန်းလျက် ရှိသည်။

ခရီး ရှည်ကြာလာသောအခါ သင်္ဘောသားများသည် ဒီဇယ်နံ့နှင့် နေရ ထိုင်ရကျဉ်းကျပ်မှုတို့ကြောင့် ငြီးငွေ့လာကြဟန်ရှိသည်။ စိတ်မရှည်နိုင်ဖြစ်လာကြပုံ ရသည်။ ထုံးစံအတိုင်းဆိုလျှင် ဤလိုခရီးမျိုးသည် စိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာ ဖြစ်သည်။ ရန်သူ သင်္ဘောများ၏ နောက်ကို လိုက်ပြီး ရန်သူသင်္ဘောများကို ပစ်ခတ်တိုက်ခတ်ကြရသည်။ ယခုတော့ မိုးကုတ်စက်ဝိုင်း တစ်လျှောက်တွင် သင်္ဘောမီးခိုးတန်းများ တွေ့ရှိရသော်လည်း ၎င်းတို့၏ ကက်ပတိန်သည် စိတ်ဝင်စားဟန် အလျှင်းမရှိချေ။ ခရီးလမ်းကြောင်းကို ပြောင်းရန် နည်းနည်းကလေးမျှ မကြိုးစားပါချေ။ သင်္ဘောသားများ အားလုံး နားမလည်နိုင် ရှိကြရသည်။ သို့ရာတွင် ဘာမှကား မပြောကြပါချေ။

အောက်တိုဘာလ ၁၂ ရက်နေ့တွင်ကား ရာသီဥတု အတော်ပင်ဆိုးရွားလာချေတော့သည်။ လေတိုက်နှုန်းမှာလည်း လေပြင်းအဆင့်သို့ရောက်ရှိလာတော့သည်။ ထိုနေ့ညဘက်တွင် ပရိုင်ယန်သည် ၎င်း၏ အမှုဆောင် အရာရှိ အန်းဒရပ်နှင့် အတူ မျှော်စင်ပေါ်တွင် ရပ်လျက် ရှိသည်။ ညက ပကတိပင် မည်းမှောင်လျက်ရှိသည်။ မိုးဖွဲဖွဲ စိပ်စိပ်တွင် ကြယ်တစ်ပွင့်တလေမျှ မရှိပါ။ တဖြည်းဖြည်းနှင့် ၎င်းတို့၏ ဘယ်ဘက်တွင် ပို၍ နက်မှောင်သော အရိပ်သဏ္ဌာန်တစ်ခု ပေါ်လာသည်။ ပရိုင်ယန် အကြောအခြင်တွေ စိမ့်သွားသည်။ သင်းတို့တစ်တွေပဲ ဖြစ်မည်. . . အုတ်ကနေး ကျွန်းစုံနှင့် ရန်သူများ။

အန်းဒရပ်က ၎င်း၏ ကက်ပတိန်ဘက်သို့ လှည့်လိုက်ပြီး လေပြင်း

http://www.cherrythitsar.org

www.foreverspace.com.mm



သံကို လွှန်အောင် ဟစ်အော်ကာ မေးလိုက်သည်။ ကျွန်တော်တို့ အုတ်ကနေး ကျွန်းစုထဲကို ဝင်ကြမှာလား ကက်ပတိန်'

'စကာပါဖလိုး ပင်လယ်အော်ထဲကို ကျုပ်တို့ ဝင်ကြမယ်'

ပရိုင်ယန်က ပြန်ပြောလိုက်သည်။

အန်းဒရပ်သည် ထိုအချိန်က စိတ်ထဲတွင် မည်သို့ ခံစားသွားရသည်ဖြစ်စေ တည်ငြိမ် ပြတ်သားစွာ ပြန်၍ ပြောနိုင်သည်။

'အင်မတန် ကောင်းပါတယ် ကက်ပတိန်'

ပရိုင်ယန်က သင်္ဘောကို အရှေ့ဘက်သို့ ကွေ့ရန် အမိန့်ပေးလိုက်သည်။ သို့မှသာလျှင် သူတို့ကို ကျွန်းပေါ်မှ ကြည့်နေသူများ မျက်ခြည်ပြတ်သွားမည် ဖြစ်သည်။ သည်တော့မှ သူတို့ ရေအောက်သို့ ငုပ်လျှိုးကြရမည် ဖြစ်သည်။

၎င်းတို့သည် ပင်လယ်ရေအနက်သို့ ရောက်ရှိသွားကြသောအခါ ရေမျက်နှာပြင်ပေါ်တွင် လေပြင်း တိုက်ခတ်ခံနေရမှုနှင့် ရေအောက်တွင် အေးဆေး ငြိမ်သက်မှုတို့သည် များစွာ ခြားနားကြောင်းကို အားလုံးပင် ခံစားသိရှိကြရသည်။ အားလုံးပင် သက်သာရာ ရရှိသွားကြသည်။ နံနက် လေးနာရီ အချိန်တွင် ၎င်းတို့အားလုံး ရိပ်သာ အခန်းထဲတွင် စုရုံးကြရသည်။ နောက်တစ်နေ့တွင် မိမိတို့ စကာပါဖလိုး ပင်လယ်အော်အတွင်းသို့ ဝင်ရောက်မည့် အကြောင်းကို ပရိုင်ယန်က အမှန်အတိုင်း ပြောကြားလိုက်သည်။ ထို့နောက် ၎င်းတို့ အသီးသီး ဆောင်ရွက်ရမည့် တာဝန်များကို ပရိုင်ယန်က ညွှန်ကြားလိုက်သည်။

ယခုအခါတွင် ၎င်းတို့အားလုံးပင် အိပ်စင်များသို့ သွားရောက်ကြပြီး အိပ်ကြရမည် ဖြစ်သည်။ ညနေ နှစ်နာရီ (၁၄) နာရီ အချိန်တွင် ကင်းသမားက

http://www.cherrythitsar.org

www.foreverspace.com.mm



ထမင်းချက်ကို နှိုးမည်ဖြစ်သည်။ ညနေ လေးနာရီ (၁၆) နာရီတွင် ၎င်းတို့ အားလုံး ညစာစားကြရမည် ဖြစ်သည်။ သည့်နောက်တွင်ကား ၎င်းတို့သည် ပူနွေးသော အစားအစာများကို စားကြရတော့မည် မဟုတ်။ ၎င်းတို့၏ တာဝန် မပြီးမချင်း ချော့ကလက်နှင့် အသားသွတ် ပေါင်မုန့်ကိုသာ စားကြရမည် ဖြစ်သည်။

သင်္ဘောသားများ အိပ်ရန် လူစု ခွဲလိုက်သည်။ သို့သော် ဤလို သတင်းမျိုး တစ်ခုကို ကြားရပြီးသည့်နောက်တွင် အိပ်စက်ရန်ဆိုသည်မှာ လွယ်ကူသည့် အလုပ်တစ်ခု မဟုတ်ပါချေ။ ပရိုင်ယန် ကိုယ်တိုင် အိပ်မပျော် နိုင်ဘဲ ရှိနေသည်။ သူသည် အိပ်စင်ပေါ်တွင် အတန်ကြာအောင် လဲလျောင်း ကာ သူတို့သွားရမည့် ခရီးအကြောင်းကို စဉ်းစားပြီးနောက် လဲလျောင်းရာမှ ထလိုက်သည်။ သင်္ဘောတစ်စီးလုံးပင် စိတ်လှုပ်ရှားလျက် ရှိချေသည်။ သင်္ဘောသားများ အပိုင်းကို သူ ဖြတ်ကျော်သွားသောအခါ သင်္ဘောသားများ အားလုံးပင် ၎င်းတို့၏ အိပ်စင်များပေါ်တွင် လူးကာ လှိမ့်ကာ ရှိနေကြသည်။

အရာရှိများ အခန်းသို့ ရောက်ရှိသောအခါ ရေကြောင်းပြ အရာရှိ သည် မြေပုံများကို ကြည့်ရှု တွက်ချက်လျက်ရှိသည်ကို တွေ့ရသည်။ မများ မကြာမီမှာပင် ၎င်းတို့ နှစ်ယောက်ရှိရာသို့ အန်းဒရပ်ရောက်ရှိလာပြန်သည်။ ၎င်းမှာလည်း မည်သို့မျှ အိပ်၍မရနိုင်သောကြောင့် ထလာခြင်းပင် ဖြစ်သည်။ သို့ဖြင့် သုံးယောက်သား မြေပုံများကို ထပ်တလဲလဲ ကြည့်ရှု မှတ်သားလျက် ရှိကြတော့သည်။

ညနေ လေးနာရီတွင် ၎င်းတို့အားလုံး အမဲသား ကက်တလက်နှင့် ဂေါ်ဖီထုပ်ကြော်ကို မြိန်ရှက်စွာ စားသောက်ကြသည်။ စားပွဲများကို ရှင်းလင်း ပြီးသောအခါတွင်ကား လာလတ္တံ့သော တိုက်ပွဲအတွက် ပြင်ဆင်မှုများ ပြု

http://www.cherrythitsar.org

www.foreverspace.com.mm



လုပ်ကြတော့သည်။ ၎င်းတို့၏ သင်္ဘော ရန်သူလက်ထဲသို့ ကျရောက်သွားခဲ့လျှင် ဖောက်ခွဲပစ်နိုင်ရန် ယမ်းဘီလူးများ တပ်ဆင်ကြသည်။ အသက်ကယ် ဝတ်စုံနှင့် အရေးပေါ် ထွက်ပေါက်များကို ကြည့်ရှု စစ်ဆေးကြသည်။ နောက်ဆုံးတွင် ရေကြောင်းပြအရာရှိက ၎င်းတို့သွားရမည့်လမ်းကို ညွှန်ပြလေတော့သည်။

ည ခုနှစ်နာရီ အချိန်တွင် အိပ်ပျော်နေသော ရေငုပ်သင်္ဘောသည် ရေအောက်ကြမ်းပြင်ပေါ်မှ လေးတွဲစွာ ထပြီး ရေမျက်နှာပြင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်သွားနေတော့သည်။

'မှန်ပြောင်းမြှင့်'

ပရိုင်ယန်က အေးဆေးစွာ အမိန့်ပေးသည်။

ရေငုပ်သင်္ဘောကလေး ရေမျက်နှာပြင်ပေါ်သို့ ရောက်ရှိသွား သည်။ ကုန်းပတ်ပေါက်များကို ဖွင့်ကြသည်။ သန့်ရှင်း လတ်ဆတ်သော လေများ သင်္ဘောအတွင်းသို့ ဝင်လာကြသည်။ စက်ကြီး တံတားဘက်မှ ကြည့်သောအခါ ဘာမျှ မမြင်ရပါ။ ထို့အပြင် သင်္ဘောကို လှိုင်းရိုက်ခတ်သံမှလွဲ၍ ဘာသံမျှလည်း မကြားရပါ။ တိုက်ခတ်နေသော လေပြင်းပင် ပျောက်ကွယ်သွားဟန်ရှိသည်။

ပရိုင်ယန်နှင့် အရာရှိများသည် စက်ကြီးတံတားပေါ်တွင် ရပ်လျက် လေကောင်းလေသန့်များကို အားရပါးရ ရှူရှိုက်နေကြစဉ်တွင် ကောင်းကင်ကြီး ကြည်လင်လျက် ရှိသည်ကို ရုတ်တရက် သတိပြုလိုက်မိကြသည်။ တိမ်တိုက်များ၏ နောက်ဘက်တွင် အဝေးတစ်နေရာဆီမှ မီးရှူး မီးပန်းများ ဖောက်နေသည့်အလား အလင်းရောင်တန်းများ ထွက်ပေါ်လျက်ရှိသည်။ ပရိုင်ယန် ကျောစိမ့်သွားသည်။ သူ၏ တစ်သက်တွင် ပထမဆုံးအကြိမ်

http://www.cherrythitsar.org

www.foreverspace.com.mm



အမှန်တကယ် ကြောက်လန့်ဖူးခြင်းပင် ဖြစ်သည်။ မည်သို့မျှ မမျှော်လင့်သည့် အခြင်းအရာ ဖြစ်သည်။ ဤ အလင်းရောင်သည် အော်ရိုရာ ခေါ် ကမ္ဘာမြေကြီး မြောက်ဘက်စွန်း အရပ်တွင် ညအခါပေါ်ထွက်လာတတ်သည့် အလင်းရောင်လော။

သူတို့က တိုက်ခိုက်ရသည့် အချိန်အဖြစ် လရောင် ကင်းမဲ့သော အမှောင်ညကို ရွေးချယ်ခဲ့သည်။ သို့သော် ယခုအခါတွင် သင်္ဘောကို ကောင်းစွာ မြင်တွေ့နိုင်သော အလင်းရောင်ရှိနေသည်။ သူတို့၏ တာဝန်ခရီးသည် အန္တရာယ်ကြီးမားလျက်ရှိတော့သည်။ ပရိုင်ယန် ဇဝေဇဝါ ဖြစ်ရသည်။ ရှေ့ကိုဆက်၍ သွားရမည်လော။ သို့မဟုတ် သံသယတွေ ရှိသည့်ကြားမှပင် ဆက်သွားရန် သူ ဆုံးဖြတ်လိုက်သည်။ လမ်းကြောင်းသစ် ပြောင်းရန် အမိန့်ပေးလိုက်သည်။ စက်အရှိန်ကိုလည်း ထက်ဝက်သို့ အလျှော့ခိုင်းလိုက်သည်။ ဤတွင် သူသည် တစ်စုံတစ်ခုကို တွေးလိုက်မိပြန်သည်။

သည်နေ့က သောကြာနေ့ ၁၃ ရက်။

ကျွန်းများအနီးသို့ တဖြည်းဖြည်း နီးကပ်သွားသောအခါ ယူ ၄၇ ၏ အင်ဂျင်စက်သံသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ပို၍ ကျယ်လောင်လာတော့သည်။ ပရိုင်ယန်သည် ကမ်းခြေတစ်လျှောက်ကို မှန်ပြောင်းဖြင့် ကြည့်ရှုကာ မြေပုံတွင် ပြထားသော ကစ်ရေလက်ကြားကို ရှာဖွေလျက်ရှိသည်။

ဟော တွေ့ပြီ။

'တက်မ ဘယ် အပြည့်ဆွဲ၊ အနောက်ဘက်ကို လမ်းကြောင်းသစ်ပြောင်း'

ပရိုင်ယန် အမိန့်ပေးလိုက်သည်။

http://www.cherrythitsar.org
www.foreverspace.com.mm


နေ့လယ် ၁၂ နာရီ ၁၅ မိနစ် အချိန်တွင် ယူ ၄၇ သည် ကစ်ရေလက်ကြားသို့ ဝင်ရောက်သည်။ ရေလက်ကြားကို ပိတ်ဆို့ထားသော သဘော်ပျက်များဆီသို့ ဦးတည်လျက် ဖြစ်သည်။ ကြောက်မက်ဖွယ်ရာ ကောင်းသော ရေစီးကြောင်းက ၎င်းတို့ကို နှစ်မြှုပ်ထားသော သဘော်ပျက်များဆီသို့ အတင်း ဆွဲခေါ်သွားနေသည်။ ပရိုင်ယန်က တက်မကိုင်ကို အဆက်မပြတ် ဟစ်အော်ကာ အမိန့်ပေးနေသည်။ ၎င်းတို့သည် အတွဲညီညီ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်ကာ သဘော်ပျက်များနှင့် ကမ်းခြေအကြားရှိ ကျဉ်းမြောင်းသော ရေကြောင်းကလေးအတွင်းသို့ ဝင်ရောက်သွားနိုင်ကြသည်။ ပရိုင်ယန်သည် သဘော်၏ ဟိုဘက်ဘေး သည်ဘက်ဘေးတို့ကို လျင်မြန်စွာ ကူးပြောင်းကာ ကြည့်ရှုနေရသည်။ သူတို့သည် တစ်စုံတစ်ရာ အဟန့်အတား မရှိ သွားနေရာမှ ဆိုးရွားသော ရေစီးကြောင်းသည် ပေါ်လာတုန်း အတိုင်း ကပင် ရုတ်တရက် ပြန်လည် ပျောက်ကွယ်သွားကာ ၎င်းတို့၏ ရှေ့ဘက်တွင် ကျယ်ပြောသော စကာပါဖလိုး ပင်လယ်အော် ရေပြင်ကြီးကို တွေ့မြင်ကြရသည်။ ပင်လယ်ပြင်ကြီးသည် လှိုင်းလေ ကင်းရှင်းစွာ ငြိမ်သက်လျက်ရှိပြီး လှပသော မြောက်ပိုင်း အလင်းရောင်က ရေမျက်နှာပြင်ပေါ်တွင် ကြေးမုံပြင်ကြီးပမာ ရောင်ပြန်ဟပ်လျက်ရှိသည်။

'ပင်လယ်အော်ထဲကို တို့ ရောက်ပြီ'

ပရိုင်ယန်က တည်ငြိမ်အေးဆေးစွာ ပြောလိုက်သည်။

အချိန်က နံနက် ၁၂ နာရီ ၂၇ မိနစ်။ သောကြာနေ့ ၁၃ ရက်သည် ပြန်လည် ထွက်ခွာသွားချေပြီတည်း။

ယူ ၄၇ သည် ပင်လယ်အော်၏ အလယ်ဘက်သို့ တိတ်ဆိတ်စွာ ဝင်ရောက်လျက်ရှိသည်။ စကြိုတံတားပေါ်မှ လူများသည် ရန်သူကို တွေ့ရှိ

http://www.cherrythitsar.org
www.foreverspace.com.mm


ရန်အတွက် ၎င်းတို့၏ မျက်လုံးများကို ဖွင့်ပြီး နားများကို စွင့်ထားကြသည်။ ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်လျက် ရှိသည်။ ဆိုက်ကပ်ထားသော ရေနံတင် သင်္ဘောများမှ မီးရောင်အချို့ လင်းလက်နေသည်ကိုသာ တွေ့ရသည်။ ဤ အရပ်ဒေသတွင် ကျောက်ချပြီး နေသူအားလုံးပင် ၎င်းတို့သည် ဘေးကင်း လုံခြုံရာတွင် ရောက်ရှိနေသည်ဟု မှတ်ယူထားကြပေမည်။

ပင်လယ်အော်၏ တောင်ဘက် တစ်ခြမ်းတွင် ဘာမျှ မတွေ့ရှိရသဖြင့် ၎င်းတို့သည် အရှေ့မြောက်ဘက်ဆီသို့ ဦးလှည့်ကြသည်။ ဒိုးနစ်၏ အပြောအရဆိုလျှင် အရှေ့မြောက်ဘက်တွင် ဗြိတိသျှ ရေတပ်မတော်၏ ပင်မစခန်းကြီးကို တွေ့ရှိကြရမည် ဖြစ်သည်။ သူတို့သည် တရွေ့ရွေ့ သွားနေရင်းနှင့် မြင်တွေ့လိုက်ရသော မြင်ကွင်းတစ်ခုသည် တော်ရုံတန်ရုံ လူများ အဖို့ ထိတ်လန့် တုန်လှုပ်သွားစရာပင် ဖြစ်တော့သည်။ ပထမဆုံး သူတို့ တွေ့မြင်လိုက်ရသည့် အရာကား မိုးပေါ်သို့ ထိုးတက်နေသော ဧရာမ တိုက် သင်္ဘောကြီး ရွှင်ရယ်အုတ် ပင်ဖြစ်သည်။ သူတို့ အင်မတန် လိုးလားတောင့်တခဲ့သော ဆုလာဘ် တစ်ခုပင် ဖြစ်သည်။ ယင်း၏ နောက်ဘက်တွင် အခြား တိုက် သင်္ဘောကြီး တစ်စီးကို တွေ့မြင်ရသည်။ ပုံပန်း သဏ္ဌာန်ကို ကြည့်ရသည်မှာ ရီပါးလ်စ်နှင့် တူသည်။ တိုက် သင်္ဘောကြီး နှစ်စီး အနီးတွင် ဖျက်သင်္ဘော အများအပြားကိုလည်း တွေ့ရသည်။ ပရိုင်ယန်သည် အိပ်ပျော်နေသော ကြက်များကို အနံ့ခံမိသည့် မြေခွေးတစ်ကောင်လို ဖြစ်နေသည်။

ပရိုင်ယန်သည် ရီပါးလ်စ်ကို အရင်တိုက်ခိုက်ရန် ဆုံးဖြတ်သည်။ အကြောင်းမှာ ရွှင်ရယ်အုတ် အနီးတွင် ကပ်နေသဖြင့် ကျိန်းသေသော ပစ်မှတ် ဖြစ်သည်။ သို့ဖြင့် ပရိုင်ယန်သည် ပထမ တော်ပီဒိုကို ရီပါးလ်စ်၏ ဦးပိုင်းကို ချိန်ရွယ်ရန်နှင့် ကျန် တော်ပီဒို သုံးခုကို ရွှင်ရယ်အုတ်၏ လက်ယာ

http://www.cherrythitsar.org
www.foreverspace.com.mm


ဘက်ခြမ်းကို ချိန်ရွယ်ရန် အမိန့်ပေးလိုက်သည်။

'တော်ပီဒို အားလုံး အသင့်ပြင်'

ပရိုင်ယန်၏ အမိန့် လွင့်ပျံ့သွားသည်။

'တော်ပီဒို တစ် အဆင်သင့်'

တစ်ဖက်မှ ပြန်လာသည်။

'တော်ပီဒို တစ် ပစ်'

ပရိုင်ယန် ဟစ်အော်လိုက်သည်။

ယူ ၄၇ မှ ပြေးထွက်သွားသော တော်ပီဒိုသည် နောက်ဘက်တွင် ရေပူပေါင်း ဖြူဖြူတန်းကလေးကို ချန်ထားခဲ့သည်။ များမကြာမီတွင် ပေါက်ကွဲသံ တိုးတိုးအုပ်အုပ် တစ်ခုကို ကြားရသည်။ တစ်ဆက်တည်းမှာပင် ရေများ ပန်းတက်သွားသည့် အသံ ပေါ်ထွက်လာသည်။ သင်္ဘောကို မထိမှန်ဘဲ ရေထဲတွင် ပေါက်ကွဲသွားခြင်း ဖြစ်သည်။

'တော်ပီဒို နှစ် အသင့်'

တော်ပီဒိုသမားက သတင်းပို့သည်။

ကျန်ရှိသော တော်ပီဒို သုံးခုကို ဧရာမ တိုက်သင်္ဘောကြီး၏ ဘေးဘက်ကို ပစ်ခတ်စေသည်။ ရေထဲတွင် ပြေးလွှားနေသော ဂယက် ဖြူဖြူတန်းကို ပရိုင်ယန် စိတ်အားထက်သန်စွာဖြင့် ကြည့်နေသည်။ ရေယက်တန်းသည် တစ်စက္ကန့်ထက် တစ်စက္ကန့် ဆိုသလိုပင် သင်္ဘောကိုယ်ထည်ကြီး ဆီသို့ နီးကပ်သွားနေသည်။ ရေပူပေါင်း ဖြူဖြူများ ပျောက်ကွယ်သွားသည် အထိ သူသည် အသက်ရှူ မမှန်ဘဲ ကြည့်နေခဲ့သည်။

တကယ်ပင် ဘာဆို ဘာမျှ မဖြစ်ပါ။ ဧရာမ သင်္ဘောကြီးသည် တစ်စုံတစ်ရာ အနှောင့်အယှက် မရှိဘဲ အိပ်မောကျလျက်ပင် ရှိသည်။

www.foreverspace.com.mm
http://www.cherrythitsar.org


သင်္ဘောကြီးပေါ်တွင် မည်သည့် လှုပ်ရှားမှုများမှ မတွေ့ရပါ။ မည်သည့် အလင်းရောင်မျှ မတွေ့မြင်ရပါ။ မည်သည့် ဟစ်အော်သံများကိုမှ မကြားရပါ။ ဘာဆို ဘာမျှ မဖြစ်ပါ။

ပရိုင်ယန် အဖို့ကား ဤအဖြစ်အပျက်သည် အိပ်မက်ဆိုးကြီး တစ်ခုပင် ဖြစ်တော့သည်။ သည်မျှလောက် နီးကပ်နေသော အကွာအဝေး တွင် တော်ပီဒို သုံးခုစလုံးသည် ဘယ်လိုလုပ်ပြီး လွဲသွားကြရသနည်း။ တော်ပီဒို သုံးခုစလုံး မကောင်းဟူ၍သာ သူ မှတ်ယူရတော့သည်။ သူသည် စိတ်ပျက် လက်ပျက်ဖြင့်ပင် ရန်သူ သင်္ဘောများ၏ တိုက်ခိုက်ခြင်း မခံရမီ တွင် ရေအောက်သို့ ငုပ်လျှိုးကာ အမြန်ဆုံး လွတ်မြောက်အောင် ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် ပတ်ဝန်းကျင်ကို သူ ကြည့်လိုက်သောအခါ ပင်လယ်အော်အတွင်းသို့ သူတို့ ရောက်ရှိနေသည်ကို မည်သူကမျှ သတိပြု မိဟန် မတွေ့ရပါချေ။ မည်သည့်နေရာမှာမှ မည်သည့် လှုပ်ရှားမှုကိုမှ မတွေ့ရပါ။

ပရိုင်ယန်သည် သူတို့၏ ကုသိုလ်ကံကောင်းမှုကို မယုံကြည်နိုင်စွာ ဖြင့်ပင် ဟစ်အော်ကာ အမိန့်ပေးလိုက်သည်။

'တော်ပီဒိုတွေ ထပ်ထည့်'

ပရိုင်ယန်သည် စကြိန်တံတားပေါ်တွင် စိတ်လှုပ်ရှားစွာဖြင့် ရပ်ကာ အခြေအနေကို စောင့်ကြည့်လျက် ရှိသည်။ အောက်ဘက်တွင်ကား သင်္ဘောသားများသည် လေးလံပြီး ဆီတွေနှင့် ချောနေသော ၁၈ ပေ ရှည်လျားသည့် တော်ပီဒိုကြီးများကို ပြွန်ခေါင်း အလွတ်များ အတွင်းသို့ မသွင်းလျက် ရှိကြသည်။

ပရိုင်ယန်သည် တော်ပီဒို လေးခုစလုံး ထည့်ပြီးသည်အထိ မစောင့်

http://www.cherrythitsar.org

www.foreverspace.com.mm



နိုင်တော့ဘဲ သုံးခု အပြီးတွင် ရပ်ဆိုင်းရန် အမိန့်ပေးလိုက်သည်။ အချိန်က နံနက် တစ်နာရီ ၁၅ မိနစ် ရှိနေပြီ။ ပရိုင်ယန် နောက်ထပ် မစောင့်ဆိုင်းနိုင်တော့ပါ။

သို့ဖြင့် တော်ပီဒိုများကို နောက်တစ်ကြိမ် ပစ်ခတ်စေပြန်တော့သည်။ ရေယက် ဖြူဖြူကလေးများ ပြေးသွားနေကြသည်ကို နောက်တစ်ကြိမ် သူ ကြည့်ရှုနေပြန်တော့သည်။ ယခုတစ်ကြိမ်တွင်ကား သူသည် မတူ ခြားနားသော မြင်ကွင်းကို တွေ့မြင်ရပါသည်။ တော်ပီဒို တစ်ခုသည် တိုက်သင်္ဘောကြီး၏ လက်နက်ခဲယမ်း မီးကျောက်ခန်းကို ထိမှန်လေတော့သည်။ ပြင်းထန်သော ပေါက်ကွဲမှုကြီးကြောင့် နှစ်ခြမ်း ကွဲသွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သင်္ဘောပျက် အစအနများသည် မိုးသီးမိုးပေါက်များပမာ ယူ ၄၇ အပေါ်သို့ ကျရောက်လာကြသည်။ ပရိုင်ယန်သည် ထိုနေရာတွင် သံမှိုစွဲသကဲ့သို့ ရှိနေပြီး ကြီးကျယ် ခမ်းနားသော မြင်ကွင်းမှ မျက်လုံးများ မလွှဲဖယ်နိုင်ဘဲ ရှိနေသည်။ အတော်ကြီးကြာမှပင် သင်္ဘောအတွင်းပိုင်း၌ စိတ်မရှည်စွာ စောင့်ဆိုင်းနေကြသော သင်္ဘောသားများကို သတင်းစကား အော်ဟစ်ပြီး ပြောနိုင်သည်။

'သင်္ဘောကြီး ကိစ္စ ချောသွားပြီ'

သင်္ဘောသားများ လက်ခုပ်သြဘာ ပေးကြသည်။

ပေါက်ကွဲသည့် မီးလျှံများ ပျောက်ကွယ်သွားသောအခါ ရှိုင်ရယ်အုတ် သင်္ဘောကြီးသည် လက်ယာဘက်သို့ အခြေအနေ ဆိုးရွားစွာ တိမ်းစောင်းလာတော့သည်။ ထိုအခါ မိမိတို့ ထွက်ခွာရန် သင့်ပြီဟု ပရိုင်ယန် ဆုံးဖြတ်လိုက်သည်။ သင်္ဘောဦးကို ရေလက်ကြား အပေါက်နှင့် တည့်တည့်ရောက်သည်အထိ သင်္ဘောကို လှည့်စေသည်။ သင်္ဘောစက်ကို အရှိန်ကုန် ခုတ်မောင်းစေသည်။ ထိုနေရာမှ သူတို့ ထွက်ခွာစဉ်မှာပင် ရှိုင်ရယ်အုတ်

http://www.cherrythitsar.org

www.foreverspace.com.mm



သည် လဲကျကာ ရေအောက်သို့ တဖြည်းဖြည်းချင်း နစ်မြုပ်လျက် ရှိတော့သည်။ ၎င်းနှင့်အတူ အရာရှိ ၂၄ ယောက်နှင့် သင်္ဘောသား ၈၀၉ ယောက်တို့ကို သယ်ဆောင်သွားသည်။ မကောင်းဆိုးဝါးသော ညတစ်ည၏ ရလာဒ်ပင် ဖြစ်တော့သည်။

ယခုအခါတွင် ဗြိတိသျှတို့သည် လက်တုံ့ပြန်မှုပြုရန်အတွက် ပင်လယ်အော် တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေတော့သည်။ စကာပါဖလိုး ပင်လယ်အော်အတွင်း ရှိသမျှ သင်္ဘောအားလုံးပင် ကျူးကျော် ဝင်ရောက်လာသော ရန်သူကို ရှာဖွေလျက်ရှိတော့သည်။ သူတို့ ခုတ်မောင်းရာ လမ်းကြောင်း တစ်လျှောက်တွင် ရေယက်ဖြူဖြူများ ချန်ထားခဲ့သဖြင့် သူတို့ကို ရန်သူ တွေ့မြင်မည်ကို ပရိုင်ယန် သေချာလျက်ရှိသည်။

ရုတ်ခြည်းဆိုသလိုပင် ဖျက်သင်္ဘော တစ်စီး သူတို့ထံသို့ ဦးတည်ပြီး လာနေသည်။ ၎င်း၏ ဦးပိုင်းမှ ထိုးလိုက်သော မီးမောင်းကြီးသည် စူးရှလှသည်။ ရန်သူ သင်္ဘောသည် ၎င်းတို့၏ လမ်းကြောင်းကို တွေ့ရှိသွားပြီမှာ သေချာသည်။

ရေငုပ်သင်္ဘော ကစ်ရေလက်ကြား အနီးသို့ ရောက်ရှိသောအခါ ရေစီးကြောင်းတွင် မိရပြန်တော့သည်။ သင်္ဘောသည် ရေစီးကြောင်းတွင် လူးလိမ့်လျက် ရှိသည်။ အင်ဂျင်ကို စက်ကုန်ဖွင့်ထားသော်လည်း ဘယ်လိုမှ မရောက်နိုင်ဘဲ ရှိနေသည်။

'စက်ရှိန် အကုန်ဖွင့်၊ ဒီဇယ်ရော လျှပ်စစ် မော်တာရော အကုန်ဖွင့် မောင်းနိုင်သလောက် အကုန်မောင်း'

ပရိုင်ယန် အောက်ဘက်သို့ ဟစ်အော်ကာ အမိန့်ပေးလိုက်သည်။

ယူ ၄၇ ရေစီးကြောင်းထဲတွင် အလူးအလဲ ရုန်းကန်နေစဉ်တွင်

http://www.cherrythitsar.org

www.foreverspace.com.mm



ရန်သူ ဖျက်သင်္ဘောသည် ရုတ်ခြည်းဆိုသလိုပင် လမ်းကြောင်းသစ် ပြောင်းသွားကာ သူ့ပတ်လည်တွင် ရေမြှုပ်ဖုံးများ တွေ့မြင်ရပြီး စိတ်သက်သာရာ ရရှိကြရတော့သည်။ ရန်သူ သင်္ဘောက ချသွားသော ရေမြှုပ်ဖုံးများသည် ယူ ၄၇ ကို မည်သို့မျှ အန္တရာယ် မပြုပါချေ။ ယူ ၄၇ သည် ယခုအခါ အန္တရာယ် များပြားလှသော ကစ် ရေလက်ကြား စည်းတိမ်ပိုင်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။

သည်တစ်ကြိမ်တွင် ပရိုင်ယန်သည် သင်္ဘောကို ပိတ်ဆို့ထားသော သင်္ဘောပျက် တစ်စီးနှင့် တောင်ဘက်ကမ်းရှိ သစ်သား ဆိပ်ခံ တံတား အကြားမှ ခုတ်မောင်းစေသည်။ ယူ ၄၇ ၏ အောက်ပိုင်း ဧရာသည် ရေအောက်ကြမ်းပြင်နှင့် တိုက်ခြစ်ပြီး ရပ်တန့်သွားလေတော့သည်။ ရှေ့ကိုလည်း တိုး၍ မရတော့။ နောက်ကိုလည်း ဆုတ်၍ မရတော့။ သင်္ဘောသားများသည် သင်္ဘောထဲတွင် ချွေးသီး ချွေးပေါက်များ ပြန်နေကြတော့သည်။ ယူ ၄၇ သည် ကုန်းပေါ်ရောက်နေသော ငါးတစ်ကောင်ပမာ ဖြစ်ပြီး ဗြိတိသျှများက နောက်တစ်နေ့ မနက်တွင် လာရောက် ကောက်ယူမည်ကို စောင့်ဆိုင်းနေကြရပြီဟု မှတ်ယူနေကြတော့သည်။

ဤကာလကား အင်မတန် ဆိုးဝါးသောကာလ အပိုင်းအခြားတစ်ခုပင် ဖြစ်တော့သည်။ သို့သော် ပရိုင်ယန်၏ ကျွမ်းကျင်သော စွမ်းဆောင်မှုဖြင့် ယူ ၄၇ သည် ထိုနေရာမှ လူးလွန့်ပြီး ထွက်ခွာနိုင်တော့သည်။

၁ ရက်နေ့ နံနက်ပိုင်းတွင်ကား ယူ ၄၇ သည် ကစ် ရေလက်ကြားကို နောက်တွင် ချန်ထားခဲ့ကာ ပြည်တော်ပြန် အောင်ပွဲတော်ကြီးကို ခမ်းခမ်းနားနား ဆင်နွှဲလျက် ရှိတော့သည်။ ဆိပ်ကမ်းပေါ်တွင် ဘင်ခရာ တီးဝိုင်းများ တီးမှုတ်ကာ အရေးပါသော ပုဂ္ဂိုလ်ကြီးများ တန်းစီလျက် ရှိကြသည်။ ၎င်းတို့

http://www.cherrythitsar.org
www.foreverspace.com.mm



ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြု နှုတ်ဆက်ကြသည်။ ပရိုင်ယန်နှင့် သင်္ဘောသား အားလုံးပင် ဟစ်တလာ၏ အထူး လေယာဉ်ဖြင့် ဘာလင်မြို့တော် သွားရောက်ရပြီး ခေါင်းဆောင်ကြီး ကိုယ်တိုင် ဂုဏ်ပြုခြင်းကို ခံယူကြရသည်။ ဤကား သင်္ဘောသားဘဝကို သင်္ဘော အစေခံအဖြစ်မှ စတင်ခဲ့ရသော မုဆိုးမသား ဂန်သာ ပရိုင်ယန်အဖို့ ဂုဏ်ယူ ဝင့်ကြွားဖွယ်ရာ ကာလ တစ်ခုပင် ဖြစ်တော့သည်။

နောက် ၁၉ လ အကြာတွင်ကား ပရိုင်ယန်၏ ရေငုပ်သင်္ဘောသည် တိုက်ကင်း ထွက်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်း မရှိတော့ပါ။ သင်္ဘောနှင့်တကွ သင်္ဘောသားများအားလုံး ပျောက်ဆုံးသွားသည်ဟု မှတ်ယူကြရတော့သည်။ စကာပါဖလိုး သူရဲကောင်းအတွက် ဂျာမနီ တစ်နိုင်ငံလုံး ဝမ်းနည်း ကြေကွဲကြရသည်။

* * *

www.foreverspace.com.mm

# မနုဿ တော်ပီဒို

ဂျာမန် ရေငုပ်သင်္ဘော သူရဲကောင်း ဂန်သာ ပရိုင်ယန်က စကော့တလန် ကမ်းခြေရှိ ဗြိတိသျှ ရေတပ်သင်္ဘောစုကို ဒုက္ခပေးနေချိန်တွင် အခြားသော ဂျာမန် ရေငုပ်သင်္ဘော ယူဘုတ်များကလည်း အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ ဗြိတိသျှ သင်္ဘောများကို အနှောင့်အယှက် ပေးလျက်ရှိကြတော့သည်။ ယူဘုတ်များသည် တစ်ကိုယ်တော် တစ်စီးတည်း ထွက်ခွာကြပြီး အစောင့်အရှောက် မပါသော ရန်သူသင်္ဘောများကို ရှာဖွေ တိုက်ခိုက်လျက်ရှိကြသည်။ စစ်ကြီးဖြစ်သော ပထမ လေးလအတွင်းမှာပင် ၎င်းတို့သည် ရန်သူ သင်္ဘော ၁၄၄ စီးကို ရှာဖွေ နှစ်မြှုပ်နိုင်ခဲ့ကြသည်။ ယခုအခါတွင် ဂျာမန် ရေငုပ်သင်္ဘော ထုတ်လုပ်သော သင်္ဘောကျင်းများသည် အရှိန်အဟုန်ပြင်းစွာဖြင့် တည်ဆောက် ထုတ်လုပ်နေကြသဖြင့် ယူဘုတ် အရေအတွက်သည် ဆတက်ထမ်းပိုး တိုးတက်လျက် ရှိတော့သည်။ ဤအခါတွင် ယူဘုတ် ဦးစီးချုပ် ဂျာမန် ရေတပ် ဗိုလ်ချုပ်ကြီး ဒိုးနစ်သည် စီမံချက် အသစ်တစ်ခုကို ချမှတ်လေတော့သည်။

ဗြိတိသျှတို့သည် လုံခြုံမှုကို ရှေးရှုပြီး ၎င်း၏ သင်္ဘောများကို အစုအဝေး ကောင်းကောင်းဖြင့်သာ စေလွှတ်တော့သည်။ ထိုအခါ ဒိုးနစ်ကလည်း ရန်သူ၏ နမူနာကိုယူပြီး ယူဘုတ်များကို ဆယ်စီး အစီး နှစ်ဆယ်စသည်ဖြင့် အစုအဝေးဖြင့် ထွက်ခွာစေတော့သည်။ ဗြိတိသျှ သင်္ဘောစုကို တွေ့ရှိသောအခါ ယူဘုတ်များသည် တစ်မိုင်အကွာလောက်မှနေ၍ ဂဏန်းလက်မ သဏ္ဌာန် တပ်ဖွဲ့ပြီး ရေပေါ်သို့ တက်လာကြသည်။ ထို့နောက် အန္တရာယ် ရှိမှန်းမသိဘဲ ခုတ်မောင်းလာသော ရန်သူ သင်္ဘောတန်းကြီးကို

http://www.cherrythitsar.org

www.foreverspace.com.mm



ဂဏန်းလက်မ ညှပ်သလို ညှပ်ပြီး တိုက်ခိုက်ကြတော့သည်။

ယင်းသို့ ဝိုင်းဝန်း တိုက်ခိုက်သော ဂျာမန် ရေငုပ်သင်္ဘောများကို ပင်လယ်ထဲက 'ဝံပုလွေအုပ်ကြီး' ဟု ခေါ်ဆိုကြသည်။ ဤ 'ဝံပုလွေအုပ်ကြီး' များ၏ တိုက်ခိုက်မှုကြောင့် ၁၉၄၀ ပြည့်နှစ် ဇွန်လမှ အောက်တိုဘာလအထိ ခြောက်လတာ အတွင်းတွင် တန်ချိန် ၁, ၃၉၅, ၀၀၀ နှင့်ညီမျှသော သင်္ဘောများ နစ်မြုပ် ဆုံးရှုံးရလေသည်။ ဤကာလသည် ဂျာမန် ရေငုပ်သင်္ဘောများ အတွက် အောင်ပွဲကာလဖြစ်ပြီး ဗြိတိသျှတို့အဖို့ကား အန္တရာယ်ကာလဆိုး ကြီးပင် ဖြစ်တော့သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးဟု မှတ်ယူထားသော ဗြိတိသျှ ရေတပ်မတော်သည် ယခုအခါတွင် ကြောက်ခမန်းလိလိပင် ကြုံလှီ သွားချေပြီ ဖြစ်သည်။ ထိုအခါ ဗြိတိသျှ ခေါင်းဆောင်များနှင့် တိုင်းသူပြည် သားများသည် အထူးပင် စိုးရိမ် ပူပန်ကြရတော့သည်။

၁၉၄၁ ခုနှစ် နိုဝင်ဘာလသို့ ရောက်ရှိသောအခါတွင်ကား ဗြိတိသျှ တို့၏ အရှေ့ပိုင်း မြေထဲပင်လယ် ရေတပ်မတော်တွင် စစ်သင်္ဘောကြီး သုံးစီးမျှသာ ကျန်ရှိတော့သည်။ ၎င်းတို့မှာ အလံတင် သင်္ဘောဗာဟန်း၊ ဘုရင်မ အယ်လီဇဘက်နှင့် ဗေးလီယင့် တို့ ဖြစ်ကြသည်။

၁၉၄၁ ခု၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဂျာမန် ယူဘုတ် တစ်စီး သည် စီတန်း ခုတ်မောင်းနေသော အထက်ပါ စစ်သင်္ဘောကြီး သုံးစီးကို ကံအားလျော်စွာ တွေ့ရှိသွားသည်။ စစ်သင်္ဘောကြီး သုံးစီးသည် ထုံးစံအတိုင်း ပင် ဖျက်သင်္ဘောပေါင်း မြောက်မြားစွာ ခြံရံ စောင့်ရှောက်လျက် ဖြစ်သည်။ သို့သော် ဂျာမနီ ယူဘုတ် ဦးစီးမှူးသည် အကြောက်အလန့် မရှိသော သတ္တိ ဖြင့် အသေခံ တိုက်ခိုက်ရန် ပြင်ဆင်ပြီး ဗာဟန်း သင်္ဘောကြီးဆီသို့ ခေါင်း တည် ဝင်ရောက်ကာ တော်ပီဒိုပုံး လေးလုံးကို ပစ်လွှတ်သည်။

www.foreverspace.com.mm

http://www.cherrythitsar.org



ဗာဟန်း သင်္ဘောကြီးသည် အဆိုးရွားဆုံးသော နေရာကို ထိမှန်ခြင်း ခံရသည်။ တန်ပေါင်းများစွာသော ခဲယမ်းမီးကျောက်များ သိုလှောင်ထားသော လက်နက်တိုက်ကို ထိမှန်ခံရခြင်းပင် ဖြစ်သည်။ ဗာဟန်း သင်္ဘောကြီး ပေါက်ကွဲပြီး အပိုင်းအစ အပျက်အစီးများသည် အရပ် ရှစ်မျက်နှာသို့ လွင့်ထွက်ကုန်ကြပြီး လူပေါင်း ၈၀၀ သေကြေပျက်စီး ရတော့သည်။ အစောင့်အရှောက် လိုက်ပါလာသော ဖျက်သင်္ဘောများ ရှုပ်ယှက်ခတ်နေသည့်ကြားမှပင် ဂျာမန် ရေငုပ်သင်္ဘောသည် အံ့သြဖွယ်ရာ လွတ်မြောက်သွားတော့သည်။

ဗြိတိသျှ ရေတပ်မတော်သည် ယခုကဲ့သို့ မရှုမလှ ထိခိုက် ပျက်စီးဆုံးရှုံးရသောအခါ မြေထဲ ပင်လယ်တွင်း ကျန်ရှိနေသော ရှားပါး ရတနာနှစ်ခု ဖြစ်သည့် စစ်သင်္ဘောကြီး နှစ်စီးကို ဘေးအန္တရာယ် ကင်းရှင်းလုံခြုံရာ အလက်ဇင်ဒရိယာ ဆိပ်ကမ်းတွင် ကျောက်ချထားလေတော့သည်။ ဤသင်္ဘော နှစ်စီးကို အင်မတန် လိုအပ်မှသာ ထုတ်သုံးရန်ဖြစ်ပြီး တော်ပီဒို ကာကွယ်ရေး ပိုက်ကွန်များ အထပ်ထပ် ချထားပြီး လုံခြုံစွာ သိမ်းဆည်းထားလေတော့သည်။ အကယ်၍ အီတလီ အမှတ် ၁၀ အမြန် ရေယာဉ်တပ်ဖွဲ့ မရှိခဲ့လျှင်လည်း ဗြိတိသျှတို့ ယူဆသည့်အတိုင်း ဖြစ်ဖွယ်ရာ ရှိပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး တစ်နှစ်ခန့်အကြာ ၁၉၄၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင် အီတလီနိုင်ငံသည် ဂျာမန်တို့နှင့် ပူးပေါင်းပြီး ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကို စစ်ကြေညာသည်။ အကြောင်းကြောင်းတို့ကြောင့် အီတလီသည် ဂျာမန်နိုင်ငံအတွက် အားကိုးရသော မဟာမိတ်နိုင်ငံတစ်ခု ဖြစ်လာတော့သည်။ အကြောင်းတစ်ကြောင်းမှာ အီတလီ ရေ

http://www.cherrythitsar.org

www.foreverspace.com.mm



တပ်မတော်မှ လျှို့ဝှက် လက်နက်ဆန်း တစ်ခုကို တီထွင်နိုင်သောကြောင့် ဖြစ်သည်။ ယင်း လက်နက်ဆန်းကား 'မနုဿ တော်ပီဒို' ဖြစ်တော့သည်။

မိမိတို့ ရေငုပ်သင်္ဘောမှ နေ၍ လျှို့ဝှက်စွာ ကျောက်ချထားသော ရန်သူ သင်္ဘောဆီသို့ လူတစ်ယောက် မောင်းနှင်ပြီး သွားရောက် တိုက်ခိုက်နိုင်မည့် လက်နက်ဆန်းတစ်ခုကို အီတလီ အင်ဂျင်နီယာများက နှစ်ပေါင်းများစွာကတည်းကပင် ကြိုးပမ်း တီထွင်လျက် ရှိကြသည်။ ပေါ်လူစီ ဟူသော လူတစ်ယောက်သည် တော်ပီဒို ဗုံးတစ်လုံးကို ရေငုပ်သင်္ဘောမှ တဆင့် သယ်ဆောင်သွားရန် ကြံစည်ခဲ့သည်။ သူသည် လပေါင်းများစွာ ဆိုသလိုပင် ည ညများ၌ စည်ပိုင်းတစ်လုံးနှင့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် အီတလီ ရေတပ်မတော်က ၎င်းအား ဗိုလ်မှူး ရိုဆက်တီနှင့် ပူးပေါင်း လုပ်ဆောင်ရန် စည်းရုံးလေသည်။ ဗိုလ်မှူး ရိုဆက်တီမှာလည်း အလားတူ လက်နက်မျိုး တစ်ခုကို ၁၉၁၄ ခုနှစ်မှ စတင်ပြီး တီထွင်ကြံဆနေသူ ဖြစ်သည်။

များမကြာမီတွင် အခြား စိတ်ဝင်စားသော အင်ဂျင်နီယာများသည် ဤနှစ်ဦးနှင့် အတူ ပူးပေါင်းကာ စမ်းသပ်မှုများ၊ အမှားအယွင်းများ၊ ပြုပြင်မှုများကို ထပ်ဖန်တလဲလဲ ပြုလုပ်ကြပြီးနောက် ရေအောက် လက်နက်ဆန်း တစ်ခုပုံစံ ပေါ်လာတော့သည်။ ဤလက်နက်သစ်သည် ပုံသဏ္ဌာန်ရော အရွယ်အစားရော တော်ပီဒိုဗုံး တစ်ခုနှင့် တူညီသော်လည်း အမှန်တွင်မူ ရေငုပ်သင်္ဘော အသေးစားကလေး တစ်စီး ဖြစ်တော့သည်။ ၎င်းကို လျှပ်စစ်မော်တာဖြင့် မောင်းနှင်ပြီး လူနှစ်ဦးက လေယာဉ်လက်ကိုင်ဘီးနှင့် တူသော ဘီးများဖြင့် လိုရာသို့ ပဲ့ကိုင်နိုင်ကြသည်။ ဤယာဉ်ကလေး၏ အခွင့်အလမ်းသာမှုမှာ ရေငုပ်သင်္ဘောကြီးမှာလို အတွင်း၌ ပိတ်လှောင်မနေရဘဲ မော်တော်

http://www.cherrythitsar.org
www.foreverspace.com.mm



ဆိုင်ကယ် အသေးစားကလေးကို ခွထိုင်ပြီး စီးသလို စီးနိုင်ပါသည်။ စီးနင်းသူကို ပလတ်စတစ်အဖုံး တစ်ခုဖြင့်သာ အကွယ်အကာ ပြုထားသည်။

ဤ လက်နက်ဆန်းကို စီးနင်းသူများသည် ရေအောက်တွင် ကျွမ်းကျင်သော ရေကူးသမားများ ဖြစ်ကြရပါသည်။ သူတို့သည် အသက်ရှူကိရိယာများကို တပ်ဆင်ထားသဖြင့် ၎င်းတို့ စီးနင်းလိုက်ပါသော ရေယာဉ်ကလေးပေါ်မှနေ၍ လိုသလို တက်နိုင် ဆင်းနိုင်ကြပါသည်။ ယာဉ်ပေါ်မှ အလွယ်တကူ ဆင်းပြီး သံမဏိပိုက်များကို ဖြတ်တောက်ပစ်နိုင်သည်။ ရန်သူသင်္ဘောတွင် ပေါက်ကွဲစေသော ယမ်းဘီလူးများ တပ်ဆင်နိုင်ကြသည်။

ယာဉ်ကလေးသည် တစ်နာရီလျှင် မိုင် သုံးဆယ်အထိ ခုတ်မောင်းနိုင်ပြီး အင်မတန် ပြင်းထန်သော မိုင်းဗုံးများကို သယ်ဆောင်သွားနိုင်သည်။ ယာဉ်တွင် တပ်ဆင်ထားသော ဒိုင်ခွက်များအားလုံးသည် အင်မတန် တောက်ပြောင်သော ဆေးဖြင့် ရေးခြယ်ထားသဖြင့် စီးနင်းသူများသည် ရေအောက်အနက် အမှောင်ကြီးမှာပင် ကြည့် မြင်နိုင်ကြသည်။

၁၉၃၆ ခုနှစ်တွင် ‘အမှတ် ၁၀ အမြန် ရေယာဉ်စု’ ဟူသော တပ်ဖွဲ့ကလေး တစ်ခုကို ဖွဲ့စည်းလိုက်ကြသည်။ နောက် လေးနှစ်အကြာတွင် ကမ္ဘာစစ်ကြီးအတွင်းသို့ အီတလီနိုင်ငံ ဝင်ရောက်သောအခါ ရေတပ်မတော်ဦးစီးချုပ်က နောက်ထပ် မနုဿ တော်ပီဒို တစ်ဆယ့်နှစ်စီး တည်ဆောက်ရန် အမိန့်ပေးသည်။ စွန့်စားလိုသော လူငယ် အရာရှိများကိုလည်း အလွယ်တကူပင် စည်းရုံး ရရှိသဖြင့် အပြင်းအထန် လေ့ကျင့် သင်ကြားခြင်းများ ပြုလုပ်ကြသည်။

ဤတပ်ဖွဲ့ကလေး၏ ဌာနချုပ်မှာ အီတလီ ရေငုပ်သင်္ဘော ဆီရီပင် ဖြစ်တော့သည်။ ယင်း၏ ဦးစီးမှူးမှာ ကက်ပတိန် ဗယ်လာရီယို ဘိုဂီဆီ

www.foreverspace.com.mm



ဖြစ်သည်။ ဆီရီသည် ရိုးရိုးသာမန် ရေငုပ်သင်္ဘော တစ်စီး မဟုတ်ပါ။ ၎င်းသည် ပင်လယ် ခရီးသွား ထူးဆန်းသည့် ရေယာဉ်တစ်စီး ဖြစ်ကြောင်းကို ၎င်းသင်္ဘောသားများကပင် ဝန်ခံကြရသည်။ မူလက ပုံမှန်အတိုင်း တည်ဆောက်ခဲ့သော်လည်း ၎င်းကို အမှတ် ၁၀ အမြန် ရေယာဉ်စုက လွှဲပြောင်းယူလိုက်သောအခါ ကုန်းပတ်ပေါ်မှ လက်နက်ကြီးများ အားလုံးကို ဖယ်ရှားပစ်လိုက်ကြပြီး ရေငုပ်သင်္ဘောကလေးများ ထည့်နိုင်မည့် ပြွန်လုံးကြီး သုံးခုကို အစားထိုး တပ်ဆင်လိုက်ကြသည်။

ယခုအခါတွင် ၎င်းသည် လက်နက်များ တပ်ဆင်ထားခြင်း မရှိသဖြင့် အရပ် သင်္ဘောတစ်စီးနှင့် တူအောင် ပြောင်းလဲ ပြင်ဆင်ကာ ဆေးသုတ်လိုက်ကြသည်။ သင်္ဘော၏ ကိုယ်ထည် တစ်ခုလုံး အစိမ်းနုရောင်သုတ်ပြီး ငါးဖမ်း သင်္ဘောတစ်စီးနှင့် တူအောင် ဖန်တီးထားသည်။ သို့ရာတွင် ထူးဆန်းနေသည့် အချက်တစ်ခုကတော့ ငါးဖမ်းသင်္ဘောနှင့် တူအောင် ပြုလုပ်ထားသော သင်္ဘောဦးသည် ရေငုပ်သင်္ဘော၏ အမှန်တကယ် ဦးပိုင်းနှင့် ဆန့်ကျင်ဘက်တွင် ဖြစ်နေသည်။ သို့ဖြင့် အဝေးတွင် မြင်တွေ့ရသော ရေငုပ် သင်္ဘောကို တစ်စုံတစ်ယောက်က တစ်မိနစ်ခန့် ကြာအောင် စောင့်ကြည့်နေခဲ့လျှင် ရေထဲတွင် နောက်ပြန်ကြီး သွားနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဘယ်ကြောင့် ဤသို့ ပြုလုပ်ထားသည်ကို သင်္ဘော ကက်ပတိန်ဗိုဂီဆီပင်လျှင် သဘောပေါက် နားလည်ခြင်း မရှိပါချေ။ ဤအချက်မှ တစ်ပါးကား ဆီရီသည် သင်္ဘောသားများအတွက် သက်တောင့်သက်သာရှိသော ကောင်းမွန်သော သင်္ဘောတစ်စီးပင် ဖြစ်တော့သည်။

ဆီရီ၏ ပထမ ခရီးသည် ဂျီဘရော်လတာသို့ ဖြစ်သည်။ ၁၉၄၁ ခုစက်တင်ဘာလ ၂၀ ရက်နေ့တွင် ဖြစ်သည်။ ၎င်းသည် ဆိပ်ကမ်းအနီးသို့

www.foreverspace.com.mm
http://www.cherrythitsar.org


ချဉ်းကပ်နိုင်သမျှ ချဉ်းကပ်ပြီးနောက် မနုဿ တော်ပီဒိုယာဉ်နှင့် မောင်းနှင် တိုက်ခိုက်မည့် လူများကို ချထားပေးသည်။ ထို ညသည် တော်ပီဒိုသမားများ အတွက် အောင်ပွဲပင် ဖြစ်သည်။ ၎င်းတို့သည် ဗြိတိသျှ သင်္ဘောသုံးစီးကို နှစ်မြှုပ်ပစ်လိုက်နိုင်ကြသည်။ နှစ်စီးမှာ အဖိုးထိုက်တန်လှသော ရေနံတင် သင်္ဘောများ ဖြစ်ကြသည်။ ၎င်းတို့သည် ခလုတ်မထိ ဆူးမငြိဘဲ မိခင် သင်္ဘော ဆီရီသို့ ပြန်လာနိုင်ခဲ့ကြသည်။ အီတလီ နိုင်ငံသို့ ပြန်လည် ရောက် ရှိသောအခါ ဆီရီ သင်္ဘောသားများကို ၎င်းတို့၏ ရဲစွမ်းသတ္တိ အတွက် အထူးပင် ချီးမွမ်းခြင်းခံရပြီး တော်ပီဒို ယာဉ်မှူးများသည် ငွေတံဆိပ် ချီးမြှင့် ခြင်း ခံကြရသည်။ လျှို့ဝှက် လက်နက်သစ်သည် အသုံးဝင်ကြောင်း သက်သေ ပြလိုက်ချေပြီတည်း။

ဤအချိန်မှာပင် ဗြိတိသျှ စစ်သင်္ဘောကြီး ဘုရင်မ အယ်လီဇဘက် နှင့် ဗေလီယင့် တို့ကို အလက်ဇင်ဒရီယာ ဆိပ်ကမ်းတွင် လုံခြုံစွာ သိမ်းဆည်း ထားကြောင်းကို သိရှိကြရသည်။ အမှတ် ၁၀ အမြန် ရေယာဉ်စု၏ အောင်ပွဲရ လက်နက်သစ်များအတွက် ဤ သင်္ဘောကြီး နှစ်စီးသည် မျက်စိကျစရာပင် ဖြစ်တော့သည်။ အလက်ဇင်ဒရီယာ စစ်ဆင်ရေးကို အထူး လျှို့ဝှက်စွာ စီစဉ် ဆောင်ရွက်ကြသည်။ ဆိပ်ကမ်း အနေအထားနှင့် သင်္ဘောကြီးများ၏ အနေအထားတို့ကို ကောင်းကင်မှ ဓာတ်ပုံရိုက်ယူကြသည်။ သူလျှိုများ စေလွှတ်ပြီး ပိုက်ကွန်များ အနေအထားနှင့် အခြား အခြေအနေများကို ထောက်လှမ်း စုံစမ်းကြစေသည်။

ဆီရီ သင်္ဘောပေါ်တွင် တော်ပီဒိုအဖွဲ့ သုံးဖွဲ့ပါရှိသည်။ ယာဉ်တစ်ခု တွင် ယာဉ်မှူး နှစ်ဦးကျစီ ဖြစ်သည်။ တော်ပီဒို ၂၂၁ တွင် ခေါင်းဆောင်က ဒီလာပင်နီ ဖြစ်ပြီး တွဲဖက်ယာဉ်မှူးက ဗီယင်ချီ ဖြစ်သည်။ ဒုတိယ ယာဉ်တွင်

http://www.cherrythitsar.org

www.foreverspace.com.mm



မာကာဂျလီနှင့် ရှချာဂတ်တို့ လိုက်ပါပြီး တတိယ ယာဉ်တွင်ကား မွန်တီလိုတာနှင့် မာရီနိုတို့ ဖြစ်ကြသည်။ တော်ပီဒိုအဖွဲ့ သုံးဖွဲ့စလုံးသည် သူတို့သွားရမည့် ခရီးအကြောင်းကို ဘာမျှမသိဘဲနှင့် လိုက်ပါရန် ဆန္ဒပြုထားသူများ ဖြစ်ကြသည်။ ၎င်းတို့ကို တစ်ခုပဲ ပြောထားသည်။ ယင်းမှာ ကိုယ့်ပြဿနာကို ကိုယ်ရှင်းရမည်ဟုပင် ဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် ဤလုပ်ငန်းအတွက် သံ့ပန်း စခန်းတစ်ခုတွင် အကျဉ်းကျချင် ကျမည်၊ သို့မဟုတ် သေဆုံးချင် သေဆုံးမည် ဖြစ်သည်။

ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဆီရီသည် လာစပီဇီယာ မိခင်စခန်းမှ နေပြီး ပုံမှန် ထွက်နေကျအတိုင်း ထွက်ခွာခဲ့သည်။ ဆီရီ သင်္ဘောသားများကို ၎င်းတို့သွားရမည့် ခရီးနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ပြောကြားခြင်းမရှိသော်လည်း ဤခရီးသည် ယခင် ခရီးများထက် ပိုပြီး အရေးကြီးလှကြောင်းကို ၎င်းတို့ သိရှိကြသည်။

ဆီရီသည် ဆိပ်ကမ်းမှ ထွက်လာပြီးနောက် ပင်လယ်ထဲတွင် အခြားသင်္ဘောတစ်စီးနှင့် တွေ့ဆုံသည်။ ဤသင်္ဘောက ဆီရီသင်္ဘောသို့ အဖိုးအနဂ္ဃ ထိုက်တန်သော တော်ပီဒို ယာဉ်သုံးစီး ဖြစ်သည့် ၂၂၁၊ ၂၂၂၊ ၂၂၃ တို့ကို လွှဲပြောင်းပေးသည်။ ၎င်းတို့ကို သင်္ဘောကျင်းတွင် အထူး ပြုပြင်မွမ်းမံပြီး သယ်ဆောင်လာခြင်း ဖြစ်သည်။ တော်ပီဒို ယာဉ်မှူးများအတွက် အထူး ပြုလုပ်ထားသော အထူး အဝတ်အစားများနှင့် အထူး အသက်ရှူကိရိယာ တို့ကိုလည်း လွှဲပြောင်း ပေးအပ်သည်။

ယာဉ်မှူးများသည် ၎င်းတို့၏ ယာဉ်များနှင့် ပြန်လည် ပေါင်းဆုံရသည့်အတွက် ဝမ်းသာနေကြသည်။ ယာဉ်မှူး အဖွဲ့တစ်ဖွဲ့သည် အမြဲတမ်း ဆိုသလိုပင် ၎င်းတို့ အသုံးပြုနေကျ ယာဉ်ကိုသာ အသုံးပြုကြသည်။ သို့ဖြင့်

http://www.cherrythitsar.org

www.foreverspace.com.mm



၎င်းတို့သည် ကိုယ်ကိုင်နေကျ ယာဉ်တွင် မဆိုစလောက်သော အတိမ်း အစောင်းကလေး ထူးခြားမှုကလေး ရှိလျှင်ပင် ချက်ချင်း သိရှိကြသည်။ သင်္ဘောကျင်း စက်ရုံမှ သေသေချာချာ ပြင်ဆင်မွမ်းမံ ပေးလိုက်ပြီ ဖြစ်သော်လည်း ၎င်းတို့ ကိုယ်တိုင် ထပ်မံပြီး စစ်ဆေး ကြည့်ရှုကြသည်။ ၎င်းတို့၏ ယာဉ်များကို အကောင်းဆုံး အမြင့်ဆုံး အခြေအနေတွင် ရှိနေကြစေသည်။

သည့်နောက်တွင်ကား ခရီးရှည်ကြီး စတင်တော့သည်။ လမ်းခရီးတွင် စိတ်လှုပ်ရှားစရာ တစ်ခုပဲ ကြုံတွေ့နေရသည်။ ရေပြင်ပေါ်တွင် ငြိမ်သက်စွာ ရပ်နားလျက်ရှိသော ရန်သူ ရေငုပ်သင်္ဘော တစ်စီးကို တွေ့ရခြင်းပင်ဖြစ်သည်။ ဆီရီ သင်္ဘောက မိတ်ဆွေဖြစ်ကြောင်း အချက်ပြ သတင်းပေးပို့သည်။ သို့သော် ပြန်ကြားချက် မရရှိပါ။ သည်အခါတွင် အီတလီ ကက်ပတိန် ဗိုဂီဆီသည် စိုးရိမ်စိတ် ဖြစ်ရတော့သည်။ ရေငုပ်သင်္ဘော နှစ်စီးစလုံး ရေပေါ်တွင် ရှိနေကြသည်။ ရန်သူ သင်္ဘောတွင် အမြောက်များ ရှိနေသည်။ ဤအတွက် ဆီရီမှာ တစ်ပန်း ရှုံးနေသည်။ ရုတ်ခြည်းဆိုသလိုပင် ရန်သူသင်္ဘောသည် ၎င်းတို့ အနီးသို့ ခုတ်မောင်းလာပြီး ၎င်းတို့နှင့် ယှဉ်တွဲပြီး လမ်းကြောင်း တစ်ခုတည်း ခုတ်မောင်းလျက်ရှိသည်။ ထူးဆန်းသော ရေငုပ်သင်္ဘောသည် မည်သည့် အချက်ပြမှု မပြုလုပ်ဘဲ မိုင်ပေါင်း တော်တော်ရောက်အောင်ပင် ဘေးချင်းယှဉ်ပြီး ခုတ်မောင်းနေသည်။ ထို့နောက် ထူးဆန်းစွာပင် ဘေးသို့ ခွဲထွက်သွားပြီး လျင်မြန်စွာ ခုတ်မောင်းကာ ထွက်ခွာသွားလေတော့သည်။ နောက်ပြန် ခုတ်မောင်းလျက်ရှိသော ငါးဖမ်းသင်္ဘောကို ကြည့်ကောင်းသဖြင့် လိုက်ကြည့်ခြင်းပင် ဖြစ်တန်ရာသည်။ မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ ရန်သူ ရေငုပ်သင်္ဘော ထွက်ခွာသွားသည်ကို မြင်ရသောအခါ ဆီရီ သင်္ဘောသားများ ဝမ်းသာကြရသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


ခရီးက ရှည်လျားလှသည်။ တစ်ဆယ့် ငါးရက် တိတိ ကြာသည်။ သင်္ဘောပေါ်တွင် ပါရှိသော သင်္ဘောသား ၆၀ စလုံးပင် သည်းမခံနိုင်အောင် ဖြစ်နေကြရသည်။ သင်္ဘောသား အားလုံးသည် ၎င်းတို့၏ လုပ်ရိုးလုပ်စဉ် အလုပ်များကို လုပ်ဆောင်ကြရသော်လည်း တော်ပီဒို ယာဉ်မှူး ခြောက် ယောက်ကား ဘာမျှ မလုပ်ကြရဘဲ ၎င်းတို့၏ အိပ်စင်များပေါ်တွင် အိပ်ကာ အစားကောင်းကောင်းများကိုသာ စားနေကြရသည်။ သူတို့ လုပ်ရမည့် အလုပ် တစ်ခုပဲရှိသည်။ ယင်းမှာ သင်္ဘော ဆရာဝန်ထံတွင် နေ့စဉ် ဆေးစစ် ခံရခြင်းပင် ဖြစ်သည်။ တော်ပီဒို ယာဉ်မှူး တစ်ဦးဖြစ်သော ဒီလာပင်နီသည် သစ်သီးကိတ် အင်မတန် ကြိုက်သူဖြစ်ပြီး ခရီးတစ်လျှောက်လုံးပင် သစ်သီး ကိတ်ကို စားလိုက် အိပ်လိုက်နှင့် ရှိနေသည်။

၁၆ ရက်နေ့တွင် ဆီရီသည် မုန်တိုင်းကြီး တစ်ခုနှင့် တွေ့ရသည်။ ကက်ပတိန် ဗိုဂီဆီသည် သင်္ဘောကို နှစ်ရက်လုံးလုံးပင် ရေအောက်ကြမ်းပြင် တွင် နားနေစေသည်။ ညအချိန်မှာပင် ဖြစ်စေ သင်္ဘောကြီး တလူးလူး တလိမ့်လိမ့် ဖြစ်နေခြင်းက အပျက်အစီးများ ဖြစ်ပေါ်နိုင်သည်။ သူ့တွင် တန်ဖိုး ကြီးမားသော ကုန်ပစ္စည်းများ ပါရှိနေသဖြင့် သူက နည်းနည်းကလေး မှ မစွန့်စားနိုင်ပါ။

၁၈ ရက်နေ့တွင်ကား ဆီရီသည် ရေမျက်နှာပြင်ပေါ်တွင် ခုတ် မောင်းလျက်ဖြင့်ပင် အလက်ဇင်ဒရီယာ ကမ်းခြေဆီသို့ တစ်နေ့လုံးပင် ချဉ်း ကပ်သွားနေလျက် ရှိသည်။ သည့်နောက်တွင်ကား သူတို့သည် ရေမြှုပ်ဗုံး များ ချထားသော ရေပြင်ကို ဖြတ်သန်းရမည် ဖြစ်သဖြင့် ရေအောက် အနက် ပေ ၂၀၀ သို့ ဆင်းကြရသည်။ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း မတိမ်းမစောင်းရအောင် မောင်းနှင်နေရသဖြင့် ရေကြောင်းပြ အင်ဂျင်နီယာ

http://www.cherrythitsar.org

www.foreverspace.com.mm



များအတွက် တာဝန်ကြီးမားလှသည်။ သူတို့သည် ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် သတ်မှတ်ထားသော နေရာနှင့် မိုင်ဝက်လောက် ကွာသွားလျှင်ပင် ဒုက္ခ ရောက်နိုင်ပေသည်။

လှို့ဝှက်ခရီးဆုံးသို့ ဆီရီ ချဉ်းကပ်သွားလျက်ရှိသောအခါ တော်ပီဒိုယာဉ်မှူးများသည် ဝတ်စုံနက်ကြီးများကို ဝတ်ဆင်လျက် ၎င်းတို့၏ ယာဉ်များကို အန္တရာယ်များပြားသော ရေပြင်အတွင်းသို့ မောင်းထွက်ရန် အသင့်ပြင်ဆင်ထားကြသည်။ လူ အားလုံးမှာပင် စိုးရိမ်ကြောင့်ကြ စိတ်များ လွှမ်းမိုးခြင်း ခံနေကြရသည်။ သူတို့သည် ခက်ခဲသော အလုပ်တစ်ခုကို လုပ်ဆောင်ရမည် ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်လျက် ရှိကြသည်။ အဖွဲ့တစ်ဖွဲ့သည် ရန်သူ သင်္ဘော တစ်စီးကို တိုက်ခိုက်ရမည် ဖြစ်ပြီး သက်ဆိုင်ရာ သင်္ဘော ဆိုက်ကပ်ထားသည့်နေရာကို ပေးထားပြီး ဖြစ်သည်။

၎င်းတို့သည် ဆိပ်ကမ်းအဝင်ဝ ကြိုးပိုက်တန်းများကို တစ်နည်းနည်းဖြင့် ဖြတ်တောက်ပြီး ၎င်းတို့ တိုက်ခိုက်ရမည့် နေရာသို့ သွားရောက်ကြရမည် ဖြစ်သည်။ ၎င်းတို့၏ ပထမဆုံး အလုပ်မှာ သင်္ဘော ကိုယ်ထည်တွင် မိုင်းဗုံးများ တပ်ဆင်ရန် ဖြစ်သည်။ ထို့နောက် သင်္ဘော ပေါက်ကွဲပြီးနောက် တစ်နာရီအကြာတွင် ပေါက်ကွဲစေမည့် မီးလောင်ဗုံးများကို ဆိပ်ကမ်းတစ်လျှောက်တွင် ချထားရန် ဖြစ်သည်။ ယင်း၏ သဘောမှာ သင်္ဘောများပေါက်ကွဲသောအခါ လောင်စာဆီများနှင့် အပျက်အဆီး အပိုင်းစများသည် ဆိပ်ကမ်း ရေပြင်ပေါ်တွင် ပျံ့နှံ့ပြန့်ကျဲလျက် ရှိပေမည်။ နောက် တစ်နာရီအကြာတွင် မီးလောင်ဗုံးများ ပေါက်ကွဲသောအခါ ယင်း လောင်စာဆီများကို မီးစွဲလောင်ကြမည် ဖြစ်သည်။ ထိုအခါတွင် မီးသည် အကြီးအကျယ် ပျံ့နှံ့တောက်လောင်ပြီး ဆိပ်ကမ်းတွင်းရှိ သင်္ဘောများ အားလုံးကိုသာမက ကမ်း

www.foreverspace.com.mm



ပေါ်ရှိ ကုန်လှောင်ရုံများနှင့် အခြား အရေးကြီးသော အဆောက်အအုံများ အားလုံး မီးစွဲလောင်ကုန်ကြမည် ဖြစ်သည်။ စီမံချက်က ရက်စက်လှသည်။ စီမံချက်အတိုင်း ဖြစ်ခဲ့လျှင် ဗြိတိသျှများအတွက် ဘေးဒုက္ခကြီးပင် ဖြစ်တော့သည်။

ညနေ ၆ နာရီ ၄၀ မိနစ် အချိန်တွင် ဆီရီသည် အလက်ဇင်ဒရိယာ လှိုင်းကာ ကျောက်တန်းနှင့် တစ်မိုင်ခွဲ အကွာသို့ ရောက်ရှိသွားသည်။ သင်္ဘောစက်ကို ရပ်လိုက်ပြီး ရေအောက်တွင် တိတ်ဆိတ်စွာ နားခိုရင်း ဗိုဂီဆီသည် ရေပေါ်ကြည့် မှန်ပြောင်းဖြင့် အခြေအနေကို လေ့လာကြည့်ရှုလျက် ရှိတော့သည်။ အမှောင်ထုက ၎င်းတို့ မျှော်မှန်းထားသည်ထက်ပင် ပိုပြီး မှောင်နေသည်။ မည့်သည့် နေရာတွင်မှ အလင်းရောင် တစ်စုံတစ်ရာ မတွေ့ရှိပါ။ ပင်လယ်ရေမျက်နှာပြင်က ငြိမ်သက်ပြီး ပြန့်ပြူးလျက် ရှိသည်။

ရေမျက်နှာပြင်ထက်သို့ ရေငုပ်သင်္ဘော ရောက်ရှိသွားသောအခါ ယာဉ်မှူးများသည် ၎င်းတို့၏ တော်ပီဒိုယာဉ်များ အနီးတွင် ဝတ်စုံနက်ကြီးများနှင့် ချောက်ချားဖွယ်ရာ ရပ်ကာ အတွေးကိုယ်စီနှင့် ရှိနေကြတော့သည်။ သူတို့သည် ဤတာဝန်ကို ထမ်းဆောင်ရာမှ အသက်ရှင်လျက်နှင့် ပြန်လာနိုင်ခဲ့လျှင်ကော ၎င်းတို့၏ တိုင်းပြည်နှင့် ၎င်းတို့၏ မိသားစုများကို ပြန်လည် တွေ့ဆုံနိုင်ကြပါမည်လော။

'ကက်ပတိန် ကျွန်တော်တို့ကို ကံကောင်းစေကြောင်း ဆုတောင်းတဲ့ အနေနဲ့ မကန်တော့ဘူးလား'

တစ်ယောက်က ပြောလိုက်သည်။ ထိုအခါ ဗိုဂီဆီသည် အီတလီတို့၏ ရှေးရိုးစဉ်လာ ထုံးစံအတိုင်း တော်ပီဒိုယာဉ်များနှင့် ယာဉ်မှူးများကို ရေသို့မချမီ တောက်လက်နေသော တင်ပါးများကို တအား ကန်ကျောက်

http://www.cherrythitsar.org



www.foreverspace.com.mm

လေသည်။ သို့သော် သူတို့သည် ကံကောင်းရုံနှင့် မလုံလောက်သေးဘဲ လုပ်ဆောင်စရာတွေ အများကြီး ရှိကြောင်းကို သူ သိရှိသည်။

ယခုအခါတွင် အရေးအကြီးဆုံး အလုပ်မှာ ဆီရီသင်္ဘောအနေဖြင့် ဤနေရာမှ အမြန်ဆုံးခွာရန် ဖြစ်သည်။ ၎င်းကို ရန်သူများ တွေ့ရှိသွားလျှင် စီမံချက်ကြီး တစ်ခုလုံး ပျက်စီးချေပြီတည်း။ သို့ဖြင့် သင်္ဘောသည် ရေအောက်သို့ အမြန်ဆုံး ငုပ်လျှိုးပြီး မိုင်ကုန် မောင်းနှင်လျက် ရှိတော့သည်။ ၃၉ နာရီ ကြာသည်အထိ သင်္ဘောသည် ရပ်တန့်ခြင်းလည်းမပြု ရေမျက်နှာပြင်ပေါ်သို့ တက်ခြင်းလည်း မပြုပါ။ ၃၉ နာရီ ဆိုလျှင်တော့ ကိစ္စ ဝိစ္စတွေ အားလုံး ပြီးလောက်ချေပြီ။

ဤ အတောအတွင်းတွင် အလက်ဇင်ဒရိယာ ဆိပ်ကမ်းအတွင်းရှိ တော်ပီဒို ယာဉ်မှူးများသည် ၎င်းတို့ မျှော်လင့်ထားသည်ထက်ပင် ပိုမိုကောင်းမွန်သော အခြေအနေများကို တွေ့ရှိနေကြသည်။ ၎င်းတို့ ဆင်းသက်ရမည့် နေရာသည် အနေအထား ကောင်းမွန်သော နေရာတစ်ခု ဖြစ်သည်။ ၎င်းတို့သည် အလင်းရောင် လဲ့လဲ့တစ်ခုကို တွေ့မြင်ရသဖြင့် ယင်း အလင်းရောင် ရှိရာသို့ ချဉ်းကပ်သွားကြရာ ဆိပ်ခံ ထိပ်ဖျားတစ်ခုတွင် အော်ကျယ်ဟစ်ကျယ် စကားပြောနေကြသော လူတစ်စုကို တွေ့ရှိကြရသည်။ ရေမျက်နှာပြင် အထက်ရှိ ခေါင်း ခြောက်လုံးသည် ဆိပ်ခံ၀ ပိုက်တန်း မည်သည့်နေရာတွင် အပေါက် အဟ ရှိချေမည်နည်းဟု ရှာဖွေ ကြည့်ရှုကြသည်။ ထိုစဉ်တွင် ရုတ်ခြည်းဆိုသလို ရန်သူ ဖျက်သင်္ဘော သုံးစီးသည် အမှောင်ထဲမှ ပေါ်ထွက်လာပြီး ၎င်းတို့ရှေ့တွင် ရပ်နေကြသည်။ အဆိုပါ သင်္ဘောများသည် အထဲသို့ ဝင်ခွင့် ရရှိရန် ဆိပ်ကမ်း အဝင်ဝတွင် တန်းစီနေကြကြောင်းကို တော်ပီဒို ယာဉ်မှူးများ ချက်ချင်းပင် သိရှိကြသည်။ ဖျက်သင်္ဘောများ

http://www.cherrythitsar.org

www.foreverspace.com.mm



ဝင်နိုင်ရန် ပိုက်တန်းတံခါးပေါက် ပွင့်သွားချိန်တွင် အီတလီ ခြောက်ယောက်သည် ဖျက်သင်္ဘောများ နောက်မှ ရဲတင်းစွာပင် လိုက်ဝင်သွားကြသည်။ စက္ကန့်ပိုင်း အတွင်းမှာပင် ၎င်းတို့သည် ဆိပ်ကမ်း အတွင်းပိုင်းသို့ ရောက်ရှိသွားကြသည်။

ဤကား တော်ပီဒို ယာဉ်မှူးများအတွက် အထူး ကံကောင်းခြင်း ဖြစ်သလို ဤယာဉ်များကို တီထွင်သူများကိုလည်း အမှတ် အများဆုံး ပေးကြရမည် ဖြစ်သည်။ အကယ်၍သာ ဤလို လက်နက်ဆန်းမျိုး ရှိနေကြောင်း ဗြိတိသျှတို့ သိရှိခဲ့လျှင် ၎င်းတို့သည် ဆိပ်ကမ်း ဝင်ပေါက်ကို ဖွင့်လှစ်ရာတွင် အများကြီး သတိထားကြပေလိမ့်မည်။

၎င်းတို့၏ ရှေ့တွင် အခက်ခဲဆုံး အပိုင်းရှိနေသည့်အတွက် တော်ပီဒို အဖွဲ့များသည် သက်ဆိုင်ရာ ရန်သူ သင်္ဘောများ ရှိရာသို့ သွားရောက်နိုင်ရန် လူစုခွဲကြရသည်။ ဒီလာပင်နီနှင့် ဗီယင်ချီတို့သည် ဗေးလီယင့် သင်္ဘောကြီးကို တိုက်ခိုက်ကြရမည် ဖြစ်သည်။ ၎င်းတို့သည် ကောင်းကင် ဓာတ်ပုံများတွင် လေ့လာ မှတ်သားထားသည့်အလျောက် များမကြာမီမှာပင် တန်ချိန် ၃၂၀၀၀ ရှိသော သင်္ဘောကြီးကို ၎င်းတို့၏ အရှေ့ဘက်တွင် ထီးထီး မားမားကြီး တွေ့ရှိကြရသည်။ ၎င်းတို့သည် သင်္ဘောကြီး၏ ဦးပိုင်းရှိ တော်ပီဒို ကာကွယ်သော ပိုက်တန်းကို အခက်အခဲ သိပ်မရှိလှဘဲနှင့် ဖောက် ဝင်နိုင်ပြီး သင်္ဘောကြီး၏ နံဘေးဘက်သို့ ရောက်ရှိသွားကြသည်။ ၎င်းတို့ သည် သင်္ဘောကြီး၏ အောက်ဘက် ကိုယ်ထည်တွင် မိုင်းဗုံးတပ်ဆင်နိုင် ရန်အတွက် စတင် ငုပ်လျှိုးကြသည်။ ထိုစဉ်မှာပင် တော်ပီဒိုယာဉ်ကလေး သည် ဆိုင်းမဆင့် ဗုံမဆင့်နှင့် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး နစ်မြုပ်သွား လေတော့သည်။ ဒီလာအင်နီသည် ရေပေါ်သို့ တက်လာနိုင်သော်လည်း

www.foreverspace.com.mm
http://www.cherrythitsar.org


ဗီယင်ချီမှာမူ စုပ်စ မြုပ်စ ပျောက်နေတော့သည်။

ဆိပ်ကမ်းတစ်ခုလုံးသည် တစ်စုံတစ်ရာအနှောင့်အယှက် မရှိဘဲ တိတ်တဆိတ် ငြိမ်သက်လျက်ပင်ရှိသဖြင့် ဒီလာပင်နီသည် ရေအောက် ကြမ်းပြင်သို့ ငုပ်ဆင်းကာ တော်ပီဒိုယာဉ်ကို စက်နှိုးရန် ဆုံးဖြတ်သည်။ သို့သော် တော်ပီဒိုယာဉ်ကလေးကို အသေအချာ အနီးကပ်ကြည့်ရှုသော အခါ သူသည် အလကား အချိန်ဖြုန်းသလို ဖြစ်နေကြောင်း တွေ့ရှိရသည်။ ယာဉ်ကလေး၏ ပန်ကာသည် သွပ်နန်းကြိုးများတွင် ဖြုတ်မရအောင် ငြိတွယ်လျက် ရှိသည်။ ပစ်မှတ်အနီးသို့ ဤမျှ နီးနီးကပ်ကပ်ကလေး ရောက် ရှိနေချိန်တွင်မှ ယခုလို ကသိကအောက် ဖြစ်ရသည်ပို ဒီလာပင်နီ အထူးပင် စိတ်ဆိုးပြီး အလျှော့မပေးရန် ဆုံးဖြတ်လိုက်သည်။ သူ့အနေနှင့် လုပ်နိုင် သည့် နည်းလမ်းကတော့ တော်ပီဒိုယာဉ်ကို သင်္ဘောကြီးအောက်သို့ ရောက်အောင် အားစိုက်ပြီး ဆွဲယူရန်ပင် ဖြစ်သည်။ သူသည် တော်ပီဒို ယာဉ်ကို ရွှံ့တောထဲတွင် မိနစ်လေးဆယ်ခန့် ဆွဲလိုက်တွန်းလိုက် မလိုက် လုပ်မိသောအခါ မည်သို့မျှ အကျိုးဖြစ်ထွန်းလိမ့်မည် မဟုတ်ဟု ထင်မှတ် မိသည်။ ရွှံ့ရေတွေကလည်း ပိန်းပိန်းပိတ် နောက်ကျိလျက် ရှိသဖြင့် သူ၏ ခေါင်းဆောင်မျက်မှန်တွင် ဘာမဆို ဘာမျှမမြင်ရဘဲ ရှိနေသည်။ သူ၏ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်မှာလည်း အချိန်မရွေး ဆိုသလိုပင် နှလုံး ပေါက်ကွဲတော့ချေမည်လားဟု အောက်မေ့ရသည်။

ထိုစဉ်မှာပင် သူ၏ ခေါင်းသည် တစ်စုံတစ်ခုကို ရုတ်တရက် ဆိုသလို ပြင်းထန်စွာ ဆောင့်မိသည်။ ခေါင်းနှင့် တိုက်မိသော အရာကို သေသေချာချာ စမ်းကြည့်သောအခါ ဗေးလီယင့် သင်္ဘောကြီး၏ ရေ ဖြစ်ကြောင်းကို တွေ့ရှိရသည်။ ရန်သူသင်္ဘောကြီးသည် ၎င်းတို့ တွက်ဆ

http://www.cherrythitsar.org
www.foreverspace.com.mm


ထားသည်ထက်ပင် ပို၍ တိမ်သောနေရာတွင် ကျောက်ချထားခြင်း ဖြစ်သည်။ သည်အခါတွင် သူ့မှာ မျှော်လင့်ချက်သစ် တစ်ခုရရှိတော့သည်။ သူသည် နောက်ဆုံး ကျန်ရှိနေသော ခွန်အားများကို ဖျစ်ညှစ်ကာ အသုံးပြုပြီး မိုင်းဗုံးကို တော်ပီဒိုယာဉ်မှ ဖြုတ်ယူကာ ဗေးလီယင့် သင်္ဘောကြီး၏ အောက်ဘက်တွင် မြှုပ်ထားလိုက်သစည်။ မိုင်းဗုံးသည် နံနက် ခြောက်နာရီ အချိန်တွင် ပေါက်ကွဲမည်ဖြစ်သည်။

ဒီလာပင်နီ ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်ပြီး မျက်နှာဖုံးကြီး ကို ဖြုတ်ချလိုက်သည်။ လေကောင်း လေသန့်ကို တဝကြီး ရှူရှိုက်လိုက်ရသောအခါ သူ၏ အခြေအနေ အတော်ကလေးပင် ပြန်လည်ကောင်းမွန်လာသည်။ သူသည် နောက်ထပ် ဘာဆက်လုပ်ရမှန်း မသိဘဲနှင့် တဖြည်းဖြည်းချင်း ကူးခတ်နေသည်။ ရုတ်တရက် စက်သေနတ်သံများ ထွက်ပေါ်လာသောအခါတွင်မှ သူ အကူးရပ်လိုက်သည်။

သူသည် လက်နက်ချသည့် အနေဖြင့် ဗေးလီယင့် သင်္ဘောကြီး၏ ကျောက်ဆူး ဇော်ယာပေါ်သို့ တက်လိုက်ချိန်တွင် ဇော်ယာကို အလားတူ တွယ်လျက်ရှိသော သူ၏အဖော် ဗီယင်ချီကို တွေ့ရှိရသည်။ တော်ပီဒိုယာဉ် နစ်မြုပ်သွားစဉ်တွင် ဗီယင်ချီသည် သတိလစ်သလို ဖြစ်သွားသည်။ ထို့နောက်တွင်မှ သူသည် ရေပေါ်သို့ ပေါ်လာခြင်း ဖြစ်သည်။ သူ့အနေနှင့် ဘာမျှ လုပ်ဆောင်နိုင်စရာ မရှိတော့သဖြင့် သူတို့၏ လုပ်ငန်းကြီး ပြီးစီးသည်အထိ ပုန်းအောင်းနေရန် စိတ်ကူးဖြင့် ဤဇော်ယာတွင် တွယ်ကပ်နေခဲ့ခြင်း ဖြစ်သည်။

အီတလီ နှစ်ယောက်ကို ဇော်ယာမှ ဆယ်ယူပြီး ဗေလီယင့် သင်္ဘောကြီးပေါ်သို့ တင်ဆောင်သွားကြသည်။ ထို့နောက် သူတို့ကို

www.foreverspace.com.mm



အထပ်ထပ် စစ်မေးကြသည်။ နောက်ဆုံးတွင် သင်္ဘောကြီး၏ အောက်၌ ပေါက်ကွဲစေတတ်သော အရာတစ်ခုကို မြှုပ်နှံထားကြောင်း စစ်ဆေးသည့် ဗြိတိသျှ ကက်ပတိန်နဲ့ သင်္ဘောပေါက် နားလည်သွားသည်။ နောက်ကျိနေသော ရွံ့ရေထဲတွင် ယင်းအရာကို အချိန် အတော်ကြီး ကြာအောင် ရှာဖွေကြရပေမည်။

တော်ပီဒို ရေယာဉ်မှူး နှစ်ယောက်သည် သတင်း အမှန်အကန်ကို ပေးရန် ငြင်းဆန်လျက် ရှိသဖြင့် နောက်ဆုံးတွင် သူတို့ကို သင်္ဘောအောက်ဘက်ရှိ အခန်းတစ်ခုထဲတွင် ထားလိုက်ကြသည်။ ထိုနေရာသည် မိုင်းဗုံး တပ်ဆင်ထားသော နေရာနှင့် အင်မတန် နီးကပ်စွာ ရှိနေသည်။ ရဲရင့်သူ နှစ်ဦးသည် သူတို့၏ အောက်ဘက်၌ မိုင်းဗုံးနာရီသံ တစ်ချက်ချက် မြည်နေလျက် ရှိသော်လည်း ငြိမ်သက်စွာပင် ထိုင်နေကြသည်။ အချိန်မှာ နံနက်လေးနာရီ။

အခြားအဖွဲ့ နှစ်ဖွဲ့မှုကား ကံကောက်ထောက်မသဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ခလုတ်မထိ ဆူးမငြိဘဲ ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ကြသည်။ ၎င်းတို့၏ တော်ပီဒိုယာဉ်များကို ရေအောက် ကြမ်းပြင်တွင် မြှုပ်ထားလိုက်ကြသည်။ ရေနံတင် သင်္ဘောကြီးအောက် တွင် မိုင်းဗုံးမြှုပ်နှံရသည့် အဖွဲ့သည် ကမ်းခြေသို့ ကူးခတ်သွားနိုင်ပြီး ကုန်းပေါ်တွင် လျှောက်သွားကြရာ အလက်ဇင်ဒရိယာမြို့ အနီးသို့ ရောက်ရှိသောအခါတွင်မှ အဖမ်းခံကြရသည်။ အခြားအဖွဲ့မှာမူကား ရေထဲမှာ ကူးခတ်နေကြစဉ်မှာပင် ရန်သူများတွေ့ရှိသွားပြီး ဘုရင်မ အယ်လီဇဘက် သင်္ဘောကြီးပေါ်သို့ ရောက်ရှိသွားကြသည်။

ဒီလာပင်နီသည် ယခုတိုင် နာမကျန်းရှိနေသော ဗီယင်ချီ၏

http://www.cherrythitsar.org
www.foreverspace.com.mm



နံဘေး၊ သင်္ဘောဝမ်းထဲတွင် ထိုင်ရင်း နာရီ မိနစ် တဖြည်းဖြည်းချင်း ရွေ့သည်ကို ကြည့်နေသည်။ ရန်သူ သင်္ဘောသားများသည် ၎င်းတို့ကို လေးစားစွာ ဆက်ဆံကြသည်။ ကြင်နာ ညှာတာမှုလည်း ရှိကြသည်။ ထိုအခါ သင်္ဘောပေါ်ရှိ ရာပေါင်းများစွာသော သင်္ဘောသားများအတွက် သူ့မှာ တာဝန်ရှိလာသည်။ စစ်သင်္ဘောတစ်စီးကို ဖျက်ဆီးပစ်ခြင်းက တစ်ကိစ္စဖြစ်ပြီး၊ မလိုအပ်ဘဲနှင့် အသက်ပေါင်းများစွာကို ဆုံးရှုံးစေခြင်းက အခြားတစ်ကိစ္စ ဖြစ်သည်။

ခြောက်နာရီထိုးရန် ဆယ်မိနစ်အလိုတွင် ဗြိတိသျှ ကက်ပတိန် နှင့် တွေ့ဆုံခွင့်ကို ဒီလာပင်နီ တောင်းခံလိုက်သည်။ မိနစ်ပိုင်း အတွင်း တွင် ၎င်း၏ သင်္ဘောကြီး ပေါက်ကွဲနစ်မြုပ်တော့မည် ဖြစ်ကြောင်း၊ သင်္ဘောသားများကို အမြန်ဆုံး ရွှေ့ပြောင်းသင့်ကြောင်းတို့ကို ရန်သူကက်ပတိန်အား ပြောပြလိုက်သည်။

သူပြောနေစဉ်မှာပင် ဆိပ်ကမ်းတစ်နေရာဆီမှ ပေါက်ကွဲသံကြီး တစ်ခု ထွက်ပေါ်လာသည်။ ရေနံတင် သင်္ဘောကြီး ဆာရီနာတွင် ဧရာမ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်သွားပြီး ထိုသင်္ဘောနှင့် ကပ်လျက်ရှိသော ဖျက်သင်္ဘော ဂျာဗစ်သည်လည်း အပျက်အစီးများ ဖြစ်သွားရသည်။ ဤအခါတွင် ဗေးလီယင့်ကို စွန့်ခွာရန် ရန်သူ ကက်ပတိန် အနည်းငယ်မျှ နှောင့်နှေးခြင်း မရှိတော့ပါ။

နောက်မိနစ် အနည်းငယ်ကြာ သင်္ဘောပေါ်တွင် ကက်ပတိန်နှင့် သင်္ဘောသား၊ အနည်းငယ်သာ ကျန်ရှိနေချိန်တွင် သင်္ဘောကြီးသည် ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ မြောက်တက်သွားပြီး အလက်ဇင်ဒရီယာ ကမ်းခြေရှုံ့ပြင်ပေါ်တွင် ဖင်ထိုင်ကျသွားတော့သည်။ ဒီလာပင်နီ

http://www.cherrythitsar.org

www.foreverspace.com.mm



သည် ပေါက်ကွဲချိန်တွင် သင်္ဘောပေါ်မှာပင် ရှိနေသည်။ သို့သော် အနည်းငယ် ပွန်းပဲ့သည်မှတစ်ပါး တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရခြင်း မရှိပါချေ။ မျှော်စင်တံတားပေါ်တွင် သင်္ဘောကက်ပတိန်နှင့်အတူ သူ မတ်တတ်ရပ်နေစဉ်တွင် တတိယ ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ ဘုရင်မ အယ်လီဇဘက် သင်္ဘောမှ ဖြစ်သည်။

တော်ပီဒိုယာဉ်မှူး ခြောက်ယောက် စလုံးပင် အသက်ရှင်ပြီး သုံ့ပန်းစခန်းသို့ အပို့ခံကြရသည်။ ၁၉၄၄-ခုနှစ်တွင် အီတလီ နိုင်ငံ လက်နက်ချချိန်အထိ သူတို့ ဖမ်းဆီးချုပ်နှောင်ခြင်း ခံကြရသည်။ စစ်ကြီးပြီး၍ အီတလီနိုင်ငံသို့ သူတို့ ပြန်သောအခါ သူရသတ္တိအတွက် ရွှေတံဆိပ်များ ချီးမြှင့်ခြင်း ခံကြရသည်။

*　　*　　*

http://www.cherrythitsar.org

www.foreverspace.com.mm



# ကံမကောင်းသော စစ်ဆင်ရေး

အီတလီတို့၏ မနုသတော်ပီဒိုခေါ် ရေငုပ်သင်္ဘော အငယ်ကလေးများ၏ လက်ချက်ဖြင့် အလက်ဇင်ဒရီယာ ဆိပ်ကမ်းတွင် စစ်သင်္ဘောကြီးများ နစ်မြုပ်ပျက်စီးရခြင်းသည် ဗြိတိသျှတို့အဖို့ အထိနာလှပေသည်။ ယင်းအတွက် ထိုအချိန်က ဝန်ကြီးချုပ် ဖြစ်သော ဝင်စတန် မက်စ်ဟော်တန်ထံသို့ စာရေးသားပြီး မိမိတို့လည်း အီတလီတို့၏ အတုကိုယူ၍ ရေငုပ်သင်္ဘော အသေးကလေးများ တီထွင် ထုတ်လုပ်သင့်ကြောင်း ပြောကြားသည်။

ချာချီ၏ စာသည် အမှတ် ၁၂ ရေငုပ်သင်္ဘော ရေယာဉ်စု၏ အစမူလပင် ဖြစ်တော့သည်။ ယင်း ရေယာဉ်စုကို ဖွဲ့စည်းတည်ထောင်ခြင်းသည် နော်ဝေးနိုင်ငံတွင် စနစ်တကျ ဝှက်ထားသော ဂျာမန် စစ်သင်္ဘောကြီးများကို လက်စားချေတိုက်ခိုက်ရန်ပျင် ဖြစ်သည်။ ဂျာမန် ရေတပ်မတော်တွင် အကောင်းဆုံးသော စစ်သင်္ဘောကြီးမှာ ဧရာမ တိုက်သင်္ဘောကြီး တားပစ်ပင် ဖြစ်သည်။ တားပစ်ကို နော်ဝေးနိုင်ငံ တောင်ကြား ပင်လယ်တက်ထဲတွင် သို့ဝှက်ထားသည်။ (တောင်ကြားပင်လယ် လက်တက် ဆိုသည်မှာ မြင့်မားသော တောင်တန်းကြီးနှစ်ခု အကြားရှိ ရှည်လျားသော ပင်လယ်လက်တက်ကို ခေါ်သည်။ တောင်ကမ်းပါးကြီးများ ကာရံထားသော ပင်လယ်ရေပြင် ရှည်မျောမျော ဖြစ်သည်)။ ဤတောင်ကြားပင်လယ် လက်တက်သည် ဗြိတိသျှ လေတပ်မတော်မှ ဗုံးကြဲ လေယာဉ်များလည်း အလှမ်းမမီ၊ ရေငုပ်သင်္ဘောများဖြင့် တိုက်ခိုက်ရန်လည်း ရေက တိမ်လွန်းလှပေသည်။

http://www.cherrythitsar.org
www.foreverspace.com.mm


တားပစ်သင်္ဘောကြီးကို နစ်မြုပ်နိုင်ခဲ့လျှင် ဗြိတိသျှတို့အဖို့ မဟာအောင်ပွဲကြီးပင် ဖြစ်သည်။ ယင်းအတွက် ဗြိတိသျှ ရေငုပ်သင်္ဘော တပ်ဖွဲ့၏ ကြောက်မက်ဖွယ်ရာ ကောင်းလှသော အမှတ် ၁၂ ရေယာဉ်စုအတွက် လူများစုဆောင်းခြင်း လေ့ကျင့်ခြင်းတို့ကို အပြင်းအထန် ပြုလုပ်ကြသည်။

ဗြိတိသျှရေကြောင်း အင်ဂျင်နီယာများသည် အီတလီ မနုဿတော်ပီဒိုနှင့် အလား သဏ္ဌာန်တူသော ရေအောက်လက်နက်မျိုး ပြုလုပ်ရန် အပြင်းအထန် နည်းလမ်းရှာဖွေကြရာ နောက်ဆုံးတွင် အိပ်ကိစ်ရေယာဉ်ဟု အမည်ရှိ အဆင့်မြင့်သော ရေငုပ်သင်္ဘော အသေးစားမျိုး ပြုလုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိသွားကြသည်။ ဤယာဉ်ငယ်ကလေးသည် အီတလီတို့ ပုံစံနှင့် မတူဘဲ ပုံမှန်ရေငုပ်သင်္ဘောကို အကျဉ်းချုံ့ထားခြင်းသာ ဖြစ်တော့သည်။ သို့သော် ချွတ်ယွင်းချက်ကလေးများ ရှိနေသဖြင့် ဤရေငုပ်သင်္ဘော ပေါက်စနကလေးများကို ၁၉၄၂-ခုနှစ်အထိ ရေချနိုင်ခြင်း မရှိပါ။ သို့ဖြင့် သစ်မရှိခင် စပ်ကြား ဝါးကို ပေါင်းကွပ်သည့် အနေဖြင့် ရေငုပ်သင်္ဘော အငယ်စားကလေးများ တည်ဆောက်၍ မပြီးမီအတွင်း မနုဿ တော်ပီဒိုတို့ တစ်စီးကို ဗြိတိသျှတို့ ဖမ်းဆီးရမိထားသည်။ ယင်း၏ နမူနာကိုယူပြီး များမကြာမီမှာပင် ဗြိတိသျှတို့၏ မနုဿ တော်ပီဒိုများ ထွက်ပေါ်လာတော့သည်။

လောလောဆယ် အချိန်တွင် အထူးရေယာဉ်စု၌ လုပ်စရာ အလုပ်တွေ အများကြီး ရှိနေသည်။ အထွေထွေ လေ့ကျင့်သင်ကြားခြင်းနှင့် ရေအောက်တွင် ငုပ်လျှိုးသွားလာခြင်းများကို လေ့ကျင့်ကြရသည်။ ၎င်းတို့ကို ရေငုပ်သင်္ဘော စစ်ဆင်ရေးတွင် ကျွမ်းကျင်ရေငုပ်သင်္ဘော အရာရှိကြီး နှစ်ဦးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ဆလေဒင်နှင့် ဒုတိယ ဗိုလ်မှူး

http://www.cherrythitsar.org
www.foreverspace.com.mm



ကြီး ဖဲလ်တို့က လေ့ကျင့်သင်ကြားပေးကြသည်။ ပထမ ဆယ်ရက်တွင် သစ်ဖြင့် တည်ဆောက်ထားသော နမူနာပုံစံဖြင့် လေ့ကျင့်ကြရသည်။ သင်္ဘောသားများက ယင်းနမူနာပုံစံကို 'ကက်ဆီဒီ'ဟု ခေါ်ကြသည်။

ကက်ဆီဒီတွင် မော်တာအင်ဂျင် တပ်ဆင်ထားခြင်း မရှိသဖြင့် ခုတ်မောင်းနိုင်ခြင်း မရှိသော်လည်း အလေးထိန်းကန်များ ပါရှိသဖြင့် ရေအောက်ကြမ်းပြင်သို့ ငုပ်ဆင်းနိုင်သည်။ တစ်ဖန် ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်နိုင်သည်။ လေ့ကျင်သူများသည် ဤနမူနာပုံစံကို ကားရားခွစီးကာ ရေအောက်သို့ ငုပ်ဆင်းသည့် အလေ့အကျင့်ကို ရယူကြရသည်။

ကံဆိုးချင်တော့ လေ့ကျင့်စ ပထမရက်များတွင် ကက်ဆီဒီသည် အသုံးမဝင်ဘဲ ဖြစ်နေသည်။ အလေးထိန်းကန်များကို ရေအပြည့်ထည့်သည့် တိုင် ၎င်းသည် ရေအောက်သို့ မြုပ်မသွားဘဲ ရေပေါ်မှာပဲ ပေါလောပေါ် လျက်ရှိတော့သည်။ အချိန်ကုန်ခံပြီး ခဲအလေးများကို ထပ်ဖြည့်သောအခါ တွင်မှ ရေအောက်သို့ နစ်မြုပ်ပြီး လေ့ကျင့်သူများကို ရေအောက် အတွေ့ အကြုံများ ရရှိစေတော့သည်။

နှစ်လမျှ ကြာသောအခါတွင်မှ မနုဿ တော်ပီဒို အစစ်ကို ထုတ်လုပ်နိုင်သဖြင့် လေ့ကျင့်သူများသည် နှစ်လလုံး ထိုပုံစံအတုဖြင့် လေ့ကျင့်ကြရသည်။ တော်ပီဒိုယာဥ်အစစ်ကို ရရှိသောအခါ ၎င်းတို့သည် ဟီဘရိတ်ကျွန်းစုမှ လွစ်ကျွန်းရှိ လျှို့ဝှက်စခန်းတွင် သွားရောက် လေ့ကျင့် ကြရပြန်သည်။

ဇွန်လဆန်းတွင် တော်ပီဒိုသည် အစစ်ကို ထည့်ထားသော သေတ္တာကြီးများ ရောက်ရှိလာကြသည်။ ဤအခါ လေ့ကျင့်သူများက ၎င်း ကို 'တကယ့်အစစ်'ဟု ခေါ်ဆိုကြသည်။ တကယ့် အစစ်သည် ပုံစံတုနှင့်

www.foreverspace.com.mm



မတူသည်ကို လေ့ကျင့်သူများ တွေ့ရှိကြရသည်။ ၎င်းသည် အလွယ်တကူ ပင် ရေထဲသို့ ငုပ်နိုင်ပြီး အလွယ်တကူပင် ရေပေါ်သို့ ပြန်ပေါ်နိုင်ပါသည်။

ဗြိတိသျှ မနုဿဗေဒပီဒိုယာဉ်များကို ဗြိတိသျှ ရေတပ်မတော် က 'စစ်ရထား'များဟု နောက်ပြောင်ခေါ်ဆိုကြသည်။ သို့သော် စစ်ရထား များကို စီးနင်းရာတွင် အဆင်မပြေသည့် အချက်တစ်ခုမှာ ရေပင် ဖြစ်တော့ သည်။ အီတလီ တော်ပီဒိုယာဉ်မှူးများက ပူနွေးသော မြေထဲပင်လယ်ထဲ တွင် လေ့ကျင့်ကြရသည်။ ဗြိတိသျှတို့က မြောက်ပိုင်း ပင်လယ်၏ အေးစက် သော ရေပြင်ကို ရင်ဆိုင်ကြရသည်။ မြောက်မိုင်း ပင်လယ်၏ အအေးဒဏ် က နေသာသော နေ့ရက်များမှာပင် မခံနိုင်ဖွယ်ရာ ဖြစ်သည်။ ရော်ဘာ ကျေးဝတ်စုံများကို တင်းကျပ်စွာ ဝတ်ဆင်ထားကြရသည်။ အထူးသဖြင့် ခေါင်းနှင့် နားတို့ကို လုံအောင် လုပ်ထားရသည်။ သို့တိုင်အောင်ပင် အအေးဒဏ်က စိမ့်ဝင်လာတတ်သည်။

၎င်းတို့၏ လက်များကိုကား ပိုက်တန်းများကို ဖြတ်တောက်နိုင် ရန်နှင့် မိုင်းဗုံးများ ထောင်ရန်တို့အတွက် အဖုံးအစွပ် မရှိဘဲ ထားရသည် ဖြစ်ရာ အအေးဒဏ်ကြောင့် ရောင်ကိုင်းလျက် ရှိတော့သည်။ အသက်ရှူ ကိရိယာကို အသုံးပြုရသည်မှာလည်း ရော်ဘာလျှာခင် တစ်ခုကို သွားဖြင့် ကိုက်ထားရပြီး နှာခေါင်းကို သတ္တုပြား၊ ကလစ်တစ်ခုဖြင့် ဖုံးအုပ်ထားရ သည်။ ဤသို့ ပြုလုပ်ရသည်မှာ ခေတ္တခဏဆိုလျှင် အရေးမကြီးပါ။ သို့သော် ရေထဲတွင် နာရီပေါင်းများစွာ တပ်ဆင်ထားရသောအခါ နှာခေါင်း နှင့် သွားဖုံးများ ရောင်ကိုင်းလာရတော့သည်။

ကျန်ရှိသော စစ်ရထား အစစ်များ ရောက်ရှိလာကြသောအခါ အပူတပြင်း လေ့ကျင့်ကြရပြန်သည်။ ပိတ်ကာထားသော ပိုက်များကို

www.foreverspace.com.mm

ဖောက်ထွင်း ဝင်ရောက်နည်း၊ အမှောင်ထဲတွင် လှုပ်ရှားတိုက်ခိုက်နည်း၊ ရန်သူ မတွေ့မြင်အောင် စခန်းသို့ ပြန်လာနည်းများကို လေ့ကျင့်ကြရ သည်။ ဤသို့ လေ့ကျင့်ရာတွင် မကြာခဏ ဆိုသလိုပင် ယာဉ်မှူးများသည် ရေအောက်တွင် ပျောက်ဆုံးနေတတ်ပြီး ၎င်းတို့ကို ကျောက်ဆောင် ကျောက်တန်းများပေါ်တွင် ပြန်လည်တွေ့ရှိကြရသည်။ များသောအားဖြင့် အသက်မသေဘဲ ရှိသော်လည်း အမြဲတမ်းတော့ကား မဟုတ်ပါချေ။ ဤ အဖြစ်က ၎င်းတို့သည် လေ့ကျင့်နေရာမှာပင် ဘေးအန္တရာယ်ရှိကြောင်း ကို ဖော်ပြနေတော့သည်။

ဤသို့ ဖြစ်ရခြင်းများ၏ အကြောင်းရင်းမှာ တောင်ကျချောင်း များမှ စီးဆင်းလာသော ရေချိုများကြောင့် စီးဝင်ခြင်းပင် ဖြစ်သည်။ ဆားငန် ရေအိုင်ကြီးများ အတွင်းသို့ ရေချိုများ စီးဝင်ခြင်းပင် ဖြစ်သည်။ ပင်လယ် ထဲတွင် ရေကူးရခြင်းသည် ရေချိုးကန်များတွင် ရေကူးရခြင်းထက် သက်သာ ကြောင်းကို အတွေ့အကြုံရှိသော ရေကူးသမားတိုင်း သိရှိပေသည်။ အကြောင်းမှာ ဆားက ပင်လယ်ရေကို ပျစ်ခဲစေပြီး ရေကူးသူကို မပင့်ပေး ထားသောကြောင့် ဖြစ်သည်။ အထူးသဖြင့် ဆားငန်ရေတွင် ပေါ်နိုင်ရန် နှင့် နစ်မြုပ်နိုင်ရန် အလေးချိန်ကို စီစဉ်ထားသည်။ ဟင်းအတွက် စစ်ရထား တစ်စီးသည် ရေချိုရောဝင်နေသော ရေကွက်တစ်ကွက်ကို ဖြတ်သန်းမိလျှင် ၎င်း၏ အလေးချိန်သည် အထူးပင် လေးလံသွားပြီး ရေထဲသို့ ကျောက်တုံး တစ်တုံးပမာ နစ်မြုပ်သွားနိုင်သည်။ ယင်းသို့ အလေးချိန် တိုးသွားပြီး နစ်မြုပ် သွားသည်မှာ ပေ ၁၀၀-လောက်နက်သည်အထိ ရောက်ရှိသွားနိုင်သည်။

ရေ၏ ဖိအားသည် ယာဉ်မှူးကိုလည်း ထိခိုက်စေနိုင်သည်။ အထူးသဖြင့် နားနှစ်ဖက်ကို ထိခိုက်စေပြီး သတိမေ့မြောသွားနိုင်သည်။

http://www.cherrythitsar.org

www.foreverspace.com.mm



ယာဉ်မှူးများသည် အတွေ့အကြုံများ ရှိလာပြီ ဖြစ်သည့်အတွက် ယင်းကဲ့သို့ အခြေအနေမျိုးကို တွေ့ကြုံလျှင် အောက်စီဂျင်ဘူး အခင်ကို ကျယ်ကျယ်ဖွင့်ပြီး အောက်စီဂျင်များများ ရှူနိုင်ဖို့ပင် ဖြစ်သည်။

အောက်တိုဘာလထဲသို့ ရောက်ရှိသောအခါ စစ်ရထား သမားများသည် ဂျာမန်ရေငုပ်သင်္ဘောကြီး တားပစ်ကို တိုက်ခိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာတော့သည်။ ၎င်းတို့သည် ပုံတူပြုလုပ် တိုက်ခိုက်ခြင်းကို အောင်မြင်စွာ တိုက်ခိုက်နိုင်ကြပြီ ဖြစ်သည်။ သို့ဖြင့် အောက်တိုဘာလ ၂၆-ရက်ကို တိုက်ပွဲရက်အဖြစ် သတ်မှတ်လိုက်ကြတော့သည်။ စစ်ရထားများနှင့် 'ရထားထိန်း' များကို အာသာအမည်ရှိ ငါးဖမ်းသင်္ဘောဖြင့် နော်ဝေးနိုင်ငံ ကမ်းခြေသို့ သယ်ဆောင်သွားကြရမည် ဖြစ်သည်။ သင်္ဘောနှင့် သင်္ဘောသားများအတွက် မှတ်ပုံတင် အတုများ ပြုလုပ်ကြရသည်။ အာသာသည် မှတ်ပုံတင် အတုများ ပြုလုပ်ကြရသည်။ အာသာသည် ကုန်သင်္ဘောအဖြစ် ပြောင်းလဲထားသော နော်ဝေး ငါးဖမ်းသင်္ဘော တစ်စီး ဖြစ်ရမည်။ ကုန်သင်္ဘောအဖြစ် ယုတ္တိရှိစေရန်အတွက် သင်္ဘောပေါ်တွင် မြေသြဇာများ တင်သွားရမည် ဖြစ်သည်။ ထရိုဒိန်း ဟူသော ဆိပ်ကမ်းမြို့သို့ ပို့ဆောင်ရမည်ဖြစ်သည်။

ဤလုပ်ငန်း တာဝန်အတွက် ခေါင်းဆောင်အဖြစ် လိဖ်လာဆင် အမည်ရှိသော နော်ဝေးလူမျိုး တစ်ယောက်ကို ရွေးချယ်သည်။ သူသည် ဤလုပ်ငန်းနှင့် အသင့်လျော်ဆုံး လူတစ်ယောက်ပင် ဖြစ်သည်။ နော်ဝေးနိုင်ငံကို ဂျာမန်တို့ ကျူးကျော် ဝင်ရောက်သောအခါ သူသည် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး နော်ဝေးငါးဖမ်းသင်္ဘော တစ်စီးတွင် ကက်ပတိန်အဖြစ် လုပ်ဆောင်ရပြီး ဗြိတိသျှတို့အတွက် သူလျှိုပြုလုပ်နေသူ ဖြစ်သည်။

http://www.cherrythitsar.org

www.foreverspace.com.mm



သူသည် နော်ဝေးကမ်းခြေသို့ သွားရောက်ရသော ခရီးတာဝန်များကို လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ လျှို့ဝှက် ထောက်လှမ်းရေးသမားများကို ပို့ဆောင်ပေးသည်။ နော်ဝေးမြေအောက် တော်လှန်ရေး အဖွဲ့များကို ကူညီသည်။ ယင်းအတွက် သူသည် နော်ဝေးပင်လယ် ကမ်းခြေ၏ အနေအထားကို သူ၏ လက်ဖမိုး လက်ဖဝါး ကဲ့သို့ပင် သိရှိနေတော့သည်။

ဗြိတိသျှကမ်းခြေနှင့် ဥရောပတိုက်အကြားရှိ မြောက်ပိုင်းပင်လယ်ကို အာသာဖြတ်သန်းရာတွင် ချောမွေ့လှခြင်း မရှိပါ။ လှိုင်းလေပြင်းထန်ပြီး သင်္ဘောသား တော်တော်များများပင် လှိုင်းမူးသည့် ဒဏ်ကို ခံကြရသည်။ အောက်တိုဘာလ ၂၈-ရက်နေ့ညနေတွင် နော်ဝေးကမ်းခြေကို တွေ့မြင်ကြရတော့မှ အားလုံးဝမ်းသာကြရသည်။ သို့သော် ကမ်းခြေနှင့် မိုင် ၂၀-လောက် အကွာတွင် အင်ဂျင်စက် ပျက်သွားသည်။ နော်ဝေးနိုင်ငံတစ်ခုလုံးကို ဂျာမန်များ သိမ်းပိုက်ထားကြသည် ဖြစ်သဖြင့် သူတို့အဖို့ အရေးအကြီးဆုံး အလုပ်မှာ စစ်ရထားများကို မတွေ့မြင်အောင် ဖုံးကွယ်ထားဖို့ပင် ဖြစ်သည်။ သို့ဖြင့် စစ်ရထားများကို သင်္ဘော ဧရာအောက်တွင် ကြိုးနှင့် ချည်နှောင်ထားရန် ဆုံးဖြတ်လိုက်ကြသည်။ ဤလုပ်ငန်းသည် အပြောလွယ်သလောက် အလုပ်ခက်လှပေသည်။ နောက်တစ်နေ့ နံနက် အရုဏ်တက်ချိန်လောက်တွင်မှ ရေငုပ်သင်္ဘောကလေးများကို ကောင်းမွန် လုံခြုံစွာ ချည်နှောင်ပြီးစီးသွားပြီး ကုန်သင်္ဘောကြီး ခရီး ဆက်လက် ထွက်ခွာနိုင်တော့သည်။

နောက်တစ်ကြိမ် အင်ဂျင်ဒုက္ခပေးပြန်သည်။ စက်ခန်းတွင်းမှ မီးခိုးများ ထွက်လာပြီး စက်အရှိန်တစ်ဝက်လောက် လျော့သွားလေသည်။ စက်ကို ပြင်ဆင်ရန် လိုအပ်ကြောင်း ထင်ရှားနေတော့သည်။ ကံကောင်း

ရတနာပုံစာအုပ်တိုက်

http://www.cherrythitsar.org

www.foreverspace.com.mm



ထောက်မသဖြင့် ၎င်းတို့နှင့် အလှမ်းမဝေးသော ကမ်းခြေတစ်နေရာတွင် ၎င်းတို့ကို အကူအညီ ပေးနိုင်သော ဘက်တော်သား တစ်ယောက်ရှိကြောင်း လာဆင်သိရှိသည်။ ဘက်တော်သား ထောက်လှမ်းရေးသမား၏ အမည်မှာ အိုလာဆင် ဖြစ်ပြီး ဟက်စဝစ်ဟူသော အရပ်တွင် နေထိုင်သည်။ နော်ဝေးလူမျိုး သင်္ဘောသား တစ်ယောက်သည် ၎င်းကို ရှာဖွေပြီး သင်္ဘောသို့ ခေါ်ဆောင်လာသည်။ အိုလာဆင်သည် သူ၏ ပန်းပဲဆရာ မိတ်ဆွေ တစ်ယောက်ကို ညဥ့်နက်သန်းခေါင် အချိန်ကြီးတွင် အရခေါ်ပြီး သင်္ဘော အင်ဂျင်စက်ကို ပြင်စေသည်။ နံနက် ခုနှစ်နာရီ အချိန်တွင် ပြင်ဆင်၍ ပြီးသွားသည်။ နှစ်နာရီမျှ အိပ်နားပြီးနောက် သင်္ဘောသားများသည် ဆက်လက် ထွက်ခွာရန် အဆင်သင့် ဖြစ်ကြသည်။

သူတို့သည် ဂျာမန်ကင်းလှည့် သင်္ဘောတစ်စီးနှင့် တွေ့ရသဖြင့် သာယာကြည်လင်သော ပင်လယ်ပြင်တွင် ဒုက္ခရောက်ရမလို ဖြစ်ကြရပြန်သည်။ ပင်လယ်ပြင်သည် မှန်သားကဲ့သို့ ကြည်လင်လျက်ရှိသဖြင့် သင်္ဘော အောက်ခြေရှိ ရေငုပ်သင်္ဘောကလေးများကို ဂျာမန်များ မြင်တွေ့သွားနိုင်ပါသည်။ ယင်းအတွက် ၎င်းတို့ ရင်တထိတ်ထိတ် ရှိကြရသည်။ ဂျာမန် အရာရှိများသည် ၎င်းတို့သင်္ဘောပေါ်သို့ တက်ရောက်လာကြပြီး စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ၎င်းတို့ကို နှုတ်ဆက်ပြီး ထွက်ခွာသွားကြတော့မှ သူတို့အားလုံး သက်ပြင်းချနိုင်ကြတော့သည်။

အာသာသည် ခရီး ဆက်လက်ထွက်ခွာရာ ညနေ မှောင်ရီပျိုးစ အချိန်တွင် ရန်သူသင်္ဘောတားပစ်ရှိရာ တောင်ကြားပင်လယ် လက်တက် အဝသို့ ရောက်ရှိသွားသည်။ အစီအစဉ်မှာ အာသာသည် တားပစ် ကျောက်ချထားရာ အနီးဆုံး ဆိပ်ကမ်းဖြစ်သော ထရိုဒိန်းတွင် ဆိုက်ကပ်

http://www.cherrythitsar.org
www.foreverspace.com.mm


ပြီး ညအမှောင်တွင် ရေငုပ်သင်္ဘောကလေးများကို ဖြုတ်လွှတ်ပြီး တားပစ်ကို တိုက်ခိုက်စေရန် ဖြစ်သည်။

အာသာသည် တောင်ကြားပင်လယ်လက်တက် အတွင်းသို့ ဝင်ရောက်သွားပြီး ထရိုဒိန်း ဆိပ်ကမ်းအနီးရှိ အကွေ့တစ်ခုသို့ အရောက်တွင် မမျှော်လင့်ဘဲ လေပြင်းတစ်ခုနှင့် တိုးရသည်။ ရထားထိန်းများသည် ၎င်းတို့တာဝန်ထမ်းဆောင်ရန် အချိန်နီးကပ်နေပြီ ဖြစ်သဖြင့် ရော်ဘာဝတ်စုံများကို ဝတ်ဆင်ထားကြပြီ ဖြစ်သည်။ ရာသီဥတုသည် အံ့သြစရာကောင်းလောက်အောင်ပင် လျင်မြန်စွာ ဆိုးရွာလာတော့သည်။ အာသာသည် လေပြင်းမုန်တိုင်းထဲတွင် တလူးလူး တလိမ့်လိမ့် ဖြစ်နေတော့သည်။ ပြင်းထန်သောလှိုင်းလုံးကြီးများက သင်္ဘောဧရာတွင် ချည်နှောင်ထားသော စစ်ရထားများကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်ကာ သင်္ဘောဧရာနှင့် ပြင်းထန်စွာ တိုက်ဆောင့်စေတော့သည်။ ရထားထိန်းသည် ရင်တမမ ဘုရားတတတဖြင့် သင်္ဘောအောက်ခြေတွင် ပြင်ဆင်မှုများကို လုပ်ဆောင်ကြရသည်။ အခြေအနေမှာ မနက်ဖြန်ညအထိ ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ရန် မဖြစ်နိုင်ပါ။ အကယ်၍ ဇွတ်တရွတ် ဆိုက်ကပ်ခဲ့လျှင် ကိုယ့်သေတွင်း ကိုယ်တူးခြင်းသာ ဖြစ်ပေလိမ့်မည်။ ၎င်းတို့ သည် ရန်သူသင်္ဘောတို့ကို ယနေ့ည မတိုက်နိုင်ခဲ့လျှင် လုပ်ငန်းကို စွန့်လွှတ်လိုက်ရန်သာ ဖြစ်တော့သည်။ အကယ်၍ ကံကောင်းထောက်မသဖြင့် မုန်တိုင်း ငြိမ်သက်ပြီးစီးသွားသည် ဆိုလျှင် တော့ သူတို့တွင် တိုက်ခိုက်ရန် အချိန်တစ်နာရီ ရှိသေးသည်။

သို့သော် ထိုစဉ်မှာပင် ရုတ်ခြည်း ဆိုသလို ပြင်းထန်သော အသံကြီးတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာပြီး အာသာသည် တစ်ဖက်သို့ တိမ်းစောင်းသွားလေတော့သည်။ သင်္ဘောပေါ်မှ လူအားလုံးသည် ရင်

http://www.cherrythitsar.org
www.foreverspace.com.mm


တထိတ်ထိတ် ခုန်ကြရတော့သည်။ ကြိုးပြတ်သွားသော စစ်ရထား တစ်စီးသည် အာသာ၏ ပန်ကာ ကို သွားရောက်ထိခိုက်မိခြင်းပင် ဖြစ်တော့သည်။

ကက်ပတိန်သည် သင်္ဘောကို လေကွယ်ရာ အရပ်တစ်ခုသို့ ပဲ့ကိုင်ခေါ်ဆောင်သွားပြီး ရေကူးဝတ်စုံ ဝတ်ဆင်ထားသော ရထားထိန်းတစ်ယောက်ကို ရေအောက်သို့ ဆင်းပြီး အခြေအနေကို ကြည့်ရှုစေသည်။ ရေငုပ်သမားသည် တုန်လှုပ်ချောက်ချားဖွယ်ရာ သတင်းကို ဟန်ဆောင်ပြီး ရေမျက်နှာပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။ စစ်ရထား တစ်စီးတည်း မဟုတ်ပါ။ နှစ်စီးစလုံး ပျောက်ဆုံးလျက်ရှိသည်။ နောက်ဆုံးတွင်ကား သူတို့သည် ရန်သူသင်္ဘောတားပစ်နှင့် တစ်နာရီခန့် အလိုမှာပင် ၎င်းတို့၏ လက်နက်ဆန်း နှစ်ခုစလုံး ရေအောက်ကြမ်းပြင်တွင် နစ်မြုပ်ပျက်စီးကြရတော့သည်။ သင်္ဘောသားများ အားလုံးပင် အကြီးအကျယ် စိတ်ပျက်ကြရတော့သည်။

ယခုအခါတွင် သူတို့ကိုယ်သူတို့ ကာကွယ်ကယ်တင်ကြရန်ပင် ရှိတော့သည်။ သူတို့မှာ အပြန်ခရီးအတွက် အထွက်စာရွက်များ မရှိပါ။ သင်္ဘောပန်ကာ ပျက်စီးသွားပြီး အင်ဂျင်စက်သည် ခရီးရှည်ကြီး ခုတ်မောင်းနိုင်သည့် အခြေအနေ မရှိပါ။ သူတို့အဖို့ တစ်ခုတည်းသော လုပ်စရာအလုပ်ကတော့ အာသာကို နှစ်မြုပ်ပြီး ကြားနေနိုင်ငံဖြစ်သော ဆွီဒင်နယ်ခြားဒေသသို့ ကုန်းကြောင်း လျှောက်သွားကြရန်ပင် ဖြစ်တော့သည်။ သို့ဖြင့် ၎င်းတို့သည် အာသာကို အပေါက်များဖောက်ကာ နစ်မြုပ်ပြီး မိုင်ခြောက်ဆယ် ခရီးကို ခြေကျင်လျှောက်ကြရတော့သည်။

သူတို့ အဖွဲ့နှစ်ဖွဲ့ခွဲပြီး သွားကြသည်။ နှစ်ဖွဲ့စလုံးကို နော်ဝေး လူမျိုး တစ်ယောက်စီက ခေါင်းဆောင်ရသည်။ သူတို့သည် အချိန်ခွာပြီး

http://www.cherrythitsar.org

www.foreverspace.com.mm



လမ်းကြောင်း တစ်ခုစီ သွားကြရသည်။ ရာသီဥတုက အေးမြလှသဖြင့် နှစ်ဖွဲ့စလုံးပင် ပင်ပန်းကြသည်။

ခြွင်းချက်တစ်ခုမှ တစ်ပါး နှစ်ဖွဲ့စလုံးပင် လွတ်မြောက်သွားကြသည်။ ခြွင်းချက်မှာကား လာဆင်ခေါင်းဆောင်သော အဖွဲ့သည် နယ်ခြားဒေသကို ဖြတ်ခါနီးတွင်မှ ဂျာမန်ကင်းအဖွဲ့ တစ်ခုနှင့်ဆုံပြီး အီဖန်ဆိုသော အဖွဲ့သား တစ်ယောက်သည် သေနတ်ထိမှန်ကာ အဖမ်းခံရသည်။ ၎င်းသည် သေနတ်ဒဏ်ရာမှ သက်သာပျောက်ကင်းသော်လည်း စစ်ကြီးပြီးခါနီးတွင် သူလျှိုအဖြစ်နှင့် ပစ်သတ်ခြင်း ခံရသည်။ လာဆင်နှင့် အဖွဲ့သားများ နောက်တစ်လ အတွင်းမှာပင် အင်္ဂလန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသွားကြသည်။ သူတို့သည် တားပစ်ကို နောက်တစ်ကြိမ် တိုက်ခိုက်ရန် မျှော်လင့်လျက်ရှိကြသည်။

သို့သော် ၎င်းတို့၏ ဆန္ဒမပြည့်ဝကြပါချေ။ ၎င်းတို့ ပြန်လည်ရောက်ရှိပြီး များမကြာမီမှာပင် အခြားတာဝန်တစ်ခုဖြင့် မော်လတာနိုင်ငံသို့ စေလွှတ်ခြင်း ခံကြရသည်။

သည်တစ်ကြိမ်တွင် စစ်ရထားများကို ခရီးဆုံးဖြစ်သော စစ္စလီ ကျွန်းပါလာမို ဆိပ်ကမ်းသို့ ရေငုပ်သင်္ဘော သန်းဒါးဘိုးနှင့် ထရွတ်ပါး တို့ဖြင့် ပို့ဆောင်သည်။ သည်တစ်ကြိမ်တွင်လည်း မုန်တိုင်းထန်သော ညနှင့် သူတို့ကြုံတွေ့ကြရပြန်သည်။ သည်အခါတွင် သူတို့ စီးနင်းလိုက်ပါရသော သန်းဒါးဘိုး ဟူသည်မှာ လီဗာပူး ပင်လယ်အော်အတွင်း လူပေါင်း ၁၀၀-ကျော်နှင့်အတူ နစ်မြုပ်သွားသော တက်တစ်ကို ဖော်ယူပြီး ပြန်လည်ဆေးသုတ်ထားသော သင်္ဘောတစ်စီး ဖြစ်ကြောင်း သူတို့ မမေ့နိုင်ကြပါချေ။ သင်္ဘော၏ အတွင်းဘက်ကို အထပ်ထပ် ဆေးသုတ်ထားသော်လည်း

www.foreverspace.com.mm



ရေအောက်တွင် အကြာကြီး နစ်မြုပ်နေခဲ့ရသော ဒဏ်ကြောင့် ဖြစ်ပေါ်နေသော သံချေးတန်းရေ အမှတ်များသည် မပျောက်ဘဲ ရှိနေကြပါသည်။ သို့သော် သင်္ဘောသားမား စိုးရိမ်ကြောက်လန့်ကြသည့် ကြားကပင် သူတို့၏ လုပ်ငန်းတာဝန်သည် ကောင်းစွာ အောင်မြင်ခဲ့လေသည်။

အဖွဲ့နှစ်ဖွဲ့သည် ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ပြီး ရန်သူသင်္ဘော ခြောက်စီးကို တိုက်ခိုက်ကြသည်။ အီတလီခရုဇာ စစ်သင်္ဘော အသစ်ကြီး သင်္ဘောနှစ်စီးနှင့် ဖျက်သင်္ဘောသုံးစီး နစ်မြုပ်ပြီး ကုန်သင်္ဘောနှစ်စီး အကြီးအကျယ် ပျက်စီးသွားသည်။ ဤကား အမှတ် ၁၂ ရေငုပ်သင်္ဘော ရေယာဉ်စုအတွက် အားတက်ဖွယ်ရာ ဖြစ်သော်လည်း တားပစ် တိုက်ခိုက်ရေးကိုကား ၎င်းတို့ မဆောင်ကြဉ်းနိုင်ဘဲ ရှိနေပါသည်။

* * *

http://www.cherrythitsar.org

www.foreverspace.com.mm



# အဏ္ဏဝါပြင်မှ မှင်စာကလေးများ

ဗြိတိသျှ ရေတပ်မတော်သည် အိပ်က်စ် ရေယာဉ်ခေါ် ရေငုပ်သင်္ဘော အသေးစား ကလေးများကို သုံးနှစ်လုံးလုံး တီထွင် တည်ဆောက်ပြီးနောက် ပထမဆုံး ရေယာဉ်ကို ၁၉၄၂-ခုနှစ် မတ်လ ၁၅-ရက်နေ့တွင် ရေချနိုင်သည်။ ယင်း ယာဉ်ငယ်ကလေးတွင် လိုက်ပါရမည့် သင်္ဘောသားသုံးယောက်ကို အတွေ့အကြုံရင့်ကျက်သော ရေငုပ်သင်္ဘောသားများ အထဲမှ စီစစ်ရွေးချယ်သည်။ သင်္ဘောသားများသည် သူတို့ လိုက်ပါစီးနင်းရမည့် အိပ်က်စ် ၃ အမည်ရှိ ရေငုပ်သင်္ဘော ပေါက်စနကလေးကို မြင်တွေ့ရသောအခါ သည်းထိတ်ရင်ဖို ကြရသည်။ အိပ်က်စ် ၃ ရေယာဉ်၏ အလျားသည် ပေ ၅၀-မျှ ရှိသဖြင့် သိပ်ပြီး သေးငယ်သည်ဟု မဆိုနိုင်ပါ။ သို့သော် အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည့် ပန်ကာနှင့် တက်မတို့ကို နေရာပေး တပ်ဆင်လိုက်ရသောအခါ တကယ် လှုပ်ရှားနေထိုင်နိုင်သည့် အရှည်အလျားသည် ၃၅-ပေမျှသာ ရှိတော့သည်။ လန်ဒန်မြို့ပေါ်တွင် မောင်းနှင်နေသော ဘတ်စ်ကား တစ်စီး၏ အရှည်အလျားမျှသာ ဖြစ်တော့သည်။ အကယ်၍ သင်္ဘော၏အမြင့်သည် လုံလုံလောက်လောက် ရှိခဲ့လျှင်လည်း အကြောင်း မဟုတ်ပါ။ သို့သော် သင်္ဘောကြမ်းပြင်မှ အပေါ်မျက်နှာပြင်ထိ အမြင့်သည် ၅ ပေမျှသာ ရှိသဖြင့် လူတစ်ယောက် မတ်တတ်မရပ်နိုင်ပါ။

အိပ်က်စ် ၃-တွင် အခန်းသုံးခန်းပါရှိသည်။ ကွပ်ကဲခန်း၊ စက်ခန်းနှင့် ထွက်ပေါက် အခန်းတို့ ဖြစ်သည်။ ထွက်ပေါက်ခန်းသည် သင်္ဘောသားများ ယာဉ်အတွင်းသို့ ဝင်နိုင် ထွက်နိုင်ရန် စီမံထားသော အခန်းဖြစ်သည်။

http://www.cherrythitsar.org

www.foreverspace.com.mm



၎င်းတို့သည် ဤအခန်းမှ ထွက်ပြီး ပိုက်တန်းများ ဖြတ်တောက်ရမည်။ မိုင်းဗုံးများကို ချထားရမည်။ အရေးပေါ် အကြောင်းကိစ္စရှိလျှင်လည်း ဤအခန်းမှပင် ထွက်ပြေးလွတ်မြောက်ရမည်။

အိပ်က်စ် ၃-တွင်မပါရှိသည်က တော်ပီဒို ပြွန်လုံးများပင် ဖြစ် သည်။ ယင်းအစား ပေါက်ကွဲစေသော ဗုံးနှစ်လုံးကို သင်္ဘောကိုယ်ထည် တစ်ဖက်တစ်ချက်တွင် တပ်ဆင်ထားသည်။ ၎င်းတို့သည် အင်အား အင်မတန် ပြင်းထန်ပြီး ယမ်းအားနှစ်တန်စီ ပါရှိသည်။ ၎င်းတို့ကို ရန်သူသင်္ဘောအောက်ဘက် ရေအောက်ကြမ်းပြင်ပေါ်တွင် အသာချထား ခဲ့ရုံပင် ဖြစ်သည်။ ၎င်းက သင်္ဘောကြီးကို အံ့သြဖွယ်ရာ ကောင်းလောက် အောင် ဖျက်ဆီးပစ်မည် ဖြစ်ချေသည်။ အိပ်က်စ် ၃-သည် ထိုခတ်က ရေငုပ်သင်္ဘောများအတိုင်း ရေပေါ်တွင်ဒီဇယ် နှင့် ခုတ်မောင်းပြီး ရေအောက်တွင် ဘက်ထရီနှင့် ခုတ်မောင်းမည် ဖြစ် သည်။

အိပ်က်စ် ၃-သည် ရေချပြီးနောက် ရက်သတ္တပေါင်းများစွာပင် အလုပ်များလျက် ရှိရသည်။ ထုံးစံအတိုင်းပင် ရေမျက်နှာပြင်နှင့် ရေအောက် လေ့ကျင့်ခန်းများကို စိတ်ကျေနပ်လောက်သည်အထိ ပြုလုပ်ကြရသည်။ အိပ်က်စ် ရေယာဉ် သင်တန်းသားများသည် ပထမတွင် နောသမ်ဘာလင် ၌ လေ့ကျင့်ကြရပြီး နောက်ပိုင်းတွင် မနုဿ တော်ပီဒိုသမားများ နည်းတူ ပင် စကော့တလန်သို့ ပြောင်းရွှေ့ လေ့ကျင့်ကြရသည်။ လျှို့ဝှက်မှုသည် အထူး အရေးကြီးသဖြင့် သင်တန်းသား ၂၂-ယောက်သည်ပြင်ပ ကမ္ဘာကြီး နှင့် လုံးဝပင် အဆက်အသွယ် ဖြတ်တောက်ထားကြရသည်။ ၎င်းတို့၏ လေ့ကျင့်သင်ကြားမှုများကို ညအချိန်များတွင်သာ ပြုလုပ်ကြရသည်။ အိပ်က်စ် ၃-ရေယာဉ်ကို ကိုယ်ထည်နှစ်ခုတွဲ သင်္ဘောကြီး၏ အလယ်ကြား

www.foreverspace.com.mm
http://www.cherrythitsar.org


တွင် ဝှက်ထားကြရသည်။

အိပ်က်စ်ရေယာဉ် သင်္ဘောသားများသည် ရထားထိန်းများနည်းတူပင် အခက်အခဲ ကသိကအောက်များ တွေ့ကြရသည်။ သို့သော် ၎င်းတို့က ပုံစံတစ်မျိုး ဖြစ်သည်။ အိပ်က်စ် ရေယာဉ်ထဲတွင် နေရသည်မှာ တံခါးပိတ်ထားသော ကြောင်အိမ်ကြီးထဲတွင် အခြား လူနှစ်ယောက်နှင့် အတူနေရသည့် အတိုင်းပင် ဖြစ်သည်။ ခေါင်းလွတ်အောင် မတ်တတ်ရပ်နိုင်သည့် နေရာဟူ၍ မျှော်စင်အောက် တစ်နေရာပဲရှိသည်။ အခြားနေရာများတွင်ကား ခါးကို အမြဲတမ်း ရှိုရှိုသေသေ ကုန်းထားကြရသည်။ ထို့အပြင် လက်နှစ်ဖက်ကိုလည်း လွတ်လွတ်လပ်လပ် ဆန့်တန်း လှုပ်ရမ်းနိုင်ခြင်း မရှိပါ။

အိပ်က်စ် ရေယာဉ်မှူး တစ်ဦးသည် အလုပ်မျိုးစုံကို လုပ်တတ်ရပါသည်။ သူသည် ရေယက်များ၊ အလေးထိန်းကန်များနှင့် အခြား ရေငုပ်ကိရိယာများကို ကိုင်တွယ်လုပ်ဆောင်တတ်ရပါသည်။ ထိုမျှမက ထိုအရာများ အားလုံး လှုပ်ရှားကောင်းမွန်နေအောင် တစ်ပြိုင်တည်း လုပ်ရပါမည်။ ထို့အပြင် သူသည် ရေပေါ်ကြည့် မှန်ပြောင်းကိုလည်း အသုံးပြုတတ်ရပါမည်။ ရေကြောင်းသွားလာရေး အတွက်လည်း ကြည့်တတ်ရမည်။ ထောက်လှမ်းမှု အတွက်လည်း ကြည့်တတ်ရမည်။ အင်ဂျင်စက်ကို နှိုးတတ်ရမည်။ ပျက်သွားလျှင် ပြင်တတ်ရမည်။ ဘက်ထရီများ အားနည်းသွားလျှင် အားပြန်ဖြည့်ပေးရမည်။ သည်လုပ်ငန်းများ အပြင် သူသည် ချက်တတ်ပြုတ်တတ်ရမည်။ သင်္ဘောတစ်စီးလုံး၏ သန့်ရှင်းရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်။ တံမြက်စည်းလှည်းရမည်။ ကြမ်းတိုက်ရမည်။ အကယ်၍ တာဝန်ခရီးသည် ငါးရက်မျှ ကြာမည်ဆိုလျှင် သူသည် အချိန်မရွေး

http://www.cherrythitsar.org

www.foreverspace.com.mm



အိပ်တတ်ရပါမည်။

အိပ်က်စ်ရေယာဉ်များ ထပ်မံတည်ဆောက် ပြီးစီးပြီး ဖြစ်သဖြင့် ၎င်းတို့၏ အမည်ကို 'စမ်းသပ်' အစား 'အမှတ် ၁၂- ရေငုပ်သင်္ဘော ရေယာဉ်စု'ဟု ပြောင်းလဲ မှည့်ခေါ်ပြီး ဖြစ်သည်။ စက်တင်ဘာလသို့ ရောက်ရှိသောအခါ ၎င်းတို့၏ အခြေအနေသည် ဂျာမန်စစ်သင်္ဘောကြီး တားပစ်ကို သွားရောက်တိုက်ခိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိတော့သည်။

သည်အချိန်တွင် ဗြိတိသျှတို့ အနေဖြင့် သတင်းရရှိထားသည် မှာ နော်ဝေးတောင်ကြား ပင်လယ်လက်တက် အတွင်းတွင် တန်ချိန် ၄၀၀၀၀- ရှိသော တားပစ်အပြင် အခြားစစ်သင်္ဘောနှစ်စီးကိုလည်း ဆိုက်ကပ် သိမ်းဝှက်ထားကြောင်း ဖြစ်သည်။ ၎င်းတို့မှာ တန်ချိန် ၂၆၀၀၀ ရှိသော ရှဟန်းဟော့နှင့် တန်ချိန် ၁၂၀၀၀ ရှိသော စစ်သင်္ဘောကလေး လူဇော်တို့ ဖြစ်သည်။ ဤသုံးစီးအနက် တစ်စီးစီးကို ဖျက်ဆီးနိုင်လျှင်ပင် စစ်ကြီး၏ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်လေသည်။

စက်တင်ဘာလ ၁၁-ရက်နေ့တွင် ရေငုပ်သင်္ဘော ခြောက်စီး သည် အိပ်က်စ်ရေယာဉ် တစ်စီးစီးကို နိုင်လွန်ကြိုးဖြင့် ဆွဲယူကာ နော်ဝေး နိုင်ငံသို့ ထွက်ခွာကြသည်။ ယခုအကြိမ် တွေ့မြင်ရသော မြင်ကွင်းသည် တစ်ချိန်က တားပစ်သင်္ဘောကြီးကို တိုက်ခိုက်ရန် ထွက်ခွာသွားခဲ့သော အာသာသင်္ဘောတစ်စီးတည်း သွားရောက်သော မြင်ကွင်းထက် အများကြီး ပိုမို ခမ်းနားကြီးကျယ်ပါတော့သည်။ ချောက်ချားဖွယ်ရာ မြင်ကွင်းကြီး တစ်ခုပင် ဖြစ်တော့သည်။

ရေငုပ်သင်္ဘော အကြီးရေ အငယ်များပါ နေ့အချိန်တွင် ရေအောက်

www.foreverspace.com.mm
http://www.cherrythitsar.org


မှ ခုတ်မောင်းကြရပြီး ညအချိန်တွင်ကား ရေငုပ်သင်္ဘောကြီးက ရေမျက်နှာပြင်ပေါ်မှ ခုတ်မောင်းပြီး ရေငုပ်သင်္ဘောကလေးများက ရေအောက်မှပင် ခုတ်မောင်းကြရသည်။ ၎င်းတို့သည် လေကောင်းလေသန့် ရရှိရန်အတွက်သာ ရေမျက်နှာပြင်ပေါ်သို့ ခေတ္တခဏ တက်ရောက်ကြရပါသည်။

မိုင်ပေါင်း ၁၅၀၀ အကွာအဝေးကို သွားရောက်ရသော ရှစ်ရက်နှင့် ရှစ်ညတာခရီးသည် အိပ်ကဲ်စ် ရေယာဉ်များအတွက် ပင်ပန်းကြီးလှသည်။ ၎င်းတို့သည် ရေငုပ်သင်္ဘောကလေးများ ခရီးရှည်ကြီး သွားလာနိုင်ရေးအတွက် တစ်ချိန်တွင် တစ်ယောက်သာ အိပ်စက်ရပါသည်။ ၎င်းတို့အနေနှင့် အပင်ပန်းခံ ကြိုးစားဆောင်ရွက်သည့်ကြားကပင် ခရီးက မချောမွေ့ပါ။ အိပ်ကဲ်စ် ၈ နှင့် မိခင် ရေငုပ်သင်္ဘောဆီးနမ့်ကို ဆက်သွယ်ထားသော နိုင်လွန်ကြိုး ပြတ်သွားသည်။ ရေငုပ်သင်္ဘောကြီးသည် ကြိုးပြတ်သွားသည်ကို မသိရှိဘဲ ဆက်လက်ခုတ်မောင်းသွားကြသည်။ တစ်နေရာတွင် ဆီးနမ့်ကို တွေ့ရှိမည်ဟု မျှော်လင့်ထားကြသည်။ သို့သော် အိပ်ကဲ်စ် ၈ သည် ဆွဲခေါ်မည့် သင်္ဘောမရှိသဖြင့် လှိုင်းကြီးလေကြီးထဲတွင် တစ်ကြိမ်ပျောက်ဆုံးသွားပြန်တော့သည်။ ထိုအချိန်တွင်မှ ဆီးနမ့်သည် အိပ်ကဲ်စ် ၈ ကျန်ရစ်ကြောင်း သိရှိပြီး လိုက်လံရှာဖွေ ရသည်။ ၁၄ နာရီလုံးလုံး ရှာဖွေမှ ပြန်လည်တွေ့ရှိတော့သည်။

ထိုအချိန်တွင် အိပ်ကဲ် ၈-ပေါ်မှသင်္ဘောသားများ အားလုံး အထူးပင် ပင်ပန်းနွမ်းနယ်လျက် ရှိသဖြင့် သင်္ဘောသားအသစ် တစ်ဆိုင်း လဲလှယ်ပေးပြီး ၎င်းတို့ကို မိခင် သင်္ဘောပေါ်တွင် နားနေ အိပ်စက်စေရသည်။

သူတို့ ခရီးဆက်ကြပြန်သည်။ သို့သော် များမကြာမီ အချိန်

http://www.cherrythitsar.org



www.foreverspace.com.mm

အတွင်းမှာပင် ကံဆိုးမိုးမှောင်ကျနေသော အိပ်က်စ် ၈ သည် ပြဿနာ တစ်ခုနှင့် ကြုံရပြန်တော့သည်။ ၎င်း၏ ကိုယ်ထည်တွင် ဆွဲယူလာသော ဗုံးများက ဒုက္ခပေးလာခြင်း ဖြစ်သည်။ ထိုအခါ ကက်ပတိန်က ဗုံးများကို ပင်လယ်ထဲတွင် ဖြုတ်ချထားခဲ့ရန် ဆုံးဖြတ်ရသည်။ ဗုံးများကို ဖြုတ်ချထား ခဲ့သောအခါ ပို၍ မြန်မြန်ခုတ်မောင်း နိုင်ကြသည်။ ထို့အပြင် ဗုံးများကို ဖြုတ်ချထားခဲ့ရန် ဆုံးဖြတ်ချက်မှာလည်း မှန်ကန်လှပေသည်။ ရေငုပ် သင်္ဘောများ ဆက်လက်ထွက်ခွာခဲ့ကြပြီးနောက် သုံးနာရီခွဲခန့် အကြာ တွင် ဖြုတ်ချထားခဲ့သော ဗုံးများ အင်အား ပြင်းထန်စွာဖြင့် ပေါက်ကွဲသည်။ ဗုံး ပေါက်ကွဲသည့်နေရာနှင့် အိပ်က်စ် ၈ ရှိနေသည့် နေရာသည် အတော်ပင် ကွာလှမ်းသော်လည်း ပေါက်ကွဲသည့် အရှိန်ကြောင့် အိပ်က်စ် ၈-သည် ပျက်စီး နစ်မြုပ်သလောက်ပင် ဖြစ်တော့သည်။ ၎င်း၏ သင်္ဘောသားများ ကို ကယ်တင်ပြီးနောက် အိပ်က်စ် ၈-ကို ထိုနေရာတွင် နစ်မြုပ်ပစ်ခဲ့ကြရ သည်။ သို့ဖြင့် ၎င်းတို့တွင် အိပ်က်စ် ရေယာဉ် ၅ စီးသာ ကျန်ရှိတော့ သည်။

ရှေ့ဘက်တွင် ခုတ်မောင်းလျက်ရှိသော ရေငုပ်သင်္ဘော ဆား တစ်သည်လည်း အိပ်က်စ် ၉ ကို ဆွဲယူလာသော ကြိုးပြတ်သွားကြောင်း တွေ့ရှိရသည်။ ၎င်းတို့ အဘယ်မျှပင် လိုက်လံရှာဖွေစေကာမူ အိပ်က်စ် ၉-ကို ပြန်လည် မတွေ့ရှိရတော့ပါ။ ၎င်း၏ သတင်းကို ထိုနေ့မှစ၍ လုံးဝ မကြားကြရတော့ပါ။

ကျန်ရှိသော အိပ်က်စ် ရေယာဉ်လေးစီးမှုကား ပင်လယ်ကြီးကို ကောင်းမွန်စွာ ဖြတ်သန်းနိုင်ကြပြီး ၂၀-ရက်နေ့ ညနေတွင် ၎င်းတို့သည် မိခင် ရေငုပ်သင်္ဘောမှ ခွဲခွာကြပြီး ဂျာမန် စစ်သင်္ဘောများကို တိုက်ခိုက်ရန်

www.foreverspace.com.mm
http://www.cherrythitsar.org



တောင်ကြားပင်လယ်လက်တက်အတိုင်း ဝင်ရောက်သွားကြတော့သည်။

ဂျာမန်သင်္ဘောတားပစ်သည် ပင်မပင်လယ်လက်တက်ကြီး၏ လက်တက်ငယ်ကလေးဖြစ်သော ကားဖို့က်အတွင်းတွင် ဆိုက်ကပ်ထား လျက် ရှိသည်။

ရေငုပ်သင်္ဘောကလေးများ တောင်ကြားပင်လယ် လက်တက် ကြီး အတွင်းသို့ ဝင်ရောက်သွားစဉ်တွင် မိခင်ရေငုပ်သင်္ဘောများသည် ရေအောက်သို့ ငုပ်လျှိုးကာ မျှော်လင့်တကြီးဖြင့် စောင့်ဆိုင်းလျက် ရှိကြ သည်။

ရေငုပ်သင်္ဘောကလေးများသည် စက်တင်ဘာလ ၂၀-ရက်နေ့ည ရှစ်နာရီ အချိန်တွင် ထွက်ခွာသွားကြခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ ၎င်း တို့သည် တစ်စီးနှင့် တစ်စီး အဆက်အသွယ် မရရှိကြတော့ပါ။

တောင်ကြားပင်လယ် လက်တက်အတွင်းတွင် သင်္ဘော အသွား အလာ များပြားလှသည်။ ၎င်းတို့သည် အစုန်အဆန် ပြုလုပ်နေကြသော သင်္ဘောများကို မနည်းပင် လွတ်အောင် ရှောင်တိမ်းကြရသည်။ အိပ်က်စ် ၁၀ သည် တစ်စီးတည်း ခွဲခွာပြီး ခုတ်မောင်းသွား၍မှ ဘာမျှ မကြာမီမှာ ပင် အင်ဂျင်စက် စတင် ချွတ်ယွင်း လေတော့သည်။ သင်္ဘောသားများ အနေနှင့် ရေမျက်နှာပြင်ပေါ်တက်ပြီး နာရီပေါင်းများစွာ ပြင်ဆင်ကြသည့် တိုင် အင်ဂျင်စက်သည် ခရီးဆုံးနှင့် နီးလာလေ ပို၍ ဆိုးရွားလာလေ ဖြစ် တော့သည်။ ၎င်း၏ တာဝန်မှာ ရှုပာန်းဟော့ကို တိုက်ခိုက်ရန် ဖြစ်သည်။ သင်္ဘောသား သုံးယောက်စလုံးပင် ယင်း တာဝန်အတွက် စိတ်အား ထက်သန်လျက် ရှိကြသည်။ သို့ရာတွင် ၎င်း၏ သင်္ဘောကလေး အခြေ အနေဆိုးသည်ထက် ဆိုးနေသည်။ ၎င်းသည် ရေထဲတွင် ဖားတစ်ကောင်

http://www.cherrythitsar.org



www.foreverspace.com.mm

လို ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ အထဲသို့ ရေများ စိမ့်ဝင်လာသည်။ စနက်တံများ အားလုံး ပေါက်ကွဲတော့မည့် အခြေအနေ ရှိသဖြင့် မီးသတ်ဘူးများကို အသုံးပြုကြရသည်။

၎င်းတို့သည် မီးခိုးများကို ထုတ်ပစ်ရန် ရေမျက်နှာပြင် အပေါ်သို့ တက်ရောက်သောအခါ ၎င်းတို့၏ ယာဉ်ကလေးသည် အထူးပင်ပျက်စီး ချွတ်ယွင်းလျက် ရှိသည်ကို တွေ့ကြရသည်။ ၎င်းတို့သည် အင်မတန် ကံကောင်းပါမှ ရှုပာန်းဟော့ကို တိုက်ခိုက်ပြီး အသက်မသေဘဲ အိမ်ပြန်နိုင်ကြမည် ဖြစ်သည်။ အချိန်မှာ နံနက် နှစ်နာရီ ၁၅-မိနစ် ဖြစ်ပြီး ပစ်မှတ်နှင့် လေးမိုင်ခွဲမျှသာ ဝေးကွာတော့သည်။ ၎င်းတို့သည် ရေအောက်ကြမ်းပြင်သို့ ပြန်ဆင်းပြီး မြောက်မြားစွာသော ပြင်ဆင်စရာများကို စိတ်ပျက်လက်ပျက်ဖြင့် စတင်ပြင်ဆင်ကြရတော့သည်။

အခြား ရေငုပ်သင်္ဘောကလေး သုံးစီးဖြစ်သော အိပ်က်စ် ၅၊ အိပ်က်စ် ၆ နှင့် အိပ်က်စ် ၇ တို့သည် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ ပင်လယ်လက်တက် အတွင်း ခုတ်မောင်းသွားကြသည်။ ဗိုလ်ကြီး ဒေါ်နယ်ကင်မရွန်း ဦးစီးသော အိပ်က်စ် ၆-က ရှေ့မှ ဦးဆောင်ပြီး သွားသည်။ ၎င်းတို့သည် ဆင်ကြီးတစ်ကောင်ကို ကိုက်ခဲမည့် ပုရွက်ဆိတ်များပမာ ဖြစ်ကြသည်။

ပိုက်တန်းများ အနီးသို့ ပထမဆုံး ရောက်ရှိသွားသော ရေငုပ်သင်္ဘောကလေးမှာ အိပ်က်စ် ၆-ပင် ဖြစ်သည်။ ၎င်း၏ အခြေအနေမှာ အားလုံး ကောင်းမွန်သော်လည်း ရေပေါ်ကြည့်မှန်ပြောင်းတွင်မူ ရေတွေဝင်လျက်ရှိသည်။ သို့ဖြင့် မှန်ပြောင်းသည် လုံးဝ ကြည့်၍မမြင်ရဘဲ ရှိနေသည်။ ၎င်းတို့သည် ရေပေါ်ကြည့်မှန်ပြောင်း မပါဘဲနှင့် ပိုက်တန်းများ

http://www.cherrythitsar.org

www.foreverspace.com.mm



အတွင်းသို့ မည်သ်ည့်နည်းနှင့်မျှ ဝင်ရောက်နိုင်မည် မဟုတ်ကြောင်း ကင်မရွန်း နားလည်ထားသည်။ ထိုစဉ်မှာပင် ၎င်းတို့သည် အင်မတန် ကံကောင်းသည့် အဖြစ်နှင့် ကြုံတွေ့ရသည်။

တားပစ်သင်္ဘောကြီးအတွက် စားနပ်ရိက္ခာများ တင်ဆောင်လာသော ရေငုပ်သင်္ဘောတစ်စီးသည် ၎င်းတို့ရှေ့တွင် ရောက်ရှိလာပြီး ပိုက်တန်းများ ပွင့်သွားသည်။ အိပ်က်စ် ၆ သည် လှစ်ခနဲ ဆိုသလိုပင် အတွင်းသို့ ဝင်ရောက်သွားသည်။ ရန်သူသင်္ဘောကြီး အကြီးအကျယ် ပျက်စီးသွားရန်အတွက် မိုင်းဗုံးများကို သင်္ဘောကြီးအလယ် တည့်တည့် တွင် မြှုပ်နှံရန် ကင်မရွန်း ဆုံးဖြတ်သည်။ သို့သော် ထိုသို့ပြုလုပ်ရန် အတွက် ၎င်း၏ ယာဉ်ကလေးကို ရေပေါ်သို့ ပေါ်မတက်ဘဲ မပြုလုပ်နိုင်ပါ။ သို့ဖြင့် သူသည် ယခုအထိ ကောင်းနေသော ကံကို အားထားပြီး ရေပေါ်သို့ တက်သည်။ ထို့နောက် ပေါ်ပေါ်ထင်ထင်ကြီး ဆိုသလိုပင် တားပစ်၏ အလယ်ပိုင်းဆီသို့ မောင်းဝင်သွားသည်။ ရေမျက်နှာပြင်ပေါ်တွင် ထူးဆန်းသော အရာဝတ္ထုတစ်ခု ရွေ့လျားလျက်ရှိသည်ကို သင်္ဘောကြီးပေါ်မှ အစောင့်စစ်သားများက မတွေ့မြင်ဘဲ မနေနိုင်ပါ။ သို့သော် ၎င်းတို့ တွေ့မြင်နေရသော အခြင်းအရာသည် ယာဉ်တစ်ခုလော၊ သို့မဟုတ် လင်းပိုင်တစ်ကောင် ဖြစ်ချေသလော၊ ဆိုသည်ကို မဝေခွဲနိုင်ကြမီမှာပင် အိပ်က်စ် ၆ သည် သင်္ဘောကြီး၏ အလယ်ပိုင်းသို့ ရောက်ရှိသွားပြီး မိုင်းဗုံး များ ချထားရန် ရေအောက်သို့ ငုပ်ဝင်သွားလေတော့သည်။

သင်္ဘောကြီး၏ တစ်ဖက်ဘေးမှ အိပ်က်စ် ၆-ထွက်ပေါ်လာသော အချိန်တွင်ကား ဂျာမန်များသည် ၎င်းတို့ တွေ့မြင်နေရသော အရာသည် ဘာဆိုသည်ကို ပိုင်းဖြတ်သိရှိပြီး ဖြစ်သဖြင့် ကျည်ဆန်မိုး ရွာသွန်းချတော့

http://www.cherrythitsar.org

www.foreverspace.com.mm



သည်။ ထွက်ပြေးလွတ်မြောက်နိုင်ရန် မည်သို့မျှ လမ်းမမြင်သဖြင့် ကင်မရွန်းသည် အိပ်က်စ် ၆ ကို နစ်မြုပ်ပြီး လက်နက်ချရန် ဆုံးဖြတ်လိုက်သည်။ ရေငုပ်သင်္ဘောကလေး၏ ရေဝင်ပေါက် အားလုံးကို ဖွင့်လိုက်ကြသည်။ သင်္ဘောသား သုံးယောက် တားပစ်သင်္ဘောကြီးပေါ်သို့ ရောက်ရှိသွားချိန်မှာပင် ရေငုပ်သင်္ဘောကလေးသည် ကျောက်တုံးတစ်တုံးလို နစ်မြုပ်သွားလေတော့သည်။ အချိန်မှာ ခုနှစ်နာရီ ၁၅-မိနစ် ဖြစ်သည်။ ဗုံးများပေါက်ကွဲရန် အချိန်တစ်နာရီလိုသေးသည်။

အိပ်က်စ် ၅ သည် ပထမ တော်ပီဒို ပိုက်တန်းများသို့ ရောက်ရှိစဉ်မှာပင် ကံဆိုးမိုးမှောင်ကျပြီး ကျည်ဆန်များ ထိမှန်ခံရသည်။ အိပ်က်စ် ၆ ကို ရည်ရွယ်ပြီး ပစ်လိုက်သော ကျည်ဆန်များ ဖြစ်ကြသည်။ အိပ်က်စ် ၅ သည် မထိန်းနိုင် မသိမ်းနိုင် ဖြစ်ပြီး နစ်မြုပ် သွားလေတော့သည်။

ကျန်ရှိသော ရေငုပ်သင်္ဘောကလေး အိပ်က်စ် ၇ သည် ဗိုလ်ကြီး ပလေ့စ်ဦးဆောင်ပြီး ရန်သူကို တိုက်ခိုက်ရန် ဝင်ရောက်ရာတွင် ကင်မရွန်းလို အခွင့်ကောင်း မရရှိချေ။ ပိုက်တန်းများကို ခက်ခဲစွာ ဖောက်ထွင်းပြီး ဝင်ရောက်ရသည်။ ၎င်းသည် ပိုက်တန်းများတွင် နှစ်ကြိမ်မျှ ငြိနေသည်။ တစ်နာရီခန့်ကြာမှ ၎င်းသည် ရေအောက်ကြမ်းပြင်ကို တိတ်ဆိတ်စွာ ဝင်ရောက်နိုင်ခဲ့သည်။ ရေငုပ်သင်္ဘောကလေးကို ရေပေါ်သို့ ဖောလိုက်သောအခါ တားပစ်သင်္ဘောကြီးနှင့် ကိုက်သုံးဆယ်ခန့်အကွာတွင် ရောက်ရှိနေသည်ကို တွေ့ရှိကြရသည်။ အိပ်က်စ် ၇ သည် အနည်းငယ်မျှ တုံ့ဆိုင်းမနေဘဲ သင်္ဘောကြီး၏ အောက်ဘက်တွင် မိုင်းဗုံးများကို ချထားလိုက်သည်။ ထို့နောက် သင်္ဘောကြီး၏ တစ်ဖက်မှ ထွက်သွားရာတွင် ကာရံထားသော ပိုက်တန်းများတွင် တိုးမိပြန်တော့သည်။ ၎င်းတို့ ချထားခဲ့သော

www.foreverspace.com.mm

http://www.cherrythitsar.org



ဖုံးများသည် နောက်တစ်နာရီအကြာတွင် ပေါက်ကွဲကြတော့မည် ဖြစ်ရာ ၎င်းတို့သည် ဤနေရာတွင် သောင်တင်ပြီး မနေနိုင်ကြပါ။

ငင်းတို့သည် ရှုပ်ထွေးနေသော ပိုက်တန်းများ အကြားတွင် ရှေ့တိုးလိုက် နောက်ဆုန်လိုက်နှင့် မိနစ် ၄၀ ခန့် အပြင်းအထန် ကြိုးပမ်းတော့မှ တစ်ကြိမ်လွတ်ကင်းကြရပြန်သည်။ ၎င်းတို့သည် ရေအနက်ပေ ၁၂၀ သို့ ရောက်အောင် တဖြည်းဖြည်းချင်း မြင့်တက် သွားကြပြီးနောက် တားပစ်သင်္ဘောကြီးနှင့် ဝေးနိုင်သမျှ ဝေးအောင် မောင်းနှင်သွားကြတော့သည်။ ထိုအချိန်မှာပင် ဒေါ်နယ်ကင်မရွန်းချထားသော ဖုံးများ ပေါက်ကွဲပြီး ပင်လယ်လက်တက်ကြီး တစ်ခုလုံး လှုပ်ခါသွားရာ ပင်လယ်ပြင်သို့ ပြန် သွားနေသော အိပ်က်စ် ၇ သည်လည်း ရေမျက်နှာပြင်ပေါ်သို့ အလိုလို မြောက်တက်ရောက်ရှိသွားတော့သည်။

ရေတွေ စိမ့်ဝင်နေပြီး ထိန်းသိမ်းမရ ဖြစ်နေသော ရေငုပ်သင်္ဘောကလေးသည် တားပစ်သင်္ဘောကြီးမှ အမြောက်ကြီးများနှင့် ပစ်ခတ်ခြင်းခံရသောအခါ ပိုမိုပျက်စီးခြင်း ဖြစ်ရတော့သည်။ သင်္ဘောသားများသည် သင်္ဘောကို စွန့်ခွာသွားကြရန် ဖြစ်သည်။ သို့သော် ဗိုလ်ကြီးပလေ့စ် တစ်ယောက်သာလျှင် သင်္ဘောအတွင်းမှ ထွက်နိုင်ပြီး ရန်သူများ ပစ်ခတ်နေသော ပစ်ကွင်းအတွင်းသို့ ရောက်ရှိသွားသည်။ အခြား သင်္ဘောသား သုံးယောက်ကား သင်္ဘောနှင့်အတူ ရေအောက်သို့ နစ်မြုပ်သွားကြတော့သည်။

ရေငုပ်သင်္ဘောကလေးသည် ပျက်စီးပြီး ရေအောက်သို့ နစ်မြုပ်သွားချိန်တွင် သင်္ဘောသားသုံးယောက်သည် အသက်ရှူ ကိရိယာများကို ၎င်းတို့၏ ကိုယ်တွင် တည်ငြိမ်စွာ တပ်ဆင်ကြသည်။ ထွက်ပေါက်များကို

www.foreverspace.com.mm



ဖွင့်နိုင်အောင် သင်္ဘောကလေး မြင့်တက်သွားချိန်ကို စောင့်ဆိုင်းနေကြသည်။ သို့သော် ရေငုပ်ပါရဂူ အိတ်ကင်က ထွက်ပေါက်ကို ဖွင့်လိုက်နိုင်သော အချိန်တွင် သူ၏ အဖော်များ သေဆုံးနေကြပြီ ဖြစ်သည်။ ၎င်း၏ အောက်စီဂျင်ဘူးမှာလည်း ကုန်နေပြီ ဖြစ်၍ ၎င်းကိုယ်တိုင် သေခြင်းနှင့် အင်မတန် နီးကပ်နေတော့သည်။ အောက်စီဂျင် ဓာတ်ငွေ့ကုန်ဆုံးသွားချိန်မှာပင် သူသည် ထွက်ပေါက်မှ ထွက်နိုင်ခဲ့သည်။ စက္ကန့်ပိုင်း အကြာတွင် သူသည် ရေမျက်နှာပြင်ပေါ်သို့ အံ့သြဖွယ်ရာပင် ရောက်ရှိသွားတော့သည်။

အိတ်ကင်နှင့် ဗိုလ်ကြီး ပလေစ်တို့ကိုလည်း တားပစ် သင်္ဘောကြီးပေါ်သို့ သယ်ဆောင်သွားကြသည်။ သင်္ဘောပေါ်တွင် ကင်မရွန်းတို့ အဖွဲ့နှင့် တွေ့ရှိကြရသည်။

အိပ်ဂ်က်စ် ၆ မှ သင်္ဘောသားများ လွန်ခဲ့သော တစ်နာရီလောက်က တားပစ်သင်္ဘောပေါ်သို့ ရောက်ရှိသောအခါ ဂျာမန်များက အထူးပင် လေးစားစွာဖြင့် ဆက်ဆံကြသည်။ ကော်ဖီပူပူ ရှနက်အရက်များဖြင့် ဧည့်ခံကြသည်။ သူတို့၏ သင်္ဘောကြီးအောက်တွင် ဘာဖြစ်နေသည်ကို သူတို့ ဘာမျှမသိကြပါ။ ဖမ်းမိသော ရေငုပ်သင်္ဘောသားများကို မေးခွန်းများ မေးမြန်းနေစဉ်မှာပင် ပေါက်ကွဲမှုများ ဖြစ်ပေါ်ပြီး တားပစ်သင်္ဘောကြီး လေထဲသို့ ခြောက်ပေလောက် မြောက်တက်သွားသည်။

သင်္ဘောကြီးတစ်စီးလုံး ဝရုန်းသုန်းကားဖြစ်သွားသည်။ ကယောင်ချောက်ချား ဖြစ်သွားသော ဂျာမန်များသည် အရပ်ရှစ်မျက်နှာသို့ ပစ်ခတ်ကြတော့သည်။ မီးခိုးများ ပြယ်သွားသောအခါ တားပစ်သင်္ဘောကြီးသည် ရေပေါ်မှာပင် ပေါ်လျက်ရှိကြောင်း အံ့သြဖွယ်ရာ တွေ့ရှိကြရသည်။ သို့ရာ

www.foreverspace.com.mm

http://www.cherrythitsar.org



တွင် ၎င်းတို့၏ သင်္ဘောကြီး အကြီးအကျယ် ပျက်စီးသွားကြောင်းကို ချက်ချင်းဆိုသလိုပင် ဂျာမနီများ တွေ့ရှိသွားကြရသည်။ သင်္ဘောကြီးသည် တစ်သက်လုံး မဟုတ်သည့်တိုင် လပေါင်းများစွာတော့ လှုပ်ရှားနိုင်တော့မည် မဟုတ်ပါချေ။

လပေါင်း အတန်ကြာသောအခါ တားပစ်သင်္ဘောကြီးသည် တအိအိဖြင့် ပင်လယ်ဝဆီသို့ စုန်ဆင်းသွားသည်။ သို့သော် ယင်းသို့ သွားရောက်ခြင်းသည် ဗြိတိသျှ လေတပ်မတော်မှ ပစ်ခတ်နှစ်မြှုပ်ခြင်းကို ခံရရန်သာသာ ဖြစ်ပေသည်။ ဗြိတိသျှလေတပ်မတော်၏ တိုက်ခိုက်မှုကြောင့် တားပစ်သင်္ဘောကြီးသည် အပြီးတိုင် နစ်မြှုပ်သွားရတော့သည်။

အသက်မသေဘဲ ကျန်ရစ်သော ဗြိတိသျှ ရေငုပ်သင်္ဘောသား ခြောက်ယောက်ကို ဂျာမန်တို့က ကောင်းမွန်စွာ ဆက်ဆံပြုစုကြသည်။ ၎င်းတို့၏ ဇွဲသတ္တိအတွက် ချီးကျူးကြသည်။ နောက်ဆုံးတွင် ၎င်းတို့သည် သုံ့ပန်းစခန်းသို့ ရောက်ရှိပြီး ထိုတွင်စစ်ကြီးပြီးသည်အထိ နေကြရသည်။ အိပ်က်စ် ၁၀ မှ သင်္ဘောသားများ ကံကောင်းကြသည်။ ၎င်းတို့၏ သင်္ဘောကို ပြန်လည်ထွက်ခွာသွားနိုင်ကြသည်။ ပင်လယ်ဝတွင် ငါးညမျှ စောင့်ဆိုင်းနေရပြီးနောက် စတပ်ဘွန်းရေငုပ်သင်္ဘောမှ ကယ်တင်ခြင်းကို ခံရသည်။

စက်တင်ဘာ ၂၉ ရက်နေ့တွင် မိခင် ရေငုပ်သင်္ဘော ခြောက်စီးသည် နော်ဝေးနိုင်ငံနောက်ထားပြီး ဗြိတိန်နိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။ ၎င်းတို့နှင့်အတူ အိပ်က်စ် ရေယာဉ်တစ်စီးကိုသာ ပြန်လည်ခေါ်ဆောင်သွားနိုင်သည်။ ၎င်းတို့၏ ပူးပေါင်းလုပ်ဆောင်မှု အောင်မြင်သည့်အတွက် ပီတိသောမနဿ ဖြစ်နေကြသည်။

http://www.cherrythitsar.org

www.foreverspace.com.mm



# မြောက်ဝင်ရိုးစွန်း အောက်မှ စွန့်စားခန်း

အဏုမြူ စွမ်းအင်ကို တီထွင်နိုင်ခြင်းသည် ရေငုပ်သင်္ဘောများ နှင့် ၎င်းတို့၏ ကဏ္ဍကို များစွာမှပင် ပြောင်းလဲသွားစေပါသည်။ ရေငုပ်သင်္ဘောသားတို့၏ ဘဝကိုလည်း များစွာမှပင် တိုးတက်ကောင်းမွန်စေပါသည်။ ၎င်းတို့၏ လုံခြုံမှုနှင့် သက်တောင့်သက်သာရှိမှုတို့သည် ပြောမပြနိုင်တော့လောက်အောင်ပင် ဖြစ်သည်။

ဒီဇယ် အင်ဂျင်ခေတ် ကုန်ဆုံးပြီး မူးနောက်ငြီးစီဖွယ်ရာသော ဒီဇယ်ဆီနံ့သည် ရေငုပ်သင်္ဘောသားဟောင်းတို့၏ အတိတ်တွင် ကျန်ရစ်ခဲ့ပါပြီ။ ဘက်ထရီများ သိုလှောင်ရသည့် ဒုက္ခလည်း ချုပ်ငြိမ်းပြီး ယင်းမှ ထွက်ပေါ်လာသော ကလိုရင်း အဆိပ်ငွေ့ အန္တရာယ်မှလည်း ကင်းဝေးကြရပေပြီ။ ရေငုပ်သင်္ဘော၏ အပြင်ဘက် ကိုယ်ထည်တစ်ခုလုံးကို သိမ်းပိုက်ထားသော ရေနံ့ကန်များလည်း မရှိတော့ပြီ ဖြစ်သဖြင့် ရေငုပ်သင်္ဘောအတွင်း နေရာပိုမို ကျယ်ဝန်းနေပြီး ရေငုပ်သင်္ဘော၏ ပုံသဏ္ဍာန်မှာလည်း ပိုမို လှပသွယ်လျလာတော့သည်။ အဏုမြူ ရေငုပ်သင်္ဘောတို့၏ ပုံသဏ္ဍာန်သည် ငါးတစ်ကောင်နှင့် တကယ်ပင် တူလာချေတော့သည်။ ပုံသဏ္ဍာန်အသစ် ဖြစ်လာသည့်အလျောက် ပိုပြီး မြန်လာသည်။ ပိုပြီး သွားလာလှုပ်ရှားနိုင်သည်။ ပိုပြီး တိတ်ဆိတ်လာသည်။ ကြောက်မက်ဖွယ်ရာ ရန်သူကြီးတစ်ကောင်ပင် ဖြစ်တော့သည်။

ရေငုပ်သင်္ဘောခေတ်ကို တိုးတက်ဆန်းသစ်စေသော ပဥ္စလက်စွမ်းအင်ကို 'နယူကလိယဖစ်ရှင်' ခေါ် 'နယူကလိယ ကွဲခြင်း'မှ ထုတ်လုပ်ပေးပါသဘ်။ နယူကလိယ ကွဲခြင်းကို ရေငုပ်သင်္ဘောအတွင်းရှိ အဏုမြူ

http://www.cherrythitsar.org
www.foreverspace.com.mm



ဓာတ်ပေါင်းဖိုဟု ခေါ်သော ရောမ သံမဏိ စည်ကြီးမှ ဖြစ်ပေါ်ပါသည်။ ဤဓာတ်ပေါင်းဖိုကြီး၏ အလယ်တွင် လိမ္မော်သီး တစ်လုံး အရွယ်ရှိသော ယူရေနီယမ် အတုံးတစ်တုံး ရှိပါသည်။

ယူရေနီယမ် အက်တမ်များကို ခွဲစိတ်သောအခါ အင်မတန် ပြင်းထန်သော အပူဓာတ်ကို ရရှိသည်။ ယင်း အပူဓာတ်ကို ရေက စုပ်ယူပြီး ယူရေနီယမ်၏ ပတ်ပတ်လည်တွင် လှည့်ပတ်သည်။ ပြင်းထန်သော ဖိအားဖြင့် ပိုက်အဆင့်ဆင့်ကို ဖြတ်သန်းပြီးနောက် သင်္ဘော၏ တာဗိုင်းမော်တာများဆီသို့ ရောက်ရှိသွားသည်။ အဆမတန် ပူပြင်းသော ရေမှ ထွက်ပေါ်လာသော ရေနွေးငွေ့များက တာဗိုင်းမော်တာတို့ကို လှည့်ပတ်စေသည်။ တာဗိုင်းမော်တာတို့က တစ်ဖန် သင်္ဘော၏ ပန်ကာများကို လှည့်ပတ်စေတော့သည်။

ဒုတိယ ကမ္ဘာစစ် မတိုင်မီကတည်းကပင် အဏုမြူ တွန်းအားအကြောင်းကို ပြောကြ ဆိုကြရေးသားကြသည်။ သို့သော် မည်သူကမျှ လက်တွေ့လေ့လာ စမ်းသပ်ကြည့်ရှုခြင်း မရှိပါ။ အကုန်အကျများလွန်းသောကြောင့်ပင် ဖြစ်သည်။ ၁၉၄၆-ခုနှစ်၌ ကမ္ဘာတွင် ပထမဆုံးဖြစ်သော အဏုမြူ ဓာတ်ပေါင်းဖိုကို အမေရိကန်နိုင်ငံ တင်နက်ဆီ ပြည်နယ်တွင် တည်ဆောက်ခဲ့သည်။ ဤအခါတွင် စစ်ဘက် အရပ်ဘက်မှ ပုဂ္ဂိုလ်များသည် အဏုမြူစွမ်းအင်ကို လေ့လာနိုင်ပြီး အသုံးပြုရလျှင် အဘယ်မျှ ကောင်းမွန်မည်ကို သိရှိနားလည်ကြရသည်။

လျှပ်စစ် အင်ဂျင်နီယာနှင့် ရေငုပ်သင်္ဘောသား တစ်ဦးဖြစ်သော ကက်ပတိန် ဟိုင်းမင်းရစ်ကိုဗာကို ဤလေ့လာ စမ်းသပ်မှုတွင် ကြီးကြပ်စေသည်။ ထိုအခါ အဏုမြူ စွမ်းအင်သည် ရေငုပ်သင်္ဘော ရွေ့လျားမှုတွင်

http://www.cherrythitsar.org

www.foreverspace.com.mm



အဓိက တွန်းအား ဖြစ်ကြောင်း ရစ်ကိုဗာ တွေ့ရှိသည်။ သို့သော် အမေရိကန် ရေတပ်မတော်က သူ၏ အကြံပြုချက်ကို သံသယရှိခဲ့သည်။ ဤလို ရေငုပ် သင်္ဘောတစ်စီး တည်ဆောက်ရန်အတွက် ငွေကြေး အကုန်အကျ ကြီးမား လွန်းသောကြောင့်လည်း တစ်ကြောင်း ဖြစ်သည်။ အဏုမြူ ရေငုပ်သင်္ဘော သည် အင်မတန် ထက်မြက်ထိရောက်သော လက်နက်တစ်ခု ဖြစ်နိုင် ကြောင်းကို ရစ်ကိုဗာသည် ခြောက်နှစ်တိတိပင် အမေရိကန် ရေတပ်မတော် ကို သွေးဆောင်တိုက်တွန်းခဲ့ရသည်။

နောက်ဆုံးတွင်ကား ၁၉၅၂-ခုနှစ် ဇွန်လ၌ အဏုမြူ ရေငုပ် သင်္ဘော နော့တီးလပ်ကို စတင်တည်ဆောက်တော့သည်။ ၎င်း၏ ဓာတ် ပေါင်းဖိုကို အိုင်ဒါဟို သဲကန္တာရ အတွင်းရှိ လျှို့ဝှက်စခန်း တစ်ခုတွင် တည်ဆောက်ခဲ့သည်။ အဆိုပါ လျှို့ဝှက်စခန်းသည် နော့တီးလပ် သင်္ဘော ကို တည်ဆောက်နေသော ကွန်နက်တီကလပ်ရှိ အလက်ထရစ်ဘုတ် ကုမ္ပဏီ သင်္ဘောကျင်းနှင့်မိုင်ပေါင်းများစွာကွာ လှမ်းပေသည်။ နော့တီးလပ်ကို နှစ်နှစ်နီးပါးမျှ တည်ဆောက်ခဲ့ကြရသည်။

နော့တီးလပ်သည် ဧရာမ သင်္ဘောကြီး တစ်စီးပင် ဖြစ်သည်။ တန်ချိန် ၃၁၈၀ ရှိပြီး အလျားပေ ၃၀၀၊ အနံ ၃၈ ပေ ရှိသည်။ ၎င်း၏ ကုန်ကျစရိတ် တန်ဖိုးသည် ဒေါ်လာ ၅၅ သန်း ဖြစ်ပြီး ၁၈၀၀ ပြည့်နှစ် တွင် ဖူလတန် တည်ဆောက်ခဲ့သော နော့တီးလပ်နှင့် တခြားစီ ဖြစ်တော့သည်။

နော့တီးလပ် ရေငုပ်သင်္ဘောမှ သင်္ဘောသားတိုင်းပင် ကိုယ့် အခန်းနှင့်ကိုယ် သက်တောင့်သက်သာ နေရသည်။ ယခင်ကလို ကြိုးပုခက် များနှင့် အိပ်စရာ မလိုတော့ချေ။ ခုတင်ခေါင်းရင်းတွင် စာကြည့်မီး ရှိသည်။ အဝတ်အစားများ ထည့်ရန် ကိုယ်ပိုင်ဗီရိုအံဆွဲရှိသည်။ ထမင်းစားခန်းတွင်

http://www.cherrythitsar.org
www.foreverspace.com.mm


ရုပ်ရှင်ပြသည်။ ရုပ်မြင်သံကြား ပြသည်။ ကက်ဆက် ရီကော်ဒါ ရှိသည်။ ရေခဲမုန့်စက်နှင့် အချိုယမကာ စက်များ ပါရှိသည်။ စာကြည့်ခန်း သုံးခန်း ပါရှိသည်။ အဝတ်လျှော်စက်နှင့် အခြောက်လှမ်းစက်များ ပါရှိသည်။ စစ်ကြီး အတွင်းက ရေငုပ်သင်္ဘောများနှင့် နှိုင်းယှဉ်လျှင် နော့တီးလပ်သည် ရေပေါ် ဟိုတယ် တစ်ခုပင် ဖြစ်တော့သည်။

ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့ စုပ်စက်ပါရှိသဖြင့် နော့တီးလပ်သည် ရေအောက်တွင် ကာလအကန့်အသတ်မရှိ နေချင်သလောက် နေနိုင်သည်။ ယင်း စက်သည် သင်္ဘောသားများ အသက်ရှူရာမှ ဖြစ်ပေါ်သော ကာဗွန်ဒိုင်အောက်ဆိုဒ် အဆိပ်ငွေ့များကို စုပ်ယူပစ်ပြီး လိုအပ်လျှင် အောက်စီဂျင် ဓာတ်ငွေ့ဖြည့်တင်းပေးနိုင်ရန် အောက်စီဂျင် သိုလှောင်ကန်ကြီးများလည်း ပါရှိသည်။

၁၉၅၄-ခုနှစ် ဇန်နဝါရီလ ၂၁-ရက်နေ့တွင် နော့တီးလပ်ကို ရေချသော အခမ်းအနား ကျင်းပသောအခါ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ အမြောက်အမြား တက်ရောက်ကြသည်။ ထိုအထဲတွင် နော့တီးလပ်ကို မွေးဖွားပေးသူ ရစ်ကိုဗာနှင့် နော့တီးလပ်၏ ကက်ပတိန်ဖြစ်သော ဒုတိယဗိုလ်မှူးကြီး ဝီကင်ဆန်တို့လည်း ပါဝင်ကြသည်။ ဇန်နဝါရီလ၏ နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ရာသီဥတုက အေးမြပြီး ရှစ်ခွင်တိုင်းတစ်ခုလုံး မှုန်ရီမှိုင်းပျလျက် ရှိသည်။ ထိုအချိန်က အမေရိကန် ပြည်ထောင်စု၏ သမ္မတကတော်ဖြစ်သော မစ္စစ် အိုက်ဆင်ဟောင်းဝါးက သင်္ဘောဦးကို ရှန်ပိန်အရက်ပုလင်းဖြင့် ရိုက်ခွဲပြီး သင်္ဘောကို ရေချလိုက်သည်။ ထိုအချိန်တွင် နေရောင်ခြည်က အံ့ဩဖွယ်ရာပင် နော့တီးလပ်နှင့် စုဝေးနေသော ပရိသတ်ကြီးပေါ်သို့ ထွန်းလင်းဖြာကျလာပါသည်။ ယင်းကြောင့်ပင်လျှင် 'နော့တီးလပ်

http://www.cherrythitsar.org



www.foreverspace.com.mm

ပေါ်တွင် နေရောင်ခြည် အမြဲတမ်း ထွန်းလင်းတောက်ပ နေသည်’ဟု အမေရိကန် ရေငုပ်သင်္ဘော လောကတွင် ပြောစမှတ် ဖြစ်ရတော့သည်။

ရေငုပ်သင်္ဘောသည် ဆိပ်ခံတံတားမှနေ၍ တိတ်ဆိတ်စွာ ထွက်ခွာသွားသည်။ နေရောင်ခြည် မျှော်စင်ပေါ်မှ သင်္ဘော၏ နံပါတ် ၅၇၁-ကို တောက်လက်စေသည်။ အနက်ရောင် သင်္ဘောကိုယ်ထည်ကြီးတွင် သင်္ဘော၏ နံပါတ်ကို အဖြူရောင်ဖြင့် ထင်လင်းစွာ ရေးခြယ်ထားသည်။

မာလိန်မှူး ဝီကင်ဆန်က သမိုင်းတွင်မည့် သတင်းကို ပေးပို့သည်။

‘အဏုမြူ စွမ်းအင်ဖြင့် ခုတ်မောင်းနေပါသည်’

နော့တီးလပ်သည် စမ်းသပ်ခုတ်မောင်းမှုများ အားလုံးကို ချောမောအောင်မြင်စွာ စွမ်းဆောင်နိုင်သည် တည်ရှိသော ရေငုပ်သင်္ဘော စံချိန်များ အားလုံးကို ချိုးနိုင်သည်။ ၎င်းကို ရေချပြီး လေးလအကြာတွင် နော့တီးလပ်သည် ကွန်နက်တီးလပ်ပြည်နယ် နယူးလန်ဒန်မြို့မှ နေ၍ ပွာတိုရီကိုနိုင်ငံ ဆန်ကျူအန်မြို့သို့ ၁၃၈၁ မိုင် ခရီးကို နာရီ ၉၀ အတွင်းတွင် ခုတ်မောင်းနိုင်ခဲ့သည်။ ဤသည်မှာ အခြား ရေငုပ်သင်္ဘောများ ရေမျက်နှာပြင်ပေါ်သို့ တက်ဘဲ တောက်လျှောက်ခုတ်မောင်းနိုင်သည့် အကွာအဝေးထက် ဆယ်ဆပိုပေသည်။

သည့်နောက် နှစ်နှစ်လုံးလုံးပင် နော့တီးလပ်သည် ရေငုပ်သင်္ဘော လောကတွင် သရဖူဆောင်းခဲ့သည်။ ၎င်း၏ ယုံကြည်နိုင်ဖွယ်ရာ မရှိသော ခရီးများကို တစ်ကမ္ဘာလုံးက အံ့သြကြရသည်။ ၎င်းဆိုက်ကပ်ရာ ဆိပ်ကမ်းတိုင်းမှာပင် လူတွေ တိုးဝှေ့ကာ ကြည့်ကြသည်။

ရေငုပ်သင်္ဘောများသည် ရေအောက်တွင် အောင်မြင်စွာ သွား

www.foreverspace.com.mm

http://www.cherrythitsar.org



လာနိုင်သောအခါ လူတွေသည် မြောက်ဝင်ရိုးစွန်း ရေခဲပြင်အောက်တွင် သွားလာရေးကို ပြောဆိုကြပြန်သဘည်။ ဝင်ရိုးစွန်း ရေခဲပြင်ကို လူတွေ အမြဲတမ်းပင် စိတ်ဝင်စားကြသည်။ ဝင်ရိုးစွန်း ရေခဲပြင်တွင် ရာသီဥတု အေးမြလွန်းလှသဖြင့် ပင်လယ်ဖျံကြီးများသာ အသက်ရှင်နေထိုင် နိုင်ပေသည်။ ရေခဲနေသော ပင်လယ်ပြင်ကြီးအောက်တွင် ဘာတွေ ရှိချေမည်နည်းဆိုသည်ကို လူသားများ ရာစုနှစ်ပေါင်းများစွာ စိတ်ဝင်စားခဲ့ကြသည်။

မြောက်ဝင်ရိုးစွန်း ရေခဲပြင်ပြီး အောက်တွင် သွားလာရခြင်းသည် ဧဝရက် တောင်ထိပ်ကို တက်ရသည်နှင့်လည်းကောင်း၊ လကမ္ဘာသို့ သွားရောက်ရသည်နှင့်လည်းကောင်း အတူတူပင် ဖြစ်သည်။ မဖြစ်နိုင်သော အလုပ်တစ်ခုကို လုပ်ဆောင်ရခြင်းပင်ဖြစ်သည်။ အဇာုမြူ ရေငုပ်သင်္ဘော မပေါ်မီ ကတည်းကပင် ရိုးရိုးရေငုပ်သင်္ဘောများသည် မြောက်ဝင်ရိုးစွန်း အောက်မှ ဖြတ်သန်းရန် ကြိုးစားခဲ့ကြသည်။ ၎င်းတို့နှင့်အတူ ပေါက်ချွန်းများ၊ လွှများ ယူဆောင်သွားကြသည်။ ရေခဲပြင်ပေါ်သို့ ဖောက်ထွင်းပြီး တက်ရောက်ရန် ဖြစ်သည်။ သို့သော် အင်မတန် ဖွဲ့သတ္တိ ကြံ့ခိုင်သူများပင် ရေခဲပြင်အောက်တွင် မိုင်အနည်းငယ်မျှသာ သွားရောက်နိုင်ကြသည်။

ယင်းသို့ဖြင့် နော့တီးလပ်သည် အမျိုးမျိုး အဖုံဖုံသော ထူးခြားမှုများ ကို ရေအောက်တွင် ပြုလုပ်ပြသပြီးနောက် နောက်တစ်ဆင့် အနေဖြင့် ရေခဲပြင် အောက် ပင်လယ်ထဲတွင် ခုတ်မောင်းရန် ကြံစည်တော့သည်။

သို့သော် နော့တီးလပ်၏ မြောက်ဝင်ရိုးစွန်း ခရီးကို အထူးပင် လျှို့ဝှက်ထားခဲ့သည်။ ယူ ၄၇ နှင့် ဆီစီရိတို့တုန်းက ကဲ့သို့ပင် သင်္ဘောသားများကိုပင် ကြိုတင် အသိမပေးခဲ့ပါ။ ပင်လယ်ပြင်အတွင်းသို့ ရောက်ရှိမှသာ ၎င်းတို့၏ ခရီးကို သိရှိကြရသည်။

www.foreverspace.com.mm



၁၉၅၇-ခုနှစ် ဇွန်လထဲတွင် နော့တီးလပ်ကို ဒုတိယဗိုလ်မှူးကြီး အန်ဒါဆင်က ကက်ပတိန်အသစ်အဖြစ် တာဝန်ယူရသည်။ ထို့နောက် နော့တီးလပ်ကို တစ်လလုံးလုံး အသေးစိတ်မွမ်းမံ ပြင်ဆင်သည်။ အင်ဂျင်နီယာများက သင်္ဘောတွင် ဂျိုင်ရိုစကုပ် ကွန်ပါကို ဆပ်ဆင်ပေးကြသည်။ မြောက်ဝင်ရိုးစွန်း အနီးတွင် ဤကွန်ပါ တစ်မျိုးတည်းကသာ လိုအပ်ချက်ကို မှန်ကန်စွာ ပြဆိုနိုင်သည်။ ဒေါက်တာဝေါလဒို လိုင်ယွန်က သူ၏ နောက်ဆုံး တီထွင်ချက် ဖြစ်သော ရေခဲပြင်နှင့် ရေထုအကွာအဝေးတိုင်း ကိရိယာကို တပ်ဆင်ပေးသည်။ ဤကိရိယာက ရေငုပ်သင်္ဘောနှင့် ၎င်း၏ အပေါ်တွင် မျောနေသော ရေခဲပြင်၏ အကွာအဝေးကို တိုင်းပေးမည် ဖြစ်သည်။သို့မှသာလျှင် ရေငုပ်သင်္ဘောသည် ရေခဲတုံးကြီးများကို မတိုက်မိအောင် ရှောင်ရှားနိုင်မည် ဖြစ်သည်။

၁၉၅၇-ခုနှစ် ဩဂုတ်လတွင် နော့တီးလပ်သည် ၎င်း၏ ဝင်ရိုးစွန်း ပထမ ခရီးကို ထွက်ခွာသည်။ နော့တီးလပ် ပင်လယ်ပြင်ထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အန်ဒါဆင်သည် ရေမျက်နှာပြင်ပေါ်သို့ တက်စေပြီး သင်္ဘောသားများကို သွားရမည့် ခရီးဆုံးကို ပြောပြသည်။ ထိုသတင်းကို ကြားရသည့်အတွက် သင်္ဘောသားများ အားလုံးဝမ်းသာ ပျော်ရွှင်သွားသည်ကို တွေ့ရသောအခါ သူ စိတ်ချမ်းသာရသည်။ သို့ရာတွင် ပင်မရေပေါ်ကြည့်မှန်ပြောင်း ရေစိမ့်ယိုနေသည်ကို တွေ့ရသောအခါ သူ ပူပန်ရသည်။ သို့တစေလည်း နော့တီးလပ်သည် စက်တင်ဘာလ ၇-ရက်နေ့တွင် ရေခဲပြင်အောက်သို့ စတင် ငုပ်ဝင်သည်။ ရေခဲမြစ်အောက်တွင် အတော်ကလေး သွားမိသောအခါ ရေထု အကွာအဝေးတိုင်း ကိရိယာက သူတို့၏ အထက်တွင် ကြည်လင်သော ရေမျက်နှာပြင် တစ်ကွက်ရှိနေကြောင်း ပြဆို

http://www.cherrythitsar.org
www.foreverspace.com.mm



သည်။ သို့ရာတွင် ရေငုပ်သင်္ဘောကို ရေမျက်နှာပြင်ပေါ်သို့ တက်ရန် ကြိုးစားသောအခါ ရေငုပ်သင်္ဘောသည် ထူထပ်သော ရေခဲပြင်ထုကြီးနှင့် တိုက်မိပြီး ရပ်သွားသည်။ တိုက်ခိုက်မှုကြောင့် ရေပေါ်ကြည့်မှန်ပြောင်း နှစ်ခုအကြီးအကျယ ပျက်စီးသွားကြသည်။ ရေထုတွင်း အကွာအဝေးတိုင်း ကိရိယာ၏ အပြစ်ပင် ဖြစ်သည်။

သို့ဖြင့် ၎င်းတို့သည် လာသည့် လမ်းအတိုင်း ပြန်လာကြပြီး ရေမျက်နှာပြင်ပေါ်သို့ တက်ကာ အပျက်အစီးများကို စစ်ဆေးကြည့်ရှုကြသည်။ နံပါတ် ၂- ရေပေါ်ကြည့်မှန်ပြောင်းသည် ပြင်ဆင်၍ မရနိုင်အောင် ပျက်စီးသွားပြီး နံပါတ် ၁- ရေပေါ်ကြည့် မှန်ပြောင်းမှုကား ကွဲအက်ပြီး မြင်မကောင်းအောင် ကောက်ကွေးသွားသည်။ အန်ဒါဆင်သည် ၎င်းတို့၏ လာရင်းခရီးကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်သည်။ သို့သော် ၎င်း၏ အင်ဂျင်နီယာများက လက်မလျှော့ကြချေ။ အပူဒီဂရီ ရေခဲအမှတ်သို့ ရောက်ရှိနေပြီး တစ်နာရီမိုင် ၃၀-လေပြင်းတိုက်ခတ်နေသည့် အတွင်းမှာပင် ကောက်ကွေးသွားသော နံပါတ် ၁-မှန်ပြောင်းကို နဂိုအနေအထားသို့ ရောက်အောင် ပြန်ဖြောင့်ပြီး ကောက်ကွေးသည့် အက်ကြောင်း၊ ကွဲအက်သွားသော နေရာများကို ဂဟေဆော်ပြီး ပြန်ဆက်နိုင်ခဲ့ကြသည်။ အင်မတန်ဆိုးရွားသော ရာသီဥတုထဲတွင် ပြုလုပ်ရသဖြင့် ပြင်ဆင်ချိန် စုစုပေါင်း ၁၅-နာရီမျှ ကြာမြင့်လေသည်။

နောက်တစ်နေ့ နံနက် ရှစ်နာရီ အချိန်တွင် နော့တီးလပ်သည် ရေပေါ်ကြည့်မှန်ပြောင်းတစ်ခုတည်းဖြင့်ပင် ရေခဲပြင် အောက်ပိုင်းသို့ နောက်တစ်ကြိမ် ပြန်လည်ငုပ်ဆင်းပြီး မိုင်ပေါင်း ၆၆၀-ရှိသော မြောက်ဝင်ရိုးစွန်း ခရီး စတင်တော့သည်။

www.foreverspace.com.mm



ယခုတစ်ကြိမ်တွင်ကား အခြေအနေများ အားလုံးချောမော ကောင်းမွန်ကြသည်။ နော့တီးလပ်သည် ကမ္ဘာကြီး၏ ထိပ်ဖျားကို ဖုံးအုပ်ထားသော ရေခဲထုကြီးအောက်တွင် တိတ်ဆိတ်စွာနှင့် လျင်မြန်စွာ ထိုးဖောက်ကာ သွားရောက်လျက်ရှိသည်။ မြောက်ဝင်ရိုးစွန်းနှင့် မိုင် ၁၂၀ အလိုတွင် ရုတ်တရက် ဆိုသလို ဖြူစ်တစ်ခုပေါက်ကွဲပြီး ဂျိုင်ရိုစကုပ် ကွန်ပါများ မရှိဘဲနှင့် သွားရမည့် လမ်းကြောင်းကို ရှာဖွေနိုင်မည် မဟုတ်သဖြင့် အန်ဒါဆင်သည် တုံ့ဆိုင်းစွာဖြင့်ပင် တပ်ခေါက်ခဲ့ရတော့သည်။

အပြန်ခရီးသည် တာဝန်ရှိ အရာရှိများအတွက်ကင် ရင်မအေးဖွယ်ရာပင် ဖြစ်သည်။ အသုံးဝင်လှသော ဂျိုင်ရိုစကုပ်ကွန်ပါများ မပါဘဲ သွားလာရခြင်းသည် အန္တရာယ် ကြီးမားလှပေသည်။ သို့သော် နောက်နှစ်ရက်အကြာတွင် ၎င်းတို့သည် ရေခဲပြင်ကြီး တောင်ဘက်တွင် ရေမျက်နှာပြင်ပေါ်သို့ တက်နိုင်ခဲ့ကြသည်။ သူတို့သည် သူများတွေထက် ပိုပြီး မြောက်ဘက်သို့ သွားနိုင်သည့်အတွက် ဖြေသိမ့်စရာ ရှိသော်လည်း သူတို့အားလုံးပင် အကြီးအကျယ် စိတ်ပျက်လျက် ရှိကြတော့သည်။

တစ်နှစ်မျှ ကြာသောအခါ နော့တီးလပ်သည် အာတိတ်ခရီးကို သွားရောက်ရန် အခွင့်အရေး တစ်ကြိမ်ရရှိပြန်တော့သည်။ ဤတစ်ကြိမ်တွင် ၎င်းသည် ပစိဖိတ်သမုဒ္ဒရာမှသည် အတ္တလန္တိတ် သမုဒ္ဒရာသို့ လာရောက်ရသည် ဖြစ်သည်။ လမ်းတွင် မြောက်ဝင်ရိုးစွန်းကို ဖြတ်သန်းရမည်။ မကြာမီကမှ ဆောက်လုပ်ပြီးစီးခဲ့သော အဏုမြူ ရေငုပ်သင်္ဘောအသစ် ယူအက်စ် အက်စ် စကိတ်သည် လမ်းတွင် နော့တီးလပ်နှင့် တွေ့ဆုံပြီး အတူလိုက်ပါလာမည် ဖြစ်သည်။ သင်္ဘောနှစ်စီးသည် အချိန်ကာလခွဲပြီး လမ်းကြောင်းတစ်ခုစီမှနေ၍ မြောက်ဝင်ရိုးစွန်းကို ဖြတ်သန်းရမည် ဖြစ်

http://www.cherrythitsar.org
www.foreverspace.com.mm


သည်။ အဖွဲ့နှစ်ဖွဲ့ အပြိုင်အဆိုင် ကြိုးပမ်းရမည် ဖြစ်သည်။ အာတိတ် စက်ဝိုင်းကို ပထမဆုံး ဖြတ်သန်းသော ရေငုပ်သင်္ဘော အဖြစ်သည် တကယ့် အောင်မြင်မှုကြီးပင် ဖြစ်သည်။

ပြီးခဲ့သည့် ဆောင်းရာသီအတွင်းက နော့တီးလပ်တွင် ခေတ်မီ ကိရိယာများ ထပ်မံတပ်ဆင်ခဲ့သည်။ ပိုမိုကောင်းမွန်သော မီးသတ်ကိရိယာ များ တပ်ဆင်သည်။ ဂျိုင်ရိုကွန်ပါ အသစ်တပ်ဆင်သည်။ ထို့အပြင် ရေငုပ် သင်္ဘော အထက်ဘက်တွင် ရှိသော ရေခဲပြင်တို့၏ ပုံများကို ရေငုပ်သင်္ဘော အတွင်းသို့ ရိုက်ကူးပေးပို့ပေးမည့် ရုပ်မြင်သံကြား စက်ကို တပ်ဆင်သည်။ ထို့နောက် ရေခဲပြင်များနှင့် တိုက်မိလျှင် မပျက်စီးစေရန် ရေပေါ်ကြည့် မှန်ပြောင်းကို ကာရံပေးထားသည့် သံမဏိလည်ပတ်တို့ကိုလည်း တပ်ဆင် သည်။

သည့်နောက်တွင်ကား နော့တီးလပ်သည် ဂရိုတန်မြို့ရှိ အလက် ထရစ်ဘုတ် သင်္ဘောကျင်းမှသည် ဆီတယ်မြို့သို့ သွားရောက်သည်။ ဆီတယ်မြို့တွင် တာဝန်ခရီးအတွက် လိုအပ်ချက်များကို နောက်ဆုံး ပြင်ဆင် ရမည် ဖြစ်သည်။

ဤခရီးတိုကလေး အတွင်းတွင် ဘယ်လိုမှ မျှော်လင့်မထားသော ချွတ်ယွင်းချက်အများအပြား တွေ့ကြရသည်။ အချို့သော အမှားအယွင်း ချွတ်ယွင်းချက်များက အတော်ကလေးပင် ကြီးကျယ်သည်။ အဆိုးဆုံး ကား စက်ခန်းထဲတွင် မီးလောင်ခြင်းပင် ဖြစ်သည်။ ယင်းအတွက် နော့တီးလပ် သည် မီးငြိမ်းသတ်ရန် ရေမျက်နှာပြင်ပေါ်သို့ အတင်းတက်ရသည်။ မီး သတ်ဘူးများက အဆိပ်ဖြစ်စေတတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ် မီးတောက်များကို ဖြစ်ပေါ်စေသဖြင့် ရေအောက်တွင် သွားရောက်နေစဉ်

http://www.cherrythitsar.org

www.foreverspace.com.mm



မီးငြိမ်းသတ်၍ မဖြစ်နိုင်ပါ။ အကယ်၍ နော့တီးလပ်သည် ရေခဲပြင်ကြီး အောက်တွင်သွားလာနေစဉ်မီးလောင်ခဲ့လျှင် ရေမျက်နှာပြင်ပေါ်သို့ မည်သည့်နည်းနှင့်မျှ တက်ရောက်နိုင်မည် မဟုတ်ပါ။ ဤကားနော့တီးလပ် လို ကောင်းမွန်လှသော ရေငုပ်သင်္ဘော တစ်စီးမှာပင် ကြီးမားလှသော အန္တရာယ်ကြီးတစ်ခု ရှိနေကြောင်း အားလုံးကို သတိပေးလိုက်ခြင်းပင် ဖြစ်သည်။

နော့တီးလပ်သည် ဆီတယ် ဆိပ်ကမ်းမှနေ၍ ဝင်ရိုးစွန်းသို့ ဇွန်လ ၉-ရက်နေ့တွင် ထွက်ခွာသည်။ ကက်ပတိန် အန်ဒါဆင် အပါအဝင် သင်္ဘောသားများ အားလုံးပင် ပုံမှန်ထက် ပိုပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိကြသည်။ ချွတ်ယွင်းချက်များ အားလုံးကို ပြင်ဆင်ပြီးပြီ ဖြစ်သော်လည်း သူတို့အားလုံးပင် ဝင်ရိုးစွန်း ခရီးအတွက် ဝန်လေးလျက် ရှိကြသည်။ သူတို့ စိုးရိမ်ကြောင့်ကြနေမိသည့် အတိုင်းပင် ခရီးထွက်ခွာပြီး ငါးရက်မျှ အကြာ တွင် ထူထဲလှသော ရေခဲပြင်ကြီးကို ဝင်ရောက်တိုက်မိကြသည်။ ယင်း ရေခဲပြင်ကြီးသည် သူတို့ မျှော်လင့်ထားသည်ထက် ပိုပြီး တောင်ဘက် ကျသော နေရာတွင် ရောက်ရှိနေသည်။ ယင်းသို့ တိုက်မိသည့်အတွက် အသစ်တပ်ဆင်ထားသော ဂျိုင်ရိုကွန်ပါ ကျိုးသွားသည်။ ဤအခါ အတိတ် ဆိုး တစ်ခုဟုပင် ၎င်းတို့ ယူဆကြတော့သည်။

သည့်နောက်ပိုင်းတွင် စိတ်ဓာတ်ပျက်ပြားနေသော သင်္ဘောသား တစ်ယောက်က သူတို့ နောက်သို့ ရုရှရေငုတ်သင်္ဘောတစ်စီး လိုက်လာ သည်ဟု ပြောခြင်းမှာ မဆန်းပါချေ။ အမှန်တော့ သူတွေ့မြင်ရသည်မှာ ရုရှရေငုပ်သင်္ဘော မဟုတ်ဘဲ ရေထဲတွင် မျောနေသော သစ်တုံးကြီး တစ်တုံးသာ ဖြစ်ပါသည်။ ဇွန်လ ၁၈-ရက်နေ့တွင် ရေခဲတွေ အလွန်အမင်း

http://www.cherrythitsar.org

www.foreverspace.com.mm



ထူထဲလာသဖြင့် ဆက်၍သွားနိုင်ရန် မဖြစ်တော့ပါ။ သို့ဖြင့် အန်ဒါဆင် တပ်ခေါက်ရပြန်သည်။ ယခုတစ်ကြိမ်တွင်ကား ပါးလ်ဟာဘာတွင် ကျောက်ချ နေကြပါသည်။

၁၉၅၈-ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြောက်ဝင်ရိုးစွန်း ခရီးကို နောက်တစ်ကြိမ် ထပ်မံ ကြိုးစားကြပြန်သည်။ ဤအချိန်တွင်ကား ရေငုပ် သင်္ဘော၏ ချွတ်ယွင်းချက်များ အားလုံးကို ပြုပြင်ပြီး ကြပြီဖြစ်သည်။ ယခု တစ်ကြိမ်တွင်ကား နော့တီးလပ်သည် ရေခဲတုံးကြီးများ ကင်းရှင်းသော ပင်လယ်ပြင်ကြီးကို ယခင် အကြိမ်ကထက် ပိုမိုတွေ့ရှိရသည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဝင်ရိုးစွန်း အောက်သို့ ရောက်ရှိရန် ရေခဲပြင်ကြီးအောက် သို့ စတင်ဝင်ရောက်သည်။ ယင်းသို့ မဝင်ရောက်မီတွင် နော့တီးလပ်၏ ကုန်းပတ်ပေါ်တွင် ရေခဲတုံးကလေးတစ်တုံးကို အန်ဒါဆင် တွေ့ရှိရသည်။ အန်ဒါဆင်သည် ရေခဲတုံးကလေးကို ကောက်ယူလိုက်ပြီး အတိတ်နိမိတ် ကောင်း အဖြစ်ယူဆကာ သင်္ဘော၏ ရေခဲသေတ္တာ အအေးခန်းထဲတွင် ထည့်ထားလိုက်သည်။

နော့တီးလပ်သည် ရေခဲပြင်ကြီး အောက်တွင် တစ်နာရီပြီး တစ်နာရီ ခုတ်မောင်းဝင်ရောက်လျက် ရှိသည်။ မြားတစ်စင်း ပစ်လွှတ် လိုက်သကဲ့သို့ ဖြောင့်ဖြောင့်တန်းတန်းကြီး ဝင်ရောက်နေသည်။ သင်္ဘော သားများသည် အပူဒီဂရီ ၇၀ တွင် သက်တောင့်သက်သာ ရှိနေကြသည်။ ၎င်းတို့၏ အထက်တွင် မျောနေသော ရေခဲပြင်ကြီးများကို ရုပ်မြင်သံကြား တွင် မြင်နေကြရသည်။ သူတို့သည် မြောက်ဝင်ရိုးစွန်း အောက်သို့ ဝင် ရောက်သောအခါ ကြောက်ရွံ့တုန်လှုပ် နေကြမည်ဟု ထင်မှတ်ခဲ့သော် လည်း လက်တွေ့တွင်မူ မည်သို့မျှ အထိတ်တလန့်မရှိဘဲ ပုံမှန်အတိုင်း

ရတနာပုံစာအုပ်တိုက်

http://www.cherrythitsar.org

www.foreverspace.com.mm



အိပ်လိုက် စားလိုက်ရှိနေကြသည်။

နေ့ဘတီးလပ်သည် တစ်နာရီလျှင် ရေမိုင်နှစ်ဆယ်နှုန်းဖြင့် ခုတ်မောင်းလျက်ရှိရာ ရေခဲထုကြီးအတွင်းသို့ နက်ရှိုင်းသည်ထက် နက်ရှိုင်းစွာ ဝင်ရောက်နေတော့သည်။ ဝင်ရိုးစွန်းအမှတ် အနီးသို့ နီးကပ်လာသော အခါတွင်ကား အားလုံးပင် စိတ်လှုပ်ရှားလာကြသည်။ ကက်ပတိန် အန်ဒါဆင် ကိုယ်တိုင်ပင် စိတ်လှုပ်ရှားခြင်း ဖြစ်ရသည်။

ဩဂုတ်လ ၃-ရက် နံနက် ၁၁-နာရီ ၁၅-မိနစ် အချိန်တွင်ကား ၎င်းတို့ သင်္ဘောသည် မြောက်ဝင်ရိုးစွန်းကို ပထမဆုံး ဖြတ်သန်းသော သင်္ဘောဖြစ်ကြောင်း ကက်ပတိန် အန်ဒါဆင်က သူ၏ သင်္ဘောသားများကို ကြေညာနိုင်တော့သည်။ သည်အခါတွင် သင်္ဘောသားများ အောင်ပွဲခံကြသည်။ "မြောက်ဝင်ရိုးစွန်းပွဲ"ဟု အမည်ပေးကြသည်။ ဤပွဲတွင် သင်္ဘောသား တစ်ယောက်က စန်တာကလောက်အသွင် ဝတ်ဆင်သည်။ မြောက်ဝင်ရိုးစွန်းတွင် နေထိုင်သူဟူ၍ စန်တာကလောက် တစ်ဦးတည်းသာ ရှိသည်ဟု အဆိုရှိသည် မဟုတ်ပါလား။

တောင်ဘက်သို့ အပြန်ခရီးမှာလည်း ချောမောပြေပြစ်ပါသည်။ နေ့ဘတီးလပ်သည် ရေခဲပြင်အောက်တွင် မိုင်ပေါင်း ၁၈၃၀-မျှ ခုတ်မောင်းသွားလာပြီး နာရီပေါင်း ၉၆-နာရီမျှ နေထိုင်ခဲ့ပြီး ဩဂုတ်လ ၅-ရက်နေ့တွင် နေရောင်ဝင်းပနေသော ကြည်လင်သော ပင်လယ်ပြင်ထက်သို့ ပေါ် တက်ခဲ့ပါသည်။

ယခုအချိန်တွင် လျှို့ဝှက်မှုကာလ ကုန်ဆုံးသွားပြီ ဖြစ်သဖြင့် နေ့ဘတီးလပ်၏ မြောက်ဝင်ရိုးစွန်းခရီးကို ကမ္ဘာသို့ ကြေညာလိုက်သည်။

ထို့နောက် နေ့ဘတီးလပ်ကို အိုက်စလန်ကျွန်းသို့ ခုတ်မောင်းသည်။ အန်ဒါဆင်သည် အိုက်စလန်တွင် သင်္ဘောမှဆင်းပြီး ရဟတ်ယာဉ်

www.foreverspace.com.mm
http://www.cherrythitsar.org


ဖြင့် ဝါရှင်တန်သို့ သွားရောက်သည်။

တစ်ကမ္ဘာလုံးကပင် နော့တီးလပ်ကို ဂုဏ်ပြုကြသည်။ နော့တီးလပ်နှင့် အပြိုင်ဖြစ်သော စကိတ်သင်္ဘောမှ သင်္ဘောသားများပင် သူတို့၏ စိတ်ပျက်မှုကို ဖုံးကွယ်ကာ ဝမ်းသာစကားဆိုကြသည်။ အမေရိကန် သမ္မတကြီးက အန်ဒါဆင်ကို ဂုဏ်ပြုချီးကျူးသည်။ ငြိမ်းချမ်းသော ကာလတွင် ဤသို့ ချီးကျူးခြင်း ခံရသူဟူ၍ သူ တစ်ယောက်သာ ရှိပေသည်။ နော့တီးလပ်၏ သမိုင်းတွင်မည့် အောင်မြင်မှုကြီးကို ဂုဏ်ပြုချီးကျူးခြင်းပင် ဖြစ်သည်။

အန်ဒါဆင်က တစ်ဖန် သမ္မတကြီးနှင့် သမ္မတကတော်တို့ကို မြောက်ဝင်ရိုးစွန်း အောက်သို့ ရောက်ရှိသည့်အချိန် အတိအကျတွင် ရပ်ထားသော သင်္ဘောပေါ်မှ နာရီတစ်လုံးကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ ထို့အပြင် အန်ဒါဆင်သည် မြောက်ဝင်ရိုးစွန်း ခရီးကို မွေးဖွားပေးသော ရစ်ကိုဗာကိုလည်း သတိမမေ့လျော့ပါချေ။ ရစ်ကိုဗာ သည် ထိုအချိန်တင် ရေတပ်ဗိုလ်ချုပ်ကြီး ဖြစ်နေပေပြီ။ နော့တီးလပ်ကုန်းပတ်ပေါ်မှ ရရှိပြီး သင်္ဘောပေါ်တွင် တစ်ချိန်လုံး သိမ်းထားခဲ့သော ရေခဲတုံးကလေးကို အန်ဒါဆင်က ဗိုလ်ချုပ်ကြီး ရစ်ကိုဗာသို့ ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ပါသည်။

ထို့နောက် အန်ဒါဆင်သည် ရဟတ်ယာဉ်ဖြင့်ပင် သူ၏ သင်္ဘောရှိရာသို့ ပြန်သည်။ နော့တီးလပ်သည် ထိုအချိန်တွင် အင်္ဂလန်နိုင်ငံ အနီးသို့ ရောက်ရှိနေသည်။ သင်္ဘောသို့ အန်ဒါဆင် ပြန်လည်ရောက်ရှိသော အခါ နော့တီးလပ်သည် ၎င်း၏ သမိုင်းတွင်မည့် ခရီး ပြည့်စုံ ပြီးဆုံးစေရန် အတွက် ၎င်း၏ မွေးရပ်ဌာနဖြစ်သော ကွန်နက်တီကပ်သို့ ဂုဏ်ယူ ဝင့်ကြွားစွာဖြင့် ဆက်လက်ခုတ်မောင်း သွားလေတော့သည်။

✦ ✦ ✦

နတ်နွယ်

http://www.cherrythitsar.org
www.foreverspace.com.mm

